
NYI SAY
MYANMAR EBOOK CREATOR



www.facebook.com/NyisayEbookCreator
www.nyisay.com



စာဆိုပညာရှိ ကာလိဒါသ ၏

# ဘဝအတွေ့အကြုံများ

ဒုတိယပိုင်း

လူထုဦးလှ

လူထုဦးလှ အနှစ် ( ၁၀၀ ) ပြည့်
မွေးနေ့အထိမ်းအမှတ်

www.facebook.com/NyisayEbookCreator
www.nyisay.com

စာမူခွင့်ပြုချက် – ၄၀၁၂၅၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက် – ၄၀၀၇၆၉၀၆၁၁
မျက်နှာဖုံးနှင့် အတွင်းပန်းချီ – ပေါ်ဦးသက်
မျက်နှာဖုံးဒီဇိုင်း – မောင်မြင့်ဖေ (လူထု)
၂၀၁၁ ခုနှစ် ၊ ဩဂုတ်လ
ဒုတိယအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၂၂၀၀ ကျပ်
ထုတ်ဝေသူ – ဦးငြိမ်းချမ်း (မြ – ၀၁၂၇၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇ ၊ ၆၀၁၃၆
ပုံနှိပ်သူ – ဦးငြိမ်းချမ်း (မြ – ၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇ ၊ ၆၀၁၃၆

၉၅၄
လူထုဦးလှ
စာဆိုပညာရှိ ကာလိဒါသ၏ ဘဝအတွေ့အကြုံများ၊ ဒုတိယပိုင်း /
လူထုဦးလှ။ ရန်ကုန်။
ကြီးပွားရေးစာအုပ်တိုက်၊ ဒုတိယအကြိမ်၊ ၂၀၁၁။
၂၄၈– စာ၊ ၁၂.၅ စင်တီ X ၁၈.၅ စင်တီ။
(၁) စာဆိုပညာရှိ ကာလိဒါသ၏ ဘဝအတွေ့အကြုံများ၊ ဒုတိယပိုင်း ။

www.facebook.com/NyisayEbookCreator
www.nyisay.com



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | (က) |
| ၂။ | မိတ်ဆက် | (ခ) |
| ၃။ | သံယောဇဉ် | ၁ |
| ၄။ | ရက် ၆၀ မှာ တစ်လ၊ ၆ လမှာ တစ်နှစ် | ၇ |
| ၅။ | လဆန်း ၂ ရက်လနှင့် လပြည့်နေ့လ | ၁၃ |
| ၆။ | ကလေးအငိုတိတ်အောင် | ၁၉ |
| ၇။ | နို့ထမင်း | ၂၅ |
| ၈။ | လူ့ အ, စာရင်း | ၂၉ |
| ၉။ | သိကြားမင်း ညီလာခံ | ၃၃ |
| ၁၀။ | ကြက်ဥမပြုနိုင်လျှင် အဖေနှစ်ယောက် | ၃၉ |
| ၁၁။ | ဘယ်ရတုသည် အမြတ်ဆုံးဖြစ်သနည်း | ၄၄ |
| ၁၂။ | ခွေးနှင့်သမက် | ၄၈ |
| ၁၃။ | ဟင်္သာမင်းသည် နို့နှင့် ရေကို ကွဲပြားအောင် သောက်သကဲ့သို့ တရားစီရင်ခြင်း | ၅၃ |
| ၁၄။ | စုံတွဲ | ၆၂ |
| ၁၅။ | လေမလည်ဘူးသူသာ ပုလဲသီးကို ရူးနိုင်မည် | ၆၇ |
| ၁၆။ | သူခိုးရှာပုံ | ၇၁ |
| ၁၇။ | နွားသိုးနို့ရည် | ၇၅ |

www.facebook.com/NyisayEbookCreator
www.nyisay.com

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၈။ | ပြာဟွဏာဟု ခေါ်ပါစေ | ၈၀ |
| ၁၉။ | ရဇနီ အပိုင်း (၁) | ၈၆ |
| ၂၀။ | ရဇနီ အပိုင်း (၂) | ၉၆ |
| ၂၁။ | ရဇနီ အပိုင်း (၃) | ၁၀၈ |
| ၂၂။ | ကောင်းကင်မှ ကြယ်အရေအတွက် | ၁၂၆ |
| ၂၃။ | မရပ်မနား လမ်းလျှောက်သွားနေသူ | ၁၂၈ |
| ၂၄။ | သစ္စာနှင့် မုသား | ၁၃၁ |
| ၂၅။ | လက်ဖဝါးတွင် ဘာ့ကြောင့် အမွေးမပေါက်သလဲ | ၁၃၃ |
| ၂၆။ | ဘုရင်ငိုလာလျှင် ငိုကြရမည်<br>ဘုရင်ရယ်လာလျှင် ရယ်ကြရမည် | ၁၃၆ |
| ၂၇။ | ဘုရင်ထက်သာသူ | ၁၄၀ |
| ၂၈။ | လပေါ်သို့ တံတွေးမရောက်နိုင် | ၁၄၄ |
| ၂၉။ | နေတစ်ဝက် အရိပ်တစ်ဝက်နှင့် လာသူ | ၁၄၈ |
| ၃၀။ | ကရပ်ဟီး | ၁၅၂ |
| ၃၁။ | ဖိနပ်အရံ ၁၀၀ ရပါစေ | ၁၅၉ |
| ၃၂။ | အသင့်ဖခင်၏မြင်း | ၁၆၄ |
| ၃၃။ | အရိုးမရှိသောလျှာမှ စကား | ၁၆၆ |
| ၃၄။ | လောက၌ အဖြူဆုံးအရာ | ၁၇၁ |
| ၃၅။ | ပေးသူ၏လက်က အောက်မှာ | ၁၇၆ |
| ၃၆။ | အာကာသဗိမာန် | ၁၇၈ |
| ၃၇။ | ကဗျာသစ် | ၁၈၆ |
| ၃၈။ | ငါ့ကိုရယ်အောင်လုပ် | ၁၉၃ |
| ၃၉။ | ကာလိဒါသ ဘာကြောင့် အသားညိုသလဲ | ၁၉၅ |
| ၄၀။ | နေရောင်လရောင်များ မထိုးဖောက်နိုင်သည့်အရာ | ၂၀၀ |
| ၄၁။ | ဥပမာသစ် | ၂၀၃ |
| ၄၂။ | ဒသဂီရိ က,သော ဘုရင် | ၂၀၈ |
| ၄၃။ | ကံပေးသမျှအကြောင်း အကောင်းချည်း | ၂၁၁ |
| ၄၄။ | တေးဂီတနှင့် ဘုရင် | ၂၁၉ |
| ၄၅။ | မဟောသရာ၏ ပုစ္ဆာသုံးရပ် | ၂၂၁ |
| ၄၆။ | နေဘာ့ကြောင့် အရှေ့ကထွက်သလဲ | ၂၂၇ |
| ၄၇။ | မှတ်ကျောက် | ၂၂၉ |

www.facebook.com/NyisayEbookCreator
www.nyisay.com

# အမှာစာ

ကာလိဒါသ ဘဝအတွေ့အကြုံများ (ဒုတိယ)ပိုင်းကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့က ထုတ်ဝေခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀) လောက်ကပါ။ ပထမတွဲ ထုတ်အပြီး နှစ်လအကြာ မှာ ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ ပုံပြင်ဝတ္ထုပေါင်း (၄၅) ပုဒ် ပါဝင်ပါ တယ်။ အဲဒီအချိန်က လူထုသတင်းစာနဲ့ လူထုစာအုပ်တိုက်ရဲ့ ပင်တိုင် ပန်းချီဆရာတစ်ဦးဖြစ်တဲ့ ဆရာပေါ်ဦးသက်ရဲ့ မျက်နှာဖုံးပန်းချီ အတွင်းသရုပ်ဖော်ပန်းချီများနှင့် ဝေဝေဆာဆာ ထုတ်ဝေခဲ့ပါတယ်။ ကာလိဒါသပုံပြင်များဟာ အိန္ဒိယနောက်ခံ ပုံပြင်များ ဖြစ်တဲ့အတွက် ဆရာပေါ်ဦးသက်က ပုံပြင်တွေနဲ့ လိုက်ဖက်တဲ့ အိန္ဒိယဆန်ဆန် ကောက်ကြောင်း နွဲ့နွဲ့နှောင်းနှောင်းတွေ သုံးစွဲတာကို တွေ့ရပါတယ်။ ဒါကြောင့် မူရင်းအရသာမပျက်အောင် ရှေးလက်ရာအတိုင်း ဒုတိယ အကြိမ်ပြန်လည်ထုတ်ဝေလိုက်ပါတယ်။


လူထုဦးလှ စုဆောင်းရေးသားထုတ်ဝေခဲ့တဲ့ ကာလိဒါသ ဘဝ အတွေ့အကြုံများစာအုပ်ဟာ ထုတ်ဝေခဲ့တာ နှစ်ပေါင်းကြာလာသည် နှင့်အမျှ ရှားပါးပျောက်ကွယ်နေပြီမို့ လူထုဦးလှရဲ့ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ပြန်လည်ထုတ်ဝေလိုက်ပါတယ်။

ထုတ်ဝေသူ

■

www.facebook.com/NyisayEbookCreator
www.nyisay.com





# မိတ်ဆက်

အဆင့်အတန်းမြင့်သော စာပေသည် လူသားတို့၏ နက်နဲသော အတွေ့အကြုံများအတွင်းမှ ပေါ်ထွက်လာသည်ဟုပင် ဆိုရပါမည်။ များစွာသော ရာစုနှစ်များအတွင်း၊ လူသားအပေါင်းတို့သည် အခြေအနေအမျိုးမျိုးအကြား၌ အတွေ့အကြုံအမျိုးမျိုးနှင့် ဆုံခဲ့ကြုံခဲ့ကြရသည်။ ထိုခံစားမှု စံစားမှုများသည် ကျွန်တော်တို့၏ အသံများနှင့်အတူ ပဲ့တင်ထပ်လျက် ရှိနေပါသည်။

ပုဂ္ဂိုလ်တစ်ဦး၏ ဘဝလမ်းစဉ်၌ တွေ့ရာကြုံရာ ဆုံရာများကို ရင်ဆိုင်၍ တိုက်သည် ခိုက်သည်၊ အောင်ပွဲဝင်သည်၊ ရှုံးနိမ့်သည်၊ အချစ်ရေး အဆင်ပြေသည်၊ မပြေသည် စသည်ဖြင့် တွေ့ကြုံခံစားမှုများကို နက်နက်နဲနဲလေ့လာလေ၊ ရှေးရှေး ပဝေသဏီခေတ်၊ ထိုခေတ် ဤခေတ် ဝင်းခေတ်များတွင် လူသားများ တွေ့ကြုံခံစား စံစားခဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်များနှင့်တူလေ ဖြစ်သည်ကို တွေ့ရပေသည်။ ထူးထူးခြားခြားရှိသော စာပေများကိုမူ နိုင်ငံတကာ ပြည်သူတကာတို့က မြတ်မြတ်နိုးနိုး လက်ခံဖတ်ရှုကြပေသည်။

ဗုဒ္ဓဘုရားရှင်၏ ဟောပြောချက်များ၊ သခင်ယေရှု၏ ဟောပြောချက်၊ မဟာမက်၏ ဟောပြောချက်များသည် လူသားတို့၏ဘဝခံစားမှု စံစားမှုများနှင့် များစွာနီးကပ်စပ်ဟပ်လေရာ နိုင်ငံတကာမှ ပြည်သူတကာက မိမိတို့ကို ရည်မှန်း၍ ဟောပြောဆုံးမခဲ့ကြပေသည်ဟု ထင်မြင်ယုံကြည် ယူဆတတ်ကြပေသည်။ ထူးခြားသော စာပေများသည် မည်သည့်ခေတ် မည်သည့်ကာလတွင်မဆို အကန့်အသတ်မရှိ ထူးထူးခြားခြား ပြောင်မြောက်ကြသည်ချည်း ဖြစ်လေသည်။

အိန္ဒိယ၏ စိတ်ဓာတ်နှင့်အတူ ထူးချွန်ခြင်း၊ ကြီးကျယ်ခြင်း၊ လှပသိမ်မွေ့ခြင်းများကို ကိုယ်စားပြုသူမှာ စာဆိုပညာရှိ ကာလိဒါသ ဖြစ်လေသည်။ အိန္ဒိယအမျိုးသားများ၏ ယဉ်ကျေးမှုနှင့် နိုးကြားမှုပေါ်တွင်တည်၍ ကာလိဒါသ၏ ပြောင်မြောက်သောစာပေများ ပေါ်ပေါက်ခဲ့ရပေသည်။ အိန္ဒိယ၏ ယဉ်ကျေးမှုအမွေကို ကိုယ်ပိုင်ကဲ့သို့ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်လိမ္မာစွာ ကျေချက်မျိုဝါးသူဖြစ်ရာ ပိုမိုအဖိုးတန်၍ လှပကောင်းမွန်သော စာပေနှင့် ယဉ်ကျေးမှုကို အဆင့်အတန်းမြင့်စွာဖြင့် ပြန်၍ ပေးဝေနိုင်ပေသည်။ ကမ္ဘာ့ပြည်သူအပေါင်းကလည်း မြတ်မြတ်နိုးနိုး လက်ခံရယူကြလေသည်။

သူ၏ တရားဓမ္မသဘော၊ ဉာဏ်ပညာ ထက်မြက်မှု၊ လှပကောင်းမွန်သော သရုပ်ဖော်နည်း နိုင်ငံရေး အယူအဆနှင့် စီးပွားရေးအစီအစဉ်များ အမြင်များသည်၊ သစ်လွင်လတ်ဆတ်၍ တောက်ပြောင်သော စာပေအရေးအသားများဖြင့် ပေါ်ထွက်လာခဲ့ပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(ဃ)

ကာလိဒါသ၏ သက္ကဋစာပေကဗျာ အကောင်းဆုံးများသည် ခက်ခက်ခဲခဲစကားလုံးများဖြင့် ရေးထားသည်များမဟုတ်၊ လွယ်လွယ်ခံ့ခံ့နှင့် လူ့သဘာဝ၊ လူတို့၏ခံစားရမှု၊ စံစားရမှုများကို ပေါ်လွင်အောင်ဖွဲ့နွဲ့သီကုံးထားခြင်းများပင် ဖြစ်လေသည်။

ပြဇာတ်များတွင် ခွန်အား၊ တန်ခိုး၊ လှပခြင်း စသည်ဖြင့် စုံလင်စွာ တွေ့ကြရသည်။ ဇာတ်ကွက် ဇာတ်လမ်းဆင်ရာ၌လည်းကောင်း၊ ဇာတ်ဆောင်များကို ရွေးချယ်ရာ နေရာပေးရာ၌လည်းကောင်း၊ အထူးပင် ကျွမ်းကျင်လိမ္မာလှပေသည်။ ထီးနန်း အကြောင်းအရာများကို ရေးသားရာ၌လည်းကောင်း၊ တောတောင်များအကြောင်း၊ ပျော်ရွှင်ဖွယ်မိသားစု၏အိမ်၊ ဟိမဝန္တာမှ ရသေ့ရဟန်းများ၏ ကျောင်းသင်္ခမ်းများအကြောင်း ရေးသားရာ၌လည်းကောင်း၊ ကာလိဒါသသည် အလွန်ပင်ပိုင်နိုင်ပေသည်။

တံငါသည်ဖြစ်စေ၊ နန်းတွင်းသူ နန်းတွင်းသားဖြစ်စေ၊ အခိုင်းအစေဖြစ်စေ၊ မည်သည့်လူတန်းစားမျိုးကိုမဆို ကြင်နာစွာ ဆက်သွယ်ပေါင်းသင်း ဂရုစိုက်တတ်သော စိတ်စေတနာကောင်းရှိသူလည်းဖြစ်လေသည်။ ထိုစေတနာနှင့် သဘောထားများကို သူ၏စာများတွင် ကောင်းကောင်းကြီးတွေ့နိုင်သည်။

ဤသို့သော အရည်အချင်း၊ ဤသို့သော စိတ်စေတနာများနှင့် ရေးသားသောကြောင့်ပင် သူ၏စာပေများသည် ကမ္ဘာ့စာပေတွင် ထိပ်ဆုံးတစ်နေရာ၌ ရပ်တည်နေနိုင်ခြင်း ဖြစ်သည်ဟုပင် ဆိုရပေလိမ့်မည်။

အိန္ဒိယပြည်ကို အခြေခံထား၍ အိန္ဒိယရှေးဟောင်းထုံးစံဓလေ့ယဉ်ကျေးမှုများနှင့်သာ ဇာတ်လမ်းဇာတ်ကွက်များကို တီထွင်ထား

www.facebook.com/NyisayEbookCreator
www.nyisay.com

(၄)

သော်လည်း ကမ္ဘာအရပ်ရပ်မှ လူသားအများသည် ကာလိဒါသ၏ စာပေများကို မိမိတို့၏စာပေအရင်းအချာနှင့်မခြား အရသာ ခံနိုင်ကြပေသည်။ သက္ကဋစာပေကဗျာနှင့် ပြဇာတ်ဘက်တွင် ကာလိဒါသကို မီသူမရှိပေ။ တစ်ခါက အိန္ဒိယပြည်တွင် အထူးချွန်ဆုံးစာရေးဆရာ၊ ကဗျာဆရာကြီးများကို ပညာရှိ သုတေသီများက လက်ချောင်းများဖြင့် နေရာပေး၍ ရေတွက်ကြည့်ကြရာ၊ ကာလိဒါသကို ရှေ့ဆုံးကပင် ထားကြရသည့်အတွက် ကာလိဒါသသည် လက်သန်းနေရာကို ရရှိပေသည်။ သို့ရာတွင် လက်စွပ်ဝတ်ဆင်ရသော လက်သူကြွယ်မှာ "အနာမိက" နာမည်မရှိဆိုသည့်အတိုင်း၊ ဘယ်ကဗျာဆရာ၊ စာရေးဆရာ၏ နာမည်မှ လက်သူကြွယ်နေရာတွင် ထားစရာမရှိ၊ ကာလိဒါသပြီးလျှင် ဒုတိယလိုက်သူမှာ လက်သန်းနှင့် လက်သူကြွယ်ခန့် မနီးနိုင်ကြသော ကြောင့်ပင် ဖြစ်သည်ဟု ဆိုကြသည်။

အာသာရိုက်ဒါဆိုသည့် သုတေသီကြီးက...

"ကာလိဒါသသည် ပြောင်မြောက် ထူးခြားသော စိတ်ကူး စိတ်သန်း၊ ဥပမာ ဥပမေယျအရာ၌ အလွန်ကြွယ်ဝပြည့်စုံသည်။ သူ၏ ကဗျာများကို ဖတ်ရသည်တွင် နောက်ဆုံး၌ အလွန်ရှင်းလင်း၍ နူးညံ့ပျော့ပျောင်းသော အရသာများ ကျန်ရစ်ပါသည်။

"မိန်းမနှင့် ယောကျ်ားတို့၏ ပျော်ရွှင်ဖွယ်အချစ်ကို ဖွဲ့နွဲ့သီကုံးရာတွင် ကာလိဒါသကို တုနိုင်သူ ဘယ်နိုင်ငံတွင်မှ မပေါ်ပေါက်သေး၊ သူ၏ ကဗျာများမှာ အချစ်အဖွဲ့ကဗျာများချည်းဖြစ်သည်။ သို့ရာတွင် အကြောင်းအရာများမှာ အလွန်ခြားနားကွဲပြားပေရာ၊ စာဖတ်သူသည် ဘယ်အခါမှ မငြီးငွေ့နိုင်" ဟု မှတ်ချက် ရေးသား ထားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အော်ဂပ်စတပ် ဝီလီယန်ဗွန်ရှီလီဂဲလ်ဆိုသော ပုဂ္ဂိုလ်က ပြဇာတ်များအကြောင်း ဟောပြောရာတွင်...

"ကာလိဒါသကို ဘယ်လိုပုဂ္ဂိုလ်မျိုးနှင့် နှိုင်းယှဉ်ကြည့်ရမည်ဟု ကျွန်ုပ်စဉ်းစား၍မရ၊ သဘာဝအလှများ၏ အတွင်းသန္တာန်များကို ဖွဲ့နွဲ့ရေးစပ်သော ရှိတ်စပီးယားသည် အရင်းခံအားဖြင့် လူသားများ၏ နှလုံးသား ကဗျာဆရာကြီးပင် ဖြစ်လေသည်။ ကာလိဒါသကိုမူ ဤသို့ဆိုကာမျှနှင့် မပြည့်စုံသေး၊ သို့မဟုတ် သဘာဝအလှများကို ဖွဲ့နွဲ့စပ်ဆိုသူဟု ဆိုရမည်လော။ ဤနှစ်မျိုးပေါင်းစပ်သူဟုပင် ဓာတုဗေဒနည်းအားဖြင့် ဆိုရဖွယ်ရှိပေသည်" ဟု ရေးသား ဟောပြောခဲ့လေသည်။

ဂျာမန်ကဗျာဆရာကြီးဂိုသီသည် သူ၏စာအုပ်နိဒါန်းကို ရေးသားရာတွင် "ကာလိဒါသ၏ သကုန္တလမှ ဉာဏ်ရသည်" ဟု ဆိုလေသည်။ ဆာဂျွန်လပ်ဘွတ်ကမူ "ကမ္ဘာပေါ်ရှိ စာအုပ်ကောင်းတစ်ရာစာရင်းတွင် သကုန္တလကို ထည့်ရပါမည်" ဟု ဆိုသည်။

စာဆိုပညာရှိ ကာလိဒါသသည် စာလုံးများကို ရွေးတာခြင်း၊ စကားပြောဆိုသည့် နေရာများတွင် သဘာဝကျကျ ရေးသားခြင်း၊ အသံနှင့် အဓိပ္ပာယ်ကိုက်ခြင်း၊ လိုက်ခြင်းများအတွက် အထူးကျော်ကြားသည်။

ကာလိဒါသ၏ အရေးအသားများသည် တိုက်ရိုက်သင်ကြားပို့ချနေခြင်းနှင့်မတူ၊ လိမ္မာသော ချစ်ဇနီးက ပျော့ပျော့ပျောင်းပျောင်း ဆွဲဆောင်ခြင်းမျိုးနှင့် တူသည်ဟု ဝေဖန်ရေးဆရာများက ဆိုလေ့ရှိပေသည်။

ကာလိဒါသအား "အပြီး" ကို အသုံးပြုရေးသားရာ၌ ဆရာကြီးဖြစ်သည်ဟုလည်း ဆိုကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(ဆ)

"ရေညှိများနှင့် ထွေးနေသော်လည်း ကြာပွင့်သည် လှပလျက်ပင် ရှိလေသည်။ ကောင်းကင်တွင် ရှိနေသော အစွန်းအထင်းသည် မည်းမှောင်နေသော်လည်း လ,မင်း၏အလှကိုပို၍ မြင့်မားစေသည်။ ဤနွံ့နှောင်းသူကလေးသည် သစ်ခေါက်ဆိုးအဝတ်နှင့်ပင် ပို၍ လှနေပေသေးသည်။ ကိုယ်ဟန်အချိုးအစား ကျသူများသည် အဝတ်အစား အလှအပများဖြင့် တန်ဆာဆင်ကာ မွမ်းမံ၍ တင့်တယ်အောင် ပြုပြင်နေစရာမလိုပေ။"

ဤကား ကာလိဒါသ၏ ရေးဟန်သဘောတစ်ခု ဖြစ်ပေသည်။ အလားတူ ရေးဟန်တော်တော်များများကို ထုတ်နုတ်၍ ဤနေရာ၌ တင်ပြစရာကောင်းသော်လည်း၊ နောင်ထုတ်မည့် စာအုပ်များတွင်မှ ဖော်ပြနိုင်ပါလိမ့်မည်။

"ကာလိဒါသ၏ ဘဝအတွေ့အကြုံများ" ဒုတိယပိုင်းမှာလည်း ပထမပိုင်းကဲ့သို့ပင် ကာလိဒါသရေးခဲ့သော စာပေများမဟုတ်သေးပါ။ သို့ရာတွင် ကာလိဒါသ၏ နှုတ်မှ ပြောဆိုခဲ့သည်များ၊ ကာလိဒါသ ကိုယ်တိုင် လူ့လောကတွင် ဘုရင်အပါအဝင် လူအများနှင့် တွေ့ထိ၊ ကြုံခဲ့၊ ဆုံခဲ့၊ ခံခဲ့၊ စံခဲ့ရသည်များကို စုပေါင်းထားခြင်းဖြစ်၍ အကြောင်းအရာတိုင်းတွင် လူတိုင်းအတွက် သင်ခန်းစာများ၊ မှတ်သားစရာများ အပြည့်အနက်ပါရှိသည်ကို တွေ့ကြရပါလိမ့်မည်။

လူထုသတင်းစာဖတ်ပရိသတ်၏ တောင့်တချက်အရ နေ့စဉ် ကျွန်တော်ရေးနေသော 'သောင်းပြောင်းထွေလာရေးချင်ရာရာ' အခန်းတွင် ဤကဗျာစာဆိုပညာရှိ ကာလိဒါသ၏ အကြောင်းများကို ရေးနေရာမှ စာအုပ်အဖြစ် ထုတ်ဝေဖို့ စီစဉ်ခဲ့ရပါသည်။ ဒုတိယပိုင်းတွင် ပါဝင်သော အကြောင်းအရာ ၄၅ ခုအနက် အချို့မှာ သတင်းစာများတွင် ဖော်ပြပြီး ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အလိမ္မာ စာမှာရှိ" ဆိုသော ရှေးလူကြီးများ၏ စကားအရ ဤပညာရှိကြီးနှင့် စပ်သော အကြောင်းအရာများ ကာလိဒါသကိုယ်တိုင် ပြောခဲ့ရေးသားခဲ့သည်များကို မိတ်ဆွေများ၏အကူအညီဖြင့် စာအုပ်စာတမ်းအမျိုးမျိုးမှ ရှာဖွေကာ အခါအားလျော်စွာ ပြည်သူလူထု အကျိုးအတွက် ရေးသားထုတ်ဝေသွားပါမည်။ စာဖတ်ပုဂ္ဂိုလ်အပေါင်းတို့ထံမှ အကြံပေးချက်များကိုလည်း ရလိုပါသည်။ ရပါရစေ။

လူထု ဦးလှ
၁၊ ၂၊ ၆၁



# သံယောဇဉ်

ပညာရှင် အမတ်ကြီး ကာလိဒါသမှာ ကိုတ္တိမ(မွေးစားသော)သားကလေးတစ်ယောက် ရှိခဲ့သည်။ ကာလိဒါသသည် သူ၏မွေးစား သားကလေးကို ချစ်ခင်ကြင်နာယုယလှသဖြင့် 'ဓမ္မရာဇ' ဟု နာမည်မှည့်ထားသည်။ ကလေး ၏အရွယ်မှာ မကြီးသေး၊ နှစ်နှစ်ကျော်၊ သုံးနှစ် ရွယ်မျှသာ ရှိသေးသည်။

အရာရာတွင် မိဘရင်းများက မိမိတို့ ရင်သား၊ သားသမီးများအပေါ်၌ အလိုလိုက် သကဲ့သို့ ကာလိဒါသလည်း ဓမ္မရာဇအပေါ်၌ အလိုလိုက်သည်။ မိဘရင်းများက ဦးစားပေး ကြ၊ မွေးကျွေးကြသကဲ့သို့ ဦးစားပေး ယုယ ထားသည်။ မိရင်းဖရင်းများနှင့်မခြား ဓမ္မရာဇ အပေါ်၌ မေတ္တာတရားကြီးမားလေသည်။

ကာလိဒါသသည် ညီလာခံသဘင်သို့ ဝင်သည့်အခါ ဓမ္မရာဇကို အိမ်မှာထားခဲ့သည်။ ညီလာခံဝင်တိုင်းဝင်တိုင်းပင် ဤသို့ချည်း ထားခဲ့သည်။ တပည့်မ ရမဝတီတို့က ထိန်းကြ၊ စောင့်ရှောက်ကြသဖြင့် ကလေးငယ် ဓမ္မရာဇ မှာ ပျော်နေသည်။

မည်သည့်အခါမျှ အိမ်တွင် ငိုနေနှင့်သည်မရှိ၊ မကြည်မရွှင် ဖြစ်နေနှင့်သည်ကို မတွေ့ရ၊ ဓမ္မရာဇမှာ အလွန်လိမ္မာသည်။ ရမဝတီ

www.facebook.com/NyisayEbookCreator
www.nyisay.com


တို့ကလည်း အလွန်အလိုလိုက်ကြ၊ အထိန်းအချော့ကောင်းကြလေရာ ဓမ္မရာဇမှာ အလွန်ချစ်စရာကောင်းသော ကလေးတစ်ယောက်ဖြစ်နေသည်။

တစ်နေ့သောအခါ ညီလာခံသဘင်သို့ တက်ရောက်နေစဉ် မနှစ်သက်စရာ သတင်းတစ်ခု ကာလိဒါသထံ ရောက်လာသည်။ ကြားလိုက်ရသော သတင်းကြောင့် ကာလိဒါသမှာ အလွန်ထိတ်လန့် တုန်လှုပ်သွားသည်။ စိုးရိမ်ပူပင် ရင်ခုန်သွားသည်။ ထိုသတင်းမှာ အခြားမဟုတ်၊ ကာလိဒါသ၏ကလေး ဓမ္မရာဇ အိမ်မှာရုတ်တရက် ကောက်ရသကဲ့သို့ဖျားကြောင်း လူတစ်ယောက်လာရောက် အကြောင်းကြားလာသော သတင်းဖြစ်လေသည်။

မွေးစားသားကလေး ဓမ္မရာဇအတွက် စိုးရိမ်ပူပန်လှသော ကာလိဒါသသည် ညီလာခံပြီးအောင် စောင့်မနေနိုင်၊ သိရသည်နှင့် တစ်ပြိုင်နက် ညီလာခံမှ ထပြန်သွားသည်။ ဖိနပ်စသည်ပင် မပါ။ ကပျာကယာ ညီလာခံမှ ဆင်းသွားသည်။ အလွန်ပူလှသော သံယောဇဉ်မီးကြောင့် ရထားပင်မစီး အတင်းပြေးသွားသည်။

မွေးစားသားကလေး ရုတ်တရက်အပြင်းဖျားသည်ဟု လူတစ်ယောက် အကြောင်းကြားလာသည်ကိုလည်း ညီလာခံအားလုံးက သိကြသည်။ မွေးစားသော ကလေးအတွက် ကပျာကယာနိုင်လှသော ကာလိဒါသ ပူပင်စိုးရိမ်လွန်လွန်းလှသော ကာလိဒါသကို ဘုရင်လည်း မြင်၍ မှူးမတ်ဗိုလ်ပါများလည်း မြင်ကြသည်။

မွေးစားသားကလေး ဖျားသည်ဆိုကာမျှဖြင့် ဤမျှလောက် ကပျာကယာနိုင်ရ၊ ဣန္ဒြေပျက်ရပါမည်လား၊ အရေးကြီးသော ကိစ္စကြီးများကို ပစ်ထားခဲ့ကာ ညီလာခံမှ ဆင်းသွားရပါမည်လား။ ရှိစေ၊ နက်ဖြန်ညီလာခံကျမှ ကာလိဒါသအား ပြောကြားပေမည်ဟု

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသ ညီလာခံမှ ရုတ်တရက်ထသွားစဉ် ဘုရင့်စိတ်ထဲတွင် အောက်မေ့လိုက်သည်။

ဓမ္မရာဇမှာ စင်စစ်အားဖြင့် ပြင်းပြင်းထန်ထန် ဖျားသည်မဟုတ်၊ အတော်အသင့်သာဖြစ်သည်။ ညီလာခံရာမှ ကာလိဒါသ ပြန်ရောက်သည်ဆိုလျှင်ပင် ရှင်ရှင်လန်းလန်းဖြစ်နေပြီ။ ကာလိဒါသလည်း မိမိကိုယ်တိုင် သမားတော်ကြီးလုပ်၍ ကုသရာ ဓမ္မရာဇ၏ အဖျားမှာ ယူပစ်သလို ပျောက်သွားသည်။ နောက်တစ်ရက်တွင်လည်း အဖျားမတက်လာတော့၊ နေကောင်းသည့် နေ့များမှာကဲ့သို့ ဆော့နေကစားနေသည်။

သို့ဖြင့် ကာလိဒါသသည် နောက်တစ်ရက်တွင် ညီလာခံသဘင်သို့ ဝင်မြဲဝင်သည်။ ဓမ္မရာဇ မဖျားတော့သည်နှင့် စိတ်ချစွာပင် ညီလာခံသို့ တက်ရောက်သည်။ ထိုအခါ "အမောင် ကာလိဒါသ အဘယ်ကြောင့် ဤမျှလောက် ဣန္ဒြေပျက်ရသနည်း။ မွေးစားသားကလေး အနည်းငယ် ဖျားသည်ဆိုကာမျှဖြင့် ရထားမစီးဘဲ အတင်းတန်းပြေးရသလား၊ မင်းချင်းတစ်ဦးဦးအား မကြာမီလာခဲ့မည် ဆိုသည်ကို စေလွှတ်အပြောခိုင်းလိုက်ပါလား" ဟု ဘုရင်က ကာလိဒါသအား ဆီး၍ အပြစ်တင်စကား မိန့်ကြားသည်။

"မှန်ပါသည်၊ ကျွန်တော်မျိုး စိုးရိမ်ပူပန် သွားမိပါသည်။ သံယောဇဉ်မီးမှာ တော်တော်တန်တန် ပူသည်မဟုတ် အသည်းကျွမ်းမျှ ပူလှပါသည်" ဟု ကာလိဒါသက ဘုရင်အား ပြန်၍ တင်လျှောက်လိုက်သည်။

သို့သော် ကာလိဒါသသည် ဘုရင့်အပေါ်၌ အခဲမကျေ၊ ကလဲ့စားချေဦးမည်။ တစ်နေ့တွင် ပရိယာယ်တစ်မျိုးဖြင့် ဘုရင်အား လျှောက်ထားမှသင့်မည်။ ကိုယ်ချင်းစာတရား ဘုရင့်သန္တာန်မှာ မရှိသေး၊

www.facebook.com/NyisayEbookCreator
www.nyisay.com


ဤအကြိမ်မှာ ကိုယ်ချင်းစာတတ်စေရမည်ဟု တွေးတောစဉ်းစားမိသည်။

ကာလိဒါသသည် ဖယောင်းများကိုယူကာ ပုံတူထုလုပ်တတ်သည့် ပန်းပုဆရာတစ်ဦးအိမ်သို့ သွားသည်။ ဘုရင့်မြေးကလေးတစ်ယောက်၏ ရုပ်ပုံသဏ္ဌာန်ကို ပြောပြကာ တူအောင် ထုလုပ်ခိုင်းသည်။ ဖယောင်းများကလည်း အလွန်ညက်ညောပြီး ပန်းပုဆရာကလည်း အလွန်လက်ရာမြောက်လေရာ ကလေးပုံမှာ ဘုရင့်မြေးကလေးနှင့် မခြားပေ။ တူလှအသက်ဝင်လှပေသည်။ သို့ဖြစ်လေရာ ကာလိဒါသသည် ပန်းပုဆရာအား ငွေအသပြာ ၁၀၀ ပေးကာ ကလေးပုံကလေးကို ယူလာသည်။

ဘုရင့်မြေးတော် ဖယောင်းရုပ်ကလေးမှာ အလွန်တူလှ အသက်ဝင်လှသည့်အတိုင်း အဝေးမှကြည့်က မည်သူမှ ဖယောင်းရုပ်ဟု မပြောနိုင်၊ တကယ်ပင် ဘုရင့်မြေးကလေးဟု မှတ်ရပေသည်။

ဤကဲ့သို့ ဘုရင့်မြေးကလေးပုံတူကိုရလေလျှင် ကာလိဒါသသည် ဘုရင့်မြေးအထိန်းတော်ထံသို့ သွားသည်၊ ကိစ္စပြီးသောအခါ အသပြာတစ်ရာပေးပါမည်။ နက်ဖြန် ဘုရင့်ထံဝင်သောအခါ ဘုရင့်မြေးအစစ်ကို မယူခဲ့ပါနှင့် ဤဖယောင်းပုံတူကလေးကို ယူခဲ့ပါ။ နန်းတော်အနီးရေအိုင်သို့ရောက်သောအခါ ရေအိုင်ထဲချော်ကျဟန် ဆောင်လိုက်ပါ။ ဘုရင်မမြင်သေးက ချော်ကျဟန်မဆောင်သေးဘဲ ဘုရင်မြင်သည်နှင့်တစ်ပြိုင်နက် ဘုရင့်မြေးပုံတူကလေးပါ နစ်သွားအောင် ချော်ကျဟန်ဆောင်လိုက်ပါ။ ဘုရင်နှင့် ပတ်သက်သမျှ တာဝန်မှာ မိမိတာဝန်ရှိပါစေဟုပြောကာ ကာလိဒါသက ဘုရင့်မြေး အထိန်းတော်အား ခိုင်းစေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နောက်တစ်ရက် ရောက်လေလျှင် ဘုရင့်မြေး အထိန်းတော်လည်း ဘုရင့်မြေး ဖယောင်းရုပ်ပုံတူကလေးကို ယူလာခဲ့သည်။ ရေအိုင်သို့အရောက် ဘုရင်မြင်သည်နှင့်တစ်ပြိုင်နက် ရေအိုင်ထဲသို့ ကလေးရုပ်ကလေးရော အထိန်းတော်ပါ မတော်တဆ ချော်ကျဟန် ဆောင်လိုက်သည်။

ထိုအခါ ဘုရင်သည် ညီလာခံနေရာမှ ရုတ်တရက် ထကာ အထိန်းတော်နှင့် မြေးကလေးချော်ကျသွားသည့် ရေအိုင်ထဲသို့ ကပျာကယာ ခုန်ချလိုက်သည်။ တော်တော်ကလေး ကြာသောအခါ မြေးပုံတူဖယောင်းရုပ်ကလေးကိုပွေ့ကာ ဘုရင်မင်းမြတ်ရေထဲမှ ပေါ်လာသည်။

မိမိမြေးကလေး ရေအိုင်ထဲ မတော်တဆ ချော်ကျသွားသည် ထင်၍ ရာဇဗ္ဗန္တြေကို မဆောင်နိုင်ဘဲ၊ ရှင်ဘုရင်ကိုယ်တိုင် ရေကန်တွင် ပြေးဆင်း၍ ငုပ်ခြင်းဖြစ်လေသည်။ သို့ရာတွင် သေသေချာချာ ကြည့်သောအခါ မြေးကလေးမဟုတ်၊ ဖယောင်းရုပ်တုကို ရင်ခွင်ထဲ ပွေ့မိရက်သားဖြစ်နေတော့သည်။ သို့ဖြစ်လေရာ၊ ‘ဟိုတစ်နေ့က မွေးစားသားကလေးအတွက် ဒါလောက် ဣန္ဒြေပျက်ရသလား’ ဟု သူ့ကိုပြောမိ၍ ကာလိဒါသ ငါ့ကို တစ်ဖန်ကလှဲ့စားချေပြီ” ဟု ဘုရင်လည်း ချက်ချင်းပင် တွေးတောမိသည်။

“ဘယ့်နှယ်ပါနည်း အရှင်ဘုရင်မင်းမြတ် နန်းတော်ထဲမှာ မင်းချင်းတွေရှိနေပါလျက် မိမိမြေးကလေးအတွက် ဒါလောက်ရာဇဣန္ဒြေ အပျက်ခံရပါသလား၊ ဘုရင့်သိက္ခာကိုမှ မငဲ့မညှာ ရေအိုင်ထဲ ခုန်ချရပါသလား မြေးကလေးကို ဘုရင်မင်းကြီးချစ်သကဲ့သို့ ကျွန်တော်မျိုး၏ ကိတ္တိမ(မွေးစား)သားကလေးကို ချစ်ပါသည်။ ကိုယ်ချင်းစာနာသင့်ပါသည်။ အပြစ်တင် မစောသင့်ပါ” ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်လည်း "မှန်ပေသည် သံယောဇဉ်ကြိုးမှာ အလွန်ခိုင်မာပေသည်။ သံယောဇဉ်ကြိုးဆွဲက မည်သူမှ ဣန္ဒြေရရမနေနိုင်" ဟု ဆိုကာ ကာလိဒါသအား ချီးမွမ်းလေသည်။

ကာလိဒါသလည်း အထိန်းတော်အား အသပြာ ၁၀၀ ပေးလိုက်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ရက် (၆၀) မှာ (၁) လ၊ (၆) လမှာ (၁) နှစ်

ကာလိဒါသ ဟိမဝန္တာသို့ ဘုရားဖူးသွားနေခိုက်အခါဖြစ်သည်။ ကာလိဒါသနှင့် ညီလာခံသဘင် ခေတ္တကင်းကွာနေချိန်ဖြစ်သည်။ ညီလာခံသဘင်သို့ မှူးမတ်ဗိုလ်ပါ သေနာပတိတို့သာ တက်ရောက် စည်းဝေးကြသောအချိန်ကာလဖြစ်နေရာ၊ ဘုရင်မှာ တိုင်ပင်ဆွေးနွေးဖွယ် ရှိသည်များ၊ စီမံချမှတ်သင့်သည်များကို မှူးမတ်ဗိုလ်ပါသေနာပတိများနှင့်သာ တိုင်ပင်ဆွေးနွေးရ၊ စီမံချမှတ်ရလေသည်။

တစ်နေ့သောအခါ ဘောဇဘုရင်သည် သဘောဆန္ဒတော် တစ်မျိုးတစ်ဖုံဖြစ်ပေါ်လာသည်။ သဘာဝအစဉ်အလာအားဖြင့် ရက်ပေါင်း (၃၀) ကို (၁) လဟု သတ်မှတ်ထားကြရာမှ ရက်ပေါင်း (၆၀)၊ (၂) လကိုမှ (၁) လဟုပြင်၍ သတ်မှတ်လိုလာသည်။ (၁၂) လ တစ်နှစ်ဟု သတ်မှတ်ထားကြရာမှ ရက်ပေါင်း (၆၀) ရှိသော လပေါင်း (၆) လဖြင့် (၁) နှစ်ဟု သတ်မှတ်လိုလာသည်။

ကာလိဒါသမရှိစဉ် မိမိထင်မြင်သဘောဆန္ဒပေါ်လာသည်ကို သတ်မှတ်အတည်ပြုလိုသည့်အတိုင်း ဘုရင်လည်း ညီလာခံပရိသတ်အား ပြောဆိုမိန့်ကြားသည်။ ရက်ပေါင်း (၆၀) မှ (၁) လ၊ ထိုလများဖြင့်

www.facebook.com/NyisayEbookCreator
www.nyisay.com


(၆) လက်ကို တစ်နှစ်လုပ်ရန် မှူးမတ်ဗိုလ်ပါ သေနာပတိအားလုံးနှင့် ဆွေးနွေးတိုင်ပင်သည်။ ဘုရင်မှာ စိတ်ထဲ၌ ပေါ်လာသည်ကို ကြာကြာ မဆိုင်း၊ မကြာမီ ဤအတိုင်းသတ်မှတ်ဆုံးဖြတ် အတည်ပြုရန် ဆန္ဒ ပြင်းထန်လာသည်။ သို့ဖြင့် (၇) ရက်အတွင်း ဤကိစ္စအတွက် စီစဉ်ကြ၊ အခါရွေးကြဟု ဘုရင်က ပညာရှိမှူးမတ်များအား မိန့်ကြားသည်။

ဘုရင်သည် ဤစိတ်ကူးကို ဘယ်လိုက ဘယ်လိုရသည် မသိ၊ မည်သို့ ဖောက်ပြန်လာသည် မပြောတတ်၊ ဘုရင့်အယူဝါဒသဘောမှာ ဆန်းကြယ်လှသည်။ ထုံးတမ်းအစဉ်အလာမှ ဖီလာဖြစ်လှသည်။

ဘုရင်တို့မည်သည် အလွန်မြင့်သောစိတ် ထက်သောစိတ်ရှိသည်။ ထင်ရာမြင်ရာ စိတ်ထဲပေါ်လာရာကို ချက်ချင်းစီမံလုပ်ဆောင်တတ်ပြီး တစ်ချက်လွှတ်ပြုလုပ်တတ်ကြသည်။ လောကရေး၊ ဓမ္မရေး၊ လောက သဘာဝ၊ ဓမ္မသဘာဝ စသည်များကို များများမတွေးတော၊ မစဉ်းစား၊ နားမလည်၊ လောက၏အထွဋ်အမြတ်ဟု ကင်ပွန်းတပ်ထားခြင်း ခံထားကြရသူများ ဖြစ်သည်နှင့်အညီ တစ်ရံတစ်ခါလောကကို ပြောင်း ပြန်လှန်ပစ်လိုကြသည်။ လောက၏သဘောများကို ဆန့်ကျင်လိုကြ သည်။ ဘုရင်တို့အပေါ်တွင် ဘုရင်ဟုမရှိဖြစ်နေရာ၊ ‘ငါသာလျှင် ဘုရင်’ ဟု ထောင်လွှားတတ်ကြသည်။

သည်ကဲ့သို့ ထောင်လွှားကြ၊ မာန်တက်ကြသော ဘုရင်များကို မှူးမတ် ဗိုလ်ပါပညာရှိများကသာ အမြဲတစေ ထိန်းပေးရ၊ တည့်မတ် ပေးရသည်။

စင်စစ်အားဖြင့် ဘုရင်များမှာ ဘုန်းကံ သမ္ဘာ ဉာဏ်ပညာနည်း ကြသည့် ပုဂ္ဂိုလ်များမဟုတ်။ အလွန်ဘုန်းကံသမ္ဘာကြီးကြသော ပုဂ္ဂိုလ် များ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ခမ်းနားကြီးကျယ်မြင့်မြတ်သော မင်းစည်းစိမ်များကို ခံစားကြရ၊ စံစားကြရပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့သော် ဘုန်းကံသမ္ဘာကြီးကြစေကာမူ ဘုရင်တိုင်းလိုလိုပင် ဉာဏ်ပညာမှာမူ မကြီးမားတတ်ကြ၊ မထက်မြက်တတ်ကြ၊ အချို့ ဘုရင်များမှာ ဉာဏ်ပညာချို့နေတတ်ကြပေသည်။

ဤကဲ့သို့ ဉာဏ်ပညာချို့နေကြသည့် ဘုရင်များကို မဆိုထားနှင့် ဉာဏ်ပညာကြီးမားပြီး အဘက်ဘက်က ပြည့်စုံသော ဘုရင်များပင် ငါသာလျှင် ဘုရင်ဟူသော အာဏာပြည့်စုံသည့် စည်းစိမ် အခြေအရံ များကြောင့် တစ်ရံတစ်ခါ လောကသဘာဝများကို ပြောင်းပြန်လှန်လို တတ်ကြသည်။ ပြည်သူလူထုနှင့် ဆန့်ကျင်တတ်ကြသည်။ လုပ်ကိုင် ဆောင်ရွက်ချက်များ မမှန်မကန် ဖြစ်နေတတ်ကြသည်။

ဘောဇဘုရင်ကိုလည်း ကာလိဒါသကသာ အမြဲတမ်း တည့်မတ် ပေးခဲ့ရ ထိန်းပေးခဲ့ရသည်။ စင်စစ်အားဖြင့် ဘောဇဘုရင်မှာ ဉာဏ် ပညာနည်းပါးသော ဘုရင်မဟုတ်၊ ဉာဏ်ပညာအလွန်ကြီး၍ ဗဟု သုတ အလွန်ကြွယ်ဝသော ဘုရင်တစ်ပါးပင်ဖြစ်သည်။

ယခု ရှေးအစဉ်အလာ ထုံးတမ်းအားဖြင့် သုံးစွဲသတ်မှတ်လာ ခဲ့ကြသည့် လနှင့်နှစ်ကို ပြင်လိုလာသည်။ သဘာဝနိယာမများကို ပြင်လိုလာသည်။ ဤသည်မှာ ဘောဇဘုရင်၏ဉာဏ်ပညာ ချို့ယွင်း ခြင်းကြောင့်မဟုတ်၊ ဘုရင်များ ပြုမူတတ်သည့် ဓမ္မတာအားကြောင့် သာ ဤသဘောဆန္ဒပေါ်လာခြင်းဖြစ်သည်။

ဤသို့လျှင် လနှင့်နှစ်ကို ပြင်ဖို့ စီစဉ်ကြ၊ အခါကောင်း ရွေးကြ ဟု ဘုရင်က မိန့်ကြားကတည်းက ဘုရင်များနှင့် ဘောဇဘုရင်၏ သဘောတရားများကို ဘောဇဘုရင်၏ ညီလာခံမှူးမတ် ဗိုလ်ပါများက နားလည်ကြသည်။ အသီးသီးပင် တွေးတောမိကြသည်။

သို့ရာတွင် ဘုရင်၏ဆန္ဒတော် ပြင်းပြသည်ကို ဆန့်ကျင်၍ မလျှောက်တင်ဝံ့ကြ၊ ဘုရင့်အမိန့်တော်ကို မတော်လှန်ဝံ့ကြ၊ မဖြစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



နိုင်သော်လည်း ဘုရင့်ဆန္ဒတော်အတိုင်း လနှင့်နှစ်ပြင်ဖို့ ကိစ္စအတွက် အခါရွေးကြရသည်။ လာမည့် ၇ ရက်မြောက်သောနေ့တွင် မင်္ဂလာအခါတော်ရကြောင်း၊ လနှင့်နှစ်ပြင်ဖို့ သင့်လျော်ကြောင်း ဘုရင်အား မှူးမတ်ဗိုလ်ပါပညာရှိများက တင်လျှောက်ကြသည်။

"လာမည့် ၇ ရက်မြောက်သောနေ့တွင် မင်္ဂလာအခါတော်ရလျှင် ထိုနေ့မှာ လနှင့်နှစ်ကို ပြင်ရမည်။ တိုင်းပြည်အတွင်း မောင်းခတ်၍ ကြေညာလော့၊ စောစောက ကြိုတင်၍ တိုင်းပြည်အား အသိပေးလော၊ ပွဲလမ်းဆိုင်ရာ အမတ်များက ပွဲလမ်းသဘင်များအတွက် စီစဉ်ရမည်" ဟု ဘုရင်က မိန့်ကြားသည်။

ရွှေမောင်းသံဖြင့် မောင်းသမားများလည်း ဘုရင့်အမိန့်တော်ကို ကြေညာကြသည်။ ရက် (၆၀), (၂) လကိုမှ (၁) လ၊ (၆)လဖြင့် (၁)နှစ် သတ်မှတ်ရမည် ဆိုသည်များကို ဘုရင့်အမိန့်တော်အတိုင်း တိုင်းပြည်အတွင်း ကြေညာကြသည်။ ရွှေမောင်းသံ မရောက်သော နေရာဟူ၍ မရှိ၊ မည်သည့်အရပ်မှမကျန် အရပ်တိုင်း နေရာတိုင်းသို့ ရောက်သည်။

ထိုသို့ ရွှေမောင်းသံဖြင့် ဘုရင့်အမိန့်ကို လှည့်လည် ကြေညာနေသောအခါ ဘုရားဖူးသွားရာမှ မိမိအိမ်သို့ ကာလိဒါသ ပြန်ရောက်လာပြီဖြစ်၍ ကာလိဒါသလည်း ဘုရင့်အမိန့် ရွှေမောင်းသံကို ကြားတော့သည်။

"သဘာဝနိယာမကိုပင် ပြုပြင်ပြောင်းလွဲနိုင်သည့် ဘုရင်၊ ရာဇစိတ်၊ ရာဇသွေး အတော်မြင့်သည့်ဘုရင်၊ မဖြစ်နိုင်သည့် လနှင့်နှစ်အပိုင်းအခြားများကို ပြင်မည်တဲ့လား" ဟု ကာလိဒါသ တွေးတောမိသည်။ အတော်လည်း အံ့ဩသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရှိပစေ ညီလာခံသဘင်ရောက်မှ ဤကိစ္စကို ဖြေရှင်းရမည် ဘုရင့်အား ကျိုးကြောင်းပြသ တင်လျှောက်ရမည်" ဟု ကာလိဒါသ လည်း ဆုံးဖြတ်လိုက်သည်။

နောက်တစ်ရက်ရောက်သောအခါ ကာလိဒါသသည် ညီလာခံ သဘင်သို့ ဝင်ရောက်သည်။ ဘုရားဖူးပြန်ရောက်လာသော ကာလိ ဒါသအား မှူးမတ်ဗိုလ်ပါအပေါင်းက အလေးပြုကြ နှုတ်ဆက်ကြ သည်။ ဘုရင်ကလည်း မိမိစီရင်ထားသည့်ကိစ္စကို ဆိုင်းမထား လနှင့် နှစ်ပြင်မည့်အကြောင်းကို ကာလိဒါသ မသိသေးဟုထင်ပြီး ဖွင့်ဟ ပြောပြသည်။

ထိုအခါ "အလွန်သင့်လျော်ပါပေသည်။ ဘုန်းသမ္ဘာလည်း ကြီးပါပေသည်။ (၁၅) ရက်တစ်ကြိမ် ပြည့်သည့်လမင်းကို (၁) လ ရက်ပေါင်း (၃၀) မှ လပြည့်အောင် လုပ်နိုင်သည့်ဘုရင်မှာ မြေအပြင် တွင်မရှိ၊ ကမ္ဘာ့နိယာမကိုပင် စိုးမိုးနိုင်သည့်ဘုရင် ဖြစ်ပါပေသည်" ဟု အစတွင် ကာလိဒါသက ချီးကျူးသယောင်ယောင်ဖြင့် ရှုတ်ချ လျှောက်တင်လိုက်သည်။

"အရှင်ဘုရင်မင်းကြီး အာဏာပျံ့နှံ့နေသည့် တိုင်းပြည်အတွင်း မှာ နှစ်ဖျောက် လဖျောက်လို့ ရနိုင်ပါသည်။ ကမ္ဘာ့နိယာမ သဘာဝ နိယာမကိုကား ဖျောက်ဖျက်လို့မရနိုင်၊ ဘုရင့်အာဏာစက်ရိပ်အောက် မှာရှိသော ပြည်သူလူထုမှာ ဖူးကို ဖရုံဆိုစေလိုက ဆိုကြရမည်။ ဖရုံကို ဖူးဖြစ်စေလိုကလည်း ဖြစ်ကြရပါမည်။ အခြားတိုင်းပြည် လူထုအများအပေါ်မှာမူ ဖူးကိုဖရုံ၊ ဖရုံကိုဖူးလုပ်၍မရ ဖြစ်စေလို၍ မဖြစ်နိုင်ပါ။ ယခုဘုရင်သည် ရက် (၆၀) မှ (၁) လ၊ ထိုလများဖြင့် (၆)လကို (၁) နှစ်ဟု သတ်မှတ်မည်ဆိုသည်မှာ သဘာဝနိယာမ

www.facebook.com/NyisayEbookCreator
www.nyisay.com




ကမ္ဘာ့နိယာမများကို ဆန့်ကျင်ရာ ရောက်နေပါသည်။ လောကအစဉ်အလာထုံးတမ်းနှင့်လည်း ဖီလာဖြစ်နေပါသည်။ နည်းနည်းမှ မသင့်လျော်ပါ၊ ရှေ့ခြေလှမ်း မှန်မှန်သွားပါ။ တစ်တောင်လှမ်းရမည်ကို တစ်တောင့်ထွာ မလှမ်းပါနှင့်” ဟု ဘုရင်အား ကာလိဒါသက ကျိုးကြောင်းများကို ဆက်၍ လျှောက်တင်သည်။

ဘုရင်လည်း “ဖြစ်နိုင်မည်မဟုတ်၊ လောကထုံးတမ်းစဉ်လာနှင့် ဖီလာကျနေသည်” ဟုဆိုကာ ထိုအမိန့်ကို ပယ်ဖျက်ပစ်လိုက်သည်။ ကာလိဒါသအားလည်း မိမိအားသတိတရားဖြစ်စေသည့်အတွက် များစွာ ချီးကျူးလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# လဆန်းနှစ်ရက် 'လ' နှင့် လပြည့်နေ့ 'လ'

အခါတစ်ပါးဝယ် ပါလစ္စတိုင်းနိုင်ငံမှ ပသီဘုရင်သည် ဘောဇဘုရင်ထံသို့ သဝဏ်လွှာတစ်စောင်ပို့လိုက်သည်။ ထိုသဝဏ်လွှာမှာ ကာလိဒါသ၏ ကျော်စောပုံကို ပသီဘုရင်ကြား၍ ကာလိဒါသကို ပါလစ္စတိုင်းသို့ ပို့လွှတ်ရန် ဘုရင်မှတစ်ဆင့် ဖိတ်ကြားသော သဝဏ်လွှာဖြစ်သည်။

ပို့လိုက်သော သဝဏ်လွှာသည် ဘောဇဘုရင်ထံကောင်းစွာ ရောက်လာသည်။ ဘုရင်လည်း ပါလစ္စတိုင်းနိုင်ငံမှ ကာလိဒါသအား ဖိတ်ကြားသော သဝဏ်လွှာဖြစ်ကြောင်း သိရှိလေရာ များစွာဝမ်းသာသည်။

"ငါတို့ကား ဟိန္ဒူ၊ ပါလစ္စတိုင်းကား ပသီဖြစ်နေသည်။ အယူဝါဒမတူကြ၊ သို့ရာတွင် ကာလိဒါသသည် အရာရာပညာနှင့် ပြည့်စုံသည်၊ ပါလစ္စတိုင်းကိုလွှတ်ခြင်းအားဖြင့် နှစ်ပြည်ထောင် ချစ်ကြည်ရေးအတွက် များစွာအထောက်အပံ့ဖြစ်နိုင်မည်။ နှစ်ပြည်ထောင် တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအကျိုးဖြစ်ထွန်းမည်။ မိတ်ဆွေဖြစ်ရေး၊ ချစ်ကြည်ရေးအတွက် တိုးတက်ကောင်းမွန်လာနိုင်မည်"ဟု ဘောဇဘုရင်မြင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့နှင့် ကာလိဒါသအား ခေါ်၍ သဝဏ်လွှာအကြောင်း မိန့်ကြားသည်။ အချင်းချင်း ဆက်ဆံမှုမှရရှိမည့် အကျိုးအမြတ်များကို ရှေ့ရှု၍ ဖိတ်ကြားသည့် ပါလစ္စတိုင်းနိုင်ငံသို့သွားရန် ကာလိဒါသအား တိုက်တွန်းသည်။

ကာလိဒါသလည်း အကျိုးသက်ရောက်မည့်အကြောင်းကို မျှော်မှန်းကာ သွားရောက်ပါမည်ဟု ဘုရင်အား ဝန်ခံကတိပြုလိုက်သည်။

တင်လျှောက်ပြီးသည့်နောက် မကြာမီပင် ကာလိဒါသသည် ဘောဇဘုရင် ပေးလိုက်သော လက်ဆောင်ပဏ္ဏာများယူကာ ပါလစ္စတိုင်းပြည်သို့ သွားသည်။ သွားစဉ်အခါမှာ သတိတရား ကင်းကွာစွာဖြင့် မသွား၊ အခါကောင်း၊ နက္ခတ်ကောင်းများကိုကြည့်၍ သွားသည်။ မည်ကဲ့သို့ တွေ့ကြုံရမည်၊ ကိစ္စတစ်စုံတစ်ရာရှိက မည်သို့ ရင်ဆိုင်ရမည် စသည်များကိုလည်း ဆင်ခြင်၍ သွားသည်။

ဤသို့သော အမြော်အမြင် အဆင်ခြင်များဖြင့် သွားခဲ့ရာ ရက်ပေါင်း ၄၀ မျှ ကြာသောအခါ ပါလစ္စတိုင်းပြည်သို့ ရောက်သွားသည်။ ကာလိဒါသရောက်လာသောအခါ ခမ်းခမ်းနားနား ကြိုဆိုကြသည်။ ဘုရင်ကိုယ်တိုင်လည်း ဆီးကြိုရာတွင် ပါဝင်ပေရာ သိုက်မြိုက်လှသည်။ မြို့သူမြို့သားများကလည်း ဝိုင်း၍ ကြည့်ရှု ကြိုဆိုကြသည်။

ပါလစ္စတိုင်းမှ အချို့ပသီလူမျိုးများသည် ဓာရာတိုင်းမှ ဟိန္ဒူလူမျိုးများကို မသိမမြင်ဘူးကြ၊ အချို့ကသာ မြင်ဖူးကြသည်။ သို့ဖြစ်လေရာ ကာလိဒါသရောက်သွားသောအခါ အချို့ပသီများက ပြုံးကြသည်။ အချို့က ဝတ်စားဆင်ယင်ပုံမှာ အဆန်းဖြစ်နေ၍ အံ့သြနေကြသည်။

ကတုံးသဖွယ် ဆံပင်များကို ရိတ်ထားခြင်း၊ အလယ်တည့်တည့်မှာ ဆံပင်နည်းနည်း (သေးသေး) ကလေးချန်ပြီး အရှည်ထားခြင်းနှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိပ်အလယ်တည့်တည့်တွင် ဆေးနီပြောက် ထိုးထားခြင်းများကို မြင်သဖြင့် ပြုံးကြခြင်းဖြစ်သည်။ ပိတ်အနံငယ်ကို ခါးတောင်းကျိုက်သကဲ့သို့ ဝတ်ဆင်ထားပုံကို မြင်ကြသဖြင့် အံ့သြကြခြင်းဖြစ်သည်။

ဟိန္ဒူပညာရှိများဖြစ်က ထိုးရသည့် ထုံးစံအတိုင်း ကာလိဒါသသည် နဂါးအမောက်သဖွယ် ထိပ်အလယ်တည့်တည့်တွင် ဆေးနီပြောက်ထိုးထားသည်။ ဟိန္ဒူတို့ဆင်ယင်ထုံးဖွဲ့ပုံကို မမြင်ဘူးကြသောပသီတို့အဖို့ကား ဆန်းကြယ်နေပေသည်။

အချို့မြင်ဖူးသူ၊ သိကြသူများကမူ မရယ်မပြုံးကြ၊ မအံ့သြကြပညာရှိ ကာလိဒါသ၏ ဝတ်စားဆင်ယင်ထားပုံကို မြတ်နိုးပင် မြတ်နိုးကြသေးသည်။ နှစ်သက်ပင် နှစ်သက်ကြသေးသည်။ ဟိန္ဒူတို့ အယူဝါဒတွင် ပညာရှိသူများသည် ဤသို့ ဆင်ယင်ထုံးဖွဲ့ရသည်ဟု နားလည်ကြသည်။

ကာလိဒါသအား ဟိန္ဒူများ၏ စားဖွယ်သောက်ဖွယ်များ မိမိတို့ပါလစ္စတိုင်းမှ စားဖွယ်သောက်ဖွယ်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။ ဘုရင်တို့၏ စားဖွယ်သောက်ဖွယ်များဖြင့်လည်း ဧည့်ခံပြုစုကြသည်။ ဝေးလံသောခရီးမှ မွန်မြတ်သော စေတနာဖြင့် ကာလိဒါသ လာရောက်ခြင်းအတွက် များစွာဝမ်းမြောက်ကြသည်။

နောက်နေ့ ညီလာခံသဘင်တွင် ပသီဘုရင်သည် ကာလိဒါသအား ရာဇနီတိ စသည်များကို မေးသည်။ မေးတိုင်းမေးတိုင်းလည်း ကာလိဒါသက မှန်ကန်သော အဖြေများကိုချည်းပေးသည်။ ပသီဘုရင်လည်း 'ကျော်စောသည့်အတိုင်း မှန်ပေသည်' ဟု ကာလိဒါသအား များစွာ အားရနှစ်သက်သည်။

အထူးသဖြင့် ကာလိဒါသမှာ ဒေသန္တရဗဟုသုတနှင့် ပြည့်စုံသူဖြစ်သောကြောင့် "ကျွန်ုပ်ကဲ့သို့ ဧည့်ဝတ်ကျေပွန်သော ပုဂ္ဂိုလ်များကို

www.facebook.com/NyisayEbookCreator
www.nyisay.com



တွေ့ရပါသလား၊ တိုင်းသူပြည်သားများအပေါ်တွင် ရာဇဓမ္မနှင့်အညီ စိုးမိုးအုပ်ချုပ်သည့် ဘုရင်များကို တွေ့ရပါသလား" စသည်ဖြင့် ပသီဘုရင်က ကာလိဒါသအား မေးသည်။

"အရှင်ဘုရင်မင်းမြတ်သည် တိုင်းသူပြည်သားအပေါ် ရင်ဝယ်သားကဲ့သို့ သနားကရုဏာနှင့် ပြည့်စုံသော ဘုရင်ဖြစ်ပါသည်။ ဉာဏ်ဝတ်လည်း ကျေပွန်လှ၍ ရာဇဓမ္မ ရာဇနီတိ စသည်များဖြင့်လည်း အလွန်ပြည့်စုံသော ဘုရင်ဖြစ်ပါသည်။ အထူးအားဖြင့်မူ ဘုရင်မင်းမြတ်မှာ လဆန်း (၂) ရက် ထွက်ပေါ်သည့် လမင်းသော်တာပမာ ကျက်သရေအပေါင်းနှင့် ပြည့်စုံပါသည်။ အခြားဘုရင်မင်းများမှာ လမင်းအား ခြံရံနေကြသည့် 'ကြယ်' များ ပမာသာဖြစ်ကြပါသည်" ဟု ကာလိဒါသက တင်လျှောက်သည်။

ပသီဘုရင်သည် ကာလိဒါသက တင်လျှောက်ချက်များကို များစွာအားရနှစ်သက်သည်။ သို့ဖြစ်လေရာ ကာလိဒါသအား အဖိုးများစွာထိုက်တန်သည့် ပုလဲကုံးတစ်ခုကို ပေးသနားလိုက်သည်။

"အသင်ကာလိဒါသ အခြား ဘုရင်တွေမှာ 'ကြယ်' ကလေးတွေနှင့် တူကြသည်ဟု ဆိုသည်။ ကာလိဒါက၏ အရှင်ဘောဇဘုရင်မှာမူ မည်သည့်အရာနှင့် တူပါသနည်း" ဟု ပသီဘုရင်က မေးသည်။ ထိုအခါ ကာလိဒါသက "ကျွန်တော်မျိုး၏ အရှင်သခင် ဘောဇဘုရင်မှာ လပြည့် (၁၅) ရက်နေ့တွင် ထွက်သည့် လမင်းကြီးနှင့် ပမာတူပါသည်" ဟု လျှောက်တင်လိုက်သည်။

"နေပါဦး ကာလိဒါသ ကျွန်ုပ်အား လဆန်း (၂) ရက် ထွက်သည့် လမင်းသော်တာနှင့် ပမာတူသည်ဟု ဆိုသည်။ သင်၏ အရှင်သခင် ဘောဇဘုရင်မှာမူ လပြည့်နေ့ထွက်သည့် လမင်းကြီးနှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ပမာတူသည်ဟု ဆိုသည်။ ဤနိုင်းယှဉ်ချက်နှစ်မျိုးမှာ အဘယ်က သာပါသနည်း” ဟု ပသီဘုရင်က ဆက်လက်၍ မေးပြန်သည်။

“ဤသို့ ဖြစ်ပါသည် ဘုရင်မင်းမြတ် လဆန်း (၁) ရက် ထွက်ပေါ်သည့် စန္ဒာလမင်းကို ကမ္ဘာသူ ကမ္ဘာသားတို့ ထင်ရှားစွာ မမြင်နိုင်ကြ၊ မမြင်ရကြ၊ မြင်နိုင်ဖို့ ခက်ခဲပါသည်။ လဆန်း (၂) ရက်နေ့ထွက်သည့် စန္ဒာလမင်းကိုသာ မြင်နိုင်ကြပါသည်။ ပသီဘာသာကို ယုံကြည်ကိုးကွယ်သူများသည် စ၍ မြင်နိုင်ကြပါသည့် လဆန်း (၂) ရက်နေ့ထွက်သည့် လမင်းသော်တာကို ဘာသာရေးအတွက် အထွဋ်အမြတ်ထားကြပါသည်။ လဆန်း (၂) ရက်ဖြင့် ဘုရင်မင်းမြတ်တို့၏ တိုင်းပြည်မှာ ကျော်စောထင်ရှား တိုးပွားချမ်းသာလျက် ရှိကြပါသည်။ သို့ဖြစ်၍ ဘုရင်မင်းမြတ်အား လဆန်း (၂) ရက်ထွက်သည့် လမင်းသော်တာနှင့် ပမာပေးပါသည်” ဟု ကာလိဒါသက လျှောက်တင်သည်။

“ကျွန်တော်မျိုးတို့၏ ဟိန္ဒူဘာသာဝင်များမှာ လဆန်း (၁၅) ရက် လပြည့်နေ့ကို ဘာသာရေးအထွဋ်အထိပ်ထားကြပါသည်။ လပြည့်နေ့ လကို အထွဋ်အမြတ်ထား၍ ဆောင်ရွက်ကြသဖြင့် အရာရာကိစ္စ အောင်မြင်ကြပါသည်။ တိုင်းပြည်နှင့်ဘုရင် ပြည်သူလူထုပါ စည်ပင်တိုးတက် ချမ်းသာကြွယ်ဝ ကျော်စောကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဘုရင်ကို လပြည့်နေ့ လမင်းသော်တာနှင့် ပမာပေးပါသည်” ဟုကာလိဒါသက ဝေဖန်လျှောက်တင်သည်။

ထိုကဲ့သို့ ကာလိဒါသ ပါလစ္စတိုင်း ပသီဘုရင့်ထံသို့ သွားရောက်နေစဉ်အခါ ဘောဇဘုရင်က မိမိ၏ပညာရှိကာလိဒါသအတွက် အရာရာစိတ်ချရစေရန် သူလျှို ၅၀ ကို လွှတ်လိုက်သည်။ သူလျှိုများ

www.facebook.com/NyisayEbookCreator
www.nyisay.com



မှာ သာမန်ပုဂ္ဂိုလ်များမဟုတ်၊ ဓာရာတိုင်းမှ ကြွယ်ဝသည့် သူဌေးများ ဖြစ်လေသည်။ ၎င်းသူဌေးများသည် ပသီလူမျိုးများ အသွင်ဆောင်ကာ ပါလစ္စတိုင်းနိုင်ငံသို့ ဝင်ကြရသည်။

ထိုအကြောင်းကို ကာလိဒါသလည်း မသိ၊ ပါလစ္စတိုင်းမှလည်း မည်သူကမှ မသိ၊ မရိပ်စားမိကြ၊ ဓာရာတိုင်းက ဆိုသည်ကိုမူ သာ၍ ပင် သိဖို့ဝေးကြပေသည်။


"ကာလိဒါသနှင့် ပသီဘုရင် အဆင်ပြေပါ၏လော၊ တစ်စုံ တစ်ရာ ကိစ္စများရှိပါသလော" ဟု လျှို့ဝှက်စွာ သတင်းယူကြသည်။ ကာလိဒါသနှင့် ပသီဘုရင်မင်းမြတ် ချစ်ကြည်မှုရှိကြ၊ အချင်းချင်း အကျိုးဖြစ်ထွန်းဖွယ်များကို ဆွေးနွေးပြောဆိုကြသည်ကို သူဌေးသူလျှို တို့လည်း သိကြသည်။ ကောင်းစွာ သတင်းရကြသည်။ သို့ဖြင့် သူဌေး များသည် ဓာရာတိုင်းသို့ ပြန်လာကြပြီးလျှင် မိမိအချစ်ဆုံး အမြတ်နိုး ဆုံးပညာရှိအတွက် စိတ်မချသော ဘောဇဘုရင်အား စိတ်ချတော်မူရန် အထောက်အထားသတင်းစုံကို သံတော်ဦးတင်ကြလေသည်။

ဘောဇဘုရင်သည် ပါလစ္စတိုင်းနိုင်ငံသို့ ပသီကုန်သည် စသည် များ ယောင်ဆောင်ပြီး သွားရာမှ ပြန်လာခဲ့ကြသည့် သူဌေးသူလျှိုများ ၏ ထောက်လှမ်းအစီရင်ခံချက်များကို ကြားနာပြီးသည့်နောက် ကာလိဒါသအတွက် များစွာစိတ်ချသွားပြီး ပြန်လာမည့် ရက်ကိုသာ မျှော်နေတော့သည်။

ရက်များမကြာမီ အတွင်းမှာပင် နှစ်ပြည်ထောင် ချစ်ကြည်ရေး တမန်တော် ကာလိဒါသသည် ပါလစ္စတိုင်းပြည်မှ ပသီဘုရင်က ဘောဇဘုရင်အား ပေးလိုက်သော လက်ဆောင်များနှင့်အတူ ဓာရာ တိုင်းသို့ ပြန်ရောက်လာလေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# ကလေးအငိုတိတ်အောင်

တစ်ကြိမ်သောအခါတွင် ကာလိဒါသသည် ညီလာခံသို့ အလာ နောက်ကျနေသည်။ ဘောဇဘုရင်လည်း ထိုနေ့ညီလာခံသဘင်သို့ စောစောမဝင်လာ၊ နောက်ကျသည်ပင် ဖြစ်သည်။ နောက်ကျမှ ဝင်လာသည့် ဘုရင်ရောက်လာသည်တိုင် ကာလိဒါသမှာ မရောက်လာသေး ပေ။

ဘုရင်လည်း ကာလိဒါသကို ကြည့်သည်။ သို့ရာတွင် ညီလာခံတွင် ကာလိဒါသကိုမမြင်၊ အခြားမှူးမတ်၊ ဗိုလ်ပါများမှာမူ စုံစုံလင်လင်ရှိနေကြသည်။

ကာလိဒါသမရှိသောကြောင့် ဘုရင်သည် အားမရ မကြည်မလင် ဖြစ်သည်။ ပန်းပေါင်းစုံသည့် ဥယျာဉ်ကြီးတစ်ခုထဲတွင် နှင်းဆီပင် မရှိသကဲ့သို့ ဖြစ်နေသည်။

ကာလိဒါသမှာ ဘုရင်၏ ချစ်ကျွမ်းအဝင်ဆုံးသော သူလည်းဖြစ်သည်။ ဘုရင်သည် ကာလိဒါသအား ဘုရင့်စည်းစိမ်မျှ ချီးမြှောက်ထားသည့်အပြင် အခွင့်အားလျော်စွာ ဆုတော်လာဘ်တော်များကို ပေးသနားသည်။ မည်မျှအထိ ချီးမြှင့်မြှောက်စား ချစ်ကျွမ်းဝင်သနည်းဆိုလျှင် တစ်ရံတစ်ခါ ဘုရင်သည် ကာလိဒါသနှင့်အတူ သီဟာသနပလ္လင်တွင် အတူစံလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ယခုလည်း ညီလာခံသို့ ကာလိဒါသမရောက်လာသဖြင့် မင်းချင်းတစ်ဦးအား အမြန်ခေါ်လာရန် လွှတ်လိုက်သည်။

အမြန်လိုက်ခဲ့ရန် ဘုရင်ကမှာကြောင်း လာခေါ်သူက ပြောသော်လည်း ကာလိဒါသ လိုက်မသွား 'မကြာမီ လာခဲ့မည်' ဟု လျှောက်တင်ရန်သာ ပြောလိုက်သည်။

ညီလာခံပြန်ရောက်လျှင် ကာလိဒါသ ယခု မလိုက်လာသေး မကြာမီ လာခဲ့ပါမည်ဟု လျှောက်တင်ရန် မှာလိုက်ကြောင်း ဘုရင်အား တင်လျှောက်သည်။ မင်းချင်း လျှောက်ထားသည့်အတိုင်း ကာလိဒါသကို စောင့်စားနေကြသည်။ ဘုရင်နှင့်အတူ မှူးမတ်ဗိုလ်ပါသေနာပတိတို့မှာ ကာလိဒါသရောက်လာနိုးနှင့် မျှော်နေကြသည်။ သို့သော် ကာလိဒါသမှာ မပေါ်လာ၊ အချိန်ပင် တော်တော်ကြာသွားပေပြီ။

အရေးကြီးသော ကိစ္စတစ်ခုရှိ၍ ကာလိဒါသနှင့် ပြောကြားတိုင်ပင်လိုသည်။ သို့ဖြင့် ဘုရင်သည် နောက်တစ်ဖန် ကာလိဒါသကို အခေါ်လွှတ်ပြန်သည်။ မင်းချင်းလည်း ဖင့်နွှေးကြန့်ကြာမနေ၊ ကာလိဒါသထံ အမြန်သွားသည်။

ဤဒုတိယအကြိမ်တွင်လည်း ကာလိဒါသ လိုက်မလာသေး၊ ပထမအခေါ်လာစဉ်ကကဲ့သို့ ခဏနေလိုက်ခဲ့မည်ဟု လျှောက်တင်ရန်သာ မှာကြားပြီး ပြန်လွှတ်လိုက်သည်။

ဘုရင်နှင့်တကွ ညီလာခံ ပရိသတ်သည် ကာလိဒါသပါလာလိမ့်မည်ဟု ထင်နေကြသည်။ ဘုရင်လည်း စိတ်ရှည်လက်ရှည်ပင် စောင့်မျှော်နေသည်။ ကာလိဒါသသည် တော်တော်နှင့်မသွား၊ အိမ်မှာပင် အလုပ်များနေသည်။ သူ့ကိစ္စ၌သာ သူစိတ်ဝင်စားနေသည်။ ဘုရင့်အမိန့်ကို မရှိသေသကဲ့သို့ ရှိနေပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပထမအကြိမ်ကထက်ပင် စောင့်ရသည့်အချိန်မှာ ကြာသွားသည်။ ညီလာခံစည်းကမ်းပျက်သည်အထိ ဖြစ်ပေသည်။

ထိုအခါ ကာလိဒါသနှင့် ဆန့်ကျင်ရေးသမား မှူးမတ်များသည် တွန်းစရာ တိုက်စရာ အခွင့်ကောင်းရကြတော့သည်။

"မည်သို့ပါနည်း ကာလိဒါသကို အခေါ်လွှတ်သည်မှာ နှစ်ကြိမ်ပင် ရှိသွားပါပြီ၊ ကာလိဒါသသည် ယခုတိုင်မရောက်လာသေးပါ၊ ကာလိဒါသသည် ဘုရင့်အမိန့်တော်ကို တော်လှန်နေသည်။ ဘုရင့်အမိန့်တော်ကိုမှ မလိုက်နာ မခံယူလျှင် မည်သူ့အမိန့်ကို လိုက်နာခံယူပါမည်နည်း" စသည်ဖြင့် ဘုရင်အား လျှောက်တင်ကြတော့သည်။

ဆန့်ကျင်ရေးသမားများ တိုက်ကြ၊ တွန်းကြသောအခါ ဘုရင်သည် ဒေါသထွက်လာသည်။ ထို့ကြောင့် ညီလာခံမလာရောက်သေးသော ကာလိဒါသကို သွား၍ဖမ်းကြရန် အမိန့်ချမှတ်လိုက်သည်။

လက်နက်များ အပြည့်အစုံယူသွား၍ ကြပ်တည်းစွာ ချုပ်နှောင်ဖမ်းဆီးခဲ့ကြရန် ပြင်းထန်စွာ အမိန့်ပေးလိုက်သည်။

မင်းချင်းများလည်း ဘုရင့်အမိန့်တော်အတိုင်း သွားကြသည်။ သို့သော် ကာလိဒါသကို ဘုရင့်အမိန့်ကော်အတိုင်း နှောင်ကြိုးတည်း၍ ရုတ်တရက် မဖမ်းကြ၊ ဘုရင်၏ လက်ရုံးတော်တစ်ဆူ အမတ်ဖြစ်လေရာ ချိုသာစွာ အမိန့်တော်ကို ပြောကြသည်။

ကာလိဒါသလည်း ညီလာခံသို့ လာရောက်ရန် ပြင်ဆင်နှင့်သည်။ ဤသည်ကိုလည်း မင်းချင်းတို့ မြင်ကြသည်။ ဘုရင်၏ 'ပြင်းထန်စွာ ဖမ်းစေ' အမိန့်ကို ကြားသော်လည်း များစွာ မတုန်လှုပ်၊ မင်းချင်းများကိုလည်း မရှုံ့၊ ဖမ်းလျှင်လည်း ခံမည်။ မဖမ်းလျှင်လည်း ဘာသာညီလာခံသို့ သွားမည်ဆိုသည့် အဓိပ္ပာယ်ဖြင့် ခပ်အေးအေးပင် ဖြစ်သည်။ ဣန္ဒြေမပျက်ပေ။ ညီလာခံသို့ သွားရောက်ရန် အဝတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



အစားကိုသာ လဲလှယ်ဝတ်ဆင်နေသည်။ ထူးခြားသည်ကမူ၊ ကာလိဒါသအနားတွင် ကလေးတစ်ယောက် ငိုနေသည်ကို မြင်ခြင်းပင် ဖြစ်သည်။

သို့ဖြင့် မင်းချင်းများလည်း မဖမ်းကြတော့။ ကာလိဒါသအား အပြစ်မဲ့သူပမာ အသာကြည့်နေကြတော့သည်။ အဝတ်အစားများ ဝတ်ဆင်ပြီး သွားသောအခါ ကာလိဒါသကပင် 'လာကြ သွားကြမည်' ဟု ခေါ်လေရာ မင်းချင်းများလည်း ကာလိဒါသနှင့်အတူ လိုက်ကြရတော့သည်။

အမှန်အားဖြင့်သော် မင်းချင်းများသည် ဘုရင်နှင့် ကာလိဒါသ အကြား လုပ်ရခက်၊ ကိုင်ရခက်ဖြစ်နေကြသည်။ အမိန့်အတိုင်း ကာလိဒါသကို ဖမ်းရမည်ကလည်းခက်၊ မဖမ်းပြန်ကလည်း အမိန့်ကို မရိုသေဟု ဘုရင်အမျက်တော် ရှမည်စိုးရိမ်ရသည်ကတစ်မှောင့် ဖြစ်နေသည်။ သို့သော် ကာလိဒါသအရေးဖြစ်သဖြင့် အမျက်တော် မရှတန်ရာဟု တွက်ကာ အသာလိုက်ပါသွားကြရသည်။

ဘုရင့်ရှေ့တော်သို့ ဝင်လေလျှင် မင်းချင်းများမှာ ရှေ့က မဝင်ကြ၊ အမျက်တော် ပြေပျောက်ရန် ကာလိဒါသကို ရှေ့ကထား၍ ဝင်ကြသည်။ ဘုရင့်ရှေ့သို့ ရောက်သွားသောအခါ ကာလိဒါသကို မြင်လိုက်ရ၍လားမသိ ကာလိဒါသကိုလည်း အရေးမယူ မင်းချင်းများကိုလည်း အမျက်မပွား 'နှစ်ကြိမ်တိုင်တိုင် အခေါ်လွှတ်ပါလျက် အဘယ်အတွက် သင်မလာသနည်း' ဟုသာ ဘုရင်က ကာလိဒါသအား ဆီးမေးလေသည်။

"တပည့်မ သားကလေးတစ်ယောက် ငိုနေသည်ကို ချော့နေသည့်အတွက် မလာနိုင်ခြင်းဖြစ်ပါသည်။ ယခုလည်း ကလေးမှာ အငိုမတိတ်သေးပါ" ဟု ကာလိဒါသက ပြန်၍ လျှောက်တင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အသို့နည်း ကလေးချော့သလို ငါ့ကို ချော့နေဦးမလို့လား။ ကလေးဆိုတာ လိုတာပေးရင် အငိုတိတ်နိုင်သည်။ သင်သည် အမိန့်ကို မရိုသေ၊ အမိန့်ကို ပယ်သည်၊ ကလေးငိုပုံ ချော့ပုံကို သေချာစွာ လျှောက်တင်လော့၊ သို့မဟုတ်က ရာဇဒဏ်ပေးရလိမ့်မည်" ဟု ဘုရင်က ကာလိဒါသအား ဆိုလိုက်သည်။

ထိုအခါ "တပည့်မမှာ သားကလေးတစ်ယောက် ရှိပါသည်။ ထိုသားကလေးမှာ သုံးနှစ်သားမျှ ရှိသေးရာ ကျွန်တော်မျိုးကို အလွန်ချစ်ပါသည်။ သူသည် ဘာ့ကြောင့် ငိုသည်မသိ ဘုရင့်အမိန့်ဖြင့် လာမခေါ်မီကပင် ငိုနေပါသည်။ မုန့်ပဲသရေစာပေးချော့၍လည်း မတိတ်၊ ဘာပေး၍မှလည်းမရ၊ ဘာမေးလို့မှလဲ မပြော၊ ဖွဲကောင်းကောင်းဖြင့် ငိုကြွေးရှည်နေပါသည်။

မြှူချော့၍လည်းမတိတ်၊ ချောက်ချော့၍လည်းမကြောက်၊ ခေါက်ချော့၍လည်းမစဲ၊ ငိုမြဲငိုနေပါသည်။ သူ့ကို ကျွန်တော်မျိုးကလည်း ချစ်မှန်းသိရာ ငို၍ နွဲ့ဆိုးဆိုးနေခြင်း ဖြစ်ဟန်တူပါသည်။"

"ကလေးသည် ငိုလွန်း၍ မောလာသောအခါ ကြံစုပ်ချင်သည်" ဟု ပြောလာပါသည်။ ထိုအခါ အိမ်မှာ ကြံကမရှိ၊ ဈေးသို့ ကလေးကို ထမ်းချီသွားပြီး ကြိုက်သည့်ကြံကို ရွေးယူခိုင်းကာ ဝယ်ပေးရပါသည်။ သို့နှင့်လည်း ကြံစုပ်ရင်း ငိုမြဲငိုပြန်ပါသည်။

"ထို့နောက် မုန့်ပေါင်းကို စားချင်သည်" ဟု ဆက်တောင်းပြန်ပါသည်။ မုန့်ပေါင်းမှာ ဈေးသို့ လွယ်လွယ်ကူကူမရ၊ အိမ်မှာပင် မုန့်ညက်ထောင်း၍ လုပ်ပေးရပါသည်။ မုန့်ပေါင်းစားပြီးသော်လည်း အငိုမတိတ်သေး၊ ဆက်လက် ဆိုးမြဲဆိုးပါသည်။

"ပို၍ ဆိုးသည်က စုပ်ပြီးသား ကြံဖတ်များကို ကြံချောင်းဖြစ်အောင် ပြုလုပ်ပေးရမည်" ဟု ပူဆာခြင်း ဖြစ်ပါသည်။ မတတ်နိုင်သည်နှင့် ပစ်ထားခဲ့ရပါသည်။ ယခုလည်း အငိုမရပ်သေးပါ။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကလေး အငိုတိတ်အောင် ကျွန်တော်မျိုးလည်း မချော့နိုင် ဘုရင်မင်းမြတ်လည်း တတ်နိုင်မည်မထင်၊ ဘုရင်မဆိုထားနှင့် သိကြားပင် ကလေးအလိုကို လိုက်နိုင်မည်မဟုတ်၊ ဤကလေးကို အလိုလိုက်နေရသောကြောင့် အခေါ်လွှတ်သည်ကို မလာနိုင်ခြင်း ဖြစ်ပါသည်" ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်သည်။

"ထို့အပြင်လည်း ဘုရင်မှာ တရားရှိပါသည်။ တရားကို သိပါသည်။ တရားမမဲ့ တရားမလွှတ်ပါ။ တရားဥပဒေလည်း ရှိ၍၊ တရားဥပဒေဖြင့်လည်း စိုးမိုးအုပ်ချုပ်ပါသည်။ မျိုးမတ်ဗိုလ်ပါ သေနာပတိမှအစ တိုင်းပြည်လူထုအပေါ်မှာ သနားကရုဏာရှိပါသည်။ ငဲ့ညှာထောက်ထား၍ မြှောက်စားသင့်သည့်အခါ မြှောက်စားပါသည်။ ကလေးမှာ ထိုကဲ့သို့မဟုတ်၊ တရားမသိ၊ တရားမရှိ၊ စည်းကမ်းလည်း မဲ့ပါသည်။ ငိုချင်လျှင်လည်း ငိုချင်သလောက် ငိုနေ၍ ရယ်ချင်လျှင်လည်း ရယ်ချင်သလောက် ရယ်နေပါသည်။ ထို့ကြောင့် နှစ်ကြိမ် အခေါ်လွှတ်သော်လည်း မလာဘဲ၊ ဘုရင့်အား အကျိုးအကြောင်း တင်လျှောက်က ရနိုင်သည်။ ဤကလေးက ခက်သည်ဟုဆိုကာ ကလေးအား သနားကရုဏာပိုပြီး ချော့နေခြင်း ဖြစ်ပါသည်" ဟု ကာလိဒါသက လျှောက်ထားသည်။

ထိုအခါ ဘုရင်က "ကာလိဒါသ လျှောက်တင်သည်မှာ မှန်ပေသည်။ လူ့အလို နတ်မလိုက်နိုင် ဆိုရိုးစကားရှိသည်။ ကလေးအလိုကိုလည်း သိကြားပင် လိုက်နိုင်မည်မဟုတ်သည်မှာ မှန်သည်" ဟုဆိုကာ ကာလိဒါသလျှောက်ထားသည်များကို နှစ်သက်စွာ လက်ခံတော်မူလေသည်။

ထိုနေ့အတွက် မည်သည့်ကိစ္စမှ ဆက်လက်မဆောင်ရွက် မစီမံမတိုင်ပင်တော့ဘဲ ညီလာခံကို ရုပ်သိမ်းလိုက်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# နို့ထမင်း

ဓာရာတိုင်းအရှင် ဘောဇဘုရင်မင်းကြီး၏ နန်းတော်အတွင်းတွင် အလွန်ကြည်လင်အေးမြသော ရေကန်တစ်ခုရှိ၏။ ဘုရင်မင်းတရားကြီးသည် ထိုရေကန်ကို သာယာခမ်းနားစွာ ပြုပြင်ထားသည့်ပြင် အလွန်'အေး'အောင်လည်း စီမံထားလေသည်။ တစ်နေ့သောအခါ ဘုရင်သည် မိမိကန်ကို အလွန်အေးလှသည်ဟု အားရတော်မူပြီး "ညနေမိုးချုပ်မှ နံနက်လင်းချိန်အထိ ဆင်းနေနိုင်သူအား ငွေအသပြာထောင်ထုပ်ပေးသနားမည်" ဟု မောင်းခတ်လှည့်လည် ကြေညာစေလေသည်။

ထိုသတင်းကြေညာချက်ကိုကြားသော ဗြာဟ္မဏမျိုး ပုဏ္ဏားအိုတစ်ယောက်သည် "တစ်ထောင်ဆိုသည်မှာ မနည်းပေ၊ ငါ့မှာလည်း အလွန်ဆင်းရဲနေသည်။ အိုမင်းမစွမ်းလည်း ဖြစ်နေပြီ။ ငါဆင်းလေမှ တော်မည်" စိတ်ကူးဖြင့် ဘုရင့်နန်းတော်ဝင်၍ ရေကန်တွင်းသို့ ဆင်းကာနေလေ၏။ ကန်တွင်းသို့ ညနေခင်း ပုဏ္ဏားအို ဆင်းနေသည့်အချိန်မှ နံနက်လင်းချိန်အထိ ကန်အပြင်မှ အစောင့်အကြပ်များက စောင့်ကြည့်နေကြရလေသည်။

နံနက်လင်းသောအခါ ကန်တွင်းမှတက်ကာ နန်းတွင်းသို့ဝင်၍ ဘုရင်အား သံတော်ဦးတင်၏။ ထိုအခါ ဘုရင်ကြီးက အသင်ပုဏ္ဏား

www.facebook.com/NyisayEbookCreator
www.nyisay.com



ရေကန်တွင် တစ်ညလုံးဆင်းနေသည်မှာ မှန်ပါသလား” ဟု ပုဏ္ဏားအို ကို မေးလေ၏။ ပုဏ္ဏားအိုကလည်း “တစ်ညလုံး ရေကန်တွင်း ဆင်းနေခဲ့သည်မှာ မှန်ပါသည်။ ကန်၏အပြင်ဘက်မှ အစောင့်အကြပ် များ မြင်သိပါသည်” ဟု လျှောက်တင်လေ၏။

“ကန်အတွင်းဆင်းနေစဉ် အသင်ပုဏ္ဏားအို ဘယ်လိုလုပ်နေပါ သနည်း” ဟု ဘုရင်မင်းက မေးလေရာ တစ်ကိုယ်လုံး မြုပ်အောင် ဆင်း၊ ခေါင်းတစ်လုံးမျှသာ ပေါ်အောင်ဖော်ပြီး အရှင့်နန်းတော်ပေါ်မှ မီးခွက်ကိုကြည့်၍ နေပါသည်”ဟု ပုဏ္ဏားအိုက တင်လျှောက်လေ၏။

“ဤကဲ့သို့ အသင်ပုဏ္ဏားအိုနေခဲ့လျှင် အသင်ပုဏ္ဏားအို၏ ကိုယ် ခန္ဓာတွင် အပူရှိန်များစွာ ဝင်နေသည်။ နန်းတော်ပေါ်မှ မီးက အပူရှိန် ကို အသင်ပုဏ္ဏားအို ရနေသည်။ တစ်ထောင်ဆုမပေးနိုင်” ဟု ဘုရင်က မိန့်တော်မူလိုက်လေသည်။

ပုဏ္ဏားအိုသည် ဘုရင့်ကိုယ်တိုင်၏ အမိန့်တော်ဖြစ်၍ တစ်စုံ တစ်ရာမှ ပြန်လည်သံတော်ဦး မတင်ဝံတော့ဘဲ၊ ငိုယိုကာ နန်းတော် ပေါ်မှ ဆင်းလာရရှာလေသည်။ နန်းအပြင် ရောက်လေလျှင်လည်း ငိုယို၍သာ နေသည်။ ပုဏ္ဏားအိုသည် အင်အားနည်းသော အဘိုးကြီး လည်းဖြစ် ဘုရင်ကိုယ်တိုင်၏ အနိုပ်အစက်လည်း ခံရသူဖြစ်လေရာ၊ ကြာရှည်စွာ ရှိုက်ကြီးတငင် ငိုသောအခါ အလွန်ပင်ပန်း နွမ်းနယ် လာသောကြောင့် အိမ်သို့ရောက်အောင် ဆက်လက်၍ မသွားနိုင် တော့သဖြင့် လမ်းခရီးအကြားမှာပင် ထိုင်ကာ ငိုနေလေတော့သည်။

တစ်နေရာမှ ပြန်လာသော ကာလိဒါသသည် လမ်း၌ ငိုယိုနေ သော ပုဏ္ဏားအိုကို တွေ့မြင်သောအခါ များစွာ သနားစိတ်ဖြစ်ပြီး “အိုပုဏ္ဏားအို၊ ဘယ်ကဲ့သို့ဖြစ်ပါသလဲ။ ဘာကြောင့် ဒီလိုငိုနေပါ သလဲ” ဟု ပုဏ္ဏားအို၏အနီးသို့ ကပ်၍ မေးလေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အသင်မိတ်ဆွေ ကျွန်ုပ်ငိုနေသည်မှာ အခြားကြောင့် မဟုတ်ပါ၊ ဘောဇဘုရင်က သူ့ရေကန်တွင်း တစ်ညဆင်းနေနိုင်သူအား အသပြာ တစ်ထောင်ပေးမည်ဆိုပြီး မောင်းခတ်ကြေညာ၍၊ ကျွန်ုပ်ဆင်းနေခဲ့ပါ သည်။ ကန်မှတက်သောအခါ ကျွန်ုပ်အား အသပြာတစ်ထောင်မပေး ဘဲ လိမ်ပါသည်။ မင်းကြီး တရားမစောင့်သောကြောင့် ငိုနေပါသည်" စသည်ဖြင့် ပုဏ္ဏားအိုက အကြောင်းစုံ ပြောလေသည်။

"ဒီလိုဆိုလျှင် ကောင်းပါပြီ၊ အသင်ပုဏ္ဏားအို သွားလော့၊ ရော့ယူ သွားလော့" ဟုဆိုပြီး ပုဏ္ဏားအိုအား ငွေအသပြာ ၂၀၀၀ ပေး ကာ လွှတ်လိုက်၏။

ပုဏ္ဏားအိုသည် ပြုံးရွှင်ပြီး အိမ်သို့ ပြန်သွားသည်။ ကာလိဒါသ မှာ ဘောဇဘုရင်အား ထိုပုဏ္ဏားအိုကို လိမ်သောကိစ္စအတွက် ပညာရှိ ပီပီ ချေပရန် ထိုအခါမှစ၍ အကြံထုတ်လေတော့သည်။

တစ်နေ့သောအခါ ဘောဇဘုရင်သည် ကာလိဒါသ ညီလာခံ မတက်ရောက်လာသဖြင့် စေလွှတ်၍ ခေါ်တော်မူသည်။ ကာလိဒါသ သည် စေလွှတ်ခေါ်လာသူတို့အား "လာစေလိုလျှင် ဘုရင်ကိုယ်တိုင် ကြွလာတော်မူပါ" ဟု လျှောက်တင်ရန် ပြောလိုက်လေ၏။

(ကာလိဒါသသည် ဘောဇဘုရင်၏ ချစ်ကျွမ်းအဝင်ဆုံးပညာရှိ တစ်ဦးဖြစ်သည်။ မင်းစည်းစိမ်တမျှလည်း ချီးမြှောက်ပေးသနားထား သည်။ ဆိုးကောင်းအဝဝကို တိုင်ပင်ပြုလုပ်လေ့ရှိကြသည်။ ဘုရင်အား မိမိထင်သလို လျှောက်တင်ဝံ့သော ပုဂ္ဂိုလ်လည်းဖြစ်သည်။)

ကာလိဒါသသည် ဘုရင်က အခေါ်လွှတ်လိုက်သူတို့ ပြန်သွား လေလျှင်...

အိုးငယ်တစ်လုံးတွင် ဆန်နှင့် နို့များထည့်ကာ ကြိုးတပ်ပြီး ဝါးလုံးရှည်ကြီးတစ်ခု၏ထိပ်တွင် ချိတ်၍ ဝါးလုံးကို တွင်းတူးစိုက်ထား သည်။ ပြီးမှ အောက်ကမီးနည်းနည်း ထည့်ထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုသို့ ပြုလုပ်နေစဉ် ဘုရင်ဘောဇသည် ကာလိဒါသအိမ်သို့ ရောက်လာလေသည်။ သို့ကဲ့သို့ ပြုလုပ်ထားသည်ကို မြင်လေလျှင် "အသင် ကာလိဒါသ အဘယ်အမှုကို ပြုလုပ်နေပါသနည်း" ဟု ဘုရင်က မေး၏။

"ကျွန်တော်မျိုး နို့ထမင်းချက်ပါသည်။ ချက်သည်မှာ ကြာပါပြီ မကျက်သေးပါ" ဟု ကာလိဒါသက လျှောက်တင်လေရာ။ ထိုအခါ ဘုရင်က "အသင်ကာလိဒါသ အဘယ်မှာ အသင့်နို့ထမင်း ကျက်နိုင်ပါမည်နည်း။ အိုးနှင့်မီးမှာ ဝေးလှချေသည်" ဟု မိန့်တော်မူလေသည်။

"အိုးနှင့်မီးဝေးလှ၍ ကျွန်တော်မျိုး နို့ထမင်းမကျက်နိုင်လျှင် နန်းတော်ပေါ်ကမီးကို အဝေးရေကန်ထဲက မြင်ရသူမှာ အဘယ်မှာ လျှင် အပူရှိန်ရနိုင်ပါမည်နည်း" ဟု ကာလိဒါသက တည့်တည့်ပင် လျှောက်တင်လိုက်လေသည်။

ထိုအခါ ဘောဇဘုရင်သည် ကာလိဒါသ ပြုလုပ်ကြံဆောင်ပုံကို အားရနှစ်သက်တော်မူသဖြင့် ပုဏ္ဏားအိုအား မည်မျှအသပြာပေးလိုက်သနည်းဟုမေးကာ အပိုအသပြာ ၁၀၀၀ နှင့် အသပြာ ၃၀၀၀ ဆု ပေးတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# လူအ, စာရင်း

တစ်နေ့သောအခါ ဓာရာတိုင်းသို့ အာရပ်ပြည်မှ မြင်းကုန်သည်တစ်ဦး ရောက်လာလေသည်။ မြင်းများလည်း မြောက်မြားစွာပါလာသည်။ ဓာရာတိုင်း အနှံ့အပြားသို့လည်း မြင်းများကို လျှောက်၍ ရောင်းချသည်။ ဘောဇဘုရင်၏ နန်းတော်သို့ ထိုမြင်းကုန်သည် ရောက်ရှိသွားရာ မြင်းအားလုံးကို ဘုရင်က ဝယ်ယူလိုက်သည်။

ဘုရင်သည် အာရပ်ပြည်မှ မြင်းများကို အလွန်ကြိုက်နှစ်သက်သည်။ မြင်းကုန်သည် ပါလာသော မြင်းများမှာ အလွန်ထွားကြိုင်းသည်။ ဝဝဖြိုးဖြိုးရှိသည်။ ဘုရင်သည် ဝယ်ယူရရှိသော မြင်းများနှင့် အားမရ နောက်ထပ်ရလိုသေးသော ဆန္ဒရှိလာသည်။ ရရှိထားသော မြင်းများကို မြင်ရသည်မှာ နောက်ထပ်လိုချင်စရာပင် ဖြစ်သည်။ မြင်းများသည် မြူးနေကြသည်။ ရဲရင့်သောအသွင်ကိုလည်း ဆောင်နေကြသည်။ လျင်မြန်သွက်လက်မည့် လက္ခဏာကို ပြနေကြသည်။

သို့ဖြင့် ဘုရင်သည် မြင်းကုန်သည်အား နောက်ထပ်အာရပ်ပြည်မှ မြင်းများပို့လာရန် စရန်ငွေတစ်ထောင် (၁၀၀၀ိ) ပေးလိုက်သည်။ မြင်းကုန်သည်လည်း ဆက်ဆက်လာရောက် ပို့မည့်အကြောင်း ကတိပေးသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မြင်းကုန်သည်သည် ရောင်း၍ကောင်းသည်တစ်ကြောင်း၊ စရန်ငွေရသည်တစ်ကြောင်း၊ ဘုရင်က အရေးတယူ လာပို့ရန် အမှာခံရသည်တစ်ကြောင်းကြောင့် ပျော်ရွှင်ဝမ်းသာစွာ ပြန်သွားသည်။

မြင်းကုန်သည် ပြန်သွားပြီးနောက် နှစ်ရက်သုံးရက်ခန့်အကြာတွင် ဘုရင်သည် ကာလိဒါသနှင့် စကားစပ်မိစပ်ရာ ပြောကြရင်း အာရပ်ပြည်မှ မြင်းကုန်သည်တစ်ဦး ရောက်လာပုံဆီသို့ ရောက်သွားသည်။ မြင်းများ ထွားထွားကြိုင်းကြိုင်း ဝဝဖြိုးဖြိုးရှိ၍ ဝယ်လိုက်ပုံကိုလည်း မိန့်ကြားသည်။ ရဲရင့်မည့်အသွင် လျင်မြန်သွက်လက်မည့် လက္ခဏာများနှင့် ပြည့်စုံမည့် မြင်းများဟု ထင်၍ အလွန်ကြိုက်နှစ်သက်ပုံကိုလည်း ပြောပြသည်။

နောက်ဆုံးတွင် ထိုမြင်းကုန်သည်အား နောက်ထပ်မြင်းများ လာပို့ရန် စရန်ငွေ ၁၀၀၀ဝ ပေးလိုက်ကြောင်းပါ စကားစပ်မိသည်။ ထိုအချက်ကို ကာလိဒါသက ကောင်းစွာ မှတ်သားထားလိုက်သည်။

ၰင်းနောက် တိုင်းပြည်သာယာဝပြောရေး တိုးတက်ကောင်းမွန်ရေးများကို ပြောဆိုကြသည်။ အပြည်ပြည်ထောင်နှင့် ဆက်ဆံမှု ပြေပြစ်ရေးများပါ ဆွေးနွေးကြသည်။ တိုင်းပြည်တွင် တရားသဖြင့် စိုးမိုးအုပ်ချုပ်ရေးများကို တိုင်ပင်ကြသည်။ အထူးသဖြင့် ဓာရာတိုင်းတွင် ပညာမဲ့သူကင်းရေး ဖိုးသုညပပျောက်ရေး ပြည်သူလူထု အမြော်အမြင် အဆင်ခြင်တရားနှင့် ပြည့်စုံရေးနှင့် ပညာရေးစနစ် ထွန်းသစ်တည်ထောင်ရေးများကို ဆွေးနွေးတိုင်ပင်စီမံကြသည်။

ဤသို့ စပ်မိစပ်ရာ ပြောဆိုဆွေးနွေးစီမံတိုင်ပင်ကြရာမှ ကာလိဒါသအား ဘုရင်က လူအ,စာရင်း ကောက်ပါဟု ခိုင်းစေတော့သည်။ မာရာတိုင်း၌ ရှိသမျှဖိုးသုညများကို ရွေးထုတ်ရမည်ဟု အမိန့်ရှိစေ

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။ စာရင်းလုပ်စေသည်။ မကြာမီ ကျင်းပမည့် ညီလာခံတွင် တင်ပြနိုင်ရန်လည်း မိန့်ကြားသည်။

ကာလိဒါသလည်း လူအ,စာရင်းကို ကောက်ယူသည်။ ပညာမဲ့ စာရင်းကို စစ်ဆေးသည်။ သန်းခေါင်စာရင်းပမာ သေသေချာချာ စေ့စေ့စပ်စပ် ကောက်ယူသည်။ ထိုအခါတွင် လူအ,တော်တော်များ နေသည်ကို တွေ့ရသည်။ ပညာရေးစနစ် စိတ်ပျက်ဖွယ် ရှိနေသည်ကို သိရသည်။

ပြီးသည်ဆိုလျှင် လူအ,စာရင်းကို တင်ပြသည်။ ထိုစာရင်းတွင် ဘောဇဘုရင်၏ အမည်နာမကို တစ်နံပါတ် ထိပ်ဆုံးက ထည့်ထား လိုက်သည်။ ညီလာခံသဘင် တက်ရောက်သူအားလုံးက စာရင်းကို ကြည့်ကြသည်။ လေ့လာကြသည်။ ဘုရင်လည်း ထိုလူအ,စာရင်းကို ကိုယ်တော်တိုင် ကြည့်ရှုလေ့လာရာ မိမိ၏အမည်နာမကို တစ်နံပါတ် ထိပ်ဆုံးက ထည့်ထားသည်ကို တွေ့တော့သည်။

ထိုအခါ ဘုရင်က ကာလိဒါသအား မိမိ၏အမည်ကို လူအ, စာရင်းတွင် အဘယ်ကြောင့် တစ်နံပါတ်ထည့်ထားသနည်းဟု မေး သည်။ ရှင်းစေသည်။

"အရှင်ဘုရင်မင်းကြီးထက် အ,သူသည် ဘယ်မှာမှ မရှိပါ။ ဘယ်မှာမှ မတွေ့နိုင်ပါ။ ဘုမသိ ဘမသိဖြင့် မြင်းများကို ဝယ်လိုက် သည်။ မြင်းကုန်သည်၏အနွယ် စသည်ကိုလည်းမသိ၊ မြင်းများ၏ အမျိုးလည်း နားမလည်၊ ဤမျှသာမကသေး စရန်ငွေ ၁၀၀၀ဝ ကိုပင် ပေးလိုက်သေးသည်။ ထို့ကြောင့် လူအ,စာရင်းတွင် ဘုရင်မင်းမြတ်၏ အမည်နာမကို တစ်နံပါတ်က စံပြထည့်ထားလိုက်ပါသည်။ ထိပ်ဆုံး က တပ်ထားလိုက်ပါသည်" ဟု ကာလိဒါသက လျှောက်တင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မြင်းကုန်သည်က သူ့ကတိအတိုင်း မြင်းများကို လာပို့ရင်ကော ဘယ့်နှယ်လဲ ကာလိဒါသ၊ အသင့် လူအ,စာရင်း မှန်နိုင်ပါဦးမလား" ဟု ဘုရင်က မေးသည်။

"သူက မြင်းများလာပို့လျှင် အရှင်မင်းကြီး၏နာမည်ကို ထိုလူအစာရင်းမှ ဖျက်ပစ်လိုက်ပြီး၊ ထိုကုန်သည်၏နာမည်ကို ပြောင်းထည့်လိုက်ရုံပေါ့" ဟု ကာလိဒါသက ပြန်လည် တင်လျှောက်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# သိကြားမင်း ညီလာခံ

ဓာရာတိုင်းအရှင် ဘောဇဘုရင်၏ မိဖုရားကြီးထံတွင် အချို့သော မှူးမတ်များသွားလာ ထွက်ဝင်လျက်ရှိသည်။ ဤကဲ့သို့ ဝင်ထွက်ကြခြင်းသည် မိမိတို့၏ လျှို့ဝှက်ကိစ္စအောင်မြင်ရေးအတွက် လုပ်ဆောင်ကြခြင်းဖြစ်ရာ မကြာမကြာပင် မှူးမတ်တို့ကို မိဖုရားကြီးအနီးတွင် တွေ့မြင်ရသည်။

မိဖုရားကြီးကလည်း မှူးမတ်များအား ရိုးရိုးသားသားပင် လက်ခံသည်။ မှူးမတ်တို့က မိမိတို့လိုရာ မသိမသာ ပြောဆိုတင်လျှောက်ကြသည်ကိုလည်း အမှတ်မထင်ပင် လက်ခံသည်။ မိဖုရားကြီးမှာ ဘောဇဘုရင်၏ မိဖုရားခေါင်ကြီးဖြစ်သည်။ မှန်ကန်ဖြောင့်စင်း၍ အတွင်းနှလုံး အလွန်ပင်ကောင်းသည်။ တိုင်းရေးပြည်ရေးဘက်တွင် တစ်ခုမှ ဝင်မစွက်၊ စိတ်လက်အေးချမ်းစွာပင် နေသည်။

သို့ရာတွင် မိဖုရားထံတွင် ဝင်ထွက်နေကြသော မှူးမတ်တို့သည် မိမိတို့ လိုရာများကို ထပ်ကာထပ်ကာ နားသွင်းကြသည်။ မိမိတို့ အကြံအစည် ထမြောက်ရေးအတွက် မိဖုရားကြီးအား နှစ်နှစ်ကာကာ တိုက်တွန်းပြောဆိုကြသည်။ မိဖုရားလည်း တော်တော်ကြာလာသော အခါ မှူးမတ်တို့ တိုက်တွန်းအကြံပေးသည်ကို နှစ်သက်လာသည်။ ဖျောက်ဖျက်မရလောက်အောင် စွဲလမ်းတပ်မက်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မိဖုရားထံသွားလာဝင်ထွက် လျှို့ဝှက်နားသွင်းနေသော မှုးမတ်တို့မှာ ကာလိဒါသနှင့် အတိုက်အခံ ကာလိဒါသအပေါ် မလိုမုန်းထားရှိသော မှုးမတ်တို့ဖြစ်ကြသည်။ သူတို့သည် ဘုရင်၏မိဖုရားခေါင်ကြီးမှတစ်ဆင့် ကပ်၍ ကာလိဒါသအား ဘုရင်က အမျက်တော်ရှရန် ကြံကြခြင်းဖြစ်သည်။ အကွပ်မျက်ခံရရန် စီမံကြခြင်းဖြစ်သည်။

"သိကြားမင်း၏ ညီလာခံကို ကြည့်လိုပါသည်။ ထိုညီလာခံကို ကာလိဒါသဆိုရင် ပြနိုင်ပါသည်။ ကြည့်ရှုရအောင် ကာလိဒါသအား စီစဉ်ခိုင်းပေးပါ"ဟု ဘုရင်အား မိဖုရားက တင်လျှောက်ရန်ဖြစ်သည်။

မှုးမတ်တို့၏အကြံမှာ သိကြားမင်း၏ ညီလာခံကို ကာလိဒါသမုချမပြနိုင်ရာ၊ ထိုသို့ မပြနိုင်သောအခါ ဘုရင်က ကာလိဒါသကို အဆုံးစီရင်တန်ရာ၏ဟူသော သဘောဖြစ်သည်။ ထို့ကြောင့် မိဖုရားအား ဤအကြံအစည်ကို ဖွင့်မတင်ဘဲ၊ ကြည့်ရှုဖွယ် အလွန်ကောင်း၍ ရိုးရိုးအကြံပေး သံတော်ဦးတင်ဟန်ဖြင့် တင်ကြသည်။ အံ့သြဖွယ်သော သိကြားမင်း ညီလာခံကို မြင်စေချင်လွန်း၍သာ တိုက်တွန်းသည်ဟု အောက်မေ့ရုံသာ ရွှေနားတော်သွင်းကြသည်။ မိမိတို့ အတွင်းစိတ်ယုတ်ကို ထုတ်ဖော်ခြင်းမပြု၊ တိုးတိုးတိတ်တိတ် အချင်းချင်းကြိတ်ပြီး ကြံကြလေသည်။

ကြားဖန်များလတ်သော် မိဖုရားလည်း သိကြားမင်းညီလာခံကို ကြည့်ရှုလိုစိတ် ပြင်းထန်လာသည်။ မကြည့် မရှုရ မနေနိုင်လောက်အောင် ဖြစ်လာသည်။ သို့ဖြစ်လေရာ မှုးမတ်များအကြံပေး တိုက်တွန်းသည့်အတိုင်း ဘုရင်အား တင်လျှောက်တော့သည်။

ထိုအခါတွင် ဘုရင်လည်း မိဖုရား၏အလိုဆန္ဒ ပြည့်ဝစေရန် မိဖုရားပြောတိုင်း ကာလိဒါသအား ပြောဆိုစေခိုင်းသည်။ မပြနိုင်က သတ်စေဟုလည်း ပြင်းထန်စွာ အမိန့်ချလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် ဘုရင်က တာဝန်ပေးသည်ကို နာခံသည်။ သို့ရာတွင် 'အမတ်တစ်ဦးတစ်ဦးလျှင် ငွေအသပြာတစ်ထောင် (၁၀၀၀ဝ) စီပေး၍ ကြည့်ရမည်' ဟု တောင်းဆိုသည်။ ပညာရှင် ကာလိဒါသက သိကြားမင်း၏ ညီလာခံကို ကြည့်လိုသည်ဆိုသည်မှာ မိဖုရား၏ပင်ကိုယ်ရင်း ဆန္ဒမဟုတ်၊ မိမိအပေါ် မလိုမုန်းထားသည့် မှူးမတ်များ၏ လက်ချက်သာဖြစ်သည်ကို အတပ်သိသည်။ ထို့ကြောင့် အမတ်တစ်ဦးတစ်ဦးလျှင် အသပြာတစ်ထောင်စီပေးမှ သိကြားမင်း ညီလာခံကို ပြနိုင်မည်ဟုဆိုကာ အမတ်များအား ဒဏ်ခတ်လိုသော ကြောင့် တောင်းဆိုခြင်းဖြစ်သည်။

ကာလိဒါသတောင်းဆိုတိုင်း ဘုရင်ကအမိန့်ချသဖြင့် အမတ် အပေါင်းတို့လည်း တစ်ထောင်စီ ကြိုတင်ပေးလိုက်ကြရသည်။ ကာလိ ဒါသမှာ သိကြားမင်း ညီလာခံပြရန် အမတ်များဆီမှ ထောင်ပေါင်း များစွာကိုလည်း ရသည်။ ဘုရင့်ထံမှလည်း အသပြာတစ်သိန်း ထုတ် ယူရရှိသည်။

ကာလိဒါသသည် ငွေအသပြာ မြောက်မြားစွာတို့ကိုယူကာ အိမ်ပြန်သွားသည်။ ငွေအသပြာအချို့ကို ထေရ်ကြီးဝါကြီး ရဟန်း တော်များကို ပင့်ဖိတ်ကာ လှူဖွယ်ဝတ္ထုအစုစု၊ ခဲဖွယ်အမျိုးမျိုးဖြင့် ပြုစုလှူဒါန်းသည်။ ဘုရင်တို့မည်သည် မပြောနိုင်၊ နဂါးတို့မျက်စောင်း အကြောင်းမရွေးသကဲ့သို့ သိကြားမင်းညီလာခံပြရာ၌ စိတ်တော် အခန့်မသင့်က အမျက်တော်ရှပြီး အဆုံးစီရင်ချင် စီရင်မည်။ ထိုအခါ စောင့်ရှောက်ကယ်မကြပါရန်ကိုလည်း ရဟန်းသံဃာတော်များအား ကာလိဒါသက လျှောက်ထားသည်။ ရဟန်းသံဃာတော်တို့ကလည်း မိမိတို့ တတ်နိုင်သမျှ စောင့်ရှောက်ကြမည်ဟု မိန့်တော်မူလိုက်ကြ သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သိကြားမင်း ညီလာခံပြုရန်အတွက် ၇ ရက်တာဝန်ယူခဲ့သည်။ ဤရက်အတွင်း သိကြားမင်းညီလာခံရာ ဌာနကြီးပြီးစီးအောင် လုပ်ဆောင်သည်။ တစ်ခုသောနေရာကို ရှာသည်။ ကျယ်ပြန့်သော ဌာနကြီးတစ်ခုတွင် ဆောက်သည်။

ထိုဝင်းခြံ၏ အလယ်တည့်တည့်တွင် လေးထောင့် ပြာသာဒ်ကြီးတစ်ခုကို တည်ဆောက်သည်။ လေးဘက်စတုရန်းညီညီဖြစ်သည်။ အထက်သို့ ဘုံဆောင်ပြာသာဒ်ပေါင်း များစွာလည်း တင်ထားသည်။ ပြီးလျှင် အနက်ရောင် ဖိန်းသုတ်သည်။ ပြာသာဒ်၏အောက်ခြေ ၇ တောင်ခန့်က အောက်မှအလုံကာထားသည်။ အရှေ့အနောက် တောင်မြောက်လေးဘက်၏ အလယ်တည့်တည့်မှ အပေါက်ကလေး လေးပေါက် ဖောက်ထားသည်။ ထိုအပေါက်ကလေးများမှာ မျက်စိတစ်လုံးကြည့်လောက်ရုံမျှသာ ဖြစ်သည်။

ညီလာခံပြုရမည့် ၇ ရက်နေ့သို့ရောက်သောအခါ ထိုပြာသာဒ်ကြီး အလယ်တည့်တည့်မှာ ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းထားလိုက်သည်။ သေးငယ်သော အပေါက်ကလေး လေးပေါက်သာရှိရာ ဖယောင်းတိုင် ထွန်းထားလင့်ကစား အတွင်း၌အလင်းရောင် ကောင်းစွာမရှိပေ။

နေ့ကြောင်တောင် ကြည့်ကြလျှင် ခပ်မှောင်မှောင်ပင် အတွင်းမှာမြင်ရသည်။

အားလုံး ပြီးစီးသည်ဆိုလျှင်ပင် ကာလိဒါသသည် ဘုရင်အားသံတော်ဦးတင်ရန် သွားသည်။ ရောက်ရှိသောအခါ ဘုရင်က ဆီးမေးသည်။ ထိုအခါ ကာလိဒါသက အားလုံးပြီးစီးပြီဖြစ်ကြောင်း၊ မှူးမတ်အားလုံးနှင့်တကွ မိဖုရားရော ဘုရင်မင်းကြီးပါ ကြည့်ရှုရန် အသင့်ဖြစ်ပြီဖြစ်ကြောင်း တင်လျှောက်သည်။ သို့ရာတွင် ဤသိကြားမင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ညီလာခံကို အဖေတစ်ယောက်ရှိသူများသာ မြင်ရသည်။ အဖေနှစ်ယောက် ရှိသူတို့မှာ မမြင်ရဟု တင်လျှောက်သည်။

ဤသို့ ကာလိဒါသ တင်လျှောက်သည်ကို ကြားရသောအခါ ဘောဇဘုရင်သည် ကာလိဒါသ၏ သဘောထားကို နားလည်သည်။ သို့ပင် ဖြစ်လင့်ကစား မည်သည့် မှူးမတ်ကိုမျှ မပြောကြားသေးပေ။ ဘုရင့်ဣန္ဒြေတော်ဖြင့်သာ နေသည်။

မှူးမတ်တို့ကလည်း သိကြားမင်း ညီလာခံကိုကြည့်ကြသည်။ သေးငယ်သော အပေါက်ကလေးများမှ ကြည့်ကြသည်။ ထူးထူးခြားခြားကိုမှု မမြင်ရ၊ မတွေ့ရ၊ ပြာသာဒ်ကြီး၏ အလယ်တည့်တည့်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းထားသည်ကိုသာ ထင်ရှားစွာတွေ့ရသည်။

သို့သော်လည်း မိမိတို့မိခင်မှာ လင်တစ်ယောက်သာ ရှိစေလို၍ မိမိတို့မှာ အဖေတစ်ယောက်သာ ရှိစေလို၍ မှူးမတ်တို့သည် သိကြားမင်း၏ ညီလာခံကို အံ့သြဖွယ်တွေ့မြင်ရကြောင်း ပြောကြရသည်။ ထူးဆန်းစွာ ကြည့်ရှုရကြောင်း ပြောကြလေသည်။

မိဖုရားကြီးကိုယ်တိုင်လည်း ထိုသိကြားမင်း ညီလာခံကို ပြာသာဒ်ကြီး၏ အပေါက်ကလေးတစ်ခုမှ ရှုကြည့်သည်။ မိဖုရားလည်း ထိုမှူးမတ်များနည်းတူ ပြောကြားရသည်။ သို့မဟုတ်က မိမိ၏ မိခင်မှာ လင်နှစ်ယောက်၊ မိမိမှာ အဖေနှစ်ယောက် ဖြစ်သွားပေမည်။ စင်စစ်အားဖြင့်မူ ဖယောင်းတိုင်ကြီးတစ်တိုင် မီးထွန်းထားသည်ကို မြင်ရသည်မှအပ ဘာမှမမြင်ရပေ။ မိမိဘဝအဖြစ်ဆိုး မခံနိုင်၍သာ သိကြားမင်းညီလာခံကို မမြင်ရဘဲ မြင်ဟန်ဆောင် ပြောရခြင်း ဖြစ်လေသည်။

ဘုရင်မှာမူ မကြည့်ရှုတော့ပေ။ ဤကိစ္စကို အစကပင် သဘောပေါက်ပြီး သိရှိပြီးဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤသို့ဖြင့် ကာလိဒါသအပေါ် မလိုမုန်းထားရှိသော မှူးမတ်များသည် မည်သို့မျှ မတတ်နိုင်ဘဲရှိကြသည်။ မိမိတို့ အသပြာတစ်ထောင် အရှုံးခံကြရခြင်းသာ အဖတ်တင်ကြတော့သည်။ ကာလိဒါသအား အနည်းငယ်မျှ မထိခိုက်ဘဲ မိမိတို့သာ ခံကြရလေသည်။

ဘုရင်ကလည်း အမျက်တော် မရှသည့်အပြင် ကာလိဒါသအား အသပြာတစ်သိန်းပင် ဆုတော်အဖြစ် ပေးသနားလိုက်သေးသည်။ ကာလိဒါသလည်း ထိုဆုတော်ငွေတစ်သိန်းကို မျက်မမြင်များ စောင့်ရှောက်ရေးဌာနကြီးတစ်ခု ဖွင့်လှစ်ကာ လူမှုဝန်ထမ်းလုပ်ငန်းအတွက် မ,တည်အလှူ ထည့်ဝင်လိုက်သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com

# ကြက်ဥ မပြနိုင်လျှင်
## အဖေနှစ်ယောက်



တစ်ကြိမ်သောအခါက ဘောဇဘုရင်၏ မိဖုရားကြီးသည် ဘုရင်အား ကာလိဒါသကို သိကြားမင်းညီလာခံ ပြခိုင်းရန် တောင်းပန်ခဲ့သည်၊ အသနားခံခဲ့သည်။ ဘုရင်လည်း မိဖုရားတောင်းပန်အသနားခံသည့်အတိုင်း ကာလိဒါသအား သိကြားမင်းညီလာခံကို ပြရန် အမိန့်ချမှတ်ခဲ့သည်။

သိကြားမင်းညီလာခံကို မိဖုရားကြည့်လိုသည်ဆိုသည်မှာ မိဖုရား၏သဘောရင်း ဆန္ဒအတိုင်းမဟုတ်၊ ကာလိဒါသအပေါ် မလိုမုန်းထား ရှိနေကြသော မှူးမတ်တစ်စုက မိဖုရားကိုကပ်၍ သွေးထိုးကြသောကြောင့် ဖြစ်၏။ မိဖုရားကြီး၏ တောင်းပန်ချက်အရ ဘုရင်က အပြခိုင်း၍ မပြနိုင်သောအခါ ကာလိဒါသ အနှိပ်အကွပ်ခံရစေလိုသောကြောင့် ဖြစ်လေသည်။

ဘုရင့်အမိန့်အရ ပြသောအခါ ကာလိဒါသ မပြနိုင်မရှိခဲ့ သိကြားမင်းညီလာခံကို ကောင်းစွာပြနိုင်ခဲ့သည်။ ပြနိုင်ခဲ့သည်မှ လွန်၍ပင် သွားသေးသည်။

ပြလေလျှင် မိဖုရားနှင့် ထိုအဖွဲ့ဝင်များ ထင်မြင်ကြသည့်အတိုင်း မဟုတ်၊ တွေးတောယုံကြည်ထားကြသည့်အတိုင်းမဖြစ်၊ ကာလိဒါသ

www.facebook.com/NyisayEbookCreator
www.nyisay.com



မှာ အနှိပ်အကွပ်မခံရသည့်အပြင် ဘုရင့်ထံမှ အသပြာတစ်သိန်းပင် ဆုရသေးသည်။

မိဖုရားနှင့် အဖွဲ့အပေါ်လည်း အနိုင်ယူသွားနိုင်ခဲ့သည်။ ကြည့်လိုသည်ဆိုသော မှူးမတ်တစ်ဦးလျှင် ကာလိဒါသအား အသပြာတစ်ထောင် (၁၀၀၀) စီပင် ပေးလိုက်ကြရသည်။ မိမိတို့အမေမှာ လင်နှစ်ယောက်၊ မိမိတို့မှာ အဖေနှစ်ယောက် အဖြစ်မခံနိုင်ကြ၍ သိကြားမင်းညီလာခံကို မမြင်ဘဲ မြင်ယောင်ဆောင်ကာ ကာလိဒါသအား အနိုင်ပေးလိုက်ကြရသည်။ အကြံမအောင်မြင်ဘဲ အရှုံးခံလိုက်ကြရသည်။

မိဖုရားကြီးကို ကပ်ပြီး မကောင်းကြံနေသော အမတ်ကြီးသည် မိမိတို့အကြံ မအောင်မြင်သည်ကို နည်းနည်းမှမခံချင်၊ အရှုံးဖြင့် ပိုင်းထားလိုက်ရသည်ကို နည်းနည်းမှ အခဲမကျေ၊ နေ့စဉ်နှင့်အမျှ ကာလိဒါသကို ပြန်ချေပရန် ကြံစည်နေခဲ့ကြသည်။ လက်စားချေကြဖို့ စီစဉ်စိုင်းပြင်းနေခဲ့ကြသည်။

သို့ရာတွင် ကာလိဒါသအပေါ် တော်တော်နှင့် မကြံစည်နိုင်ခဲ့ကြ အကြံမပိုင်ခဲ့ကြ ရက်လတော်တော်ကြာသွားလေသည်။ တစ်နေ့သော အခါ၌ မိဖုရားက ဦးစွာအကြံရလာသည်။ အစီအစဉ်သစ်တစ်ခုဖြစ်သည်။

သို့ဖြင့် မိဖုရားသည် မိမိ၏အကြံကို မိမိဘက်သား မှူးမတ်များနှင့် လျှို့ဝှက်စွာ တိုင်ပင်သည်။ ချက်ချင်းလိုလို ခေါင်းချင်းရိုက်ကာ စီမံသည်။

"ညီလာခံ တက်ရောက်လာသူအားလုံး ကြက်ဥတစ်လုံးစီ အသင့်လျှို့ဝှက်စွာ ဆောင်ယူလာကြရမည်။ ညီလာခံလည်း စုံလင်ပြီး ကာလိဒါသလည်း ရောက်နေလေပြီ။ ထိုအခိုက်မှာ ဖြုံးခနဲ ညီလာခံ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဝင်အားလုံး၊ တစ်ဦးစီ ဟစ်ယောက်ချင်း နန်းတွင်းရေကန်ကြီးထဲသို့ ဆင်းငုပ်ကြရန် ဘုရင်အား တောင်းပန်မည်။ တင်လျှောက်မည်၊ ဘုရင်အမိန့်ချ၍ ငုပ်ရသောအခါ ရေထဲမှ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ယူလာသည့် ကြက်ဥကို အသီးသီးပြကြရမည်။ ပြနိုင်သူများမှာ အဖေတစ်ယောက်၊ အမေမှာ လင်တစ်ယောက်သာ ရှိသည်။ ကြက်ဥ မပြနိုင်သူ ကာလိဒါသမှာ အဖေနှစ်ယောက် သူ့အမေမှာ လင်နှစ်ယောက်ဖြစ်ရမည်"

ဤအကြံကို ခေါင်းချင်းရိုက် ကြံစည်တိုင်ပင်ကြသည်။ လျှို့ဝှက်စီစဉ်ထားကြသည်။ ကာလိဒါသတစ်ဦးကို ချန်လှပ်ကာ နီးစပ်ရာ နီးစပ်ရာ ညီလာခံဝင်ပုဂ္ဂိုလ်များကိုလည်း ကြက်ဥတစ်လုံးစီ လျှို့ဝှက်စွာ ယူလာခဲ့ကြရန် မှာထားကြသည်။

ကာလိဒါသကို ကြည်ညိုချစ်ခင်ကြသည့် မှူးမတ် ဗိုလ်ပါ အချို့ကမူ မလုပ်လိုကြ၊ ထိုအဖွဲ့က တင်ပြသည့် ဆန္ဒအတိုင်း မလိုက်လိုကြ၊ ငြင်းဆိုကြသည်။

သို့ရာတွင် ထိုပါတီက မရမက သပ်ရိုက်သွင်းကြသည်။ တံစိုးလက်ဆောင်ပေးကာ သွေးဆောင်ကြသည်။ တောင်းပန်အသနားခံကြသည်။ သို့ဖြစ်လေရာ တံစိုးလက်ဆောင် မယူလိုသော်လည်း ထိုပုဂ္ဂိုလ်များမှာ မိမိတို့တွင် အဖေနှစ်ယောက် မိမိတို့အမေမှာ လင်နှစ်ယောက်အဖြစ်မခံလိုကြသဖြင့် သဘောတူလိုက်ကြရသည်။ ကြက်ဥတစ်လုံးယူဆောင်ခဲ့ရေးကို လက်ခံလိုက်ကြရပါတော့သည်။

တစ်နေ့သောအခါ ညီလာခံတွင် ပရိသတ်စုံလင်ကြပေပြီ၊ ကာလိဒါသလည်း ရောက်လာလေပြီ၊ ထိုအခိုက် မိဖုရားက စောစောက ကြံစည်တိုင်ပင်ထားသည့်အတိုင်း ဘုရင်အား တင်လျှောက်သည်။ ဘုရင်လည်း မိဖုရားတင်လျှောက်ချက်ကို လက်ခံလိုက်လျောလိုက်သည်။ ချက်ချင်းပင် ကန်ထဲငုပ်ကြရန် အမိန့်ချလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါတွင် ကာလိဒါသ ရိပ်မိလေပြီ။ မိမိအပေါ် သိကြားမင်း ညီလာခံပြခဲ့စဉ်က မကျေနပ်ချက်ကို ချေပရန် ဤသို့ ကြံစည်တင် လျှောက်ကြသည် ဆိုသည်ကို နားလည်လေပြီ။

"သူတို့မှာတော့ ကြက်ဥတစ်လုံးစီ ယူလာကြသည်ဖြစ်မယ်။ သို့ဖြစ်၍ သူတို့မှာ အဖေနှစ်ယောက်၊ သူတို့အမေမှာ လင်နှစ်ယောက် မဖြစ်နိုင်၊ ငါ့မှာ ကြက်ဥမပါလာ၊ ကြက်ဥကိုလည်း ဤနေရာတွင် မရနိုင်၊ ဒီတစ်ခါ ငါ့မှာ အဖေနှစ်ယောက်၊ ငါ့အမေမှာ လင်နှစ်ယောက် ဖြစ်ရချေတော့မည်။ ငါတော့ ခက်ပြီ" ဟု ကာလိဒါသသည် အစတွင် ပူပန်စိုးရိမ်မိလေသည်။

ခဏမျှကြာသော် မပူပင်တော့ မစိုးရိမ်တော့ တခ်ဏုပ္ပတ္တိဉာဏ် ရှိသော ပုဂ္ဂိုလ်ပီပီ ကာလိဒါသသည် ဘွားခနဲ အကြံရလိုက်သည်။ ရသောအကြံမှာ မရှုံးနိုင်သည့်အပြင် သူတို့ကိုပင် သရော်ပြုံးပြုံးနိုင် သော အကြံဖြစ်သည်။ သို့သော် ဘယ်သူ့ကိုမှ ဘာမှမပြော စောင့် ကြည့်နေသည်။ ရေငုပ်ရန် နောက်ချန်နေသည်။

မှူးမတ်ဗိုလ်ပါများသည် တစ်ဦးပြီးတစ်ဦး တစ်ယောက်ပြီး တစ်ယောက် နန်းတွင်းမှ ရေကန်ကြီးအတွင်း ဆင်းငုပ်ကြသည်။ ငုပ်ရာမှ ဘွားခနဲ ပေါ်အလာ ကြက်ဥတစ်လုံးစီကိုလည်း ကိုင်မြှောက် ပြသည်။ အားလုံးပြီးကြသောအခါ ကာလိဒါသအား ဘုရင်နှင့်မိဖုရား တို့က ငုပ်ခိုင်းတော့သည်။

အကြံပိုင်သော ကာလိဒါသလည်း မဆိုင်းမတွ ထ,သွားပြီး ဆင်းငုပ်လိုက်သည်။ ခဏအကြာ ရေထဲမှာ ဘွားခနဲ ပေါ်လာသော အခါ ကြက်ဥကိုမပြ၊ ရုတ်တရက် လက်နှစ်ဖက်ကို တောင်ပံ ၃၊ ၄ ချက်ရိုက်ကာ ကြက်ဖတွန်သံကဲ့သို့ "အောက်အီးအီးအွတ်" ဟု တွန်ပြလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ ကာလိဒါသလုပ်ပုံကို ဘုရင်နှင့် မိဖုရားတို့ ရုတ်တရက် အံ့သြသွားကြသည်။ အားလုံးလည်း အံ့အားသင့်ကုန်ကြသည်။ 'ကြက်ဥအဘယ်မှာနည်း၊ ကြက်ဖကဲ့သို့ ဘာကြောင့်တွန်သနည်း' ဟု ဘုရင်က မေးသည်။ 'ကာလိဒါသမှာ အဖေနှစ်ယောက် သူ့အမေမှာ လင်နှစ်ယောက်ရှိလို့' ဟုလည်း တစ်ပြိုင်တည်း ဝိုင်းပြောကြသည်။

"ကြက်ဥမပြနိုင်ရုံနှင့် ကျွန်ုပ်မှာ အဖေနှစ်ယောက်၊ အမေမှာ လင်နှစ်ယောက်ဖြစ်ရသည်ဆိုသည်မှာ ဘာမှမဆိုင်ပါ။ မြုံးခနဲ ရေကန်ထဲ ဆင်းငုပ်ရုံနှင့် ကြက်ဥကို ပြနိုင်သူတွေမှာ ကြက်မတွေ ဖြစ်၍သာ ပြနိုင်ကြပါသည်။ ကြက်မတွေဖြစ်၍သာ ချက်ချင်း 'ဥ' ပြနိုင်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်မှာ 'ကြက်ဖ' ဖြစ်၍ ကြက်ဥကို ဥမပြနိုင်ပါ။ တွန်သာ တွန်ပြနိုင်ပါသည်" ဟု ကာလိဒါသက ပြန်လည်၍ ချေပပြောဆိုလိုက်လေသည်။

ကာလိဒါသ ဤသို့ ရုတ်တရက်ဉာဏ်ဖြင့် ချေပနိုင်ခြင်းအတွက် ဘုရင်သည် များစွာအံ့သြ သဘောကျတော်မူလေသည်။ မိဖုရားတို့အဖွဲ့လည်း အနိုင်မရ အရှုံးပေးလိုက်ရပြန်ပေသည်။ အကြံမအောင်မြင်သည့်အပြင် 'ကြက်မ' တွေ ဖြစ်ကြရကာ အရှက်ရကြလေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဘယ်ရတုသည်
# အမြတ်ဆုံး ဖြစ်သနည်း

မိုးဥတု၏ သာယာသောအချိန်ဖြစ်သည်။ ဝဿာနဥတု၏ ကုန်ဆုံးခါနီးကာလ အခိုက်အတန့်ဖြစ်သည်။ ထက်ကောင်းကင် အာကာသသည် ကြည်လင်ဖြူဝင်းသော တိမ်သားရောင်တို့ဖြင့် တောက်ပြောင် ထွန်းပလျက်ရှိသည်။ နေ့ခင်း၏ ရှုခင်းသာမှာ တွယ်တာမက်မော အာရုံစောဖွယ်ရှိသည်။ ကြည်နူးဖွယ် ရာသီလပေတကား။

ထိုရာသီ၏ ညနေဆည်းဆာသည် နှစ်သက်ဖွယ် ကောင်းလှသည်။ လောကဓာတ်တစ်ခုလုံးသည် နေမင်း၏ မလင်းတလင်း မမှောင့်ကမှောင် ရောင်ခြည်နုဝါဖြင့် လျှံဖြာယှက်သန်းနေသည်။ အောက်အလွှာမှာ တောတန်း တောင်တန်း တောပန်းနှင့် မြိုင်နန်းများသည်လည်း ဆည်းဆာ၏ ရောင်ပြန်ဟပ်မှုဖြင့် ရွှေသွေးရောင် ဥနေကြပေသည်။ အင်း၊ အိုင်၊ မြစ်ချောင်း၊ စမ်းချောင်း၊ အသွယ်များသည်လည်း ဆည်းဆာအောက်တွင် ပုလဲပြန့် ပုလဲကုံးကြီးသဖွယ် ရှုမောဖွယ် တင့်တယ်နေသည်။

တစ်ဆင့်ထက်တစ်ဆင့် မြင့်မောက်နေသည့် တောင်တန်းကြီးများအကြားမှ မြိုင်နန်းရဂုံများနှင့် စမ်းချောင်းများမှာ သူ့ထက်ငါ

www.facebook.com/NyisayEbookCreator
www.nyisay.com



တင့်တယ်လှပလျက်ရှိသည်။ စိမ်းစိုအေးမြ၍ ကြည်နူးဖွယ်သဘာဝကို ပြနေကြသည်။ လောကဓာတ်တစ်တိုက်လုံးကို အလှဖြင့် ဖုံးနေကြသည်။

အားလုံးအထက်ရပ်နှင့် အောက်လွှာကို ခြုံကြည့်ပါလျှင် လိမ္မာသော ပန်းချီဆေးကားချပ်ပမာ ရှုခင်းသာနေပေသည်။ တောင်အသီးသီးမှ ရှုမငြီးဖွယ် မြင်ကွင်းကို တွေ့ရသည်မှာ ဘဝင်ချမ်းစရာ ဥတုပေတည်း။

ဤသို့ သာယာသော မိုးရာသီနောက်ပိုင်းကာလ၏ ကြည်နူးဖွယ် အလှကို အခြေခံကာ ဘောဇဘုရင်သည် တောကစားထွက်လိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ဘဝင်ချမ်းဖွယ် တောတောင်သဘာဝကို ရှုစားလိုလာသည်။ သို့ဖြင့် ဘောဇဘုရင်သည် နောက်လိုက် နောက်ပါ အခြွေအရံများစွာဖြင့် တြိဗေကမြစ်ကမ်းသို့ ထွက်သွားသည်။ တြိဗေက မြစ်ကမ်း၏ မြင်ကွင်းမှာ သာယာပျော်မွေ့ဖွယ် ရှိလှသည်။ ဖြည်းညှင်း စိမ့်အေးသော လေပြည်လေညင်းကလေး တိုက်ခတ်ခြင်းကို ခံစားရရာ ဘုရင်သည် ရွှင်လန်းလျက်ရှိသည်။

တြိဗေကမြစ်ကမ်းတွင် အချိန်တော်တော်ကြာပေပြီ။ နောက်တော်ပါ ခြွေရံများစွာတို့လည်း အလွန်ပင် ပျော်ရွှင်ကြသည်။ ဘုရင်၏ ဘုန်းရိပ်ကို မှီခိုနေကြသော ခြွေရံသင်းပင်းတို့သည် ဘုရင့်မျက်နှာကို ပျော်ရွှင်စွာ ခစားရှမျှော်ကြသည်။

တြိဗေကမြစ်ကမ်းသည် ဘုရင်နှင့် နောက်တော်ပါ ပရိသတ်များဖြင့် စိုပြေလျက်ရှိသည်။ နဂိုက တင့်တယ်နေသော မြစ်ကမ်းသည် ဘုရင့်ပရိသတ်ကြောင့် ပိုမိုကျက်သရေတိုးလျက်ရှိသည်။

ဘုရင်သည် အလွန်အားရ နှစ်သက်သော စိတ်ပီတိဖြင့် တြိဗေကမှ မိမိစံနန်းသို့ ပြန်လည်ကြွလှမ်းသည်။ နန်းတော်သို့ ရောက်

www.facebook.com/NyisayEbookCreator
www.nyisay.com



လျှင် မိမိ၏ဝတ်လဲတော်များကို ချွတ်ကာ အခြားပါးလွှာသော ဝတ်လဲများကို ဆင်မြန်းသည်။ ထိုအခါ မြစ်ကမ်းမှ အအေးဓာတ် ဝင်လာသော ဘုရင်သည် စံနန်းအတွင်းရောက်၍ ဝတ်လဲဆင်ယင်ပြီးသော အခါ အနည်းငယ် ချမ်းစိမ့်စိမ့်ဖြစ်လာသည်။

နောက်တစ်နေ့ ညီလာခံသဘင်တွင် မှူးမတ်ဗိုလ်ပုံ စုံလင်သော အခါ မိမိအအေးပတ်သည်နှင့်ဆက်စပ်၍ ပြဿနာတစ်ခုမေးရန် အကြံဖြစ်လာသည်။ သို့ဖြင့် ဘုရင်က 'ရတု ၆ ပါးတွင် အဘယ်ရတုသည် အမြတ်ဆုံးဖြစ်ပါသနည်း' ဟု ညီလာခံသဘင် အစုံအလင်မှာပင် မေးတော်မူသည်။

အချို့သော မှူးမတ်တို့က သရဒဥတု (ဆောင်းအဝင်) မြတ်ကြောင်း ဖြေကြသည်။ အချို့ကလည်း သိသိရ (ဆောင်းအထွက်) မြတ်သည် စသည်ဖြင့် မိမိတို့ထင်ရာလျှောက်ကြသည်။ အချို့သော မှူးမတ်တို့ကမူ မည်သို့မျှ မတင်လျှောက်ဘဲ နေကြသည်။ ထိုအထဲတွင် ကာလိဒါသလည်း ပါနေပေသည်။

ထိုအခါ ဘုရင်က 'အသင် ကာလိဒါသ အဘယ့်ကြောင့် ဆိတ်ဆိတ်နေသနည်း။ မည်သည့်ဥတုက မြတ်ကြောင်း အသင်ဖြေဆိုလော့' ဟု မိန့်တော်မူသည်။

ထိုအခါ ကာလိဒါသသည် မိမိဖြေကြားရန် သင့်သည့်အတိုင်း ဖြေဆိုလျှောက်တင်သည်။ "ဘုရင်မင်းမြတ်နှင့် သူဌေး သူကြွယ်တို့အတွက်မှာ မည်သည့်ရတုမှ မမြတ်ပါ။ တိုင်းသူပြည်သား ဆင်းရဲသားတို့အဖို့မူ ရတု ၆ လီစလုံး မြတ်ပါသည်" ဟု တင်လျှောက်သည်။

"အသင်ကာလိဒါသ ရှင်းလင်းလျှောက်တင်လော့" ဟု ဘုရင်က မိန့်သည်။ ကာလိဒါသလည်း ရှင်းလင်းလျှောက်တင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘုရင်မင်းမြတ်နှင့် သူဌေး သူကြွယ်တို့မှာ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ စသည့် ဥတုသုံးပါး၊ ဟေမန္တ၊ သိသိရ စသည့်ရတု ၆ လီတွင် ရာသီအလိုက်၊ ဥတုအလိုက်၊ ရတုနှင့်အညီ ဘုံဆောင်ဗိမာန်တို့ဖြင့် စံမြန်းနေထိုင်ကြသည်။ အေးသည်၊ ချမ်းသည်၊ ပူသည်ဟူ၍ မရှိကြ၊ ၁၂ ရာသီချမ်းချမ်းသာသာ နေကြရသည်။ ရတု ၆ လီ အချမ်းအပူညီညီမျှမျှ စံစားနေထိုင်ကြရသည်။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်များအဖို့ ရတု ၆ လီတွင် မည်သည့်ရတုမှ မမြတ်ပါ"

"ဆင်းရဲသားများမှာမူ ရတုအလိုက် ထိုက်သင့်သလို ဘုံဆောင်ဗိမာန်များဖြင့် မနေနိုင်ဘဲ ပူအိုက်သော ရတုတွင်လည်း ပူသောရတုအလိုက် နေထိုင်လုပ်ကိုင်ကြရသည်။ အေးသောရတုတွင်လည်း အေးသောရတုအလိုက် စိုက်ပျိုးလုပ်ကိုင်နေထိုင်ကြရသည်။ ရတု၏တန်ဖိုးကို ဆင်းရဲသားပြည်သူအများကသာ သိသည်။ ရတုရာသီ၏ သဘာဝကို ထိုသူတို့သာလျှင် အသုံးပြုကြရသည်။ တွေ့ထိခံစားရသည်။ သို့ဖြစ်၍ ပြည်သူလူထု ဆင်းရဲသားအများအဖို့၌သာ ရတု ၆ လီတွင် အားလုံးမြတ်ပါသည်" ဟု ကာလိဒါသက ဆက်လက် ရှင်းလင်းလျှောက်တင်သည်။

ညီလာခံသဘင်ကြီး တစ်ခုလုံး မျူးမတ်များသည် ကာလိဒါသအား ချီးမွမ်းထောပနာပြုကြသည်။ ဘုရင်လည်း ရတု ၆ ပါးအကြောင်း ဖြေဆိုရှင်းလင်းပုံ အားရနှစ်သက်တော်မူလှသဖြင့် ကာလိဒါသအား ဆုတော်လာဘ်တော်များ ချီးမြှင့်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ခွေးနှင့် သမက်

တစ်နေ့သောအခါ ဘောဇဘုရင်၏ စိတ်ထဲ၌ အမေးပုစ္ဆာတစ်ခု ကို စဉ်းစားမိပြန်သည်။ ဘောဇဘုရင်မှာ ပညာရှင်ဘုရင်တစ်ပါးဖြစ်ရာ အချိန်အခါ အခွင့်ရသည်ဆိုလျှင် စိတ်ကို အလကားမထား၊ အအား မနေ၊ တစ်စုံတရာကို ဆင်ခြင်ကြံဆနေသည်။ တိုင်းပြည်ရေးရာများ ရာဇဓမ္မစသည်များကို နိုးနိုးကြားကြား မြော်မြင်ကြံဆနေသည်။

ပြည်တွင်းရေး၊ ပြည်ပရေး၊ နိုင်ငံတော်အရေးနှင့် စပ်လျဉ်း၍ အရေးကြီးသည်များ ပေါ်လာလျှင် ကိုယ်တိုင်ဆုံးဖြတ်ချမှတ်ခြင်း မပြုသေးဘဲ ကာလိဒါသကိုသာ ဦးစားပေး၍ ဆွေးနွေးတိုင်ပင်သည်။ နောက်မှ ညီလာခံ၌ စီမံခန့်ခွဲသည်။

ထို့အတူ အမေးပုစ္ဆာများ မေးစရာရှိသည်ဆိုကလည်း နက်နဲ သောပုစ္ဆာ၊ လွယ်ကူသောပုစ္ဆာ မခွဲခြားဘဲ ကာလိဒါသကိုသာ မေးလေ့ မေးထရှိသည်။ ရှင်းလင်းဖြေဆိုစေသည်။ တစ်ရံတစ်ခါတွင် ညီလာခံ သဘင်မှာပင် ဖြေဆိုစေ၍ တစ်ရံတစ်ခါတွင် ဘုရင်နှင့်နှစ်ဦးချင်းသာ ရှင်းလင်းစေသည်။

ဤမျှသာမက ဘုရင့်စိတ်တော် အခန့်မသင့်သည့်အခါဖြစ်စေ၊ မအားလပ်သည့်အခါဖြစ်စေ တရားဆုံးဖြတ်စီရင်ဖို့ ရှိသည်များကို ကာလိဒါသကိုသာ လွှဲအပ်သည်။ ဆုံးဖြတ်စီရင်စေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသမှာ ကိုယ်တွေ့များ လေ့လာဆည်းပူးခြင်းများအရ အသိဉာဏ်ထူးချွန်သူ၊ ပညာပါရမီနှင့် ပြည့်စုံသူဖြစ်သည်။ စာဆိုအရာတွင် ကဗျာ့ထိပ်တင် စာဆိုရှင်ဖြစ်သည်။ ထို့အပြင် နဝရတနတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး အရာရာ၌ အတွေ့အကြုံများစွာ ရင့်ကျက်ပြီးသူဖြစ်ရာ၊ ဘုရင်မေးသမျှကို ခဏချင်း ဖြေဆိုသည်။ လွယ်ကူစွာ ရှင်းလင်းသည်၊ ဆိုင်းငံ့၍ ဆုံးဖြတ်သည်၊ ဝေဖန်ရှင်းလင်းသည်။

တစ်ခါတစ်ရံတွင် အတန်ငယ် ဆင်ခြင်ရန်ရှိသည့်အဖြေများ၊ အဆုံးအဖြတ်စသည်များကို အချိန်အနည်းငယ်ယူ၍ ဖြေဆိုသည်။

ဘုရင်၌ တိမ်းစောင်းသည့်အချက်များရှိက တည့်မတ်၍ ပေးသည်။ မှားယွင်းချွတ်ချော်နေသည်ဆိုလျှင် အမှန်သို့ရောက်အောင် ပို့ဆောင်ပေးသည်။ တစ်ရံတစ်ခါတွင် ဘုရင်အား တရားပင် ပြလိုက်သေးသည်။ ခြုံ၍ဆိုရသော် ဘုရင့်အသက်နှင့် တိုင်းပြည်သည် ကာလိဒါသ၏ လက်တွင်း၌သာရှိသည်ဟု ဆိုရန်ရှိတော့သည်။

ယခုတစ်ကြိမ်တွင်လည်း ဘုရင်သည် ကာလိဒါသအား မိမိ၏ ပုစ္ဆာကို နှစ်ဦးချင်းဖြေရှင်းရန် ခေါ်ယူပြန်သည်။ ကာလိဒါသလည်း ဘုရင့်အမိန့်ကို ရိုသေနာခံသောအားဖြင့် အမြန်လာသည်။ ရောက်သည်ဆိုလျှင် “(၁) ကျေးဇူးကို သိတတ်သော သတ္တဝါ (၂) ကျေးဇူးကို မသိတတ်သော သတ္တဝါ၊ ဤသတ္တဝါနှစ်ဦးကို ကျွန်ုပ်ထံ ခေါ်ယူ ရှင်းလင်းဖြေဆိုရမည်” ဟု ဘုရင်က မေးမြန်းပြောဆိုသည်။

ကာလိဒါသလည်း ဘုရင်အလိုရှိသည့် သတ္တဝါနှစ်ဦးကို အစတွင် စဉ်းစားလိုက်သည်။ နောက်ခဏအကြာတွင် အဖြေသတ္တဝါနှစ်ဦးကို ကွင်းကွင်းကွက်ကွက် မြင်လာသည်။ ရှင်းရှင်းလင်းလင်း စိတ်ထဲမှာ ပေါ်လာသည်။ သို့ဖြင့် ခေါ်ယူဖြေရှင်းပါမည်ဟု လျှောက်တင်ကာ ဘုရင့်ထံမှ ကာလိဒါသ ထ,သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


အိမ်သို့ရောက်သောအခါ မိမိစိတ်တွင် ပိုင်ပြီးသော သတ္တဝါနှစ်ဦးကို ရှာသည်။ ပထမ ကာလိဒါသလိုချင်သည့် အဖြေသတ္တဝါဖြစ်သော ခွေးတစ်ကောင်ကို လွယ်ကူစွာရသည်။ ထို့နောက် ကာလိဒါသနှင့် တော်တော်နီးစပ် အကျွမ်းဝင်သည့် ပုဂ္ဂိုလ်တစ်ဦး၏ သမီးတစ်ယောက်၏ခင်ပွန်း 'သမက်' တစ်ယောက်ကို ခေါ်ယူရရှိသည်။

ထိုသို့ အဖြေသတ္တဝါနှစ်ဦးကို ရသောအခါ ကာလိဒါသသည် နန်းတော်သို့ ခေါ်ဆောင်သွားသည်။ ပြဿနာအဖြေကို ငံ့မျှော်နေသော ဘုရင်ကိုလည်း အဆင်သင့်ပင်တွေ့ရသည်။

(၁) ခွေးကို ပထမညွှန်ပြ၍ "ဤသတ္တဝါသည် မုန့်ကလေးတစ်ဖဲ့တစ်ခြမ်းမျှ ကျွေးမွေးထားက ကျွေးမွေးထားသူကို ဘယ်သောအခါမှ ပြန်မလှန်တော့ မဟောင်တော့ မကိုက်တော့ပါ။ အမြီးကလေးနန့်ကာနန့်ကာ တွေ့တိုင်းမြင်တိုင်း ခ,ပါတော့သည်။ ကျေးဇူးကို သိသောအနေဖြင့် ကျွေးဖူးသူကို ခေါင်းကလေး ကိုယ်ကလေးနှင့် တိုးဝှေ့ပါတော့သည်။

"သခင့်မှာ တစ်စုံတစ်ခု ဒုက္ခနှင့်တွေ့ကြုံသည့်အခါ တတ်နိုင်သမျှ ကူညီဖော်ရပါသည်။ သခင့်ရန်သူများကို ဟောင်ခြင်းဖြင့် ကြိုတင်အချက်ပေး၍လည်းကောင်း၊ ကိုက်နိုင်လျှင် ကိုက်၍လည်းကောင်း အကာအကွယ်ပေးပါသည်။ ညအခါဆိုလျှင် သူခိုးသူဝှက်များဘေးမှ စောင့်ရှောက်ပေးဖော်ရပါသည်။ ထို့ကြောင့် ဤခွေးသည် ကျေးဇူးကို သိတတ်သော သတ္တဝါဖြစ်ပါသည်" ဟု ကာလိဒါသက ဘုရင်အား ဖြေဆိုရှင်းလင်း လျှောက်တင်သည်။

ဘုရင်လည်း အဖြေသတ္တဝါခွေးမှာ မိမိရည်ရွယ်သော သတ္တဝါမှန်ကြောင်း ဝန်ခံသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့နောက် သမက်ကို ညွှန်ပြကာ "ဤသတ္တဝါသည် သမီးဖခင် (ယောက္ခမ) က အဘယ်မျှပင် ပစ္စည်းဥစ္စာများကို စုပုံပေးသော်လည်း တင်းတိမ်ခြင်းမရှိ၊ မည်မျှပင် ကြည့်ရှုပေးကမ်းသော်လည်း အားရခြင်း မရှိ၊ ယောက္ခမ၌ ရှိသမျှပစ္စည်းကို အကုန်လိုချင်သည်။ ယောက္ခမ လိုက်လံတောင်းခံထားသော 'တောင်းစာ' ကိုပင် ပေးရင်ယူပါမည်။ ပေးကျေးဇူးကို မငဲ့ကွက်ပါ။ ထို့ကြောင့် ဤသမက်သည် ကျေးဇူးကို မသိတတ်သော သတ္တဝါဖြစ်ပါသည်" ဟု လျှောက်တင်ပြန်သည်။

ဘုရင်လည်း ဤသတ္တဝါလည်း မိမိရည်ရွယ်ရင်း ဆန္ဒရှိသော အဖြေသတ္တဝါမှန်ပေသည်ဟု ဝန်ခံလေသည်။

သို့သော်လည်း ဘုရင်သည် သူ့ကျေးဇူးကို သိတတ်သော ခွေးကို နှစ်သက်၍ သူ့ကျေးဇူးကို မသိတတ်သော သမက်ဆိုသူကို အမျက် ထွက်သည်။ အပြစ်ပေးလိုသည်။ ထို့ကြောင့် "ခွေးကို နို့တိုက်စေ၊ သမက်ကိုသတ်စေ" ဟု အမိန့်ချလိုက်သည်။

ဤသို့ ပြင်းထန်စွာ အမိန့်ချလိုက်သောအခါ "ကျွန်တော်မျိုး သည် လူသတ်ဝါဒသို့ တွန်း၍ပို့ရာ ရောက်နေပါသည်။ လူသတ်ဝါဒ တရားခံဖြစ်နေပါသည်။ ဘုရင်လည်း လူသတ်သမားဖြစ်၍ တိုင်းပြည် သည် လူသတ်ဝါဒ ထွန်းကားသော တိုင်းပြည်ဖြစ်နေပါမည်။ မသင့် လျော်ပါ။ စဉ်းစားတော်မူပါ။ ဤကဲ့သို့ ပြုလုပ်စီရင်ခြင်းမှာ တရားမဲ့ သော ပြုမူချက်ဖြစ်ပါသည်။ ဘုရင်မင်းမြတ်က ပုစ္ဆာမေး၍ ဖြေခြင်း သာဖြစ်ပါသည်" ဟု ကာလိဒါသက လျှောက်တင်သည်။

ဆက်လက်၍လည်း "သမက်ဆိုသည်မှာ ဤသူတစ်ယောက် တည်း၊ တစ်ဦးတည်းကိုသာ မဆိုလိုပါ။ ကမ္ဘာလောက၌ ရှိရှိသမျှ သော သမီး၏ယောကျ်ားအားလုံးကို ဆိုလိုပါသည်။ သမက်ကို

www.facebook.com/NyisayEbookCreator
www.nyisay.com




မနှိပ်ကွပ်ထိုက်ပါ။ ဤသမက်ကိုသာ နှိပ်ကွပ်ပါလျှင် ဘုရင့်ကိုလည်း နှိပ်ကွပ်ရပါမည်။ ဘုရင်မင်းမြတ်လည်း ဘုရင်တစ်ပါး၏ သမက် ဖြစ်ပါသည်" ဟု ကာလိဒါသက လျှောက်တင်သည်။

"ဟုတ်ပေသည်၊ ငါက ပုစ္ဆာမေး၍ ဖြေဆိုခြင်းသာ ဖြစ်သည်။ အမျက်ထွက်ရန်မရှိ၊ နှိပ်ကွပ်ရန်မဟုတ်၊ မှားပေသည်" ဟု ဆိုကာ 'သတ်စေ' အမိန့်ချခံရသူ သမက်ကို လွှတ်လိုက်သည်။ ကာလိဒါသ ဖြေဆိုသည့်အဖြေကို များစွာ အားရနှစ်သက်တော်မူလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ဟသ်ာမင်းသည် နို့နှင့်ရေကို ကွဲပြားအောင် သောက်သကဲ့သို့ တရားစီရင်ခြင်း

ရာမသရဏမည်သော သူဌေးကုန်သည်ကြီးတစ်ဦးသည် ဓာရာတိုင်း အရှင်ဘောဇဘုရင်၏ တိုင်းပြည်တွင် နေထိုင်လျက်ရှိခဲ့သည်။ ၎င်းသူဌေးကုန်သည်ကြီးသည် တခြားတိုင်းပြည်မှ ကုန်သည်ကြီးများနှင့် ဆက်သွယ်ရောင်းဝယ်လျက်ရှိသည်။ နေ့မအား ညမအား အရောင်းအဝယ် အလွန်ပင်များသည်။ ထို့ကြောင့် အလုပ်အကိုင်များကို ကူညီလုပ်ဆောင်ရန် စာရေးအများပင် ငှားထားရသည်။

တစ်နေ့သောအခါ စာရေးကြီးထံသို့ အခြားတိုင်းပြည် ကုန်သည်များထံမှ "ဟွန်ဒီ" များ ရောက်လာသည်။ စာရေးလည်း ထိုဟွန်ဒီများကို သူဌေးကြီးအား တင်ပြသည်။ သူဌေးကြီးထံတွင် ထိုအချိန်က ငွေ ၈ သိန်းမရှိပေ။ ရောက်လာသော ဟွန်ဒီမှာ ၈ သိန်းဖြစ်နေသည်။ မိမိလက်တွင် ငွေ ၅ သိန်းသာရှိသောကြောင့် ၃ သိန်းလိုနေသည်။

ရာမသရဏသူဌေးကြီးသည် ငွေ ၃ သိန်း လိုနေသည်ကို မည်သူ့ထံမှ ခေတ္တချေးငှားဆွဲယူလျှင် လုံးခနဲ ခဲခနဲ ရနိုင်မည်ကို စဉ်းစားသည်။ မိမိ၏မိတ်ဆွေ ကုန်သည်များထံမှလည်းကောင်း၊ မိမိနှင့်ဆက်ဆံရင်း သူဌေးများထံမှလည်းကောင်း၊ လက်လှမ်းမီသမျှ ချေးငှားရန် ကြံစည်သည်။ သို့ရာတွင် ချက်ချင်းစဉ်းစား၍မရပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com


ခဏမျှ ကြာလေလျှင် ရာမသရဏသူဌေးကြီး၏စိတ်တွင် ပေါ်လာသည် "ဟရမောဟနဟူသော မိတ်ဆွေသူဌေးတစ်ဦးရှိသည်။ ထိုသူ့ထံတွင် ချေးငှားရက ငွေ ၃ သိန်း လုံးခနဲ ခဲခနဲ ရရှိနိုင်မည်။ သို့ရာတွင် တစ်ကြိမ်တစ်ခါမျှ ငွေရေးကြေးရေးနှင့် ပတ်သက်၍ မချေးငှား မဆက်ဆံခဲ့ဘူးသဖြင့် ရပါမည်လား" ဟုလည်း စဉ်းစားမိသည်။

ငွေအရေးကြီးနေသော ရာမသရဏသည် ရလိုရငြား ဟရမောဟနထံ သွားတော့သည်။ ဟရမောဟန သူဌေးကြီးကိုလည်း အိမ်မှာပင် အဆင်သင့်တွေ့ရသည်။ သူဌေးကြီးသည် ရာမသရဏကို ဆီးကြိုလက်ခံပြုစုသည်။ ထို့နောက်တွင် လာသည့်အကြောင်းရင်းကို ရာမသရဏအား မေးသည်။

ဤသို့ မေးသည်ဆိုလျှင်ပင် ရာမသရဏသည် "ငွေ ၃ သိန်း လိုနေကြောင်း၊ အခြားသူများထံ ရရန်မမြင်၍ သူဌေးမင်းကိုသာ အားကိုးပြီး လာခဲ့ကြောင်း၊ သူဌေးမင်းက ချေးစေလိုကြောင်း" ပြောတော့သည်။

ရာမသရဏ ပြောသံကိုကြားသော ဟရမောဟန သူဌေးကြီးသည် ထိုသို့ ကြားပြီးခိုက် ငွေချေးသင့် မချေးသင့် ခေတ္တစဉ်းစားသည်။ 'ငွေချေးမည်၊ အချိန်ကန့်သတ်ကာ ကတိသစ္စာနှင့် ချေးမည် အချိန်လွန်ပြီး ကတိပျက်ကွက်လျှင် သူ့ (ရာမသရဏ) အသက်ကို တရားဝင်လုပ်ကြံမည်။ ထိုအခါ ဓာရာတိုင်းပြည်တွင် သူဌေးကုန်သည်ကြီး ငါတစ်ဦးတည်းဖြစ်ပြီး နာမည်ကြီးမည်၊ ကျော်စောမည်၊ စီးပွားတက်မည်' ဟု တွေးတောမိသည်။

တစ်ခဏချင်း လောဘနယ်တွင်းသို့ သက်ဆင်းမိသော ဟရမောဟနသည် 'ချေးပါမည်' ဟု ဆိုလိုက်သည်။ "သို့ရာတွင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရက်သတ္တတစ်ပတ် ၇ ရက်အတွင်း ပေးဆပ်ရမည်။ အတိုးလည်း မယူလိုပါ။ အချိန်လွန်သွားမှ ပေးဆပ်က သင့်ခန္ဓာကိုယ်မှ ကျွန်ုပ်လိုရာ အစိတ်အပိုင်းတစ်ခုခုက အသားအစိတ်(၂၅)သားကို ဓားနှင့် လှီးဖြတ်ခံပါမည် ဆိုသည့်ကတိသစ္စာ ပေးနိုင်မှ ချေးမည်" ဟု ပြောလေသည်။

ငွေလာချေးသော သူဌေးကုန်သည် ရာမသရဏာသည် ဟရမောဟနပေးသည့်ကတိသစ္စာ ယူနိုင်မယူနိုင်ကိုလည်းကောင်း၊ ၇ ရက်အတွင်း မိမိ၏ငွေလည်နိုင် မလည်နိုင်ကိုလည်းကောင်း၊ စဉ်းစားသည်။ အပြန်ပြန်အလှန်လှန် စဉ်းစားမိ တွက်ချက်မိသော ရာမသရဏာသည် ယူနိုင်မည့်အခြေကို တွေ့မြင်သည်။ ငွေလည်မည့်အလားအလာကို မြင်သည်။

သို့ဖြင့် ရာမသရဏာသည် "ချေးပါမည်၊ ကတိသစ္စာလည်း ပေးပါမည်" ဟု စကားပြန်လိုက်သည်။ အတွင်းသဘောဆိုက် အကြိုက်တွေ့သွားသော ဟရမောဟနသည် ငွေများကို ထုတ်ချေးတော့သည်။ ထို့နောက် စာချုပ်တွင် ကတိသစ္စာခံယူချက်နှင့် အချိန်အပိုင်းအခြားကိုပါ ထည့်စွက်၍ ချုပ်ဆိုသည်။ ရာမသရဏာအား တရားဝင် (ကိုယ်တိုင်) လက်မှတ်ကိုလည်း စာချုပ်ပေါ်တွင် ရေးထိုးခိုင်းသည်။ ရာမသရဏာလည်း မဆိုင်းမတွပင် တရားဝင် လက်မှတ်ထိုးလိုက်သည်။

ဟွန်ဒီများအတွက် နာမည်မထိခိုက်စေရန် ငွေအရေးကြီးနေသော ရာမသရဏာသည် ငွေ ၃ သိန်းကို ယူသွားကာ ပေးရှင်းလိုက်သည်။ ဆလာလောဆယ်အားဖြင့် ငွေရေးကြေးရေး အကြပ်အတည်း မရှိတော့။ အချိန်မီ ပေးဆပ်ရန်သာ လိုတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နောက်တစ်ရက်တွင် ရာမသရဏသည် ဖိတ်ထားသည့် သူ့မိတ်ဆွေ အလှူတစ်ခုသို့ သွားသည်။ သွားရင်းပြန်ရင်းဖြင့် အချိန်ကုန်သွားရာ ၅ ရက်ခန့်ကြာမှ အိမ်ပြန်ရောက်တော့သည်။ ဤရက်အတွင်း ရရန်အလားအလာရှိသည့် ငွေများကလည်း မရောက်လာ၊ မပို့လာ၊ ငွေပေးဆပ်ရန် ရက်စေ့ရောက်က အကြပ်အတည်းနှင့် ရင်ဆိုင်ရမည်ကဲ့သို့ ဖြစ်နေသည်။ ကတိသစ္စာ ပြုထားသည့်ရက်ကို ရေတွက်လျှင် ၂ ရက်သာ ကျန်တော့သည်။

အရာရာတွင် နာမည်ကြီးလှသော ဟရမောဟနသည် မိမိအားလည်း သက်ညှာမည်မဟုတ်သည်ကို တွေးမိသည်။ သို့ဖြင့် ရာမသရဏသည် အခြားမှငွေများ ရှာချေး၍ ပေးဆပ်ရန် စိတ်ကို ဆုံးဖြတ်လိုက်ရတော့သည်။

ငွေများကို မရ ရသည့်နည်းဖြင့် ကြိုးစား၍ ရာမသရဏ ရှာကြံသည်။ မကြာမီပင် ကံအားလျော်စွာ လိုသော ငွေ ၃ သိန်းကို ရလေရာ အတော်ဝမ်းသာသွားသည်။ ထိုငွေများကို မိမိထံတွင် ကြာကြာမထား၊ ငွေရေးကြေးရေးတွင် နာမည်ကြီးလှသော သူဌေး ဟရမောဟနထံ အမြန်သွား၍ ဆပ်တော့သည်။

စာချုပ်ရက်စေ့သော နေ့ရက်၌ပင် ရောက်သွားသည်။ သို့ရာတွင် လက်မခံ၊ ငွေကို ပြန်ပေးသည်။ ချုပ်ဆိုထားသည့် စာချုပ်ပါ အချိန်ထက် နာရီပိုင်းမျှ နောက်ကျသည်ဆိုကာ ငြင်းဆန်တော့သည်။ ငွေရေးကြေးရေးနှင့် ပတ်သက်လျှင် ဘယ်သူ့မျက်နှာမှ မထောက်ညှာသော ဟရမောဟနသည် မိမိအကြံအောင်ပြီဟုထင်ကာ 'ဘုရင့်ထံ တိုင်မည်' ဟု ပြောတော့သည်။ စာချုပ်ကြီးကိုလည်း အခိုင်အမာ ထုတ်ပြလိုက်သည်။ နာရီပိုင်းမျှ အချိန်အနည်းငယ် နောက်ကျသည်မှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



အမှန်ဖြစ်လေရာ ရာမသရဏလည်း မည်သို့မျှ မတတ်နိုင်တော့ပေ။ ငွေများကိုပိုက်ကာ အိမ်သို့ ပြန်လာရလေတော့သည်။

ဟာရမောဟနသည် 'ဓာရတိုင်းကြီးတွင် ကုန်သည်သူဌေးပိုင်း၌ မိမိတစ်ဦးတည်းသာ နာမည်ရတော့မည်။ ကျော်စောတော့မည်' ဆိုသည့် စိတ်ကူးယဉ်ဖြင့် ဘုရင့်နန်းတော်သို့ သွားသည်။ နန်းတော်သို့ ရောက်လေလျှင် စာချုပ်ကိုပြ၍လည်း တိုင်သည်။ နှုတ်ဖြင့်လည်း အကျိုးအကြောင်းများကို သံတော်ဦးတင်သည်။

ဘုရင်သည် ထိုအမှုကို လက်ခံတော်မူသည်၊ သို့သော်လည်း ချက်ချင်း မစီရင် မဆုံးဖြတ်ပေ။ ဟာရမောဟနအား "နောက်ရက်များမှာ စစ်ဆေးဆုံးဖြတ်ပေးမည်" ဟု မိန့်ကာ ပြန်လွှတ်လိုက်သည်။ ဘောဇမင်းတရားသည် ဤတရားကို စီရင်ဆုံးဖြတ်ရေးအတွက် အတန်တန် ဝေဖန်သည်။ ကိုယ်ခန္ဓာမှ လိုရာအစိတ်အပိုင်း တစ်နေရာရာက အသားကို ဓားနှင့်လှီးဖြတ်မည်ဆိုသည့်ကိစ္စတွင် တောင်းသူကလည်းတောင်း၍ ပေးပါမည်ဟု ကတိသစ္စာခံယူသူကလည်း ယူထားသည်။ ထိုအချက်မှာ စာချုပ်ပေါ်တွင် အသေအချာ အခိုင်အမာဖြစ်နေသည်။ ကတိစာချုပ်အရ အသားကိုဓားနှင့် လှီးဖြတ်ယူရန် ရှိနေသော်လည်း ဤသို့စီရင်ရန်မှာ မူအားဖြင့်မမှန်။ တရားသဘောနှင့် ဆန့်ကျင်နေပေသည်။

ကတိအရသာ မဟုတ်ဘဲ၊ တရားစိုးမိုးအုပ်ချုပ်သော ဓာရာတိုင်းကြီးတွင် ဟံသာမင်းသည် နို့နှင့်ရေကို ကွဲပြားအောင် သောက်သည့်နည်းတူ အမှန်နှင့်အမှား ခြားနားအောင် တရားကို စီရင်သည်။ စီရင်တိုင်း စီရင်တိုင်းသော အမှုကိစ္စများကိုလည်း မမှားမချွတ်ရအောင် စီရင်ဆုံးဖြတ်သည်။ သို့ရာတွင် ဤမှုခင်းမျိုးမှာ ဓာရာတိုင်းတွင်

www.facebook.com/NyisayEbookCreator
www.nyisay.com



တစ်ခါမျှ မကြုံဘူး မစီရင်ဘူးပေ။ ဤအမှုကိစ္စ စီရင်ဆုံးဖြတ်ရေးမှာ အလွန်အရေးကြီးလေရာ ဘောဇဘုရင်သည် ဤသို့ လေးလေးနက်နက် စဉ်းစားတော်မူရလေသည်။

နောက်တစ်ရက်တွင် ဘောဇဘုရင်သည် ကာလိဒါသအား နန်းတော်သို့ ခေါ်ယူကာ ဤအမှုကို လွှဲအပ်သည်။ ဟရမောဟန တင်ပြစွဲဆိုထားသော စာချုပ်ကိုလည်း ထုတ်ပေးသည်။ စွဲဆို လျှောက်တင်ထားသော အကြောင်းအရာများကိုလည်း မိန့်ကြားသည်။ အထူးအားဖြင့်လည်း ဤတရားစီရင် ဆုံးဖြတ်ရေးတွင် အထူးဂရုစိုက်၍ စီရင်ဆုံးဖြတ်ဖို့ လိုအပ်ကြောင်းကိုလည်း သတိပေးလိုက်သည်။

ပညာရှင် ကာလိဒါသသည် ဤအမှုကို ထောက်ရှုဆင်ခြင်သည်။ တရားလို ဟရမောဟန လျှောက်တင်သည့် စကားများကိုလည်း ဘုရင်မိန့်ကြားတော်မူလိုက်တိုင်း စဉ်းစားသည်။ မည်သို့ပင်ဖြစ်စေ၊ ကာလိဒါသသည် ဤတရားစီရင်ရေးတွင် အနည်းငယ်မျှ တွေဝေခြင်းမရှိ၊ တည်ငြိမ်စွာပင် ရှိလေသည်။

ဤသို့ဖြင့် ကာလိဒါသသည် တရားလို တရားခံ သူဌေးကုန်သည်နှစ်ဦးကို စေလွှတ်ဆင့်ခေါ်သည်။ မကြာမီပင် ရောက်လာကြရာ၊ ကာလိဒါသက တရားလိုအား ‘အမောင် ဟရမောဟန အသင် စာချုပ်တင်ပြ လျှောက်ဆိုတိုင်းမှန်ပါသလား’ ဟု မေးတော့သည်။ ဟရမောဟနလည်း “မှန်ပါသည်၊ အချိန်ပိုင်း ကတိသစ္စာဖြင့် ချေးငှားပါသည်။ အချိန်လွန် ကတိသစ္စာ ပျက်ကွက်သဖြင့် ငွေကို မယူပါ။ စာချုပ်ပါအတိုင်း အသားကိုဓားဖြင့် လှီးဖြတ်ယူရန်သာ ရှိပါသည်” ဟု ထွက်ဆိုသည်။

ဟရမောဟန ထွက်သည့်စကားများကို ကာလိဒါသမှတ်သားထားလိုက်သည်။ ပြီးလျှင် တစ်ဘက်မှ တရားခံရာမသရဏကို

www.facebook.com/NyisayEbookCreator
www.nyisay.com



"အမောင်ရာမသရဏ၊ အသင်ကတိသစ္စာခံယူသည်မှာ မှန်ပါသလား၊ ငွေ ၃ သိန်းကိုပြန်၍ မပေးဆပ်ဘဲ နေပါသလား" ဟု မေးပြန်သည်။ ရာမသရဏလည်း "ကတိသစ္စာဖြင့် ငွေချေးယူသည်မှာ မှန်ပါသည်။ ငွေ ၃ သိန်းကိုလည်း အတိုးပါထည့်တွက်၍ ပြန်ဆပ်ပါသည်။ အချိန်နောက်ကျ၍ ကတိသစ္စာပျက်ကွက်သည်ဆိုကာ အတိုးရော အရင်းပါ လက်မခံပါ။ မယူဆိုသော အတိုးကိုပါ ပေးပါသည်။ အချိန်နောက်ကျသည်မှာလည်း ၇ ရက်စေ့သောနေ့ နာရီပိုင်းမျှသာ ဖြစ်ပါသည်။ ဟရမောဟနသည် ငွေကိုပြန်ပေး၍ မယူဘဲ စာချုပ်အရ အသားကိုသာ ဓားဖြင့်လှီးဖြတ်ယူမည်ဆိုသည်မှာ ငွေကိုလိုချင် လူကိုခင်၍ ချေးငှားခဲ့ရင်း ဟုတ်သည်မထင်ပါ။ သက်သက်ကျွန်ုပ်အား လွှမ်းမိုးနှိပ်စက် အသက်လုပ်ကြံလို၍ ချေးငှားခဲ့ရင်းဖြစ်မည် ထင်ပါသည်" ဟု အစစ်ခံထွက်ဆိုသည်။

ကာလိဒါသသည် ရာမသရဏထွက်ဆို အစစ်ခံချက်များကို မှတ်သားပြီးလျှင် တရားလို ဟရမောဟနဘက်ကို လှည့်သွားသည်။ ထိုအခိုက်တွင် မျက်နှာကြီးသူဌေးကုန်သည်များ၏ နှစ်ဖက်သော ပရိသတ်များက ကာလိဒါသ စီရင်ချက်ချမည့်စကားကို နားစွင့်နေကြသည်။ စောစောကပင် ဤမျက်နှာကြီး သူဌေးနှစ်ဦး၏အမှုကို စိတ်ဝင်စားနေခဲ့ကြရာ တရားရုံးတွင် များစွာလူစည်လျက် ရှိနေသည်။ ဓာရာတိုင်းတွင် မကြားဘူး၊ မကြုံဘူးသည့် "အသားကို ဓားဖြင့် လှီးဖြတ်ယူစတမ်း" အမှုကိစ္စဖြစ်သောကြောင့် ကြားရသူတိုင်းက စိတ်ဝင်စားနေကြသည်။

အရာဌာနအားလျော်စွာ လိမ္မာကျွမ်းကျင် (ဌာနာဌာန ကောသလ္လ ဉာဏ်ရင့်သန်) သော ကာလိဒါသသည် "ဤအမှုကို တရားဝင် စာချုပ်အတိုင်း စီရင်ရမည်။ တရားဝင်စာချုပ်အတိုင်း အသားကို

www.facebook.com/NyisayEbookCreator
www.nyisay.com



ဓားနှင့် လှီးဖြတ်ယူရန် စီရင်မှ တရားဥပဒေဘောင်အတွင်း ကျမည်။ သို့မဟုတ် တရားဥပဒေကို ကျော်လွှားရာ ရောက်မည်”ဟု ပြောပြီး၊ “ရာမသရဏာ၏ ကိုယ်ခန္ဓာမှ လိုရာအစိတ်အပိုင်းတစ်ခုခုက အသား အစိတ် (၂၅) သားကို ဟရမောဟနက ဓားဖြင့် လှီးဖြတ်ယူစေ၊ သို့ရာတွင် ဟရမောဟန၏ အသားကို ဖြတ်ယူစဉ် သွေးတစ်စက်ကျ လျှင် ဖြတ်သူကိုသတ်စေ” ဟု အမိန့်ချလိုက်လေသည်။

ဤစီရင်ချက်ကို ကြားလိုက်ရသော ဟရမောဟနသည် တုန်ပြီး တက်သွားသည်။ နှစ်ဖက်သော ပရိသတ်လည်း မဲ့သူကမဲ့ကြ၊ ရွှင်သူ ကရွှင်ကြနှင့် လှုပ်လှုပ်ရွရွဖြစ်သွားသည်။ သို့ရာတွင် ဟရမောဟန သည် တက်သွားရာမှ မကြာမီ ပြန်လည်လာပြီး၊ တရားသူကြီး ကာလိဒါသ၏ ခြေသလုံးကိုဖက်ကာ ငိုတော့သည်။ “စောစောက ဤအမှုအတွက် ဤကဲ့သို့ ဖြစ်ရလိမ့်မည်မထင်ပါ။ ကျွန်ုပ်လည်း အသားကို ဓားဖြင့် လှီးဖြတ်မယူလိုတော့ပါ၊ လောဘအလိုလိုက်၍ မိုက်မှားမိပါသည်” ဟု ကာလိဒါသအား ဝန်ချတောင်းပန်တော့သည်။

ထိုအခါ ကာလိဒါသသည် ဟရမောဟနအား “သင်သည် လောဘကြီးသောသူဌေးဖြစ်သည်။ လောဘကို ဖက်၍ သူတစ်ပါး၏ အသက်ကို သေကြောင်းကြံစည်သည့်အတွက် အပြစ်ကြီးစွာ ထိုက် သည်။ အပြစ်အလိုက် အသင်ခံရမည်၊ ဓာရာတိုင်းပြည်သည် အပြစ် နှင့်အညီ တရားစီရင်သော တိုင်းပြည်ဖြစ်သည်” ဟု ပြောသည်။

ဟရမောဟနက “အပြစ်အလိုက်ခံပါမည်၊ တရားစီရင် ဆုံးဖြတ် ပေးပါ၊ အခြားအပြစ်ကို ခံယူပါရစေ” ဟု ထွက်ဆိုအသနားခံလေရာ၊ ကာလိဒါသသည် ဟရမောဟနအား “သူတစ်ပါး၏အသက်ကို သေကြောင်းကြံစည်မှုအပြစ်အတွက် ဒဏ်ငွေ ၅ သိန်းဆောင်၍ ထောင် ၇ နှစ်ကျခံစေ” ဟု စီရင်ချက် ချလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မာရာတိုင်းအရှင် ဘောဇဘုရင်သည် ဤလောဘကြီးသော သူဌေးနှင့်စပ်၍ ကာလိဒါသ တရားစီရင်ဆုံးဖြတ်ပုံကို လွန်စွာ အားရနှစ်သက်တော်မူ၍ ဆုတော်လာဘ်တော်ကြီးများ ပေးသနားပြီး အထူးသဖြင့် ကာလိဒါသအား "ထူးကဲသော တရားသူကြီးရာထူးဆုတံဆိပ်" ကိုလည်း ချီးမြှင့်ပေးသနားတော်မူလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com

# စုံတွဲ



အခါတစ်ပါးတွင် ဘောဇဘုရင်နှင့် မိဖုရားတို့သည် ဥယျာဉ်တော်သို့ ထွက်သွားကြသည်။ မိဖုရားသည် ဥယျာဉ်တော်တွင်းတွင် ဘုရင်နှင့် မလှမ်းမကမ်း၌ ဒန်းစီး၍နေသည်။ ဒန်းစီးနေချိန်၌ မိဖုရားကြီးမှာ ဖိနပ်မစီး၊ ဘုရင်ကသာ ခြေနင်းစီးလျက်ရှိသည်။

မိဖုရားသည် ဒန်းစီးရင်း စီးရင်း သူမ၏ခြေထောက်များကို မြင်သည်။ စီးရင်းစီးရင်း သေသေချာချာခြေထောက်များကို ကြည့်သည်။ သို့ဖြင့် မိဖုရားသည် 'သူမ၏ ခြေထောက်ကလေးများမှာ အလွန်လှသည်။ဘုရင့်ခြေထောက်များမှာ သူမခြေထောက်ကလေးများလောက်မလှ၊ သူမခြေထောက်ကလေးများကသာ ဘုရင့်ခြေထောက်များထက် အလှသာသည်။ ဘုရင့်ခြေထောက်များမှာ သူမ၏ခြေထောက်များကို အလှမမီ' ဟု အောက်မေ့လာသည်။ ဒန်းစီးရင်း စီးရင်း ခြေထောက်များကိုမြင်ပြီး ဤသို့ စဉ်းစားမိလာသည်။

အနည်းငယ်ကြာသောအခါ မိဖုရားသည် စိတ်တွင်းမှ စဉ်းစားအောက်မေ့မိသည်များကို အောင့်မထားနိုင် ထုတ်ပြောချင်လာသည်။ ဖုံးဖိ၍ မထားနိုင် ဖွင့်ပြောချင်လာသည်။ သို့ဖြစ်ရာ မိမိခြေထောက်က ဘုရင့်ခြေထောက်ထက် အလှသာကြောင်း၊ ဘုရင့်ခြေထောက်က

www.facebook.com/NyisayEbookCreator
www.nyisay.com



သူမ၏ခြေထောက်ကို အလှမမီကြောင်း မိဖုရားက ဘုရင်ကို ဖွင့်၍ လျှောက်တင်သည်။

ဘုရင်လည်း မိဖုရားခြေထောက်က သူ့ခြေထောက်ထက် အလှ သာသည်ဟု လျှောက်တင်သည်ကို မခံချင်၊ မိမိ၏မိဖုရားက လျှောက် တင်ခြင်းဖြစ်သော်လည်း မကြိုက်၊ သို့ဖြင့် သူ့ခြေထောက်များကသာ ပိုလှသည်ဟု မိဖုရားအား ပြန်ပြောသည်။ ဤကဲ့သို့ သူ့ခြေထောက်က လှသည်၊ ကိုယ့်ခြေထောက်က လှသည်ဟု ပြောကြ၊ ခြေထောက်ချင်း အလှပြိုင်ကြရာမှ တစ်ဦးနှင့်တစ်ဦး ဘုရင်နှင့်မိဖုရား အပြောမတည့် ကြ၊ ငြင်းခုန်ကြသည်။ ဤပြဿနာကြောင့် မကျေမနပ်ဖြစ်ကြသည်။

နန်းတော်သို့ ပြန်ရောက်သော်လည်း ငြင်းခုန်မှု မရပ်ကြသေး၊ ပြိုင်ဆိုင်နေကြတုန်းပင် ရှိသေးသည်။ ဆူဆူပူပူဖြစ်နေကြတုန်းသာ ရှိသေးသည်။ ဘုရင်နှင့်မိဖုရားတို့ တစ်ဦးနှင့်တစ်ဦး ဤကဲ့သို့ ငြင်းကြ သောသတင်းသည် နန်းတွင်းအပျိုတော်များပင် ကြားသိကုန်ကြသည်။ သို့ဖြစ်ရာ အပျိုတော်များမှာ စိတ်လက်မကောင်းကြ၊ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုသကဲ့သို့ ဖြစ်ကြသည်။

ဤကဲ့သို့ ဖြစ်နေရသည့်အထဲ မိဖုရားက 'ဘုရင့်ခြေထောက်နှင့် သူမခြေထောက် ဘယ်ခြေထောက်က လှသလဲ' အဆုံးအဖြတ် ခိုင်းနေ ပြန်ရာ၊ အပျိုတော်များမှာ ပို၍ပင် အခက်တွေ့နေကြရသည်။ ဘုရင့် ခြေထောက်ကလှသည်ဟု ပြောပြန်လည်းမကောင်း၊ မိဖုရားခြေထောက် က လှသည်ဟု ဆုံးဖြတ်ပြန်လည်းမတော်၊ ဘုရင်နှင့် မိဖုရားအကြား ဗျာများနေကြသည်။ ဘုရင့်မျက်နှာကြည့်ရမလား၊ မိဖုရားမျက်နှာ ထောက်ရမလား၊ မဆုံးဖြတ်တတ်အောင် ဖြစ်နေကြသည်။

ထိုအချိန် ကာလိဒါသလည်း ကိစ္စတစ်ခုရှိသည်နှင့် နန်းတော်သို့ ရောက်လာသည်။ သို့ဖြင့် ပညာရှင်အမတ်ကြီးကာလိဒါသအား

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်က "ကျွန်ုပ်နှင့်မိဖုရား သူ့ခြေထောက်က လှသည်။ ငါ့ခြေထောက်က လှသည်ဆိုသည့် အငြင်းအခုန်ဖြစ်နေကြသည်။ ကျွန်ုပ်ခြေထောက်နှင့် မိဖုရားခြေထောက် ဘယ်သူ့ခြေထောက်က လှသလဲ၊ အသင် ဆုံးဖြတ်လျှောက်တင်လော့" ဟု မိန့်ကြားသည်။

"သြော် ဤသို့ ပြိုင်နေကြခြင်းပါလား၊ မိဖုရားခြေထောက်က ဘုရင့်ခြေထောက်ထက် လှပေသည်။ တော်တော်ကို ကွာခြားသည်။ သို့သော် ဘုရင့်ခြေထောက်လည်း မလှသည်တော့မဟုတ်၊ လှပေသည်။ စင်စစ်အားဖြင့် မိဖုရားခြေထောက်သည် ဘုရင့်ခြေထောက် မရှိက မလှနိုင်၊ ဘုရင့်ခြေထောက်ကြောင့်သာ မိဖုရားခြေထောက် လှပေသည်" ဟု ကာလိဒါသက ဘုရင်အား တင်လျှောက်သည်။ ဘုရင်နှင့် မိဖုရား ဘယ်သူ့ကိုမှ ဦးစားမပေးဘဲ မတင်မကျ ကြားချ လျှောက်တင်လိုက်သည်။

မိဖုရားကမူ သူမ၏ ခြေထောက်ကို 'မလှ' ဟု အပြောမခံရသည်နှင့် ဝမ်းသာနေသည်။ ဘုရင်ကို နိုင်ရပြီဟူသော စိတ်ထားဖြင့် တော်တော်အားရနေသည်။ ကာလိဒါသက မည်သူ့ကိုမှ မနာရ မသာရအောင် လျှောက်တင်သည်ဟု နားမလည်။

ဘုရင်ကမူ ကာလိဒါသ 'ကြားချ' လျှောက်တင်သည်ဆိုသည်ကို နားလည်သည်။ သို့ဖြစ်၍ "စုံတွဲ ၁၀၀ လောက် ကာလိဒါသအား ဆုချလိုက်" ဟု အမိန့်ရှိလိုက်သည်။ "အဝတ်စုံ ၁၀၀ ပေးလိုက်"ဟုလည်းကောင်း၊ "ဖိနပ်နှင့် အချက်တစ်ရာလောက် ကာလိဒါသအား ဆုချလိုက်" ဟုလည်းကောင်း၊ အဓိပ္ပာယ်နှစ်မျိုးရှိသည့် စကားမျိုး ဘုရင်က အနားမှာရှိသော မင်းချင်းအား မိန့်ကြားလိုက်သည်။ ဤသို့ ဘုရင် မိန့်ကြားသည်ကို ကာလိဒါသလည်း ကြားသည်။ ဘုရင်က

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤသို့ပြောသည်မှာ အကယ်အားဖြင့် မင်းချင်းအား ပြောကြားသည် မဟုတ်၊ 'အဟုတ်ဖိနပ်သွားယူပြီး ကာလိဒါသကို မချနဲ့၊ ဒီမှာသာ အသာနေ' ဟူ၍ သိလောက်သည့် မျက်ရိပ်မျက်ခြည်ဖြင့် မိန့်ကြား ပြောဆိုခြင်းဖြစ်သည်။ မင်းချင်းလည်း ဘုရင့်အလိုတော်ကိုသိ၊ မျက်ရိပ် မျက်ခြည်ကို ရိပ်မိသဖြင့် တကယ်အားဖြင့် ကာလိဒါသအား ဖိနပ်ဖြင့် မချ၊ ဟန်အမူအရာနှင့်သာ လှမ်းကြည့်သည်။

ဘုရင်က ငါ့ကို တကယ်တော့ ဖိနပ်ဖြင့် အချမခိုင်းဘဲ ဟန် ဆောင် မျက်ရိပ်မျက်ခြည်ဖြင့် အချခိုင်းသည်ဟုလည်းကောင်း၊ ငါကြားရုံမျှ နှုတ်ဖြင့်သာ ပြောသည်ဟုလည်းကောင်း၊ ကာလိဒါသ လည်း သိသည်။ သိသည့်အတိုင်း ဘုရင်အား နှုတ်ဖြင့်ပြန်ချေပရန် ကာလိဒါသလည်း ဆုံးဖြတ်လိုက်သည်။

"ငါ့ကိုတော့ စုံတွဲ ၁၀၀ မပေးပါနဲ့၊ ဘုရင်မင်းကြီးရဲ့ ရွှေမျက်နှာ တော်ကိုသာ ပေးပါ" ဟု လည်းကောင်း၊ "ငါ့ကိုတော့ ဖိနပ်နဲ့ မချနဲ့ ဘုရင့်မျက်နှာကိုသာ ဖိနပ်နဲ့ ချလိုက်" ဟုလည်းကောင်း၊ အဓိပ္ပာယ်နှစ်မျိုးရှိသည့် စကားဖြင့် ကာလိဒါသက မင်းချင်းအား ပြောကြားလိုက်သည်။ ဤသို့ ကာလိဒါသပြောသည်ကိုလည်း ဘုရင် ကြားသည်။

ထိုအခါ "ဘယ့်နှယ်ကာလိဒါသ၊ စကားကိုဆင်ခြင်၍ ပြော လော့" ဟု ဘုရင်က ကာလိဒါသအား မိန့်သည်။ ကာလိဒါသ ကလည်း "စကားဆင်ခြင်၍ ပြောပါသည်။ ဘုရင်မင်းမြတ်အား ရိုသေပါသည်" ဟု ပြန်၍ လျှောက်တင်လိုက်သည်။

"အသင်ဆင်ခြင်၍ စကားပြောသည်ဟုသာ ဆိုသည်။ ငါ့မျက်နှာ ကို ဖိနပ်နဲ့ ချလိုက်ဆိုသောစကားကို အသင်ပြောနေသည်" ဟု ဘုရင်က ကာလိဒါသအား မိန့်ကြားလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော်မျိုးက စုံတွဲကို ဖိနပ်ဟု မဆိုလိုပါ။ ဘုရင်ပြော သည့်အတိုင်းသာ ဆိုလိုပါသည်။ ဘုရင်ကသာ ကျွန်တော်မျိုး လျှောက်တင်သည့် 'စုံတွဲ' ကို ဖိနပ်ဟု အောက်မေ့ယူဆနေပါသည်" ဟု ကာလိဒါသက လျှောက်တင်လိုက်သည်။

"ငါကလဲ စုံတွဲဆိုသည်မှာ ဖိနပ်ဟုမဆိုလို၊ အဝတ်စုံဟု ဆိုလို သည်" ဟု ဘုရင်က မိန့်ကြားလေရာ၊ ကာလိဒါသကလည်း "ဘုရင် ရည်ရွယ်သည့် စုံတွဲ (ဖိနပ်) ကိုပဲ ကျွန်တော်မျိုးက ဆိုလိုပါသည်" ဟု ပြုံး၍ ဘုရင့်အားလျှောက်တင်လိုက်သည်။

နောက်ဆုံးတွင် 'ငါကပဲ ဆိုးသည်၊ ကာလိဒါသက မဆိုး၊ မိဖုရား ဝမ်းသာအောင် မတင်မကျ ခြေထောက်လှ ပြဿနာကို ကြားချ၍ လျှောက်တင်သည်ပင် တော်လှပေပြီ၊ ကာလိဒါသအား ချီးကျူးထိုက် ပေသည်' ဟု အောက်မေ့ကာ ဘုရင်လည်း တိတ်ဆိတ်စွာ နေလိုက် သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# လေမလည်ဘူးသူသာ ပုလဲသီးကို ခူးနိုင်မည်

ဘောဇဘုရင်၏ ထိုညီလာခံသဘင်တွင် မိဖုရား၊ မှူးမတ်၊ သေနာပတိများ အလွန်ပင် စုံသည်။ ကာလိဒါသလည်း ထိုပရိသတ်များ အထဲတွင် အပါအဝင်ဖြစ်လေသည်။

ညီလာခံပြီးကာနီးတွင် အနွံ့ရာယ် မလွယ်နိုင်သောကြောင့် ကာလိဒါသသည် လေလည်မိသည်။ တော်တော်ကလေး အသံ မြည်သွားသည်။

မိဖုရားကြီးအပါအဝင် ပရိသတ်များက ရယ်ကြသောကြောင့် ကာလိဒါသ ရှက်သွား သည်။

အနွံ့ရာယ်ဆိုသည်မှာ လွယ်ထား၍ ရနိုင်သည်မျိုးမဟုတ် သူတို့ ငါ့ကို ဝိုင်းရယ်ကြ သည်ကို ပြန်လည်ချေပမည်ဟု ကြံစည်ပြီး လျှင် ထိုနေ့ကစ၍ ညီလာခံသဘင်သို့ မတက် ဘဲ သပိတ်မှောက် နေလိုက်သည်။

ညီလာခံများမှာ ထုံးစံအတိုင်း ကျင်းပမြဲ ကျင်းပနေသော်လည်း ကာလိဒါသ မတက်ရောက်သဖြင့် ဘုရင်မင်းကြီးနှင့်တကွ အခြား မှူးမတ်ပညာရှိများကပါ မျှော်နေကြလေသည်။

ထို့ကြောင့် တစ်နေ့သော် ညီလာခံတက်ရောက်ရန် ဘုရင်က လူလွှတ်၍ ခေါ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသလည်း အရှက်ကွဲထားသည်ကို ပညာရှင်အနေဖြင့် ချေပမည်ဟု မိမိကြံစည်ထားသည့်အတိုင်း မလိုက်ဘဲ "အိမ်ခြံဝင်း အတွင်းမှာ ပုလဲပင်တွေ စိုက်ထားပါသည်။ ထိုပုလဲပင်တွေက သီးနေတဲ့ အသီးတွေမှည့်လာနိုင်မည်" ဆိုသော စကားကိုသာ ဘုရင်မင်းကြီးအား တင်လျှောက်လိုက်ရန် ပြောပြီး၊ အခေါ်လာသူတို့ကို ပြန်လွှတ်လိုက်လေသည်။

အခိုင်းတော်တို့ကလည်း ဘောဇဘုရင်ကြီးထံ ပြန်သွားကြပြီး ကာလိဒါသမှာသည့်အတိုင်း လျှောက်တင်ကြလေရာ၊ ဘောဇဘုရင်ကြီးသည် 'ပုလဲပင်မှ ပုလဲသီးများ' ဆိုသည်မှာ ထူးဆန်းနေသဖြင့် ကြည့်ရှုတော်မူလို၊ ရယူတော်မူလိုသဖြင့် ကိုယ်တော်တိုင် ကာလိဒါသအိမ်သို့ ကြွသွားတော်မူလေသည်။

ရောက်လေလျှင် "အသင့်အိမ်မှာ ပုလဲပင်တွေရှိသည်ဆိုသည်မှာ အဘယ်မှာနည်း၊ ငါဘုရင်မင်းကြီးသည် ထိုပုလဲပင်မှ ပုလဲအသီးများကို ဆွတ်ယူလိုသည်" ဟု ကာလိဒါသအား ဘုရင်မင်းကြီးက ပြောလေရာ 'ပုလဲအသီးများကို ဤအချိန်မှာ မမြင်နိုင် မတွေ့နိုင်ပါ၊ နံနက်လင်း၍ နေမင်းကြီး၏ အရောင်အလင်းတွေ ထွက်ပေါ်လာမှ မြင်နိုင်တွေ့နိုင်ပါသည်" ဟု ပြန်လည်တင်လျှောက်လေသည်။

"ထိုကဲ့သို့ ပုလဲသီးများကို တွေ့မြင်ရသောအချိန်မှာ ထိုပုလဲသီးတွေကို ဆွတ်ခူးယူနိုင်ပါသလား" ဟု ဘုရင်က မေးမြန်းတော်မူလေရာ "ဆွတ်ခူးယူနိုင်ပါသည်၊ သို့ရာတွင် လေတစ်ခါမှ မလည်ဘူးသူများသာ ဆွတ်ခူး၍ ရနိုင်ပါသည်။ လေလည်ဘူးသူဖြစ်က ဆွတ်ခူး၍ မရနိုင်ပါ၊ အရှင်မင်းကြီး တစ်ခါမှ လေမလည်ဘူးသေးပါက ဆွတ်ခူးယူတော်မူပါ" ဟု လျှောက်တင်လေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်မင်းကြီးလည်း မိမိကိုယ်တိုင် အကြိမ်ပေါင်းများစွာ လေလည်ဖူးနေသဖြင့် ပုလဲသီးများကို မဆွတ်ခူးယူနိုင်ကြောင်း သိလေ၏။ လေလည်ဖူးပါလျက် မလည်ဘူးဟု လိမ်လည်ပြောဆိုပြီး ဆွတ်ခူးယူရမည်ဆိုကလည်း ပုလဲသီးကို ရချင်မှ ရမည်ဟု တွေးမိ၏။ သို့ဖြစ်လေရာ "မဆွတ်ခူးယူနိုင်" ဟု ဘုရင်ကြီးက မိန့်တော်မူလေသည်။

"အရှင်မင်းကြီး မဆွတ်ခူးယူနိုင်ပါလျှင် အရှင်မင်းကြီး၏ နန်းတွင်းမှာ မိဖုရားကြီးနှင့်တကွ ညီလာခံသဘင် တက်ရောက်လာကြသူ ပညာရှိမှူးမတ်ဗိုလ်ပါအားလုံးတို့တွင် လေမလည်ဘူးသူ ရှိချင်ရှိပါမည်။ ထိုသို့ရှိက လွှတ်တော်မူလိုက်ပါ။ ဆွတ်ခူးယူပါစေ"ဟု ဆက်လက်လျှောက်တင်လေရာ၊ ဘုရင်မင်းကြီးလည်း ကာလိဒါသအား မခေါ်ဘဲထားခဲ့ပြီး နန်းတော်သို့ ပြန်သွားလေသည်။

နောက်တစ်နေ့တွင် ညီလာခံသဘင်၌ မိဖုရား၊ မှူးကြီး၊ မတ်ကြီး ဗိုလ်ပါ စသည်တို့ စုံလင်သောအခါ ဘုရင်မင်းကြီးက "ကာလိဒါသ အိမ်တွင် ပုလဲပင်များ ရှိနေသည်၊ ပုလဲသီးများ ဆွတ်ခူးယူကြပါ၊ သို့ရာတွင် တစ်သက်တွင် တစ်ခါမှ လေမလည်ဘူးသူမှာသာ ဆွတ်ခူး၍ရမည်ဟု ဆိုသည်" ဟု အမိန့်ရှိတော်မူလေသည်။ မိဖုရားကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါတို့အားလုံးသည် လေလည်ဖူးသူချည်းဖြစ်ကြောင်း ဝန်ခံကြလေသည်။

ထိုအခါ ဘောဇဘုရင်ကြီးလည်း လူတိုင်း အန္တရာယ်ဖြစ်၍ လူတိုင်းလေလည်ဖူးသည်။ ညီလာခံသဘင်မှ ကာလိဒါသအား ဝိုင်းရယ်လိုက်ကြသည့်သူများအားလုံးလည်း လေလည်ဖူးသူချည်း ဖြစ်သည်ဆိုသည်မှာ ပညာရှင်ပီပီ ဘုရင်မင်းမြတ်အားလည်း သိစေလို၊

www.facebook.com/NyisayEbookCreator
www.nyisay.com




သူ့အားဝိုင်းရယ်ထားသော သူများကိုလည်း ချေပလိုသဖြင့် ဤစကား ကို ပြောဆိုခြင်းဖြစ်သည်ဟု တွေးကာ သိရှိကာ ကာလိဒါသအား ညီလာခံသို့ မလာသည်ကို အပြစ်တော်မတင်၊ အမျက်တော်မထားဘဲ ဆုတော်လာဘ်တော်များပင် ပေးသနားတော်မူလေသည်။

ပုလဲအသီးဆိုသည်မှာလည်း ထိုသို့ ပြောဆိုစဉ်အခါ၊ ဆီးနှင်း သည်းထန်သည့် ဆောင်းဥတု ဆောင်းရာသီဖြစ်၍ ဂျုံပင် ဂျုံလက်များ အပေါ်တွင် တစ်ညလုံးကျပြီး တင်နေသော နှင်းပေါက် နှင်းသီး ကလေးများကို နံနက်စောစောနေထွက်လာ၍ နေရောင်ခြည်နှင့် တွေ့သောအခါ 'ပုလဲလုံးကလေးများ' ကဲ့သို့ ဝင်းဝင်းလက်လက် စီစီဥဥကလေးတွေ ဖြစ်နေသည်ကို တွေ့မြင်ရသောကြောင့် ပုလဲသီးဟု ရည်ရွယ်ပြောဆိုခြင်း ဖြစ်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# သူခိုးရာပုံ

မဇ္ဈိမဒေသ ဓာရာတိုင်းအရှင် ဘောဇဘုရင်မင်းတရား၏ ရွှေနန်းတော်တွင်း၌ နာဋက ခေါ် ကချေသည်မြောက်မြားစွာတို့သည် နေ့စဉ်ဖျော်ဖြေ ကခုန်သီဆိုကြရလေ၏။ တစ်နေ့သောအခါ နန်းတော်တွင်း ကချေသည်သဘင်ဆောင်ခန်းတွင် ဘုရင်ဘောဇသည် နာဋက ကချေသည်တို့အား ရှုစားတော်မူနေလေသည်။ ထိုစဉ်သီဟိုမှ မင်းသားတစ်ပါးသည် တံခါးမှူးတို့အား နန်းတော်တွင် ဘုရင့်ထံ ဆည်းကပ်အခစားဝင်ရန် ခွင့်တောင်းလေသည်။

တံခါးမှူးများသည် ဘုရင်မင်းကြီးထံ သံတော်ဦးတင်ရာ၊ ကချေသည်သဘင်ဆောင်ခန်းသို့ပင် ဖိတ်ခေါ်ခဲ့ရန် အမိန့်ပေးလိုက်သည်။ သီဟိုမင်းသားသည် အမိန့်တော်ရသည်ဆိုလျှင်ပင် ဝင်လေတော့သည်။ ရှေးယခင်ကပင် မဟာမိတ်ဖြစ်သည်ကတစ်ကြောင်း၊ အထူးသဖြင့် သီဟိုမင်းသားအား ချစ်ခင်ရင်းရှိသည်တစ်ကြောင်းကြောင့် ဘောဇဘုရင်သည် သီဟိုဧည့်သည်တော် မင်းသားနှင့်အတူ ကချေသည်များ၏ တီးမှုတ်ကခုန်ခြင်းများကို ရှုစားတော်မူလေသည်။

ကချေသည် နာဋက မြောက်မြားစွာတို့ကလည်း ပျော်ရွှင်မြူးတူး အထူးသဖြင့် ကခုန်သီဆိုဖြေဖျော်ကြ၏။ သီဟိုမင်းသားလည်း အားရရွှင်လန်းနှစ်သက်စွာ ရှုစားနေ၏။ ဤအကြားတွင် မည်ကဲ့သို့ ပျောက်

www.facebook.com/NyisayEbookCreator
www.nyisay.com



သွားသည်မသိ၊ သီဟိုမင်းသား၏ လက်မှ 'နဝရတ်လက်စွပ်' ပျောက်သွားလေသည်။

ပျောက်ဆုံးပြီးကာစတွင် ဘုရင်သောဇမသိပေ။ တစ်ဆင့်စကား တစ်ဆင့်နားဆိုသကဲ့သို့ မကြာခင် ထိုအကြောင်းသည် ဘုရင်သောဇ ၏နားသို့ ရောက်သွားတော့သည်။ ဘုရင်သည် ချစ်မိတ်ဆွေတော် မင်းသားအတွက် စိတ်လက်မသာမယာဖြစ်တော်မူသည်။ ရှက်လည်း ရှက်သည်။

ဤကိစ္စအတွက် ဘုရင်မင်းကြီးသည် အခြားသော ပညာရှိ သုခမိန်များ၊ ပုဏ္ဏားပုရောဟိတ်များကို ကိုးစားအားထားတော်မမူ၊ မိမိ၏ ညီလာခံသဘင်သို့ ဝင်ရသည့် မိမိထံတွင် ခစားနေသော ဗေဒင် ပညာရှိ သုခမိန်အပေါင်းများစွာရှိသည် မှန်သော်လည်း ဤနဝရတ် လက်စွပ် ပြန်ရရေးတွင် ကာလိဒါသကိုသာ ထိပ်ဆုံးကတင်၍ စဉ်းစား အားကိုးတော်မူ၏။

အထူးအားဖြင့်မူ ကာလိဒါသသည် ကဗျာလင်္ကာများကို သီကုံး ဖွဲ့နွဲ့ရာ၌လည်းကောင်း၊ အမေးပုစ္ဆာပြဿနာများကို တစ်ခဏချင်း ဖြေဆိုရာ၌လည်းကောင်း၊ အသေးအဖွဲ့မှအစ မည်သည့်ကိစ္စမဆို ဖြေဆိုရှင်းလင်းဆုံးဖြတ်ရာ၌လည်းကောင်း သူမတူတန် 'ပင်ကိုယ် ထိုးထွင်းဉာဏ်' နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် သီဟို မင်းသား၏ 'နဝရတ်လက်စွပ်' ပျောက်ရာတွင် ကြီးကျယ်သော ပစ္စည်းပျောက်ဆုံးမှု မဟုတ်လင့်ကစား၊ အထောင်မကသော ပညာရှိ အပေါင်းကို ကျော်လွန်၍ ကာလိဒါသအား ထိပ်ဆုံးထားကာ စဉ်းစား ခြင်း ဖြစ်လေသည်။

ထိုသို့ စဉ်းစားတော်မူပြီးလျှင် ဘုရင်သောဇမင်းကြီးသည် ကာလိ ဒါသအား လက်စွပ်ပြန်ရရေးအတွက် စစ်ဆေးစေ၏။ ကာလိဒါသ

www.facebook.com/NyisayEbookCreator
www.nyisay.com



သည် နန်းတော်တွင်းမှ ကချေသည်များကို ခေါ်၏။ အားလုံးစုဝေး ရောက်ရှိလာသောကာလ "ညအိပ်သောအခါ ဤတုတ်ကလေးများကို မိမိအနားတွင်ထားပြီး အိပ်ကြရမည်။ လက်စွပ်ခိုးသူ၏တုတ်သည် သူများတုတ်ထက် နံနက်မိုးသောက်လျှင် လက်တစ်ဆစ်မျှ ပိုရှည်နေလိမ့်မည်" ဟုပြောပြီး ဆေးနီသုတ်ထားသည့် တစ်ထွာခန့်ရှိ တုတ်ချောင်းကလေးများကို ပေးကာ လွှတ်လိုက်လေသည်။

ညသို့ရောက်လေလျှင် လက်စွပ်ခိုးထားသော ကချေသည်သည် 'ကာလိဒါသက ဘယ်လိုများ စစ်ဆေးမည်နည်းဟု အစက အောက်မေ့မိသည်။ ယခုတော့ ဤတုတ်ချောင်းကလေးများကိုသာ ပေးလိုက်သည်။ ငါ၏တုတ်သည် သူများတုတ်ထက် နံနက်ဆိုလျှင် ပိုရှည်နေမှာ စိုးရသည်။ သူများတုတ်နှင့် ညီနေအောင် လက်တစ်ဆစ်မျှ ဖြတ်ထားမှ တော်မည်' ဟု စိတ်ကူးပြီးလျှင် လက်တစ်ဆစ်ဖြတ်ထားလိုက်တော့သည်။

နံနက်မိုးလင်းလျှင် အမိန့်အတိုင်း ကချေသည်မအားလုံးတို့သည် နန်းတွင်းသို့ ဝင်ရောက်ကြသည်။ ကာလိဒါသသည် ကချေသည်မတစ်ဦးတစ်ဦး၏ တုတ်ချောင်းကလေးများကို တစ်ခုချင်း တစ်ခုချင်း ယူ၍ ကြည့်သည်။ ထိုကချေသည်မ အလှည့်ရောက်သောအခါ သူမအား "သူခိုးပဲ" ဟု ကာလိဒါသက ပြောတော့သည်။

လက်စွပ်ခိုးယူထားသော ကချေသည်မ၏တုတ်သာ သူများတုတ်ထက်တိုနေသည်။ အခြားကချေသည်မများ၏တုတ်သည် တိုလည်းမတို၊ ရှည်လည်းမရှည် ပင်ကိုယ်အတိုင်း ဖြစ်နေကြသည်။ သူခိုးဖြစ်သော ကချေသည်မသည် ကြောက်လန့်ပြီး ဤကဲ့သို့ ဖြတ်ပစ်လိမ့်မည်ဆိုသည်ကိုသိ၍ တုတ်ချောင်းကလေးများကိုပေးကာ ကာလိဒါသက သူခိုးရှာခြင်း ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com




"လက်စွပ်ပဲပေးမလား၊ ကြာပွတ်ဖြင့် အရိုက်ခံမလား" ဟု ထိုကချေသည်အား ကာလိဒါသက မေးသည်။ "ကြာပွတ်ဖြင့် အရိုက်မခံလိုပါ" ဟု ဆိုပြီးလျှင် ငိုယိုကာ မိမိခိုးထားကြောင်း မှန်သည့်အတိုင်း ဝန်ခံပြီး၊ နဝရတ်လက်စွပ်ကို ထုတ်ပေးလေတော့သည်။

သီဟိုမင်းသားအား ကာလိဒါသက လက်စွပ်ကို ပြန်ပေးသောအခါ၊ သီဟိုမင်းသားသည် ကျေးဇူးတင်ပြီး ကာလိဒါသအား ဆုများချီးမြှင့်တော်မူလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# နွားသိုးနို့ရည်

တစ်နေ့သောအခါ ဘောဇဘုရင်ကြီး၏ ကြင်ယာတော် မိဖုရားကြီး၏ ဦးခေါင်းတွင် အလွန်နာကျင်ကိုက်ခဲသော ရောဂါတစ်ခု စွဲကပ်လာသည်။ ယခုအခါ သူသူငါငါ ခေါင်းကိုက်ကြသကဲ့သို့ ဖြစ်လေသည်။ မိဖုရားကြီးမှာ များစွာအနေရ အထိုင်ရခက်သောကြောင့် ညည်းညူ၍ နေရရှာသည်။ ဘုရင်သည် ကြင်ယာတော် မိဖုရားရောဂါအတွက် စိတ်လက်မသာမယာရှိနေသည်။

ဓာရာတိုင်းကြီးတွင် ဘုရင့်လက်သုံး သမားတော်များ မြောက်မြားစွာပင် ရှိသည်။ အချို့မှာ အလွန်ကျော်စောထင်ရှားပြီး အချို့မှာ ဆေးဝါးထက်မြက်သော သမားတော်များ ဖြစ်ကြသည်။ ဤသမားတော်များအနက် ဘုရင်အထူးအားထားသော သမားတော် တစ်ဦးလည်း ရှိလေသည်။ ဘုရင်သည် ထိုသမားတော်ကို ခေါ်ယူပြီးလျှင် မိမိကြင်ယာတော် မိဖုရားဦးခေါင်းနာကျင်ကိုက်ခဲသော ရောဂါပျောက်ရေးအတွက် ဆေးပေးစေသည်။ မြန်မြန်သက်သာပျောက်ကင်း ကျန်းမာလာရေးအတွက် ဆေးချက်ရှာစေသည်။

အထူးလွှဲအပ်ခြင်း ခံရသော သမားတော်သည် ကာလိဒါသအပေါ် မလိုမုန်းထား ရန်ငြိုးဖွဲ့သော သမားတော်ဖြစ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုသမားတော်သည် မိမိအား ထိုကဲ့သို့ တာဝန်ကျ အခွင့်ရလာသည် ဆိုလျှင် မိဖုရားအား ပေးရမည့် ဆေးနှင့်ပတ်သက်၍ ကာလိဒါသအား နှိပ်စက်ရန် ကြံတော့သည်။ ရိုးရိုးဆေးဖြင့် ကုသက ပျောက်ကင်း ကျန်းမာလာနိုင်ပါလျက် မကုဘဲ၊ ကာလိဒါသအား ဖိနှိပ်ရန်အတွက် ချက်ကောင်းယူလေသည်။

ဤသို့ဖြင့် ဘုရင့်သမားတော်သည် ဘုရင်မင်းကြီးအား "နွားသိုးနို့ရည်လိုပါသည်။ ဆေးနှင့် နွားသိုးနို့ရည် နှစ်ပါးရောစပ်ပြီး၊ မိဖုရား နဖူးလိမ်းမှ ရောဂါချက်ချင်း ပျောက်ကင်းကျန်းမာပါမည်" ဟု လျှောက်တင်တော့သည်။

ကာလိဒါသသည် ဘုရင်အားအထားဆုံး ပညာရှင်တစ်ဦးဖြစ်သည်။ အသေးအဖွဲကိစ္စကလေးများကို ပြုလုပ်ဆောင်ရွက်လိုရာ၌လည်းကောင်း၊ နက်နဲခက်ခဲသော အမေးပုစ္ဆာပြဿနာများကို ဖြေရှင်းလိုရာ စသည်တို့၌လည်းကောင်း၊ ကာလိဒါသအားသာ တိုင်ပင်ဖြေရှင်းစေသည်။ ဤမရနိုင်သည့် နွားသိုးနို့ရည်ကိုသာ ကာလိဒါသအားသာ ရှာခိုင်းတန်ရာသည်။ မရလျှင် ဘုရင်က ကာလိဒါသအား အထင်သေး အမြင်သေး၊ နေရာမပေး မျက်နှာသာမပေး ဖြစ်တန်ရာသည်ဟု မကောင်းသောအမြင်ဖြင့် ကာလိဒါသအား ရှာခိုင်းရန် သမားတော်က ဘုရင်အားတင်လျှောက်ခြင်းဖြစ်လေသည်။

ဘုရင်လည်း သမားတော်တင်လျှောက်သည့် 'နွားသိုးနို့ရည်' မှာ အဘယ်အရပ်မှာ ရပါမည်နည်း၊ ကြင်ယာတော် မိဖုရားရောဂါ ပျောက်ရေးအတွက် ဤနွားသိုးနို့ရည်ရဖို့က ခက်နေသည်။ မိမိသမားတော်ကြီးက တင်လျှောက်၍သာ သိရသည်။ နွားသိုးနို့ရည်ဆိုသည်ကို ကြားပင် မကြားဘူးပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤနို့ရည်ကို ကာလိဒါသအား ရှာယူစေမှ ဖြစ်မည်။ ကာလိဒါသဆိုလျှင် ရှာဖွေနိုင်ရာသည်ဟု ကြံဆမြင်သိသည်နှင့် ကာလိဒါသအား 'နွားသိုးနို့ရည်' ကိုရအောင်ရှာရန် ဘုရင်က တာဝန်ပေးတော့သည်။

'နွားသိုးနို့ရည်' ရှာဖွေဆက်သရန် တာဝန်ကျလာသော ကာလိဒါသသည် ဤသဘောမှာ ဤသမားတော်၏ အကြံဖြစ်သည်။ ရိုးရိုးဆေးချက်ဖြင့် ပျောက်ကင်းနိုင်ပါလျက် သက်သက် မိမိအား ဘုရင်အမျက်တော် ရှစေလို၍ တင်လျှောက်ခြင်းဖြစ်သည်ဆိုသည်ကို သိသည်။ ထို့ကြောင့် '၂ ရက် ၃ ရက်နေမှ ရနိုင်ပါမည်' ဟု တင်လျှောက်ခဲ့ပြီး နန်းတော်မှ ပြန်ခဲ့သည်။

ထိုစဉ်အခါ အမျိုးသမီးငယ်တော်တော်များများသည် ကာလိဒါသထံ လာရောက်၍ ပညာဗဟုသုတများ သင်ယူလျက်ရှိကြသည်။ ထိုအထဲတွင် ရမဝတီဟူသော အမျိုးသမီးငယ်တစ်ဦးလည်း ပါနေသည်။ ရမဝတီသည် ပညာဉာဏ်ထက်သည်၊ အရာရာတွင်လည်း ရဲရင့်တည်ကြည်သည်။

နွားသိုးနို့ရည်ရရေးကိစ္စအတွက် အကြောင်းတစ်စုံတစ်ခု တင်လျှောက်ဖြေရှင်းရန် ကြံစည်မိသော ကာလိဒါသသည် ရမဝတီကို ခေါ်၍ ပြောသည်။

"တပည့်မ ရမဝတီ၊ သင်သည် ညသန်းခေါင်အချိန်မှာ ဘုရင့်နန်းတော်တွင်းရှိ ရေကန်သို့သွား၍ အဝတ်ဖွပ်ရမည်။ ဘုရင်က ခေါ်မေးရင် မလျှောက်တင်ပါရစေနှင့်ဟု အစတွင်ပြော၊ ထပ်မေးလျှင်မှ တိုးတိုးကလေး 'ကျွန်တော်မျိုးမ၏ဖခင် ကလေးမီးဖွားလို့ ဘယ်သူမှ မသိမည့် ဤရေကန်မှာ အနီးလာလျှော်ပါသည်' ဟု ပြောလေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



'မင်းအဖေ ဘယ်မှာလဲပြပါ။ ငါမတွေ့နိုင်ဘူးလား' ဟု မေးရင် 'လိုက်ခဲ့ပါ၊ ကြည့်နိုင်ပါတယ်' ဟု ပြော၍ ခေါ်ခဲ့၊ ငါ (ကာလိဒါသ) မင်းအဖေလုပ်ပြီး စောင့်နေနှင့်မည်" ဟု မှာပြီး လွှတ်လိုက်သည်။

ရမဝတီမှာ သွားရမည့်အကြောင်း မသိဘဲ ဖြစ်နေသည်။ သို့ဖြစ်၍ ဆရာ (ကာလိဒါသ) အား သွားရမည့်အကြောင်းကို မေးသည်။

ကာလိဒါသက ရမဝတီအား "သွားသာသွားပါ၊ ဘာမှ မဖြစ်စေရ၊ ကိစ္စရှိလျှင် ငါဖြေရှင်းမည်" ဟု ပြောလေရာ၊ ရမဝတီလည်း သွားလေသည်။

ရမဝတီအဝတ်ဖွပ်လျှော်ရန် ရောက်သည့် သန်းခေါင်အချိန်တွင် ဘုရင်ဘောဇစကော်တော်မခေါ်သေး။ ရမဝတီလည်း အသံမြည်အောင် ရိုက်နှက်ဖွပ်လျှော်နေလေသည်။ အချိန်မဲ့ အဝတ်ဖွပ်လျှော်သံကို ကြားလေရာ ဘုရင်ဘောဇလည်း ခေါ်၍ စစ်မေးသည်။ ထိုအခါ ရမဝတီသည် ကာလိဒါသမှာသည့်အတိုင်း ဘုရင်အား တည်တည်ငြိမ်ငြိမ်ပင် တင်လျှောက်သည်။

ရမဝတီတင်လျှောက်သံကို ကြားသောအခါ "ဟာ ဟုတ်လား ယောကျ်ားတစ်ယောက်လုံးက ကလေးမွေးရသလား၊ ကလေးမွေးတဲ့ မင်းအဖေကို မကြည့်ရဘူးလား၊ ငါလိုက်ကြည့်ချင်တယ်" ဟု ဘုရင်က ပြောတော့သည်။

ယောကျ်ားက ကလေးမွေးသည်ဆိုသည်မှာ ထူး၍နေပေသည်။ တစ်သက်တစ်ခါ ကြုံရခဲသော ကိစ္စဖြစ်နေသည်။ သို့ဖြစ်လေရာ ဘုရင်က အံ့အားသင့်စွာ ကြည့်လိုသည်ဟု ပြောသည်မှာ အပြစ်ဆိုစရာ၊ ကဲ့ရဲ့စရာမဟုတ်ပေ။ လူတိုင်းလိုလို ထူးသည်ကို သိလိုကြည့်လိုကြပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရမ၀တီလည်း "ကြည့်ချင်ရင် လိုက်တော်မူခဲ့ပါ၊ ဘုရင်တစ်ပါး တော့ ကြည့်နိုင်ပါတယ်" ဟု တင်လျှောက်လေရာ ဘုရင်လည်း လိုက်ပါလာသည်။

ရောက်လေလျှင် အိမ်တွင် ရမ၀တီ၏ဖခင် ယောင်ဆောင်နေသော ကာလိဒါသကို တွေ့ရသည်။ ရိုးရိုးသားသား တွေ့ရသည် မဟုတ်၊ မီးနေသည်မသဏ္ဌာန် သရုပ်ဆောင်နေသည်ကို တွေ့ရသည်။

ထိုအခါ သားမွေးသည် ကာလိဒါသအား "ကလေးမွေးဖွားသော အဖေဆိုတာ သင်လား" ဟု ဘုရင်က မေးလေရာ၊ "နွားသိုးနို့ရည် ရမည်ဆိုလျှင် ယောကျ်ားလည်း ကလေးမွေးတာ ဟုတ်ပါမည်" ဟု မီးနေသည် ကာလိဒါသက ပြန်၍ တင်လျှောက်သည်။

"နွားသိုးမှာ နို့ရည်မရနိုင်" ဟူသည်ကို သိစေလို၍ ပရိယာယ် ဖြင့် အပြစ်လွတ်စေရန် ဤသို့မိမိအား ကာလိဒါသ တင်လျှောက် ဖြေဆိုသည်ကို မင်းကြီးသိသွားသည်။

ဘုရင်လည်း ကာလိဒါသအား မည်သို့မျှ အပြစ်တော်မထားဘဲ နန်းတော်သို့ ပြန်ကြွသွားသည်။ ကာလိဒါသအပေါ် မလိုမုန်းထား ရန်ငြိုးပွား၍ နွားသိုးနို့ရည် အရှာခိုင်းသော သမားတော်ကိုမူ တိုင်းပြည်မှ နှင်လိုက်သည်။ မိဖုရားကြီး၏ "ခေါင်းကိုက်" ရောဂါလည်း နဖူးကို ရိုးရိုးဆေး လိမ်းကာမျှဖြင့် ပျောက်သွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဗြာဟ္မဏဟု ခေါ်ပါစေ

အခါတစ်ပါး၀ယ် ဘောဇဘုရင်နှင့် ကာလိဒါသတို့သည် တြိဗေကမြစ်အတွင်း တွင် ကရ၀ိက်ဖောင်ကလေးဖြင့် လေညင်းခံ ထွက်ကြသည်။ အေးမြကြည်လင်သော မြစ် ရေပြင်ပေါ်မှ သာယာနူးညံ့စွာ တိုက်ခတ်လာ သော လေညင်းကလေးကို ဖြည်းညင်းစွာ ခံကြရလေသည်။

စိမ့်အေးသော လေညင်းကလေးကို ခံကြရသဖြင့် ဘ၀င်နှလုံးလည်း ရွှင်ပြုံး ကြည် နူးကြသည်။ ရွှင်ရွှင်လန်းလန်း ချမ်းအေးကြ သည်။ ကရ၀ိက်ဖောင်ကလေးသည်လည်း ငြိမ်သက်စွာ စီးဆင်းနေသော တြိဗေကမြစ် ရေအလျဉ်ပေါ်တွင် ငြိမ့်ညောင်းစွာ မျောပါနေ သည်။

ဘုရင်နှင့် ကာလိဒါသတို့သည် ဤကဲ့ သို့ လေညင်းခံရင်း ဘ၀င်နှလုံးရွှင်ပြုံး အေးမြ ကြသည်နှင့်အမျှ လောကဓမ္မ ငြိမ်းချမ်းရေးနှစ်၀ကို ပြောကြားဆွေးနွေး ကြသည်။ ဘုရင်သည် ဘ၀လွတ်မြောက်ရေး၊ ဘ၀ငြိမ်းချမ်းရေး တရားများကို ကိုးစားယုံကြည်သည်။ ကာလိဒါသသည်လည်း အလေး အမြတ် ခံယူရင်းရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ အရာရာ ငြိမ်းချမ်းသော တရားများကို လိုလားကြသည့် ပုဂ္ဂိုလ်များဖြစ်ကြ သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တြိဗေကမြစ်ကမ်းသာတစ်လျှောက်မှာ ယောဂီ၊ ရသေ့၊ ရဟန်းတို့၏ ကျောင်းသင်္ခမ်းသဖွယ်ဖြစ်နေသည်။ မြစ်ကမ်းသာ အချို့နေရာတွင် ယောဂီရသေ့တို့ တရားဓမ္မဖြင့် မွေ့လျော်နေကြပြီး အချို့နေရာမှာ အရှင်မြတ်ရဟန်းတို့ ကမ္မဋ္ဌာန်းစီးဖြန်းနေကြသည်။ သို့ဖြစ်လေရာ တြိဗေကမြစ်ကမ်းသာသည် ရသေ့ရဟန်းတို့၏ ဘဝထွက်ရပ် လမ်းရှာရာ ရိပ်သာသဖွယ်ဖြစ်နေသည်။

ဘုရင်နှင့် ကာလိဒါသတို့သည် တြိဗေက မြစ်ကမ်းသာ၌ ထိုကဲ့သို့ မွေ့လျော်ပျော်ပိုက်နေသည့် ရသေ့ရဟန်းများကို လေညင်းခံရင်း မြင်ကြသည်။ နဂိုကပင် ငြိမ်းချမ်းရေးဓာတ်ခံရှိသော ဘုရင်သည် ရသေ့ရဟန်းများကို ထိုအခါ ပို၍နှစ်သက်လာသည်။ ကြည်ညိုလာသည်။

ကရဝိက်ဖောင်ကလေးသည်လည်း တဖြည်းဖြည်း မျောပါလာခဲ့ရာ၊ တဖြည်းဖြည်း ခရီးဝေးလာ ခရီးရှည်လာသည်။

မည်မျှပင် ခရီးဝေးလာသော်လည်း တြိဗေကမြစ်ကမ်းသာတစ်လျှောက်၌ ရသေ့ရဟန်းတို့၏ ကျောင်းသင်္ခမ်းကလေးများ၊ ရိပ်သာကလေးများသည် မရှိသောနေရာဟူ၍မတွေ့ရ၊ မြစ်ကမ်းသာတစ်လျှောက်လုံး၌ပင် ဖူးမြော်တွေ့မြင်ရသည်။ အရိပ်အာဝါသကောင်းပြီး၊ သောက်, သုံးရေ လွယ်ကူကြသဖြင့် ဤတြိဗေကမြစ်ကမ်းသာ၌ နေထိုင်သီတင်းသုံးကြခြင်းဖြစ်သည်။ တရားအားထုတ်ပျော်မွေ့ကြခြင်းဖြစ်သည်။

ဘုရင်သည် မြောက်မြားစွာသော တရားရိပ်သာကလေးများကို မြင်ရလျှင် ပို၍ စိတ်ဝင်စားလာပြန်သည်။ အေးမြသော လေညင်းကို ခံရင်း ငြိမ်းချမ်းသော တရားဓမ္မကို ထပ်၍ ကြည်ညိုစိတ် ပြင်းထန်လာပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့နှင့် ဘုရင်သည် ပြောလက်စ စကားများ ရပ်လိုက်သည်။ လေညင်းခံ အတူပါလာသည့် ကာလိဒါသထံ ငြိမ်းချမ်းရေးတရား တောင်းတော့သည်။ ဘဝငြိမ်းချမ်းရေးတရားအားထုတ်လိုကြောင်း မိန့်တော့သည်။ ရသေ့ ရဟန်းတို့ကဲ့သို့ ကမ္ဘဋ္ဌာန်းဖြင့် မွေ့လျော်လို ကြောင်း ပြောတော့သည်။

"ဘုရင်မင်းကြီးသည် ရာဇဓမ္မရာဇနီတိ စသည်များကိုသာ ကျင့်သုံးနေပါသည်။ လောကဓမ္မနှစ်ဝအရေးကို တွေးတောမြော်မြင် နေပါသည်။ တရားမဲ့သော ဘုရင်မဟုတ်ပါ။ တရားဥပဒေဖြင့် စိုးမိုး အုပ်ချုပ်နေပါသည်။ ဤမျှလောက်ဆိုလျှင် သင့်ပါပြီ" ဟု ကာလိ ဒါသက တင်လျှောက်သည်။ "ဘုရင်သည် ဘုရင်၏ ရာဇဓမ္မများကို သာ ကျင့်သုံးသင့်ပါသည်။ ဘုရင့်အလုပ် မဟုတ်သည်များကို မကျင့် သုံးသင့်ပါ။ မိမိနှင့် မသက်ဆိုင်၊ မိမိ၏အလုပ် မဟုတ်သည်များကို ကျင့်သုံးပြုလုပ်ခြင်းသည် ပျက်စီးခြင်းအကြောင်းတရားဖြစ်ပါသည်" ဟုလည်း ကာလိဒါသက လျှောက်တင်ပြန်သည်။

"ဘုရင်က ရသေ့ရဟန်းတို့၏ တရားချည်းသာ ကျင့်သုံးပါက ပျက်စီးရပါမည်။ ရသေ့ ရဟန်းတို့က ဘုရင်ကဲ့သို့ချည်း ကျင့်ပြန် လျှင်လည်း မှားယွင်းရပါမည်။ မှူးမတ်, ဗိုလ်ပါ, သေနာပတိ စသည်တို့မှာလည်း ထိုနည်းပမာဖြစ်ကြပါသည်။"

"ထို့ပြင် ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒ္ဒဟူ၍ အမျိုးလေးပါး ရှိသည်။ အမျိုးလေးပါးသည်လည်း မတူကြ၊ အမျိုးမျိုး သဘောကွဲလွဲ ကြသည်။ အမျိုးမျိုး အယူဝါဒရှိပါသည်။ မှန်သည်ချည်းဟုလည်း မဆိုနိုင်ကြ၊ မှန်သည်လည်းရှိ၍ မှားသည်လည်းရှိကြပါသည်။ သို့ရာ တွင် ဗြာဟ္မဏတို့၏ အယူဝါဒသည် တော်တော်မှန်ကန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နိဗ္ဗာန်လမ်းခရီးနှင့် နီးစပ်သည်” ဟု ကာလိဒါသက အသင့်မျှ ထပ်မံလျှောက်တင်ပြန်သည်။

ထိုအခါ ဘုရင်က “ဗြာဟ္မဏဖြစ်ပါရစေ၊ ဗြာဟ္မဏတို့၏ အယူဝါဒကို ပေးပါ။ လူတိုင်းလူတိုင်းကလည်း ကျွန်ုပ်အား ဗြာဟ္မဏ ဟု ခေါ်ပါစေ” ဟု ကာလိဒါသအား မိန့်ကြားသည်။

“ဘုရင်မင်းမြတ်အား သင့်လျော်သလို တရားပြုပါမည်။ မကြာခင် စီစဉ်ပါမည်”ဟု ကာလိဒါသက လျှောက်တင်လိုက်ပြီး လေးညင်းခံရာမှ ပြန်ကြသည်။

နောက်တစ်ရက်တွင် ကာလိဒါသသည် အိုးသည် ၇ ယောက်ကို ခေါ်ယူသည်။ “မြည်းများကို လူစေ့ ဖမ်းယူခဲ့ရမည်” ဟုလည်း မှာကြားလိုက်သည်။

အိုးသည်များသည် မကြာမီပင် မြည်းများကိုလည်း တစ်ယောက် တစ်ကောင်စီ ဖမ်းယူသွားကြသည်။ “နက်ဖြန် နံနက်စောစော တြိဗေကမြစ်ကမ်းသို့ သွားကြ၊ မြည်းများနှင့် သဲဆပ်ပြာများကိုလည်း ယူသွားကြ၊ ရေဆိပ်ရောက်လျှင် သဲဆပ်ပြာနှင့် နာနာတိုက်၍ မြည်း များကို ရေချိုးပေး၊ ငါတို့မလာမချင်း ချိုးနေကြရမည်။ ငါတို့ မိုးလင်းစမှာ လာခဲ့မည်။ ဘုရင်က အသင်တို့ ဘာလုပ်ကြသလဲဟု မေးလျှင် “မြည်းများကို နွားမဖြစ်အောင် လုပ်မလို့ ရေချိုးပွတ်တိုက် နေကြပါသည်” ဟု သံတော်ဦးတင်ကြရမည်” စသည်ဖြင့် မှာကြား ပြန်လွှတ်လိုက်သည်။ အိုးသည်များလည်း ကာလိဒါသစကားကို နာယူကာ ပြန်သွားကြသည်။

နောက်တစ်နေ့ နံနက်လင်းလေသော် ဘုရင်နှင့် ကာလိဒါသ လည်း တြိဗေကမြစ်ကမ်းသို့ နံနက် ၆ နာရီအချိန်ခန့်တွင် သွားကြ

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။ အိုးသည်များလည်း ကာလိဒါသမှာကြားထားသည့်တိုင်း မြည်းများကို သဲဆပ်ပြာနှင့် ပွတ်လိုက်၊ ရေချိုးပေးလိုက် လုပ်နေနှင့်ကြသည်ကို တွေ့ရသည်။

ဤကဲ့သို့ အချိန်ကြာမြင့်စွာ လုပ်နေကြသည်ကို ဘုရင်မြင်လေသော် "အိုအသင်လူများတို့ အဘယ်ကဲ့သို့အမှုကို ပြုလုပ်နေကြသနည်း" ဟု မေးလေသည်။

"မြည်းများကို သဲဆပ်ပြာဖြင့် ပွတ်လိုက်၊ ရေချိုးလိုက်လုပ်နေကြသည်မှာ အခြားမဟုတ်ပါ။ မြည်းများကို နွားမများဖြစ်အောင် လုပ်ဖို့ ကြိုးစားနေခြင်းဖြစ်ပါသည်" ဟု အိုးသည်များက လျှောက်တင်လိုက်သည်။

"ဤလူများသည် ဉာဏ်နည်းလှ၏။ မြည်းစင်စစ်က နွားဖြစ်နိုင်ပမလား၊ ဤလူများသည် သူတို့၏ဦးနှောက်ကို ခေါင်းထဲမှာ မောင်းထုတ်နေသူတွေ ဖြစ်သည်။ ဤသို့များ စဉ်းစားဝေဖန်၍ ရမှ ရတတ်ပေသည်"ဟု ဘုရင်က ကာလိဒါသအား မိန့်ကြားလိုက်သည်။

ထိုအခါ အခွင့်ကောင်းကို စောင့်နေသော ကာလိဒါသသည် "ဘုရင်တစ်ပါးစင်စစ်က ဗြာဟ္မဏဖြစ်ချင်၊ ဗြာဟ္မဏအခေါ်ခံချင်သည့် ပုဂ္ဂိုလ်တစ်ပါးကဲ့သို့ သူတို့လည်း မြည်းစင်စစ်က နွားဖြစ်အောင် ကြံကြခြင်းဖြစ်ပါသည်"ဟု ရတ်တရက် ပြန်၍ လျှောက်တင်လိုက်သည်။

ဤလျှောက်တင်သံကို ကြားလေလျှင် ဘုရင်သည် ဘာမှမပြောတုဏှိဘောဖြစ်သွားသည်။ "ငါ့ကို ဗြာဟ္မဏဟု အားလုံးကလည်း ခေါ်ကြပါစေ" ဟု ပြောခဲ့မိသည့်အတွက် ဤသို့ လျှောက်တင်ခြင်းဖြစ်သည်။ ကာလိဒါသ တမင်ဆင်ထားသော ကိစ္စဖြစ်သည်ဟု နားလည်သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အို ဘုရင်မင်းကြီး ချမ်းသာသူများပင်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသူများပင်ဖြစ်စေ၊ ပစ္စည်းဥစ္စာဖြင့် ဖြားယောင်းသွေးဆောင်၍ မိမိဘာသာမှတစ်ပါး အခြားဘာသာများကို မယူသင့်၊ မယူထိုက်၊ မိမိယူမြဲဘာသာမှ အခြားဘာသာများသို့ ပြောင်းလဲလက်ခံသူများသည် အလွန်ကြောက်မက်ဖွယ် ကောင်းပါသည်။ သူတစ်ပါးဘာသာများကို လွှဲပြောင်းလက်ခံယူသူများသည် အမြဲမချမ်းသာ၊ ခဏသာ ချမ်းသာပါသည်။ မပြောင်းမလွှဲ ကိုယ့်ဘာသာကိုယ်အမြဲယူသူများမှာ ထာဝစဉ်ချမ်းသာပါသည်" ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်လိုက်သည်။

"ကာလိဒါသ လျှောက်တင်သော စကားများသည် မိမိအတွက်လည်း နှစ်သက်ဖွယ်ဖြစ်သည်။ ဘာသာရေးအတွက်လည်း အားတက်ဖွယ်ရှိသည်" ဟု အောက်မေ့ကာ ကာလိဒါသအား ဘုရင်က များစွာချီးကျူးလေသည်။ ဗြာဟ္မဏဖြစ်ချင်စိတ် ဗြာဟ္မဏအခေါ်ခံချင်စိတ်များလည်း ပျောက်သွားတော့သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com

# ရဇနီ

## အပိုင်း (၁)



ဓာရာတိုင်း အရှေ့ဘက်နယ်တွင် 'ကနက' မည်သော ရွာတစ်ရွာရှိခဲ့သည်။ ထိုရွာမှာ လူနေအိမ်ခြေ တော်တော်များများရှိသည်။ ကုန်သည်ပွဲစားများ၊ ဆင်းရဲသားများ လူ့ရတတ်များနှင့် မြေပိုင်ရှင် တောသူဌေးများပင် နေထိုင်လျက်ရှိရာ၊ မငယ်လှ၊ မခြောက်လှ၊ စည်ကားသော ရွာကြီးဖြစ်လေသည်။

ကနကရွာ၌ တောသူဌေးများ ရှိကြရာတွင် 'သိဒ္ဓသုမန' ဟူသော သူဌေးတစ်ဦးလည်း ပါဝင်သည်။ သိဒ္ဓသုမနမှာ ပစ္စည်းဥစ္စာ အလွန်ပေါများ ချမ်းသာသည်။ ကနကရွာမှ လူများက တော်တော်ချမ်းသာသော သူဌေးတစ်ဦးဟု အသိအမှတ်ပြုထားသူဖြစ်သည်။ ဆန်ရေစပါး ကျွဲနွား လယ်ယာ စသည်များ သာမဟုတ်၊ အဖိုးထိုက် အဖိုးတန် စိန် ရွှေ စသည့် ရတနာများလည်း အလွန်ပင် ပေါများသူ ဖြစ်လေသည်။

သို့သော် ထိုသိဒ္ဓသုမနသူဌေးကြီးတွင် သားသမီးရတနာတစ်ဦးမျှ မထွန်းကား၊ မယားဖြစ်သူလည်း သေဆုံးသွားလေပြီ။ အသက်အရွယ်ကလည်း ကြီးသည့်ပြင် 'ပန်းနာ' ရောဂါကလည်း ဖိစီးနှိပ်စက်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အိုခြင်း နာခြင်းနှင့် ရင်ဆိုင်နေသော သူဌေးအဘိုးကြီးသည် တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုစကားသို့ တစ်နေ့တွင် သွေးလေငြိမ်၍ နေကောင်း ကျန်းမာသော်လည်း နောက်တစ်နေ့တွင် ဓာတ်ဖောက်ပြား ချင် ဖောက်ပြားနေပေသည်။ သိဒ္ဓသုမနမှာ ပစ္စည်းဥစ္စာတွေ မည်မျှပင် ပေါကြွယ်ဝသော်လည်း၊ ဇရာဒုဗ္ဗလဘေးကိုကား ပြေးမလွတ်ပေ။

မယားမရှိ၊ သားသမီးမရှိသော သူဌေးသိဒ္ဓသုမနသည် ထိုအချိန် မှာ သတိကြီးစွာဖြင့် တွေးတောသည်။ ငါ့မှာ အိုမင်းမစွမ်း အားအင် ကုန်ခန်းနေပြီ၊ ပန်းနာရောဂါကလည်း မသက်သာ၊ ဤရောဂါနောက် သို့ အသက်ပါရတော့မည် ထင်သည်၊ အမွေစား အမွေခံမည့်သူဆို၍ လည်း တစ်ယောက်မျှမရှိ၊ သို့ဖြစ်ရာ မိမိအားလုပ်ကျွေးပြုစုသူများကို သာ ပစ္စည်းများအပ်နှင်းထားမှ တော်တော့မည် စသည်ဖြင့် တစ်သီ တစ်တန်းကြီး စဉ်းစားမိသည်။

သို့ရာတွင် သိဒ္ဓသုမနသူဌေးမှာ နောင်တော်အရင်းမှ မွေးသော ဟေမန္တဆိုသူ တူတစ်ယောက်နှင့် နှမရင်းမှမွေးသော ရဇနီဆိုသည့် တူမပျိုတစ်ဦးရှိသည်။ တူနှင့်တူမတွင် ဟေမန္တက ရဇနီထက် အသက် ကြီးသည်။ ရဇနီမှာ မကြီးလှသေး။ အပျိုဖားဖား အရွယ်မျှသာ ရှိသေး သည်။ ထိုရဇနီ၏ ရုပ်ပါရုံမှာ မြင်သူတိုင်း တပ်မက်နှစ်သက် စွဲလမ်း လောက်သည့် အလှမယ်တစ်ဦးဟု ဆိုစလောက်ဖွယ် ဖြစ်လေသည်။

တစ်နေ့တွင် တူ ဟေမန္တသည် သိဒ္ဓသုမန သူဌေးဘထွေးကြီး ဆီသို့သွားသည်။ ပြုစုမည့် သားသမီးမရှိ၊ မယားမရှိ၊ အိုမင်းမစွမ်း ဖြစ်နေသည်ဆိုသည့် သတင်းကိုကြား၍ သွားခြင်းဖြစ်သည်။ တစ်နေ့ ဘည်းမှာပင် တူမ ရဇနီကလည်း ဦးရီးသိဒ္ဓသုမန သူဌေးကြီးထံသို့ ရောက်လာသည်။ ရဇနီလည်း ဦးရီးသူဌေးအိုကြီး အခြေအနေဆိုးနေ သည်ကြား၍ လုပ်ကျွေးပြုစုရန် လာရောက်ခြင်းဖြစ်သည်။ နှစ်ဦးစလုံး

www.facebook.com/NyisayEbookCreator
www.nyisay.com


ကပင် မိမိတို့သည် စေတနာဖြင့် ပြုစုရန် လာရောက်ကြကြောင်း ပြောပြကြသည်။

သူဌေးကြီး သိဒ္ဓသုမနသည် မိမိကိုပြုစုရန် တူနှင့်တူမတို့ လာရောက်ကြသဖြင့် များစွာဝမ်းသာသည်။ ထို့ကြောင့် မိမိအား ပြုစုရန် လာရောက်ကြသည့် တူမနှင့် တူတို့အား "ငါ၌ ပန်းနာရောဂါ ကလည်း ဖိစီး၊ မယားမရှိ၊ သားသမီးမရှိ၊ အခက်တွေ့နေပြီ၊ ဇရာ ဒုက္ခဖြင့် အမှည့်ကြွေကြွေရတော့မည်။ ပန်းနာရောဂါဖြင့် အသက် သေရတော့မည်ထင်သည်။ မသေခင်လည်း ပြုစုကြ၊ သေတဲ့နောက် မှာလည်း ရှိသမျှပစ္စည်းဥစ္စာများကို တူနှင့်တူမအား သေတမ်းစာ (စာချုပ်) ဖြင့် လွှဲအပ်ထားခဲ့မည်" စသည်ဖြင့် ပြောကြားသည်။

"မွန်မြတ်သော စေတနာထားပါသည်။ ဆွေမျိုးရင်းချာ ဝတ္တရား အတိုင်း လာရောက်ပြုစုလိုရင်းဖြင့် လာရောက်ခြင်း ဖြစ်ပါသည်။ ဘထွေးကွယ်လွန်သည့်နောင်ရေးအတွက် ပစ္စည်းများကို လွှဲအပ်မည် ဆိုကလည်း လွှဲအပ်ထားပါ။ ဘထွေးသဘောအတိုင်း လိုက်နာပါ မည်" ဟု ဟေမန္တက ပြန်၍ ပြောကြားသည်။

တူမ ရဇနီကလည်း ဦးရီးက ပစ္စည်းများ လွှဲအပ်လိုကြောင်း ပြောသည်ကို ကြားလေလျှင် "ဝတ္တရားရှိသည့်အတိုင်း မိဘသဖွယ် စေတနာရိုးရိုးဖြင့် ပြုစုလို၍ လာခြင်းဖြစ်ပါသည်" စသည်ဖြင့် ဟေမန္တ ကဲ့သို့ ဦးရီးသူဌေးကြီးအား ပြောကြားသည်။

ဟေမန္တနှင့် ရဇနီတို့မှာ ဆင်းရဲကြသူများ မဟုတ်ကြ။ အသင့် အတင့် ပစ္စည်းဥစ္စာ ချမ်းသာသူများဖြစ်ကြသည်။ သူဌေးတူနှင့် တူမ များ ဖြစ်ကြရုံမျှမက မိဘများကိုကလည်း ပစ္စည်းဥစ္စာများနှင့် ပြည့်စုံကြသူများဖြစ်ကြသည်။ ယုတ်မာသော စိတ်သဘောထားလည်း မရှိကြ၊ အလွန်ရိုးသားဖြောင့်မတ်ကြသူများ ဖြစ်ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သိဒ္ဓသုမန သူဌေးအိုကြီးသည် အိမ်တွင်းရှိ စိန်ရွှေ စသည့် အဖိုးထိုက် အဖိုးတန်ပစ္စည်းများ၊ ကျွဲနွားစသည့် ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သည့် လယ်ယာမြေစသည့် ပစ္စည်းအစုစုကို စာရင်းလုပ်စေသည်။ ပြီးလျှင် မိမိမရှိသည့်နောက် တူ ဟေမန္တ၊ ဟေမန္တမရှိသည့်နောက် တူမ ရဇနီတို့အား အဆင့်ဆင့် လွှဲအပ်ပေးခဲ့ကြောင်း ရေးထားသော ထိုအစုစုပစ္စည်းများပါသည့် သေတမ်းစာ (စာချုပ်)ပေါ်တွင် သိဒ္ဓသုမနသူဌေးကြီး ကိုယ်တိုင်လက်မှတ်ထိုးသည်။ ထို့နောက် မြေတိုင်းစာရေးကြီးထံ တရားဝင်စာချုပ်ကို အပ်နှင်းထားလိုက်သည်။

ထိုခေတ်အခါက ဓာရာတိုင်းတွင် မသေမီ ဤကဲ့သို့ သေတမ်းစာ စာချုပ်ရေး၍ စာရေးကြီးထံ အပ်နှင်းထားကြသော ထုံးစံရှိကြလေသည်။

သို့ဖြင့် ဟေမန္တသည် ဘထွေး သိဒ္ဓသုမန သူဌေးကြီး ပန်းနာရောဂါပျောက်ရေးအတွက် ဆေးဝါးရှာသည်။ ဆရာကောင်း သမားကောင်းများကို စုံစမ်းရာ မကြာမီပင် သမားကောင်းတစ်ဦး၏ သတင်းကိုရ၍ သမားရှိရာသို့ လိုက်သွားသည်။

ဟေမန္တသည် ပန်းနာရောဂါအတွက် ဆေးကောင်းဝါးကောင်းများ ရလာသည်။ ဤမျှတိုက်ကျွေးက ပန်းနာရောဂါ သက်သာပျောက်ကင်းနိုင်သည်ဆိုကာ သမားတော်ကြီးက ဆေး 'ဂ' ခွက်စာ ဟေမန္တအား ပေးလိုက်သည်။

စောစောကတည်းက ချစ်သူရည်းစားရှိနေသော သူဌေးတူမ အလှမယ်ရဇနီသည် ဟေမန္တပန်းနာဆေးသွားတောင်းနေချိန်တွင် ချစ်သူနှင့် ထိမ်းမြားမင်္ဂလာပြုလိုက်လေသည်။ သိဒ္ဓသုမနသူဌေးကြီး စာချုပ်အပ်ထားသော မြေတိုင်းစာရေးကြီး၏သား ကန္တဒေဝဆိုသူနှင့် လက်ထပ်ခြင်းပင် ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိမ်းမြားမင်္ဂလာ ပြုပြီးသည်ဆိုလျှင်ပင် ကြာကြာမနေ၊ သူဌေးတူမ၊ စာရေးကြီးချွေးမ အလှမယ်ရဇနီသည် 'သျှောင်နောက် ဆံထုံးပါ မြဲထုံး' အတိုင်း ယောကျ်ားနောက်သို့ လိုက်သွားရသည်။ ဤကား မိန်းမများသာ သီးခြားတွေ့ကြုံရသည့် ဒုက္ခပင်ဖြစ်၏။

မြေတိုင်းစာရေးကြီးမှာ သားရတနာတစ်ဦးတည်း၏ဖခင်ဖြစ်ရာ မိမိသား ကန္တဒေဝကို အလွန်ချစ်သည်။ ထို့ကြောင့် မိမိချွေးမ၊ သူဌေးတူမ ရဇနီကို ချက်ချင်းအိမ်သို့ ခေါ်ထားခြင်းလည်းဖြစ်သည်။ ချစ်လှသော ချွေးမရဇနီကို ဘာမျှမခိုင်း၊ ဘာမျှဆင်းရဲစွာ မလုပ်စေရ၊ ယုယုယယ ကျွေးမွေးထားသည်။ ထုံးစံသဘောအားဖြင့်ဆိုသော် ထိုခေတ်က ချွေးမကို အလွန်ခိုင်းလေ့ရှိကြသည်။

ဦးရီးသိဒ္ဓသုမနသူဌေးကြီးက ပစ္စည်းများကို စာချုပ်၏ဒုတိယ အဆင့်၌ ရဇနီအားလွှဲအပ်ထားကြောင်း ကန္တဒေဝသိသည်။ မသိ၍ လည်းမဖြစ်၊ ဖခင်စာရေးကြီး၏ စာရင်းရေး စာရင်းစစ် အလုပ်များ၌ မအားရအောင် ကူညီလုပ်ကိုင်နေရာ ကန္တဒေဝ (ရဇနီ၏ ခင်ပွန်း) သည် ထိုအကြောင်းကို ကောင်းစွာသိထားသည်။

ဤသို့ သိထားသော ကန္တဒေဝသည် သူဌေးအိုကြီး ပစ္စည်းဥစ္စာ ရတနာများကို လိုချင်လာသည်။ လောဘတပ်လာသည်။ ထိုမှ တစ်ဆင့် မြန်မြန်လိုချင်သည်အထိ ဖြစ်လာသည်။ မည်သို့လုပ်က သူဌေးကြီး၏ ပစ္စည်းများကို မြန်မြန်ရနိုင်သည်ဆိုသည်များကိုပါ တွေးတောလာသည်။

မိမိအကြံအစည်အောင်ရေးအတွက် စိတ်စောနေသော ကန္တဒေဝ (စာရေးကြီး၏ သားသည်) နေ့ချင်းညချင်း သူဌေးအိုကြီး၏ ပစ္စည်းများကို ရနိုင်သည့် နည်းလမ်းကို ရှာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



'သိဒ္ဓသုမန သူဌေးအိုကြီးမှာ ပန်းနာရောဂါရှိသည်၊ ထိုပန်းနာရောဂါပျောက်ရေးအတွက် ဟေမန္တ (သူဌေးကြီးတူ) က ဆေးရှာ၍တိုက်ကျွေးနေပြီ၊ သူဌေးကြီးအား စတင်တိုက်ကျွေးနေသော ထိုဆေးပုလင်းထဲသို့ အဆိပ်များကို မသိအောင် ထည့်ထားလိုက်က ကိစ္စပြီးနိုင်ပြီ' ဟု ကန္တဒေဝက စဉ်းစားတွေးတောမိသည်။ စဉ်းစားတွေးတောမိသည့်အတိုင်းလည်း ဖြစ်အောင်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ကန္တဒေဝသည် သူကိုယ်တိုင် အဆိပ်များကို ကြိတ်ကာ ရဇနီကား ဆေးအဖြစ် ပေးလိုက်သည်။ "ဦးရီးသိဒ္ဓသုမန သူဌေးကြီးစားမည့် ပန်းနာရောဂါဆေးပုလင်းထဲသို့ ဤဆေးမှုန့်ကလေးများကို အသာထည့်ထားလိုက်ပါ။ ဤဆေးသည် ဦးရီးသူဌေးကြီး၏ ပန်းနာရောဂါ မြန်မြန်ပျောက်ကင်းသက်သာသွားစေပါမည်" ဟု ပြောကာ ရဇနီအား ပေးလိုက်လေသည်။

(သိဒ္ဓသုမနသူဌေးကြီး ပန်းနာရောဂါအတွက်ဆိုပြီး ရဇနီအား ကန္တဒေဝက ဆေးအဖြစ်ပေးလိုက်သော အဆိပ်မှာအခြားမဟုတ်၊ လူများအား လတ်တလော သေစေတတ်သည့် စိန်ပင်ဖြစ်သည်။ စိန်မှာ အလွန်ထက်မြက်သော တန်ခိုးအာနိသင်ရှိရာ သောက်မိသည်နှင့် တစ်ပြိုင်နက် အသက်ကို အန္တရာယ်ပြုနိုင်လေသည်။)

ရဇနီသည် စိန်ဟူ၍မသိ၊ ဆေးဟုတ်သည် မဟုတ်သည် မစဉ်းစား၊ စဉ်းစားရန်လည်း သတိမရ၊ ချစ်သူခင်ပွန်း ကန္တဒေဝကပေးသည့်အတွက် ဆေးအစစ်ဟုပင် မှတ်ထင်နေသည်။ ဤမျှသာမက မိမိဦးရီးရောဂါအတွက် မိမိ၏ခင်ပွန်းက ကူညီဖော်ရသည်ဟု အောက်မေ့ကာ ဝမ်းပင်သာနေပေသည်။

ကန္တဒေဝနှင့် လက်ထပ်ပြီးကာစ ဤအချိန်တွင် ရဇနီသည် မိမိ၏ခင်ပွန်းကို အလွန်ယုံကြည်မြတ်နိုးနေသည်။ အသက်နှင့်ထပ်တူ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြည်ဖြူနေသည်။ ထိုအချိန်တွင် ဆွေမျိုးဉာတိများအတွက် စဉ်းစားရန် အမှတ်မရ၊ ဦးရိုးသိဒ္ဓသုမန သူဌေးကြီးကိုပင် များများသတိမရ၊ ကန္တဒေဝကိုသာ ချစ်နေသည်။ မြန်မြန် ပန်းနာပျောက်မည့်ဆေးဟု ကန္တဒေဝက ပြောလိုက်သည့်အတွက် သံသယမဝင်ဘဲ ဦးရိုးသူဌေးကြီး သောက်နေသည့် ဆေးဘူးထဲသို့ စိန်မှုန့်များကို ထည့်ထားလိုက်သည်။

ဟေမန္တသည် ဘထွေးသူဌေးကြီးအား ကြိုးစားပြီး ဆေးတိုက်သည်။ ဆေးတိုက်သည့်အခါ ဆေးပုလင်းဆေးဘူးကို မလှုပ်၊ အထက်က ဆေးများကိုသာ တစ်ခွက်စာချင်း အသာယူ၍ယူ၍ တိုက်သည်။ ပျောက်စေချင်လှသည့် ဓာစေတနာဖြင့် တိုက်ရာ ဆေး ၇ ခွက်မျှပင် ကုန်ခဲ့ပြီး တစ်ခွက်စာမျှသာ ကျန်တော့သည်။

ဟေမန္တသည် ရဇနီကိုပင် ဆေးတိုက်မခိုင်း မိမိကိုယ်တိုင် တိုက်သည်။ ရဇနီကိုစိတ်မချ ကိုယ်တိုင်တိုက်ရမှ အားရသည်။ အချိန်အဆလွဲမှားမည်ကို စိုးရိမ်သည်။

သူဌေးအဘိုးကြီးသည် စိန်ပါသော ဆေး ၆ ခွက် ၇ ခွက်မျှ သောက်မိသော်လည်းမသေ၊ သို့ရာတွင် ဝေဒနာမှာ မသက်သာ၊ ပို၍ပင် ရောဂါတိုးလာ ဆိုးလာသလို ဖြစ်နေသည်။ အလွန်မူးဝေသည်၊ အော့ချင် အံချင်သလို မချိမဆံ့ဖြစ်နေသည်။ ဆေးကြောင့် တိုးလာဆိုးလာသည်ဟု တစ်ထစ်ချဆိုနိုင်သည်။ အသည်းနှလုံးတွေ ကျွမ်းမတတ် ပူနေသည်။ မီးဖြင့် မြိုက်ထားသည့်အလား များစွာ ဝေဒနာခံနေရသည်။

အပိတ်ကိုဖွင့်၍ ဆေးပုလင်း (ဆေးဘူး) ထဲ စိန်များကို ထည့်လိုက်စဉ်က စိန်များမှာ ဆေးမှုန့်များအပေါ်မှာသာ အသာမနေ စိန်မှာလေးသောအချိန်ရှိသဖြင့် နူးညံ့သော ပန်းနာဆေးမှုန့်များ အောက်သို့ ဆင်းသွားခဲ့သည်။ တဖြည်းဖြည်း ငုပ်သွားဝပ်သွားခဲ့သည်။ ထို့ကြောင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



၈ ခွက်စာ ပေးလိုက်သော ဆေးကို တစ်ခွက်စာမျှ ကုန်သည်အထိ တိုက်မိသော်လည်း သူဌေးကြီးမှာ မသေခြင်းဖြစ်သည်။

သို့ရာတွင် စိန်မှုန့်များမှာ အောက်သို့အားလုံး ငုပ်မသွား ဝပ်မသွား၊ အနည်းငယ်ပန်းနာဆေးနှင့် ရောစပ်ထားသလို ဖြစ်နေသည်။ ငုပ်သွား ဝပ်သွားသည်ဟုဆိုလင့်ကစား ကြိတ်ထား၍ သေးငယ်လှသည့် စိန်မှုန့်ကလေးများမှာ ပန်းနာဆေးနှင့်အတူ ရပ်နားနေရစ်သည်များလည်း အနည်းငယ်ရှိသေးသည်။ အောက်သို့ တော်တော်များများဆင်းသွားရောက်သွားသော စိန်မှုန့်ကလေးများကလည်း ဘာသာမနေ၊ ဓာတ်၏သဘောကို ပြနေသည်။ အထက်မှ ပန်းနာဆေးများကို အောက်မှ စိန်ခိုးများက မှုတ်လွှင့်ပေးသလိုဖြစ်နေသည်။

ထို့ကြောင့် ၇ ခွက်စာမျှ သောက်မိသော သူဌေးကြီးသည် မူးဝေအော့အံ မချိမဆံ့ ခံနေရခြင်းဖြစ်သည်။ အသက်သေဆုံးသည်အထိ အန္တရာယ်မရောက်သေးဘဲ အသည်းနှလုံးများကို မီးကျီးများဖြင့် အုံးထားသည့်အလား အလွန်ပူပြင်းလှသည့် ဒဏ်ကို ခံနေရခြင်းဖြစ်သည်။

သူဌေး သိဒ္ဓသုမနကလည်း ဆေးတစ်ခွက် နှစ်ခွက် သောက်မိကတည်းက တွေးသည်။ ‘ငါ့ရောဂါမှာ မသက်သာ၊ ငါ့ဝေဒနာမှာ မထူးခြား၊ ပို၍ပင် ဆိုးဝါးလာသည်ဟု ထင်သည်။ ဤမျှမက အသည်းနှလုံးကများ အောင့်သည်၊ နာသည်အထိ ဖြစ်လာသည်။ ငါ့အား တိုက်ကျွေးသော ဆေးသည် ရိုးရိုးပန်းနာဆေးများ မဟုတ်တန်ရာ အဆိပ်တွေ ဖြစ်တန်ရာသည်’ ဟူ၍ ဖြစ်သည်။

ဟေမန္တအား မသက်သာကြောင်း ဖွင့်မပြောခဲ့သောကြောင့် ဆေးများကို ဆက်၍သာ တိုက်နေသည်။ ဤသို့သောက်မိသည်နှင့် အမျှ ဝေဒနာကလည်း တိုးတိုးလာသည်။ ထိုအခါ ‘တန်တော့၊

www.facebook.com/NyisayEbookCreator
www.nyisay.com



ငါအစက တွေးမိသည့်အတိုင်း ငါသောက်နေရသည့် ဆေးများမှာ မုချအဆိပ်တွေဖြစ်သည်။ ၇ ခွက်အထိလည်း သောက်ပြီးပြီ၊ ဆေးတွေ လွန်ကုန်ပြီ၊ ရတော့မည်မဟုတ်၊ သေရတော့မည်၊ အလွန်ယုတ်မာ မိုက်ကန်းလှသော ဟေမန္တသည် ငါမြန်မြန်သေမှ ငါ့ပစ္စည်းဥစ္စာများကို သူမြန်မြန်ရမည်ဟုတွေးကာ အဆိပ်များကို တိုက်ကျွေးခြင်းဖြစ်သည်။ ဤမျှ စေတနာဆိုးလှသော ဟေမန္တအား အညာမပေးနိုင်၊ လူသတ် သမားအဖြစ် သူ့အား လူကြီးများသို့တိုင်မည်’ ဟု သိဒ္ဓသုမနသူဌေး သည် စိတ်နာနာနှင့် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်သောအချိန်၌ သူဌေးသိဒ္ဓသုမနမှာ မျက်ဖြူတွေ ဆိုက် အမောပင် ဖောက်နေပေပြီ။

သို့သော် သတိကောင်းလှသည့် သူဌေးသည် ရွာလူကြီးများနှင့် ရွာသူကြီးအား အခေါ်ခိုင်းတော့သည်။ အကြောင်းကို ဖွင့်မပြောဘဲ ဟေမန္တအား “သွားပါ၊ ရွာလူကြီးများနှင့် ရွာသူကြီးအား ခေါ်ချေပါ” ဟု လွှတ်လိုက်သည်။

ဟေမန္တလည်း ဘထွေး၏ဆန္ဒအတိုင်း ရွာသူကြီးနှင့် ရွာလူကြီး များကို အတင်းပြေးပြီး ခေါ်သည်။ တစ်ယောက်ပြီး တစ်ယောက်ပင် အမြန်ခေါ်သည်။ ဟေမန္တသည် သူတိုက်သော ဆေးထဲ၌ စိန်ပါနေ သည်ကို အနည်းငယ်မျှ မရိပ်မိ၊ ရိပ်မိစရာလည်း မရှိပေ။

ဘုရင့်သမားတော်ကြီး ပေးလိုက်သော ပန်းနာဆေး မကောင်း သောကြောင့် မသက်သာဘဲ သူ့ဘထွေး၏ ရောဂါတိုးလာသည်ဟု အောက်မေ့သည်။ အခြားတစ်စုံတစ်ရာကိုလည်း မတွေးတော မစဉ်း စားမိပေ။

ရွာသူကြီးနှင့် လူကြီးများရောက်သောအခါ သူ့ဘထွေးက မိမိ အား လူသတ်သမား လူသတ်တရားခံအဖြစ် တိုင်တော့မည်ကိုလည်း

www.facebook.com/NyisayEbookCreator
www.nyisay.com




နားမလည်၊ သည်ကဲ့သို့ တိုင်လိမ့်မည်ဟုလည်း သူနည်းနည်းမှမထင်၊ ရိုးရိုးအခေါ်လွှတ်သည်ဟုသာ ထင်သည်။ ရိုးရိုး မှာစရာများ မှာလိုသောကြောင့်ဟုသာ အောက်မေ့သည်။

ပန်းနာဆေးကလည်း စိန်အရောင်အသွေးကဲ့သို့ ဖြစ်နေရာ ဟေမန္တအဖို့ ဘာမှတွေးဖို့မလို၊ ဘာမှယုံမှားသင်္ကာဖြစ်စရာမရှိ၊ ရိုးသားဖြူစင်သော စိတ်သဘောထား စေတနာရှိသူပီပီ အခြားသူ တစ်ဦးဦးက ဆေးထဲ၌ အဆိပ်လာခတ်ထားလို့လားဟုလည်း မတွေးတော၊ မဝေဖန်တတ်။ ဘုရင့်သမားတော်ထံမှ တောင်းယူတိုက်ကျွေးသော ဆေးကိုက တန်ခိုးအာနိသင်မရှိ၍သာဟု မှတ်ထင်သည်။

ထို့ကြောင့် ဟေမန္တသည် ညှိုးနွမ်းသော မျက်နှာထား အားငယ်သော အသွင်နှင့်ဖြစ်နေသည်။ ရွာသူကြီးနှင့် လူကြီးများကို သွားခေါ်စဉ်၌မူ မျက်ရည်အသွယ်သွယ်နှင့်ဖြစ်နေသည်။ သူ့ဘထွေး ကွယ်လွန်မည်ကို စိုးရိမ်ပူပန်နေသည်။ အပေါ်ယံမဟုတ်၊ များစွာ ပူဆွေးသောက ကြုံနေလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ရဇနီ

## အပိုင်း (၂)

သူဌေးကြီး၏တူမ စာရေးကြီးချွေးမ ရဇနီမှာ ဦးရီးသိဒ္ဓသုမန ဤမျှအသည်းအထန် ဖြစ်နေသည်ကိုမသိ၊ ခင်ပွန်းသည် ကန္တဒေဝ၏ အိမ်၌ ပျော်နေသည်။ ရဇနီသည် လက်ထပ်ပြီးကာစ ဖြစ်သောကြောင့် ကန္တဒေဝ၏အနားမှမခွာ၊ သူတို့နှစ်ဦးသည် ကြားကလေသွေးဝေး သည်ဟု ထင်နေကြသည်။

ကန္တဒေဝကလည်း သူမ၏ ဦးရီးသူဌေးကြီးထံသို့မလွှတ် လက်ထပ်ပြီးစ မယားလှဖြစ်သောကြောင့် ဘယ်မှမသွားစေလို၊ သိဒ္ဓ သုမနသူဌေးကြီးမှာ မိမိ၏လက်ချက် ဆေးဆိုသည့်စိန်ကြောင့် အသက်ချမ်းသာမည်မဟုတ်၊ ဤအချက်ကိုသိသောကြောင့်လည်း ဇနီး သည်အား ဦးရီးထံသို့ မသွားစေလိုခြင်း ဖြစ်လေသည်။

အကယ်၍ သိဒ္ဓသုမနအား သွား၍ပြုစုနေက သိဒ္ဓသုမနသေဆုံး သွားသည့်နောက် ရဇနီအပေါ် တာဝန်ရောက်မှာ စိုးသည်။ သိဒ္ဓသုမန သေဆုံးခြင်းနှင့် ပတ်သက်၍ ရဇနီတရားခံဖြစ်မည်ကို စိုးသည်။ ဆေးဆိုသည့် 'စိန်' ကျွေးမှုကြောင့် သေဆုံးရသည်ဟု နောင်အခါ လူအများသိရှိပြီး ပေါ်ချင်ပေါ်လာမည်။ ထိုအခါ သူနှင့် သူဇနီး ရဇနီမှာ လုံးလုံးတရားခံမဖြစ်စေလို၊ ရှင်းရှင်းကင်းကင်းဖြစ်စေလိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အမြဲမကွာ ဆေးတိုက်ကျွေး ပြုစုနေသူ ဟေမန္တသည်သာ တရားခံ ဖြစ်စေလိုသည်။ ဟေမန္တ၏ လုပ်ကြံမှုဖြစ်ပြီး ဟေမန္တအပေါ်သာ အားလုံးအမှုပတ်စေလိုသည်။ ထို့ကြောင့် မိမိလုပ်ထားချက်အတွက် များများစိတ်မချ၊ စိတ်မလုံသော ကန္တဒေဝသည် ချစ်ကြင်နာစ မယား လှအား သူမ၏ဘထွေး သူဌေးကြီးထံ ပို၍ မသွားစေလိုခြင်းဖြစ်သည်။ ဆေးဟု ပြောသည့် 'စိန်' ကို ထည့်ထားစေပြီးခဲ့သည့်နောက် တစ်ခေါက်မှ မလွှတ်တော့ပေ။

ရွာသူကြီးနှင့် လူကြီး ၅ ဦးတို့မှာ စောစောကတည်းက သိဒ္ဓ သုမနသူဌေးကြီး ပန်းနာရောဂါ အသည်းအထန်ဖြစ်နေကြောင်း သတင်းကြားထားကြသည်။ သူ့ဘထွေး ရောဂါမသက်သာ၍ဆိုပြီး မျက်ရည်တွေ အသွယ်သွယ်နှင့် အပူသည်အဖြစ် လာရောက်ခေါ်သော ဟေမန္တကို မြင်ကြသောအခါ ကပျာကယာလိုက်သွားကြသည်။ ရပ်ရေး ရွာရေး၌ မဖင့်နွှေးတတ်ကြသော ရွာသူကြီးနှင့် လူကြီးများ သည် အားလုံးပင် အပြေးကလေး လိုက်သွားကြသည်။

ရှေ့နောက်ဆိုသလို တစ်ယောက်ပြီးတစ်ယောက် ရောက်ကြ သည်။ ရောက်ကြသည်ဆိုလျှင်လည်း တစ်ယောက်မှ မျက်နှာမရွှင်နိုင် ကြ၊ ကံကောင်းမှ သိဒ္ဓသုမန ဤသောင်မှ တက်နိုင်မည်ကို မြင်ကြ သဖြင့် ဝမ်းနည်းသွားကြသည်။

သူဌေးကြီး သိဒ္ဓသုမနမှာ သေငယ်ဇောနှင့် မျောနေပြီဟု မဆိုနိုင် သေးသော်လည်း မည်သူမည်ဝါဟူ၍ ကွဲကွဲပြားပြား မခွဲခြားနိုင်တော့၊ ရွာသူကြီးနှင့် လူကြီးများ ရောက်လာပြီဆိုသည်လောက်သာ သိတော့ သည်။ သို့ဖြင့် မျက်ဖြူလှန်၍ သူ့အနား ရောက်နေသူများကိုကြည့် သည်။ ခဏအကြာ တစ်စုံတစ်ယောက်ကို အမြန်တွေ့မြင်လိုဟန် မျက်ဖြူလန်နေသည့် သူ့မျက်လုံးကြီးများဖြင့်ရှာသည်။ သူ့အနားတွင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှိနေသော ဟေမန္တနှင့် သူ၏ မျက်လုံးကြီးများ တန်းမိသွားသောအခါ လိုနေသူကို တွေ့မြင်ရပြီအလား ဖြစ်သွားသည်။ သို့သော် ဆက်၍ ဘာမှမလုပ်နိုင်၊ ဘာမှမပြောနိုင်၊ တော်တော်မောသွားသည်။ အခြေ မကောင်းလှသော သိဒ္ဓသုမနသည် သူ့ကိုယ်သူကြိုးစားပြီး အားယူ လိုက်သည်။ ထို့နောက် မကြာမီမှာပင် သူတိုင်ကြား ပြောလိုသည် များကို တိုင်ကြားတော့သည်။

"ရှာသူကြီး ရှာလူကြီးများ၊ ဟေမန္တသည် အလွန်ယုတ်မာသည်။ ကျွန်ုပ်ပစ္စည်းများကို မြန်မြန်ရလို၍ ကျွန်ုပ်အား အဆိပ်ကျွေး သတ်ပါ သည်။ ဤတိုင်ချက်များကို ရေးယူထားလိုက်ကြပါ။ သူ့ကို အရေးယူ ရစ်ကြပါ" ဟူသော တိုင်တန်းချက်များကို မနည်းအားယူပြီး တိုင်သွား သည်။ ဤကဲ့သို့တိုင်၍ ပြီးသွားသည်နှင့် တစ်ပြိုင်နက်လိုလို ရှာသူကြီး နှင့် လူကြီးများရှေ့မှောက်တွင် သိဒ္ဓသုမန အသက်ပျောက်သွားသည်။ တိုင်တန်းချက်ကို သဲကွဲအောင် ဂရုစိုက်နားထောင်ကြရသည်။ ရှာ သူကြီးနှင့် ရှာလူကြီးများမှာ မမှားအောင် ဂရုစိုက်လျက် တိုင်တန်းချက် ကို ရေးမှတ်ထားလိုက်ကြရသည်။

သူဌေးကြီး အသက်ပျောက်သွားပြီးသည့်နောက် ဟေမန္တအား ဖမ်းတော့သည်။ သေငယ်ဇောနှင့် မျောနေစဉ် ဘထွေးသူဌေးကြီးက သူ့အား တရားခံအဖြစ် တိုင်သွားသည်ကို နားနှင့်ဆတ်ဆတ် ကြား ထားလိုက်ရသော ဟေမန္တသည် ဘယ်လိုမှ မငြင်းသာတော့။ သူ့အား တရားခံအဖြစ် တိုင်တန်းချက်ကို ရှာသူကြီးနှင့် လူကြီးများက သေသေ ချာချာ ရေးထားလိုက်မှန်း ကိုယ်တိုင်မြင်ထားသည်ဖြစ်ရာ ဟေမန္တမှာ ဘယ်လိုမှမရှောင်သာတော့၊ တိုင်တန်းချက်က ချည်ပြီးတုပ်ပြီး နှောင်ကြိုးတည်းပြီးသကဲ့သို့ ဖြစ်နေသည်။ သို့ဖြစ်ရာ ရှိစေဟုဆိုကာ မျက်စိမှိတ်ပြီး အဖမ်းခံလိုက်ရတော့သည်။ ရှာသူကြီးနှင့် လူကြီးများက

www.facebook.com/NyisayEbookCreator
www.nyisay.com



တိုင်ချက်ရှိ၍ တရားသဖြင့် ဖမ်းကြခြင်း ဖြစ်သည်ဟုလည်း ဟေမန္တ သံသယကင်းစွာသိသည်။

ရှာလူကြီးငါးဦးတို့မှာ သမာသမတ်ရှိသော လူကြီးများဖြစ်ကြသည်။ နာယကဂုဏ်နှင့် ပြည့်စုံသောလူကြီးများ ဖြစ်ကြသည်။ ရွာသူရွာသားများက ရွေးကောက်တင်မြှောက်ထားသည့် လူကြီးများလည်း ဖြစ်ကြရာ ပို၍တည့်မတ်ကြသည်။

တောင်သူလယ်သမား လူတန်းစားထဲမှတစ်ဦး၊ ဆတ္တာသည်များထဲမှတစ်ဦး၊ ရွာထဲမှ အသက်အကြီးဆုံးပုဂ္ဂိုလ်၊ ခဝါသည်များထဲမှ တစ်ဦးနှင့် ဖိနပ်ချုပ်သမားများထဲမှတစ်ဦး၊ ဤငါးဦးသောသူများကို လူကြီးများအဖြစ် ရွေးကောက်တင်ထားကြခြင်း ဖြစ်သည်။

သူဌေးကြီး၏ ဈာပနကိစ္စပြီးသွားသောအခါ ဖမ်းထားသည့် ဟေမန္တကို စစ်ကြသည်။ "အသင်ဆေးတိုက်သည်မှာ မှန်ပါသလား၊ သင့်အပြင် ဘယ်သူလာ၍ သူဌေးကြီးအား ဆေးတိုက်သေးသလဲ၊ အသင်တိုက်သောဆေးက ဘယ်ကဲ့သို့သော ဆေးဖြစ်သလဲ" စသည်ဖြင့် ရွာသူကြီးနှင့် လူကြီးများက စစ်ဆေးကြသည်။

"အကျွန်ုပ်တိုက်သည်မှာ မှန်ပါသည်။ ကျွန်ုပ်အပြင် ဘယ်သူမှ လာ၍ ဆေးမတိုက်ပါ၊ ကျွန်ုပ်တစ်ယောက်တည်းသာ တိုက်ပါသည်။ တိုက်သည့်ဆေးမှာ သမားတော်ကြီးထံမှ တောင်းလာသော ပန်းနာဆေးဖြစ်ပါသည်။ ထိုပန်းနာဆေးဘူးလည်း ယခုရှိပါသည်" ဟု ဟေမန္တက အစစ်ခံသည်။

ရပ်ရွာတရားသူကြီးများသည် ဆေးဘူးကိုကြည့်ကြသည်။ ဆေးမှာ များများမတွေ့ရတော့၊ တစ်ခွက်စာမျှသာ တွေ့ရသည်။ ၈ ခွက်စာ ပေးလိုက်သောဆေးမှာ ၇ ခွက်စာမျှ တိုက်ပြီးဖြစ်၍ တစ်ခွက်စာမျှ တွေ့ရခြင်းဖြစ်သည်။ အရပ်တရားသူကြီးများသည် သမားတော်ကြီးထံ

www.facebook.com/NyisayEbookCreator
www.nyisay.com



သွား၍ မေးကြပြန်သည်။ ဆေးဘူးကိုပြ၍ မေးကြရာ၊ သမားတော်ကြီးက ဆေးဘူးကို ယူကြည့်ပြီး "ကျွန်ုပ်ပေးသော ဆေးများမှာ ဤဆေးများမဟုတ်၊ ပေးလိုက်သောဆေးများကို ဤဘူးထဲ၌ အနည်းငယ်မျှသာ တွေ့ရသည်။ စိန်တွေသာဖြစ်သည်။ စိန်တွေကသာ များနေသည်" ဟု ဆေးကို စစ်ဆေးပြီး ပြောပြလိုက်သည်။ ဘူးထဲမှာ သွန်ပြီး သေသေချာချာကြည့်ကာ "ဤသည်များမှာ စိန်၊ စိန်ထဲမှာ အနည်းငယ်ရောနေသည့် အမှုန့်ကလေးများမှာ ကျွန်ုပ်ပေးလိုက်သော ဆေး" ဟု ဘူးထဲမှာ သွန်ချထားသည့် ဆေးများကို လက်ညှိုးထိုးကာ ခွဲခြား၍ ပြလိုက်သည်။

ထို့အပြင် "သူပေးလိုက်သော ပန်းနာဆေးထဲတွင် စိန်တွေ ထည့်တိုက်ခြင်းဖြစ်မည်။ စိန်မှာ အလေးချိန်လေးသဖြင့် ပန်းနာဆေးနှင့် အတူရောမနေ၊ အောက်ရောက်ပြီး စိန်ချည်းသက်သက်မျှ ကျန်နေခြင်းဖြစ်သည်။ သို့ဖြစ်၍ ၇ ခွက်မျှ တိုက်သော်လည်း ချက်ချင်းမသေဘဲ သူဌေးသုမနသည် တဖြည်းဖြည်းမှ သေသွားခြင်းဖြစ်သည်" ဟု အရပ်တရားသူကြီးများအား သမားတော်ကြီးက အစစ်ခံရင်း ရှင်းပြလိုက်သည်။

ဆေးဘူးထဲကလည်း စိန်များတွေ့ထားသည်။ သူဌေးကြီးသိဒ္ဓသုမနကလည်း အသက်ပျောက်ခါနီး ဟေမန္တက အဆိပ်ခတ်၍ သတ်ပါသည်ဟု တိုင်သွားသည်။ ဤအချက်နှစ်ချက်က သက်သေခိုင်မာနေသည်။ မပြေးသော် ကန်ရာရှိဆိုသလို ဖြစ်နေသည်။ ထိုမှ တစ်ဖန် ဟေမန္တကိုယ်တိုင်က သူတစ်ယောက်တည်းသာ ဆေးတိုက်ကြောင်း အစစ်ခံထားလိုက်ပြန်သေးရာ၊ အမှုမှာပို၍ကြီးနေ ခိုင်မာနေသည်။ ထို့ကြောင့် အရပ်တရားသူကြီးများသည် ဟေမန္တအား "သေစား သေစေ" ဟု အမိန့်ချလိုက်ကြရတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤကဲ့သို့ ဟေမန္တအား သေစားသေစေ အမိန့်ချသောအချိန်၌ ဟေမန္တတို့ရွာတွင် ရသေ့တစ်ပါး အလှူခံကြွဝင်လာသည်။ ငါလည်း ကံဆိုး၍ သေရတော့မည်။ ရွာသားတွေမှာလည်း မကောင်းကြ၊ ယုတ်မာကြသည်။ ငါ့၌ရှိသော ပစ္စည်းဥစ္စာရတနာကလေးများကို ထိုရသေ့အား လှူဒါန်းလိုက်တော့မည်။ သို့မှဖြစ်ရာဘဝ ကောင်းကျိုး ခံစားရတော့မည်။ ဤဘဝမျိုးနှင့် ဘယ်တော့မှ မကြုံရလိုကြောင်း ဆုတောင်း၍ လှူလိုက်တော့မည်။ ငါ့အား မတရားသဖြင့် တရားစီရင် သည့် ရွာသူရွာသားများအား မပေးထားရစ်လိုတော့" ဟု စဉ်းစားမိသည်။

သို့ဖြင့် အရပ်တရားသူကြီးများကို လှူလိုကြောင်း ခွင့်တောင်းကာ အဖိုးထိုက် အဖိုးတန် ရတနာများကို အထုပ်ကလေးထုပ်ပြီး ရသေ့အား လှူလိုက်သည်။ ရတနာဖြစ်သည်ဟူ၍လည်း ရသေ့မြတ်အား မလျှောက်ထားလိုက်၊ ရသေ့မြတ်ကလည်း ဘာလှူသည်ဟူ၍ မကြည့်၊ ခဲဖွယ် ဘောဇဉ် တစ်ခုခုထင်ကာ အလှူခံသွားသည်။ ဤဘဝမျိုးနှင့် ဘယ်တော့မှ မကြုံတွေ့ရပါလို၏ဟု ဆုတောင်းလိုက်သည်။

အရပ်တရားသူကြီးများတွင် သတ်စေအာဏာမရှိ၊ သတ်မိန့်ကို မပိုင်၊ တရားခံတစ်ယောက်ယောက်ကို အဆုံးစီရင်လိုက အထက် အမိန့်ကို ခံရသေးသည်။ ဘောဇဘုရင်အောက်ရှိ အထက်ရုံးတော် တရားသူကြီးထံမှ အမိန့်ရမှ သတ်နိုင်သည်။ ထို့ကြောင့် ဟေမန္တကို အဆုံးစီရင်ရန် အထက်ရုံးတော်တရားသူကြီးထံသို့ အမိန့်ခံရန်သွားကြသည်။ မြင်းများဖြင့် အမိန့်ခံဖို့ သွားကြသော်လည်း ၂ ရက် ၃ ရက် ကား ကြာတတ်သေးသည်။

အမိန့်ခံရာမှ ပြန်ရောက်မည့်နေ့တွင် ရွာသူကြီးနှင့် လူကြီးများ သည် ဟေမန္တအား လက်ပြန်ကြိုးတုပ်၍ သူသတ်ဌာနသို့ ထုတ်သွား

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြသည်။ သူသတ်ဌာနသို့ ရောက်သွားက လက်ပြန်ကြိုးမျှဖြင့်မထား၊ လက်ဝါးကပ်တိုင်ကပ်၍ နှောင်ကြိုးများတည်းထားလိုက်ကြသည်။ အမိန့်ရောက်လာသည်နှင့်တစ်ပြိုင်နက် အဆုံးစီရင်နိုင်ရန် အသင့်စီမံထားကြခြင်း ဖြစ်သည်။

ကနကရွာရှိ လူအများသည် ဟေမန္တအဆိပ်ခတ်သတ်၍ သိဒ္ဓသုမန သေရသည်ဆိုသည့်သတင်းကို ကြားကတည်းက နားစွင့်နေခဲ့ကြသည်။ အချို့ကမူ မယုံကြ၊ အချို့ကမူ ယုံကြသည်။ အချို့က လည်း မဖြစ်နိုင်ဟု လူများကြားအောင် ပြောကြသည်။ ဖြစ်နိုင်သည်ဟု တီးတိုးပြောဆိုကြသူများလည်း မနည်းပေ။ ဤကိစ္စနှင့် ပတ်သက်၍ အမျိုးမျိုးဝေဖန်ကြ တွေးတောကြသည်။

ဤကဲ့သို့ သေစား သေစေဆိုသည့် အမှုမျိုးမှာ အနှစ်နှစ်အလလနေသော်မှ ကြုံခဲလှသည်။ ၄၊ ၅ ဆယ်နှစ်တစ်ခါ ဓာရာတိုင်းတွင် ရှိချင်မှရှိသည်။ မကြုံခဲ့ဘူးကြ၊ မတွေ့ခဲ့ဖူးကြ။ သို့ဖြစ်၍ ကနကရွာသူ ရွာသားများသည် သူသတ်ဌာနသို့ ထုတ်သွားသည့် ဟေမန္တအား လိုက်ကြည့်ကြသည်။ ယုံသူရော မယုံသူပါ လိုက်ကြည့်ကြသည်။

ကိုယ်ချင်းစာ တရားရှိသူများကမူ အလွန်သနားကြသည်။ မျက်ရည်များ ကျသည်အထိ သနားသူများပင် ရှိကြသည်။ ဟေမန္တမှာ အလွန်ရိုးသားသူ မှန်ကန်သူဟု နားလည်သူများ၊ နီးစပ်ကြသဖြင့် ဟေမန္တမှာ များစွာ စိတ်စေတနာကောင်းရှိသူဟု သိထားသူများက ပို၍ အသည်းနာကြသည်။ သွေးရင်း သားရင်းမခြား များစွာယူကြုံးမရ ဖြစ်ကြသည်။ ဤကဲ့သို့ ဗြဟ္မစိုရ်တရားကပ်သူများက 'တစ်နည်းနည်းနှင့် ဟေမန္တလွတ်ပါစေ၊ သတ်မိန့်သော်လည်း မရခဲ့ပါစေနှင့်' ဟု ဆုတောင်းကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဟေမန္တသည် ရပ်ထဲရွာထဲတွင် အနေကောင်းလှသည်။ အပြော အဆို လိမ္မာလှသည်။ ဆက်ဆံမှုတွင်လည်း ယဉ်ကျေးသိမ်မွေ့လှ သည်။ သို့ဖြစ်ရာ ရပ်ရွာလူထု လူများစုသည် ဟေမန္တအတွက် နည်းနည်းမှ စိတ်မချမ်းသာကြ၊ ရွာသူကြီးနှင့် လူကြီးများ၏အာဏာ ကို မဖီဆန်ဝံ့၍သာ နေကြရသည်။ အမိန့်ကို မတော်လှန်ဝံ့၍သာ နေကြရသည်။ ပြောသင့်ပြောထိုက်သည်ကို ပြော၍ရမည်သာဆိုက "လွှတ်ပါ၊ ဟေမန္တကိုသတ်ဖို့ မစီစဉ်ကြပါနှင့်" ဟု လူတိုင်းက ပြောချင်ကြသည်။

အချိန်လည်း တော်တော်လင့်သွားပြီ။ ခပ်စောစောကတည်းက နှောင်ကြိုးတွေ တင်းလှအောင် တည်းထားပြီး လက်ဝါးကပ်တိုင် ကပ်ထားခြင်း ခံနေရသော ဟေမန္တသည် ကံတရားပဲဟု အောက်မေ့ နေသည်လားမပြောတတ်၊ သစ္စာတရားဆိုသည်မှာ လောကတွင်ရှိ၏ ဟု စဉ်းစားနေသည်လားမသိ၊ အပြောကျယ်လှသည့် လောကကြီး အတွင်း၌ မှန်မမှန် ကောင်းမကောင်း စသည့်မှုခင်းတွေ အပြည့်ရှိနေ သည်ဟု တွေးတောနေသလား မဆိုနိုင်၊ မည်သည့်အခါကနှင့်မှမတူ အတွေဝေကြီး တွေဝေနေသည်။ သူသတ်သမားတို့ကား မည်သူ့ကိုမှ ပမာဏမထား၊ ဓားတမြမြ ဓားတဝင့်ဝင့်နှင့် ဖြစ်နေကြသည်။

အချိန်လင့်သွားသည်နှင့်အမျှ သတ်မိန့်ခံသွားသူတို့လည်း ပြန် ရောက်ချိန်နီးချေပြီ။ မြင်းခွာသံ တခွမ်းခွမ်းနှင့် သူသတ်ဌာနသို့ တန်းလာကြသည်။ ထိုအခါ "ဟော ပြီးရော၊ ခက်ပြီ" ဆိုသော သဘောဖြင့် ရွာသူရွာသားများလည်း လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ လုံးလုံးမှ မကြည့်လိုကြ၊ မမြင်လိုကြတော့။ 'လူကောင်းကလေး ဟေမန္တတော့ ဒီတစ်ခါ ဆုံးရတော့မည်' ဟူသော အတွေးဖြင့် မျက်နှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



များမကောင်းကြတော့၊ ခေါင်းတွေ အောက်ငုံ့ကုန်ကြတော့သည်။ အားလုံးရွာထဲသို့ ပြန်ဝင်ကြရန် ဟန်ပြင်ကုန်ကြသည်။ ဟေမန္တဘက် မျက်နှာမလှည့်ဘဲ ကျောပေးကုန်ကြတော့သည်။

သို့သော် အထက်ရုံးတော်က သတ်မိန့်မရခဲ့၊ အထက်တရား သူကြီးက အဆုံးစီရင်ရန် အမိန့်မပေးလိုက်၊ ဟေမန္တကို ရုံးတော်သို့ ခေါ်ယူခဲ့ရန်သာ အထက်တရားသူကြီးက အမိန့်ချလိုက်သည်။ နှိပ်စက်ညှဉ်းပန်းမှု မရှိစေရ၊ နှောင်ကြိုးမဲ့ ခေါ်ယူခဲ့ရမည်' ဟုလည်း အမိန့်ပေးလိုက်သည်။

ရုတ်တရက် ဤသတင်းကို ကြားလိုက်ရသော ရွာသူရွာသား များသည်၊ အလွန်ဝမ်းသာသွားကြသည်။ ပြန်ဝင်ကြတော့မည် လုပ်နေ ရာမှပင် ရွာထဲသို့ ပြန်မဝင်ကြတော့၊ အားလုံး စိတ်ချမ်းသာ သွားကြ သည်။ "ငါတို့ဆုတောင်း ကောင်းကောင်းပြည့်ပြီ" ဟုလည်း အောက် မေ့ကြသည်။

အမိန့်ခံရန် လာရောက်ကြသည်ဆိုကတည်းက အထက်တရား သူကြီးက မသင်္ကာ၊ ဟေမန္တအမှုအတွက် ယုံမှားသံသယဖြစ်လာ သည်။ အမှုစစ်ဆေးစီရင်မှုနှင့် ပတ်သက်၍ မစေ့စပ်၊ မမှန်ကန်ဟု ထင်မြင်လာသည်။ ထို့ကြောင့် အထက်တရားသူကြီးက ဟေမန္တအား သူ့ထံသို့ နှောင်ကြိုးမတည်းဘဲ ခေါ်ခဲ့ရန် အမိန့်ချလိုက်ခြင်းဖြစ် သည်။

နောက်တစ်နေ့တွင် ဟေမန္တအား အထက်တရားသူကြီး ရုံးတော် သို့ ခေါ်သွားကြသည်။ ရွာသူကြီးနှင့် လူကြီးများသည် ဟေမန္တအား အဆုံးစီရင်ရန် တရားစီရင် ဆုံးဖြတ်မှုနှင့်ပတ်သက်၍ မိမိတို့ အပြစ် ရောက်နေဦးမည်လားဟု ထိတ်လန့်စိုးရွံ့စွာဖြင့် သွားကြရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အထက်ရုံးတော်သို့ ရောက်လေလျှင် ရှာသူကြီးနှင့် ရှာလူကြီးများသည် နှောင်ကြိုးမပါ ခေါ်ယူလာသည့် ဟေမန္တနှင့်အတူ တရားသူကြီးထံသို့ ဝင်ကြသည်။ တရားသူကြီး ရှေ့သို့ ရောက်ကြသောအခါ "ကျွန်ုပ်တို့သည် ကနကရွာမှ ရွာသူကြီးနှင့် ရွာလူကြီးများ ဖြစ်ကြပါသည်။ ဤလုလင်မှာ ဟေမန္တဆိုသည့် တရားခံဖြစ်ပါသည်။ တစ်နေ့က သူ့အား အဆုံးစီရင်ရန် အမိန့်ခံစဉ်က အမိန့်မပေးလိုက်ဘဲ ခေါ်ခဲ့ရမည်ဟု အမိန့်ချလိုက်သဖြင့် တရားသူကြီးမင်းထံသို့ ယခု ကျွန်ုပ်တို့ လာကြခြင်း ဖြစ်ပါသည်" ဟု ကနကရွာသူကြီးနှင့် ရွာလူကြီးများက ပြောကြားအစီရင်ခံကြသည်။

အထက်ရုံးတော် တရားသူကြီးသည် အမှုသွား အမှုလာကို ထပ်မံ ကြားနာစစ်ဆေးသည်။ ဟေမန္တကိုလည်းကောင်း၊ ရွာသူကြီးနှင့် ရွာလူကြီးများကိုလည်းကောင်း၊ မေးမြန်းစစ်ဆေးသည်။ မလစ်ဟင်း မချွတ်ယွင်းစေရ၊ စေ့စေ့စပ်စပ် စစ်ဆေးသည်။ အကြိမ်ကြိမ် အထပ်ထပ် မေးသင့်သမျှမေး၍ စစ်ဆေးသည်။ ဟေမန္တနှင့် အရပ်တရားသူကြီးများသည်လည်း မလိမ်ဝံ့ကြ၊ ဖြောင့်စင်းမှန်ကန်စွာ ထွက်ဆိုကြ၊ အစစ်ခံကြသည်။ စစ်ဆေးသည်မှာ အထက်တရားသူကြီးမင်းလည်း ဥပဒေရှိသမျှ ကုန်သလောက်ဖြစ်သွားပြီ၊ အမှုသွား အမှုလာ မေးမြန်းသင့်သမျှ မကျန်ရအောင် ဖြစ်နေပြီ။ သို့ရာတွင် အမှုမှာ မပေါ်၊ ဟေမန္တအပေါ် ထပ်၍သာ အမှုပတ်နေသည်။ ဟေမန္တသာ တရားခံအစစ်ဖြစ်နေပြန်သည်။

နောက်ဆုံးတွင် အမှုအပေါ်တွင်ထပ်၍ စစ်စရာမမြင် ဖြစ်လာသည်။ ထို့ကြောင့် "ဟေမန္တအား သေစားသေစေ" ဆိုသည့် စီရင်ချက်ကိုပင် အထက်တရားသူကြီးမင်းကလည်း အမိန့်ချလိုက် ပြန်တော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အထက်တရားသူကြီးမင်း ရုံးတော်သို့ ဟေမန္တတို့ ရွာသူကြီးနှင့် ရွာလူကြီးတို့ လာခဲ့ကြစဉ်က ကနကရွာမှ အဘွားကြီးတစ်ယောက်လည်း လိုက်ပါလာသည်။ ထိုအဘွားကြီးမှာ သားမရှိ၊ သမီးမရှိ၊ လင်မရှိ၊ မုဆိုးမအဘွားကြီးဖြစ်သည်။ ဟေမန္တအား သားအရင်းကဲ့သို့ ချစ်နေသည်။ သားအရင်းမခြားလည်း အားထားခဲ့သည်။ ဟေမန္တ ဤအမှုနှင့် ကြုံခဲ့စကတည်းက တမှိုင်မှိုင်တချွေချွေဖြစ်နေခဲ့ရှာသည်။ အစားအစာများကိုပင် ကောင်းကောင်းမစားနိုင်၊ အိပ်၍လည်း နှစ်နှစ်ခြိုက်ခြိုက်မပျော်၊ များစွာဒုက္ခဖြစ်နေခဲ့ရှာသည်။ နေ့နေ့ညည ဟေမန္တအတွက် သောကတွေ ဝေနေခဲ့ရှာသည်။ သို့ဖြစ်၍ အထက်တရားသူကြီးရုံးတော်သို့ လိုက်လာခြင်းဖြစ်သည်။

ဤမျှလောက် ဟေမန္တအပေါ် သားရင်းမခြား မေတ္တာတရားကြီးမားနေသည့် အဘွားကြီးမှာ ဟေမန္တအား သေစားသေစေဟု အထက်တရားသူကြီးက ပြင်းထန်စွာ အမိန့်ချလိုက်သည်ကို ကြားလိုက်ရသောအခါ အလုံးဆို့မတတ် ဖြစ်သွားသည်။ မျက်ရည်တွေ တွေတွေစီး၍ အပူမီးတောက်သွားသည်။ ငြိမ်ငြိမ်မနေနိုင်၊ ဣန္ဒြေမဆောင်နိုင်၊ တုန်တုန်ရီရီ ဖြစ်နေရှာသည်။ အစတွင် အထက်တရားသူကြီးအား အဝေးမှ တောင်းပန်သည်။ အထက်တရားသူကြီးကလည်း သနားလွန်လွန်းလှ၍ အဘွားကြီးအား ငေးကြည့်နေသည်။ ကိုယ်ချင်းစာတရားများလှသော အထက်တရားသူကြီးမှာ ခဏမျှ တွေဝေနေသည်။ ဟေမန္တအမှုအတွက် အမိန့်ခံလာခဲ့ကြစဉ်ကတည်းက ယုံမှားသံသယမကင်းဖြစ်နေသော အထက်တရားသူကြီးသည် ထိုအခိုက် အဘွားကြီးအား စိုက်၍ကြည့်နေသည်။ ထို့နောက် မကြာမီပင် အထက်တရားသူကြီးရှေ့သို့ အဘွားကြီး အတင်းဝင်တော့သည်။ အဘွားကြီးသည် တရားသူကြီး၏ ခြေသလုံးကို ဖက်၍ငိုသည်။ "ဓာရာတိုင်းတွင် တရား

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖြင့် စိုးမိုးအုပ်ချုပ်သည့် ဘောဇဘုရင်ဆိုတာ ရှိပါသေးသည်။ ပြည်သူလူထုအား ရင်ထက်သားနှင့်မခြား စောင့်ရှောက်သနားသော ဘုရင်ဖြစ်ပါသည်။ အရှင်သခင် အထက်တရားသူကြီးလက်တွင်သာ ဤအမှုကို အပြီးမစီရင်ပါနှင့်ဦး၊ ဘောဇဘုရင်ထံသို့ ရောက်အောင် ပို့ပါဦး။ ဤအမှု ဘုရင့်လက်တော်ရောက်မှ စီရင်ပါစေ၊ ဘုရင်ထံရောက်မှ ဟေမန္တကံတရားအတိုင်းဖြစ်ပါစေ” ဟု အဘွားကြီးက အသနားခံသည်။ ထိုအခါ နာယကဂုဏ်နှင့် ပြည့်စုံလှသော တရားသူကြီးသည် မိမိချပြီးအမိန့်ကို ပြန်ရုပ်သိမ်းလိုက်သည်။ အမိန့်အတိုင်း စီရင်ကြတော့မည့်ဆဲဆဲ ဟေမန္တအား အဆုံးမစီရင်စေတော့ဘဲ “သေစားမသေစေရ၊ ဟေမန္တကို ဘုရင့်ထံသို့ ပို့စေ”ဟု အထက်တရားသူကြီးက တစ်ဖန်ပြန်၍ အမိန့်ချလိုက်သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ရဇနီ

## အပိုင်း (၃)

ဟောမန္တ၏အမှုသည် ရွာသူကြီးနှင့် ရွာလူကြီးများ၏ တရားရုံးမှတစ်ဆင့် အထက်တရားသူကြီးရုံးတော်သို့ အထက်တရားသူကြီးရုံးတော်မှတစ်ဖန် ဘုရင့်ထံသို့၊ ရောက်ရပြန်ပေပြီ။

ဘုရင်လည်း ဟောမန္တ၏ အမှုရောက်လာသည်ဆိုလျှင်ပင် ကိုယ်တိုင်စစ်ဆေးသည်။ မည်သည့်အောက်ရုံးတော်သို့မှ မလွှဲအပ်၊ ဘုရင်ကိုယ်တိုင် အထပ်ထပ် စစ်ဆေးသည်။တရားခံဟောမန္တကိုလည်းကောင်း၊ ဟောမန္တတိုက်သည်ဆိုသည့် ဆေးပုလင်း (ဆေးဘူး) ကိုလည်းကောင်း၊ စစ်ဆေးသည်။ ရွာသူကြီးနှင့် ရွာလူကြီးများကိုလည်းကောင်း မေးမြန်းသည်။ မည်သည့်အချက် မည်သည့်ထောင့်ကိုမှ မကျန်စေရ၊ အမှန်သို့ရောက်အောင် စစ်မေးသည်။

ရှင်ဘုရင့်ဘုန်း မိုးသို့ချုန်းနေ၍ တစ်လုံးတစ်ပါဒမျှ မလိမ်ဝံ့ကြ၊ အမှန်အတိုင်း ထွက်ဆိုကြရသည်။ မထိမ်မဝှက် အစစ်ခံကြရသည်။ သူတစ်ယောက်တည်းသာ ဆေးတိုက်ကြောင်း၊ မည်သူမှ ဆေးမတိုက်ကြောင်းနှင့် ပန်းနာဆေး ၈ ခွက်စာမျှ ပေးလိုက်ရာ ၇ ခွက်မျှကုန်၍ ၁ ခွက်စာမျှ အကျန်တွင် သူဌေးကြီးအသက်ကုန်သွားကြောင်း၊ ဟောမန္တက ရိုးရိုးသားသား လျှောက်တင်ထွက်ဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူဌေးကြီး သိဒ္ဓသုမန ဝေဒနာပြင်းထန်စွာ ခံနေရချိန်တွင် ဟေမန္တ ကပျာကယာလာခေါ်ပုံ၊ ရောက်ကြသောအခါ အမောဆိုက်နေသည့် သူဌေးကြီးက ဟေမန္တအဆိပ်ခပ်၍သတ်ကြောင်း သတိကောင်းစွာနှင့် တိုင်သွားပုံများကို ရှာသူကြီးနှင့် လူကြီးတို့ကလည်း စုံအောင် လျှောက်တင်အစစ်ခံကြသည်။

အားလုံးကို စစ်မေးပြီးလျှင် ဘုရင်လည်း အမှုသွား အမှုလာကို ချိန်၍ကြည့်သည်။ ဟေမန္တလျှောက်တင်ထွက်ဆိုချက်များ ရှာသူကြီးနှင့် လူကြီးတို့ လျှောက်တင်အစစ်ခံချက်များကို ဝေဖန်စဉ်းစားကြည့်သည်။ သို့ရာတွင် ဟေမန္တမှာ လွတ်ဖို့မမြင်၊ လွတ်ဖို့ရာ အချက်အလက်မတွေ့ မည်သူမှမတိုက်ဘဲ သူကိုယ်တိုင်သာ ဆေးတိုက်သည်ဆိုခြင်း၊ သူတိုက်သည်ဆိုသော ဆေးဘူးထဲတွင်လည်း စိန်များကို တွေ့ရခြင်း၊ သိဒ္ဓသုမနသူဌေးကလည်း အသက်ကုန်ခါနီး သတိကောင်းစွာဖြင့် သူ့အဆိပ်ခပ်၍ သတ်သည်ဟု အတိအလင်းတိုင်သွားခြင်းများဖြင့် ခိုင်လုံသည့် အစစ်ခံချက်၊ ထွက်ဆိုလျှောက်တင်ချက်များကိုသာ တွေ့ရလေရာ ဟေမန္တအပေါ်ချည်းသာ အမှုပတ်နေသည်။ ဟေမန္တသာ တရားခံအစစ်ဖြစ်နေသည်။ တရားဥပဒေအရ ဟေမန္တမှာ အပြစ်မလွတ်ဖြစ်နေသည်။

ထို့ကြောင့် ဘုရင်ကလည်း 'သတ်စေ' ဟုပင် တစ်ချက်လွှတ် ပြင်းထန်သည့်အမိန့်ကို ချလိုက်ပြန်သည်။

အရပ်တရားသူကြီးများလက်တွင် စစ်ဆေးဆုံးဖြတ်စဉ်က 'အဆုံးစီရင်စေ' တစ်ကြိမ်၊ အထက်တရားသူကြီးမင်း ရုံးတော်တွင် စစ်ဆေးစီရင်စဉ်က 'သေစားသေစေ' တစ်ခါ၊ ယခုဘုရင်ထံ ရောက်ပြန်တော့လည်း 'သတ်စေ' အမိန့်တစ်ဖန်၊ ၃ ကြိမ် ၃ ခါ ဘဝဆုံး ဘဝတုံးအစီရင်ခံနေရသည့် ဟေမန္တမှာ မတုန်မလှုပ်လှ၊ အခြေမပျက်လှ

www.facebook.com/NyisayEbookCreator
www.nyisay.com



တော့ဘဲ ဘဝလောကခံကို ကြိုးစားပြီး ကြံ့ကြံ့ခံနေသည်။ မငို၊ မျက်ရည်မကျ၊ တရားနှင့်ဖြေသည်။

သို့သော် ဟေမန္တမှာ တကယ်မကြောက်ရွံ့၊ မတုန်လှုပ်လှသည်ကား မဟုတ်ပေ။ သေမင်းနှင့် ရင်ဆိုင်ရက ကြောက်ရွံ့သည်ဟူသော သတ္တဝါတို့၏ ဓမ္မတာအတိုင်း ကြောက်ရွံ့ပေသည်။

သူသတ်သမားများသည် ဟေမန္တအား အဆုံးစီရင်ရန် စီမံနေကြပြီ၊ ဘုရင့်နန်းတွင်းမှ သူသတ်ဌာနသို့ထုတ်၍ ဓားနှင့်လည်ကို ခုတ်ဖြတ်ရန် နှောင်ကြိုးတည်းနေကြပြီ။ ထိုအခိုက်တွင် ကာလိဒါသလည်း ဘုရင့်ရှေ့တော်သို့ဝင်လာရာ ဟေမန္တအား နှောင်ကြိုးတည်းနေသည်ကိုမြင်တော့သည်။ ကြမ်းတမ်း၍ ကြောက်မက်ဖွယ် ကောင်းသည့် သူသတ်သမားများက ဆွဲလား ငင်လားလုပ်နေကြသည်ကို မြင်လေရာ ထိုလုလင်အား သတ်တော့မည်ဆိုသည်ကို ကာလိဒါသ သိတော့သည်။

သို့ဖြစ်၍ မျက်နှာလွှဲသွားသော ဘုရင့်ထံ မသွားသေးဘဲ သူသတ်သမားများအား တားထားလိုက်သည်။ နောက်ထပ်အမိန့် တစ်စုံတစ်ရာ မရဘဲ ဤလုလင်အား မည်သို့မှ မလုပ်ရ အမိန့်ပေးထားခဲ့သည်။ ပြီးမှ ဘုရင်ထံရောက်အောင် ကာလိဒါသ အမြန်သွားသည်။ ဘုရင့်အနားသို့ ရောက်လေလျှင် “အို ဘုရင်မင်းမြတ် ဓာရာတိုင်းသည် လူသတ်တိုင်းပြည် မဟုတ်ပါ။ တရားစောင့်သော တိုင်းပြည်ဖြစ်ပါသည်။ တရားနှင့်အညီ ရာဇနီတိနှင့် လျော်စွာ စိုးမိုးသော တိုင်းပြည်ဖြစ်ပါသည်။ မတော်မလျော် အမြော်အမြင်မဲ့ မပြုလုပ်ပါလင့်၊ ပြည်သူလူထုအပေါ် ထောက်ချင့် စာနာပြုသင့်ပါသည်။ ဘုရင်အမိန့်ချ စီရင်လိုက်သည့် လုလင်အား ကျွန်တော်မျိုးထပ်၍ စစ်မေးပါရစေဦး၊ ရာဇဓမ္မကို ကောင်းစွာရှုပါ။ ထိုအမိန့်ကို ပြန်ရုပ်သိမ်းပါ” စသည်ဖြင့် လျှောက်တင်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တရားသဖြင့် တရားစီရင်ခြင်းကိုသာ အလိုရှိသော ဘုရင်လည်း "ရှိစေ၊ အမိန့်ကို ရုပ်သိမ်းပါသည်။ အသင်ကြည့်၍ စီရင်လော့" ဟု ပြန်ပြောကာ အမှုကို ကာလိဒါသအား လွှဲအပ်လိုက်သည်။

သည်ကဲ့သို့ ဘုရင့်အမိန့်ရသောအခါ ကာလိဒါသသည် သူသတ်သမားများ နှောင်ကြိုးတည်းထားသော ဟေမန္တထံသွားသည်။ လက်ပြန်ကြိုးဖြုတ် နှောင်ကြိုးတွေ ရုပ်သိမ်းပြီး ဟေမန္တအား သူ့နောက်သို့ ခေါ်လာသည်။ ခဏအကြာတွင် ဘုရင့်ရှေ့မှာပင် ဟေမန္တအား ကာလိဒါသ စစ်ဆေးသေးသည်။ အမှုသွား အမှုလာကို သေသေချာချာ စစ်မေးသည်။ အရင်းအမြစ်မှစ၍ စစ်ဆေးသည်။

"အသင်လုလင် ဟေမန္တမှာ မွေးချင်းဘယ်မျှ ရှိသနည်း။ သူဌေးသိဒ္ဓသုမနမှာ သားသမီး ဘယ်နှစ်ယောက်ရှိသနည်း။ ဆေးတိုက်စဉ်က အသင်တစ်ယောက်တည်းသာ တိုက်သလား၊ မည်သူမည်ဝါလာ၍ တိုက်သေးသနည်း၊ သူဌေးသိဒ္ဓသုမနမှာ အမွေစား အမွေခံ ဘယ်နှဦးရှိသနည်း၊ သုမနက မည်ကဲ့သို့ လွှဲအပ်ထားခဲ့သနည်း" စသည်ဖြင့် ဟေမန္တအား ကာလိဒါသစ၍ စစ်မေးသည်။

ဟေမန္တကလည်း ကာလိဒါသမေးသမျှ အစီအစဉ်ကျကျ ဖြေဆိုသည်။ ဟုတ်တိုင်းမှန်ရာ အစစ်ခံသည်။ မလိမ်မကောက် ဖြောင့်စင်းစွာ ထွက်ဆိုသည်။ "သူဌေးသိဒ္ဓသုမန၌ အမွေစား အမွေခံ ဘယ်နှဦး ရှိသနည်း" ဟု ကာလိဒါသ အမေးတွင် "အမွေစား အမွေခံ နှစ်ဦး ရှိပါသည်၊ ရဇနီဆိုသည့် နှမဝမ်းကွဲတစ်ယောက် ရှိပါသေးသည်"ဟု ဟေမန္တက ဖြေကြားလိုက်သည်။

ဤအစစ်ခံချက်ကို ကြားသော ကာလိဒါသသည် အမှုသွား အမှုလာကို အားလုံးလိုလို သိသွားသည်။ မျက်မှောက်ထင်ထင် ပြုသွားကြသည့်အလား အစအဆုံးအားလုံးကို မြင်သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ရာတွင် ဤမျှဖြင့် မရပ်သေး၊ ဆက်လက်၍ နောက်တစ်ခွန်း "သူမနက မည်သို့ လွှဲအပ်ထားခဲ့သနည်း"ဟူသော အမေးကိုမေးရာ "ကျွန်ုပ်မရှိသည့်နောက် ရဇနီအား ပစ္စည်းများ လွှဲအပ်သွားပါသည်။ စာချုပ်ကို မြေတိုင်းစာရေးကြီးထံပင် အပ်ထားခဲ့ပါသည်။ ထိုစာရေးမှာ ရဇနီ၏ယောက္ခမ (ရဇနီခင်ပွန်း၏ ဖခင်) ဖြစ်ပါသည်" ဟု ဟေမန္တက ကာလိဒါသအား အစစ်ခံသည်။

ဤမျှစစ်မိသောအခါ ကာလိဒါသက "တော်ပြီ၊ ဤအမှုကို နောက်နေ့မှ စစ်ဆေးမည်" ဟု ပြောဆိုသည်။ ဘုရင့်အားလည်း ဤအမှုကို နက်ဖြန်မှ စစ်ဆေးပါတော့မည်ဟု ကာလိဒါသက လျှောက်တင်သည်။ ဘုရင်ကလည်း မည်သို့မျှ ကာလိဒါသ လျှောက်ထားချက်ကို မတားမြစ်၊ "အသင်ကြည့်စီရင်လော့" ဟု ထပ်မံ မိန့်ကြားလိုက်သည်။ ထို့နောက် မကြာမီမှာ "လာ ဟေမန္တ ငါ့အိမ် လိုက်ခဲ့" ဟု ကာလိဒါသက ဟေမန္တအား ခေါ်သွားသည်။

ဟေမန္တအား ကာလိဒါသက အိမ်သို့ ခေါ်လာသောနေ့ ညနေမှာပင် ရသေ့တစ်ပါး ကာလိဒါသအိမ်သို့ ကြွဝင်လာသည်။ "အသင် ကာလိဒါသ၊ ဤရတနာများကို ရထားပါသည်။ ဤရတနာများဖြင့် လူသားများအကျိုး၊ သတ္တဝါများအကျိုးကို ပြုဘိလော့၊ ရွှေငွေရတနာများဆိုသည်မှာ ရသေ့ ရဟန်းတို့နှင့် မသင့်လျော်ပါ။ နံနက်ဆွမ်းအတွက် ကနကရွာသို့ ဆွမ်းခံထွက်သည်မှ ရခဲ့ပါသည်။ လုလင်တစ်ဦးက လောင်းလှူလိုက်ပါသည်။ အစက ရတနာတွေမှန်းမသိ၊ ဆွမ်းစသည့် အာဟာရတစ်ခုခုထင်၍ အလှူခံခဲ့သည်။ နောက် အာဟာရကို သုံးဆောင်မည်ပြုမှ ရတနာတွေမှန်းသိရသည်" ဟု ရသေ့က မိန့်ကြားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခိုက် ကာလိဒါသလည်း ကနကရွာမှ လုလင်တစ်ဦး လှူလိုက်သည်ဆိုရာ၌ ဟေမန္တမှား ဖြစ်နေမလားဟု မြုံးခနဲ စဉ်းစားမိသည်။ သို့ဖြင့် "အရှင်ရသေ့မြတ် ထိုလုလင်ကို မှတ်မိပါသလား"ဟု မေးလျှောက်သည်။ အသင်ဒါယကာ ကာလိဒါသ၊ ထိုလုလင် မျက်နှာကို မမှတ်မိ၊ ရသေ့ရဟန်းတို့မည်သည် ဆွမ်းကွမ်း ဒကာ ဒကာမတို့၏ မျက်နှာကို မကြည့်ရ၊ တပ်မက်သောစိတ်ဖြင့် မရှုရ၊ အောက်သို့ မျက်လွှာချ၍ အလှူခံရသည်။ ထိုလုလင်၏ အောက်ပိုင်း ခြေပိုင်းမျှကိုတော့ မှတ်မိမည် အောက်မေ့သည်" ဟု ရသေ့က မိန့်သည်။

ထိုအခါ မိမိအိမ်အတွင်းမှာရှိသော လုလင်ဟေမန္တကိုခေါ်ကာ ရသေ့ရှေ့တော်သို့သွား၍ အရပ်ခိုင်းသည်။ ပြီးလျှင် "အရှင်ရသေ့မြတ်၊ သည်းခံ၍ ရှုတော်မူပါ။ ကနကရွာက ရတနာများ လှူလိုက်သော လုလင်မှာ ဤခြေထောက်မျိုးကဲ့သို့သော လုလင်ဟုတ်ပါသလား" ဟု ရသေ့အား ကာလိဒါသက လျှောက်တင်သည်။ တည်ကြည်သော သမာဓိရှိသဖြင့် မှတ်မိလှသော ရသေ့သည် "အသင်ကာလိဒါသ မှန်ပေသည်။ ဤခြေထောက်မျိုးကဲ့သို့သော လုလင်ဖြစ်ပေသည်" ဟု ကာလိဒါသအား ရသေ့က မိန့်ကြားသွားသည်။ ထို့နောက် ရသေ့လည်း ပြန်ကြွသွားသည်။

ထိုရသေ့အရှင်မြတ်မှ ကာလိဒါသသည် တရားရှိသော ပုဂ္ဂိုလ် ပညာရှိသောအမတ် တည့်မတ်သူဟုသိသည်။ ထို့ကြောင့် ကာလိဒါသထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွလာကာ ရတနာများကို အပ်ခြင်းဖြစ်သည်။

ကာလိဒါသလည်း ဟေမန္တအား "အသင်ဟေမန္တ လှူလိုက်သည်မှာ မှန်သလား" ဟု မေးသည်။ "အရပ်တရားသူကြီးတွေက

www.facebook.com/NyisayEbookCreator
www.nyisay.com



ကျွန်ုပ်အား အဆုံးစီရင်ရန် အမိန့်ချသောအခါ ဘ၀ဆိုးလှသည်။ အရပ်တရားသူကြီးများအား ခွင့်တောင်း၍ လျှော့ဒါန်းလိုက်ပါသည်။ ဘ၀တိုင်းဘ၀တိုင်း ဤကဲ့သို့သော အဖြစ်မျိုးနှင့် ဘယ်တော့မှ မကြုံရလိုကြောင်း ဆုတောင်း၍ လှူလိုက်ပါသည်" စသည်ဖြင့် ဟေမန္တက ကာလိဒါသအား ပြန်၍ ပြောကြားသည်။

ထို့နောက် ကုသိုလ်ကောင်းမှုတစ်ခုတစ်ခု ပြုရန်ဆိုပြီး ရသေ့ပေးသွားသည့် ရတနာအထုပ်ကို ဖြေကြည့်ပြီးလျှင် ကာလိဒါသက ဟေမန္တအား ပေးသည်။ ဟေမန္တကလည်း သူလှူလိုက်သည့် ပစ္စည်းများဖြစ်သည့်အတိုင်း ရတနာထုပ်တွင်းမှ ပါသမျှကို တစ်ခုမလွဲရအောင် ပြောပြလိုက်သည်။

ဤသို့ ရသေ့မိန့်ဆိုသွားသည်များ၊ ဟေမန္တအစစ်ခံချက် ထွက်ဆိုချက်များနှင့်တကွ အမှုသွား အမှုလာအားလုံးကို စဉ်းစားသည်။ တော်တော်စဉ်းစားမိသောအခါ ဤအမှုအတွက် ဟေမန္တချည်း သက်သက်မဟုတ်၊ မိန်းမလည်း ပါရမည်ဟု သူသိသည်။ သို့ဖြင့် ဘုရင်နှင့် စီစဉ်၍ ဤအမှုကို အမှန်ရောက်အောင် စီစဉ်မှလျော်မည်။ တရားခံအစစ်ကိုတွေ့အောင် ဖော်ထုတ်နိုင်၊ စူးစမ်းနိုင်မှ လျော်မည်ဟု ကာလိဒါသဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့တွင် ကာလိဒါသသည် ဘုရင့်ထံသို့ ဆက်လက်၍ သွားသည်။ ဟေမန္တကိုမူ ခေါ်မသွား၊ အိမ်မှာသာ ထားခဲ့သည်။ အမှုအတွက် လုပ်သင့် ဖြစ်သင့်သည်များကို စဉ်းစားပြီးသော ကာလိဒါသသည် စဉ်းစားထားသမျှကို ဘုရင်အား လျှောက်တင်သည်။

"အရှင်ဘုရင်မင်းမြတ် အမှုအတွက် မမေ့လျော့သင့်၊ မပေါ့ဆသင့်၊ ရာဇဓမ္မနှင့်အညီ ကျင့်သင့်သည်။ တရားသဘောသို့ တည့်တည့်

www.facebook.com/NyisayEbookCreator
www.nyisay.com



မတ်မတ် ရောက်ရေးအတွက် အားထုတ်မှုဖြစ်မည်။ မစူးစမ်း မဆင်ခြင်မှု၍ လူတစ်ဦး၏အသက်ကို အဆုံးစီရင်ခြင်းဆိုသည်မှာ အပြစ်ကြီးလေးလှဘိသည်။ အရှင်ဘုရင်မင်းမြတ်က ကပ္ပိယယောင်ဆောင်ပါ၊ ကျွန်ုပ်က ရသေ့ယောင်ဆောင်ပါမည်။ ရုပ်ပြောင်း ရုပ်လွှဲဖြင့် အမှုအတွက် စနည်းနာထွက်ကြမည်။ ဤသို့လျှင် ကာလီဒါသက ဘုရင်အား စီမံတိုင်ပင်လျှောက်တင်လိုက်သည်။

ဘုရင်လည်း "ကောင်းပြီ၊ တရားနှင့်အညီ စိုးမိုးအုပ်ချုပ်သောမင်းတို့မည်သည် နိုးကြားထကြွရှိရမည်၊ အမြော်အမြင် ဆင်ခြင်တရားရှိရမည်" ဟု မိန့်ကာ ကာလီဒါသ လျှောက်တင် တိုင်ပင်ချက်ကို လက်ခံလိုက်သည်။

ဟေမန္တ၏ဝမ်းကွဲနှမ ရဇနီမှာ ဟေမန္တအမှုအတွက် မေ့မနေရုံမျှသာ ရှိသည်။ လိုက်လိုသည်။ သွားလိုသည်ဟုမဆို၊ တစ်ခါ တစ်ခေါက်မှ မလိုက်ဖြစ် မသွားဖြစ်။ လင့်မျက်နှာ တော်တော်ကြီးနေသည်။ ကန္တဒေဝကလည်း တမင်သက်သက် မသွားဖြစ်မလိုက်ဖြစ်အောင် ဖြားယောင်းထားသည်။ ဟေမန္တထံသို့ မရောက်ဖြစ်အောင် အာရုံအမျိုးမျိုးဖြင့် သွေးဆောင်ထားသည်။ အစာအာဟာရ ရသာရုံများလည်း လိုလေသေးမရှိ၊ အလှအပ ရူပါရုံ အသုံးအဆောင်များလည်း မဟာစေရ၊ အာရုံမျိုးစုံဖြင့် ဖြားယောင်းထားသည်။ နုနယ်သောမိန်းမသားပီပီ ရဇနီမှာ လင်ကန္တဒေဝ၏အချော့အမြှူတို့ဖြင့် မိန်းမောနေသည်။ ကန္တဒေဝက ဟေမန္တအတွက် ရဇနီလုံးလုံး မဆောင်ရွက်စေလို၊ ဆောင်ရွက်က သူ၏လုပ်ကြံမှု ပေါ်လာမည်ကိုစိုးသည်။ ထို့ကြောင့် ရဇနီအား ဟေမန္တထံ မသွားရောက်စေဘဲ ဖုံးဖိသောအားဖြင့် တမင်သက်သက် ချော့မြှူထားခြင်းလည်း ဖြစ်သည်။ ရဇနီကမူ ဘာမှ မသိရှာ၊ ဘာမှနားမလည် မရိပ်မိပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသနှင့် ဘုရင်သည် ရွာသူကြီးနှင့် ရွာလူကြီးများရှိရာ ကနကရွာသို့ ပထမဆုံး သွားကြသည်။ မြင်သူတိုင်းက ရသေ့အစစ်နှင့် ကပ္ပိယဟု ထင်လောက်အောင် အသွင်ဆောင်သွားကြသည်။ တကယ် အားဖြင့် ဘုရင်နှင့် ကာလိဒါသဟု ဘယ်သူမှ မရိပ်မိကြ၊ ရုပ်ပြောင်း ရုပ်လွှဲ ပိရိကြပါပေသည်။ ကနက ရွာသို့ရောက်လျှင် ရွာသူကြီးအိမ် ကိုရှာ၍ ဝင်သည်။ ရောက်၍ ရွာသူကြီးဆိုသူကို တွေ့သောအခါ 'အသင်ဒကာ ငါတို့ ခေတ္တနားလိုပါသည်' ဟု ဆိုကာ နားကြသည်။ နောက်တွင် သလ္လာပစကားအနေနှင့် ရသေ့(ကာလိဒါသ)က ရွာသူ ကြီးအား မေးသည်။ သတင်းကြားလေဟန်ဖြင့် စနည်းနာသည်။

"အသင်ဒကာ အမောင်တို့ရွာက သူဌေးသိဒ္ဓသုမနကို သူ့တူ ဟေမန္တဆိုသူက အဆိပ် (စိန်) ခပ်၍ သတ်သည်ဆိုတာ ဟုတ်ပါ သလား၊ သူဌေးက အသက်ကုန်ခါနီး ဟေမန္တကို သူ့အား အဆိပ်ခပ် သတ်ပါသည်ဟု တိုင်သွားသည်ဆိုတာကော မှန်ပါသလား" ဟု ထူးဆန်းနေသော ကိစ္စတစ်ရပ်အနေဖြင့် မေးသည်။

"သူဌေးသိဒ္ဓသုမနက တိုင်သွားတာတော့ မှန်ပါသည်။ ဒါပေမဲ့ ဟေမန္တက တကယ်အဆိပ်ခပ်သည်တော့ မထင်ပါ။ ဟေမန္တသည် လူရိုးကလေး လူအေးကလေးဖြစ်ပါသည်။ တခြားလူများက အကြောင်းတစ်ခုခုကြောင့် သူတိုက်နေမှန်းသိတဲ့ ဆေးဘူးထဲ အဆိပ် လာခပ်ထားသည့်လည်း ဖြစ်နိုင်ပါသည်။ သို့သော် မည်သူမည်ဝါမှ တရားခံက မရှိ၊ ဟေမန္တတစ်ယောက်သာ တရားခံက ရှိနေသည်။ သူ့အပေါ်ချည်း အားလုံးအမှုအပြစ်တွေ လုံးပတ်နေသည်။ သို့ဖြစ်၍ သနားသော်လည်း မတတ်နိုင်ဘဲ ဤအမှုအတွက် ဟေမန္တအား 'အဆုံးစီရင်ရန်' တပည့်တော်တို့ အမိန့်ချကြရခြင်း ဖြစ်ပါသည်။ တပည့်တော်နှင့် ရွာလူကြီးများ သဘောတူ ထိုအမိန့်ကို အတည်ပြု

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြခြင်း ဖြစ်ပါသည်” ဟု ကနက ရှာသူကြီးက ရသေ့အား လျှောက်ထားသည်။ မသိ၍ မေးသည်ထင်ကာ ခရားစေ့တွင်းကျ ရှာသူကြီးက လျှောက်ထားသည်။

ထိုသို့ လျှောက်ထား၍ ဆုံးသွားသောအခါ ရသေ့ (ကာလိဒါသ) က “ကပ္ပိယမှတ်ထား” ဟု ကပ္ပိယတု ဘောဇဘုရင်အား ဣန္ဒြေဖြင့် ပြောကြားလိုက်သည်။ ကပ္ပိယကလည်း နှုတ်စကားမပြန် စာဖြင့် မှတ်လေဟန် အမူအရာပြုလိုက်သည်။ ပါလာသည့် ပုရပိုက်ကိုလှန်၍ ရေးလေဟန်သဏ္ဌာန်လုပ်လိုက်သည်။

တစ်ဖန်ဆက်၍ ရသေ့က စနည်းနာပြန်သည်။ “ဒါဖြင့် နေပါဦး၊ ဟေမန္တနှင့်အတူ အမွေစားအမွေခံများ ရှိသေးသလား၊ သူဌေးသိဒ္ဓသုမနက ဘယ်လိုများ လွှဲအပ်ထားခဲ့သလဲ” ဟု ရှာသူကြီးအား မေးပြန်သည်။

“ဟေမန္တနှင့်အတူ အမွေစား အမွေခံ ရဇနီဆိုသည့် မိန်းကလေးတစ်ယောက် ရှိပါသေးသည်။ ရဇနီမှာ နှမအရင်းမဟုတ်၊ ဝမ်းကွဲနှမဖြစ်ပါသည်။ သူဌေးသုမန မရှိသည့်နောက် ဟေမန္တ၊ ဟေမန္တမရှိသည့်နောက် ရဇနီဆိုပြီး ပစ္စည်းပစ္စယများအားလုံးကို သူဌေးသုမနက သူတို့နှစ်ဦးအား လွှဲအပ်ထားခဲ့ပါသည်။ ပေါ့ပေါ့ဆဆမဟုတ်၊ စာချုပ်ဖြင့် ခိုင်ခိုင်မာမာ တရားဝင်အပ်ထားခဲ့ပါသည်။ ထိုစာချုပ်မှာ မြေတိုင်းစာရေးကြီးအိမ်မှာ ရှိပါသည်။ စာရေးကြီးထံ အပ်ထားကြပါသည်။ ထိုစာရေးကြီးမှာ အခြားသူမဟုတ်ပါ။ သူဌေးကြီးသုမန အသက်မကုန်ခင်ကလေးကမှ ရဇနီမှာ စာရေးကြီး၏သား ကန္တဒေဝဆိုသူနှင့် လက်ထပ်ထားခြင်းဖြစ်ပါသည်။ ယခုရဇနီသည် လင့်အိမ်တွင် ယောက္ခမနှင့်အတူ နေပါသည်” ဟု ရှာသူကြီးက ရသေ့အား စိတ်ပါဝင်စားကာ၊ လျှောက်ထားသည်။ ကိုယ်တိုင်စီရင် စစ်ဆေးထားရသည့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကိစ္စဖြစ်၍ တစ်လုံးမကျန် မှန်သည့်အတိုင်း လျှောက်ထားနိုင်ခြင်းဖြစ်သည်။

ဤအကြိမ် လျှောက်ပြီးသွားသောအခါတွင်လည်း ရသေ့က "ကပ္ပိယမှတ်ထား" ဟု ပြောကြားလိုက်ပြန်သည်။ ကပ္ပိယကလည်း မှတ်ထားလေဟန် သရုပ်ဆောင်လိုက်ပြန်သည်။

"ထားပါတော့ သည်အကြောင်းများကို သိပါပြီ၊ ဟေမန္တဆေးတိုက်သည်ဆိုသည်မှာ အဘယ်ကဆေး၊ ဘယ်လိုဆေးကို တိုက်ပါသလဲ" ဟု ရသေ့က ရွာသူကြီးအား တစ်ဖန်ထပ်၍ မသိလေဟန် မေးပြန်သည်။

"ဟေမန္တတိုက်ကျွေးသောဆေးမှာ ပန်းနာဆေးဟု ပြောပါသည်။ ဤဆေးမှာလည်း အခြားကမဟုတ်ပါ။ ဘုရင့်သမားတော်ကြီးတစ်ဦးထံမှ တောင်း၍ တိုက်ကျွေးသော ဆေးဖြစ်ကြောင်း သိရပါသည်" ဟု ရွာသူကြီးက လျှောက်သောအခါ "ကပ္ပိယမှတ်ထား" ဟု ပြောပြန်သဖြင့် မှတ်ထားဟန်ဆောင်ပြန်သည်။

"တစ်ခုမေးပါဦးမည်၊ ဟေမန္တက သုမနသူဌေးအား ဆေးတိုက်နေကြောင်း ကန္တဒေဝနှင့် ရဇနီတို့ သိကြသလား၊ သူတို့ကော သုမနထံ လာကြသလား" ဟု သိလိုသည့်အချက်ကို ထပ်စွက်၍ မေးမြန်းသည်။

"သူဌေးသုမနအား ဟေမန္တက ပန်းနာဆေးတိုက်၍ ပြုစုနေကြောင်း ကန္တဒေဝနှင့် ရဇနီတို့ သိကြပါသည်။ ရဇနီမှာ သူဌေးအား ဆေးစ,တိုက်ကျွေးခါစက တစ်ခေါက်လာကြောင်း သိရပါသည်"ဟု ရိုးရိုးသားသားပင် မိမိသိရှိထားသမျှ ရွာသူကြီးက လျှောက်တင်လေရာ ထိုအခါတွင်လည်း "ကပ္ပိယမှတ်ထား" ဟု လည်းကောင်း၊ မှတ်ထားဟန်ဖြင့်လည်းကောင်း နှစ်ဦးသား ပြောကြလုပ်ကြပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အမှုနှင့် ပတ်သက်၍ သိလိုသည့်အချက်များကို သူကြီးထံမှ သိရပြီးသော ရသေ့သည် ပြန်တော့မည်ဟု သူကြီးအား ပြောပြီးလျှင် မကြာမီပင် ကပ္ပိယကိုခေါ်ကာ ထလာပြန်သည်။ သို့သော် နန်းတော်သို့ ပြန်မသွားကြ၊ ဆက်လက် စနည်းနာရန် ဘုရင့်သမားတော်အိမ်သို့ သွားကြသည်။ သွားရင်းသွားရင်းလည်း သိရှိခဲ့ပြီးသော အမှုနှင့် ပတ်သက်သည့် အချက်အလက်များကို စဉ်းစားသွားသည်။

ဟေမန္တကိုချည်း အဆိပ် (စိန်) ခပ်သည်မထင်၊ တခြားလူများလည်း ခပ်နိုင်သည်။ အမွေစား အမွေခံကလည်း ဟေမန္တချည်း မဟုတ်၊ နမဝမ်းကွဲ ရဇနီနှင့်အတူ နှစ်ဦးဖြစ်သည်။ စာချုပ်ကိုလည်း မြေတိုင်းစာရေးအိမ်၌ လွှဲအပ်ထားသည် ဆိုသည်။ ခု ရဇနီမှာ သားနှင့် လက်ထပ်၍ စာရေးချွေးမဖြစ်ပြီး လင့်အိမ်ရောက်နေသည်။ သူဌေး ပန်းနာရောဂါ အသည်းအသန်ဖြစ်လာ၍ ဟေမန္တစောင့်ရှောက်ပြုစုယုယ ဆေးစတိုက်ကျွေးစက သူဌေးအိမ်တစ်ခေါက် ရဇနီ ခဏရောက်သည်ဆိုသည်။ ဤသို့လျှင် သမားတော်ကြီးအိမ်သွားရင်း သွားရင်း လမ်းခရီးအတွင်း သူကြီးပြောစကားများကို စဉ်းစားသွားသည်။ ဤသို့ စဉ်းစားမိသော သူကြီးစကားလုံးများသည်၊ ရသေ့ကြီး သိထားသော တရားခံအတွက် ပို၍ခိုင်မာသော အချက်အလက်များ ဖြစ်လာသည်။ ထို့ကြောင့် 'တရားခံသူပဲ' ဟု ရသေ့၏စိတ်တွင်း၌ ထပ်၍ ဆုံးဖြတ်လိုက်သည်။

ဟေမန္တအား သားရင်းတမျှ ချစ်နေသော အဘွားကြီးသည် ရွာသူကြီးအိမ် ရသေ့နှင့်ကပ္ပိယလာပြီး ဟေမန္တတို့အကြောင်း မေးသွားသည်ဆိုသည့် သတင်းကြားသည်။ သို့သော် ဘယ်လိုမှမထင်၊ ကြုံကြိုက်၍ မေးသွားသည်ဟုသာထင်သည်။ ဟေမန္တအား ကာလိဒါသက သတ်မိန့်မှ နှုတ်ထားသည်ကိုလည်း ကြားသည်။ သည်ကဲ့သို့

www.facebook.com/NyisayEbookCreator
www.nyisay.com


ကြား၍ ဟေမန္တထံ သွားလိုသော်လည်း မသွားဝံ့၊ ဘုရင့်ထံ အမတ်ကြီးတို့ထံ သွားရမည်ဖြစ်၍ ကြောက်ရွံ့နေသည်။ အိမ်တွင်သာ ကုတ်၍ ဒုက္ခဖြစ်နေသည်။ အဘွားကြီးသည် သားဟေမန္တ လွတ်ပါစေဟုသာ မိမိတတ်နိုင်သမျှ ဆုတောင်းနေသည်။ အခြားဘာကိုမှ မစဉ်းစားတတ်၊ မဝေဖန်တတ်။ ကာလိဒါသနှင့် ဘုရင်တို့ ဟေမန္တ အမှုအတွက် စနည်းနာထွက်နေသည်ဆိုသည်ကိုမူ အိပ်မက်မျှ မမက်တတ်ပေ။ သိဖို့ ကြားဖို့ဆိုသည်မှာ ပို၍ပင် ဝေးနေသည်။

ရသေ့(ကာလိဒါသ)နှင့် ကပ္ပိယ(ဘုရင်)တို့လည်း သမားတော်ကြီးထံသို့ ရောက်ကြပေပြီ။ ရသေ့အသွင် ကပ္ပိယအသွင်နှင့်ပင် ရောက်ကြခြင်းဖြစ်သည်။ သမားတော်ကြီးလည်း ကာလိဒါသနှင့် ဘုရင်တို့ကိုမသိ၊ ရသေ့ရဟန်းတို့လည်း တရားရှာကြ အားထုတ်ကြသည်မှာ ပေါလှလေရာ၊ တကယ်ရသေ့နှင့် ကပ္ပိယဟုသာ မှတ်နေသည်။

"သမားတော်ကြီး ကြုံတဲ့အခါ ကြားသည်ကို မေးပါရစေ။ အသင်သမားတော်ဆီက ဆေးတောင်းတိုက်တဲ့ ဟေမန္တ ခု ဒုက္ခဖြစ်နေတယ်ဆို မဟုတ်လား။ ဘယ်လိုများ ဖြစ်ရတာလဲ၊ ပေးလိုက်တဲ့ ဆေးက ဘယ်လိုဆေးလဲ" ဟု ရသေ့က မေးသည်။

"ပေးလိုက်တဲ့ ပန်းနာဆေးမှာ အကောင်းဆုံးဆေးဖြစ်ပါသည်။ ဓိဝိတဒါနဖြစ်ပါစေဆိုပြီး အကောင်းဆုံးဆေးကို ပေးလိုက်ပါသည်။ သို့သော် သူဒွေးကတိုင်သွား၍ ဟေမန္တ အမှုစဖြစ်စက တပည့်တော်ထံသို့ ရှာသူကြီးတို့ လာကြပါသည်။ ထိုသို့လာစဉ်က ဘူးထဲမှာ ကျန်ရှိနေသောဆေးမှာ ကျွန်ုပ်ဆေးမဟုတ်ကြောင်း၊ ဆေးထဲ စိန်တွေ ထည့်တိုက်ထား၍ စိန်တွေသာ ကျန်နေကြောင်း ပြလိုက်ရပါသည်" ဟု သမားတော်ကြီးက ရသေ့အား ပြန်၍ လျှောက်ထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သမားတော်ထံရောက်၍ သမားတော်ကြီးက လျှောက်ထားလိုက်သောအခါတွင်လည်း "ကပ္ပိယမှတ်ထား" ဟု ရသေ့က ပြောကြားပြန်သည်။ ကပ္ပိယကလည်း မှတ်ထားလေဟန် အယောင်ဆောင်လိုက်ရပြန်သည်။

သမားတော်က အဆိပ်ခပ်ပေးလိုက်သည်ဟုကား အစကတည်းက ရသေ့မထင်၊ သို့ပင် ဖြစ်လင့်ကစား သမားတော် ပြောကြားသောအချက်အလက်ကို လိုချင်၍ သွားရခြင်းဖြစ်သည်။ သမားတော်ပြောစကားများကို ကြားလျှင်လည်း တရားခံအစစ်မှာ ဟေမန္တမဟုတ် 'သူပဲ' ဟု ရသေ့စိတ်ထဲထပ်၍ ဆုံးဖြတ်လိုက်နိုင်ပြန်သည်။ ဤမျှမေး၍ အမှုအတွက် ကျေနပ်သော အဖြေကိုရသည့် ရသေ့သည် ကပ္ပိယကိုခေါ်ကာ သမားတော်၏အိမ်မှ ထွက်လာကြသည်။

ထို့နောက် ဘုရင်နှင့် ကာလိဒါသတို့သည် မြေတိုင်းစာရေးအိမ်သို့ စနည်းနာသွားကြပြန်သည်။ ရိုးရိုးမသွားကြ၊ ရသေ့နှင့်ကပ္ပိယအသွင်ဖြင့် သွားကြခြင်းပင်ဖြစ်သည်။ စာရေးကြီးအိမ်သို့ ရောက်သောအခါ စာရေးနှင့် ကန္တဒေဝတို့ မောင်နှံနှစ်ဖော်ကို အတူမတွေ့ရ၊ စာရေးကို တစ်ဦးတည်း အရင်တွေ့ကြရသည်။

"အမောင်စာရေး၊ မသိ၍ မေးရပါဦးမည်။ အသင်ထံ စာချုပ်ဖြင့် လွှဲအပ်သွားသည့် သူဌေးသုမနတူ ဟေမန္တမှာ အမှုဖြစ်နေပါသည်ဟု ကြားရပါသည်။ ကျွန်ုပ်ကတော့ ဟေမန္တအဆိပ်ခပ်သည် မထင်၊ မိန်းမခပ်သည်ထင်သည်၊ မိန်းမတစ်ဦး ဤအမှုမှာ ပါသည်ထင်သည်" ဟု ရသေ့ကစ၍ စာရေးအား ပြောကြားသည်။ တိုးတိုးမပြော။ ဘာရေးအိမ်၌ရှိနေသော ရဇနီတို့မောင်နှံနှစ်ဖော် ကြားလောက်အောင်ပြောသည်။ ခပ်မာမာ ခပ်ထန်ထန်ပင် ပြောလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မိန်းမပါသည် မပါသည် မသိပါ။ ဟောမန္တ အမှုဖြစ်နေသည် ဟုသာ သိပါသည်။ ဟောမန္တဆိုသူမှာ တစိမ်းပြင်ပြင် မဟုတ်ပါ။ ဤအိမ်တွင်ရှိသော ရဇနီ၏ဝမ်းကွဲအစ်ကိုပင် ဖြစ်ပါသည်" ဟု စာရေးက ရသေ့အားလျှောက်ထားသည်။

ဤမြေတိုင်းစာရေးကြီး အိမ်အရောက် ဤသို့စာရေးက လျှောက်စဉ်လည်း "ကပ္ပိယမှတ်ထား"ဟု ရသေ့ (ကာလိဒါသ)က ပြောသည်။ ကပ္ပိယ(ဘုရင်)ကလည်း တကယ်မှတ်သားလေဟန် အမူအရာ လုပ်ရပြန်သည်။

"အမောင်စာရေး၊ သင်မတွေးမိပါလား၊ ဤအမှုမှာ မိန်းမပါသည်မှ သူတစ်ယောက်တည်းမဟုတ်၊ သူ့ယောကျ်ားပါ ပါသည်။ မယားဖြစ်သူမှာ ဘာမှမသိ၊ လင့်အပေါ်၌ ချစ်လှန်လွန်းသည် အချစ်မွှန်နေသည်။ မယားလုပ်သူမှာ ထိုအချိန်တွင် လင်၏ စက်ရုပ်ပမာဖြစ်နေသည်။ လင်က ဤဆေးထည့်က ပန်းနာရောဂါ မြန်မြန်ပျောက်သွားမည်ဆို၍ ဟောမန္တတိုက်သည့် ဆေးပုလင်း(ဆေးဘူး)ထဲ၌ စိန်များကို သွားထည့်လိုက်သည်" ဟု ရသေ့ (ကာလိဒါသ) က အိမ်တွင်းမှ ရဇနီတို့ ကြားလောက်အောင် ခပ်ကျယ်ကျယ်ပြောသည်။

အိမ်တွင်းမှ ရဇနီလည်း ရသေ့ပြောစကားကို ကောင်းကောင်းကြားသည်။ ကွဲကွဲပြားပြား နားလည်သည်။ သို့ဖြစ်၍ အိမ်ထဲမှာသာ မနေနိုင်တော့၊ ရသေ့နားသို့သွား၍ နားထောင်လိုလာသည်။ နားထောင်လိုသည်မှာ မနေနိုင်အောင်ဖြစ်လာသည်။ ရသေ့ပြောနေသည်မှာ သူမအား ပြောနေသလိုဖြစ်ရာ၊ ကပျာကယာ ထသွားတော့သည်။ ထိုသို့ သွားရာ၌ နားထောင်လို၍ သွားသောအမူအရာမျိုးဖြင့် မသွား၊ ရသေ့အား ဖူးမြော်ကန်တော့လိုသည့် အမူအရာဖြင့်သွားသည်။ ရသေ့ခြေအစုံကိုလည်း ဦးတိုက်အရိုအသေပေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုခေတ်အခါ စာရာတိုင်းတွင် ရသေ့ ရဟန်းတစ်ပါးပါး အိမ်သို့ ကြွဝင်လာက၊ အိမ်ရှိလူအားလုံးက ရသေ့ရဟန်းတို့၏ ခြေအစုံကို ကန်တော့ကြသည့် ထုံးစံရှိသည်။ ညဥ့်အခါ ရသေ့ရဟန်းများ ကျိန်း စက်ကြမည်ဆိုက ရသေ့ ရဟန်းတို့ ခြေအစုံကို ကန်တော့ပြီးမှ အိပ်ရာသို့ ဝင်ကြသော ဓလေ့ရှိခဲ့သည်။

ရဇနီအနားသို့ ရောက်လာသော်လည်း ရသေ့ (ကာလိဒါသ)မှာ အပြောမလျှော့၊ ဆက်၍ ပြောနေသည်။ "မိန်းမမှာ အဆိပ်ဟု မသိ ရှာ၊ စေတနာလည်း မဆိုးပါ" စသည်ဖြင့် ရသေ့က ပြောသည်။ စာရေးကြီးသည် ရသေ့အား ဘာမှပြန်မပြော၊ ငေးမောနားထောင်နေ သည်။ ရသေ့ပြောသမျှ ဖြစ်နိုင်သည်ဟုသာ နားထောင်ရင်း ဝေဖန်နေ သည်။ စာရေးသား ကန္တဒေဝလည်း ရသေ့ထံသို့ ရဇနီရောက်သွား ကတည်းက စိတ်မချတော့။ သူကခိုင်း၍ ထည့်ရကြောင်း လျှောက် တင်မှာ စိုးသည်။ ခပ်အစ်အစ်ပြောနေသော ရသေ့အား သူ့အကြောင်း လျှောက်ထားကုန်မှာ ကြောက်သည်။ ထို့ကြောင့် ကန္တဒေဝလည်း ရသေ့အနား ကပျာကယာသွားသည်။

ကန္တဒေဝ ရသေ့အနီးရောက်နေသော်လည်း ရသေ့သည် ဟေမန္တ ၏ အကြောင်းအပြောမရပ်၊ တရစပ်လိုလိုပြောနေသည်။ "ဟေမန္တမှာ အလကားကြားကခံရသည်။ မိန်းမပါသည်။ မိန်းမ (မယား) က အလိမ္မာ၊ လင်လုပ်သူက စေတနာယုတ်၊ သူဌေးပစ္စည်း မြန်မြန်သူလို ချင်၍ အဆိပ်ခပ်လုပ်ကြသည်" စသည်ဖြင့် ရသေ့က ပြောနေသည်။ ဘရေးနှင့်အတူ ရသေ့အနားရှိသူများအားလုံးကို အကဲခတ်၍ ပြော သည်။

သူ၏အကြောင်း တည့်တည့်ပြောနေသည်ကို ကြားရသော ကန္တ ဒေဝသည် အခြေပျက်နေသည်။ ပျက်နေသည်မှ တော်တော်ဟု မဆို

www.facebook.com/NyisayEbookCreator
www.nyisay.com



နိုင်၊ ဖောချွေးတွေ ကျသည်အထိ အခြေပျက်နေသည်။ ဣန္ဒြေမရ၊ တဆွဆွဖြစ်နေသည်။ ဖင်တကြွကြွဖြစ်နေသည်။ ထပြန်သွားရ ကောင်းမလား၊ ထိုင်နေတာဘဲ ကောင်းမလား စိတ်နှလုံး ဒွိဟဖြစ်နေ သည်။ ညှိုးခွေသွားသည်။

ထိုအခိုက်တွင် ရသေ့က ကန္တဒေဝလက်ကို သာယာဖြည်းညှင်း စွာ ကိုင်လိုက်သည်။ "အမောင်လုလင် သင်နေမကောင်း၍လား၊ ညှိုးညှိုးခွေခွေ ဣန္ဒြေပျက်လှချည့်လား" ဟု စတင်ပြောကြားသည်။

ထို့နောက်တွင် ရသေ့က "အိုဘုရင်၊ ရေသည်ရေ၊ နွားနို့ဟာ နွားနို့ ဖြစ်ပါသည်။ သူသတ်တရားခံမှာ ဟေမန္တမဟုတ်၊ ဤကန္တဒေဝ ဖြစ်သည်" ဟု ခပ်ရှရှ ဆုပ်ကိုင်ထားရာမှ တင်းကြပ်စွာ ဆုပ်ကိုင် ဆွဲငင်ပြီး ကန္တဒေဝကို ဘုရင့်လက်အပ်လိုက်သည်။

အမှုသွား အမှုလာကို စဉ်းစားမိကတည်းက "တရားခံသူပဲ" ဟု သိထားပြီး စနည်းနာထွက်ရာမှ အချက်အလက်များကို ရထားသော ကာလိဒါသသည်၊ မျက်ဝါးထင်ထင် မြင်ရသည့်ပမာ ထိုအခါ အတပ် သိလာသည်။ မနေနိုင်အောင် ဣန္ဒြေပျက်လှသော ကန္တဒေဝကို မြင်ရသောအခါ ပို၍သိလာသည်။ တရားခံသူပဲဟု ပို၍ ဆုံးဖြတ်နိုင် လာသည်။ ထို့ကြောင့် ကန္တဒေဝ၏လက်ကို ရုတ်တရက်ဆွဲ၍ ဘုရင့် လက်အပ်လိုက်ခြင်းဖြစ်သည်။

ကန္တဒေဝလည်း ဟုတ်မှန်ကြောင်း ဝန်ခံရတော့သည်။ မလိမ်ဝံ့ တော့၊ ကာလိဒါသနှင့် ဘုရင်မှန်းမသိခဲ့ကြသော စာရေးကြီးတို့ တစ်အိမ်သားလုံးလည်း ထိုအခါ ဘုရင်နှင့် ကာလိဒါသမှန်း သိကြ တော့သည်။ ဘုရင်နှင့် ကာလိဒါသတို့လည်း ရသေ့နှင့် ကပ္ပိယအသွင် အပြင်အတိုင်း မထားကြ, မနေကြတော့ ရသေ့တို့၏အခြံအရံများနှင့် ကပ္ပိယတို့၏အရံများကို ချွတ်ပစ်လိုက်ကြသည်။ ဘုရင်နှင့်အမတ်

www.facebook.com/NyisayEbookCreator
www.nyisay.com




တို့၏ အဝတ်တန်ဆာများကို ပြလိုက်ကြသည်။ စာရေးနှင့် ပရိသတ်လည်း အံ့သြခြင်းကြီး အံ့သြပြီး စိုးရွံ့ထိတ်လန့်၍ သွားကြသည်။

ကန္တဒေဝကို နန်းတော်သို့ ခေါ်သွားပြီးလျှင် "ခြေဖြတ်လက်ဖြတ်စေ" ဟု ဘုရင်က အမိန့်ပေးသည်။ သို့သော် ကာလိဒါသက ခွင့်တောင်းပြီး ခြေလက်မဖြတ်စေဘဲ ပြည်နှင်ဒဏ်သာ ပေးလိုက်သည်။

ဟေမန္တကိုမူ သူဌေးကြီး သိဒ္ဓသုမန၏ ပစ္စည်းဥစ္စာအားလုံးကို အပိုင်ပေးလိုက်သည်။ ရဇနီကိုမူ ဟေမန္တမရှိမှ ပစ္စည်းပစ္စယအားလုံးကို ယူစေဟု အမိန့်ချလိုက်သည်။ သို့ရာတွင် ရဇနီသည် သူဌေးကြီး ပစ္စည်းဥစ္စာရတနာများကို နည်းနည်းမှ မယူပေ။ "ချစ်သမီး ရဇနီသင်သည် လင်ကံမကောင်း၊ လင်ဆိုးမယားတဖားဖားဖြစ်ရသည်။ နောင် အိမ်ထောင်ပြုက ဒုက္ခတွေ့ပေဦးမည်" စသည်ဖြင့် ကာလိဒါသက တရားနှင့်စပ်သည့် စကားကို ပြောသဖြင့် ရဇနီသည် ရသေ့မလုပ်ကာ တောထွက်သွားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ကောင်းကင်မှ ကြယ်အရေအတွက်

ဘောဇဘုရင် အိပ်ရာထက်တွင် အပန်းဖြေ ခဏလျောင်းနေစဉ် ဖြစ်သည်။ ထိုအချိန်တွင် ကာလိဒါသလည်း နန်းတော်တွင်းသို့ ရောက်သွားသည်။ ကာလိဒါသ ရောက်လာသည်ဆိုသည်နှင့် ဘုရင်က သူ့ထံသို့ လာရောက်ရန် မိန့်ကြားလေရာ ကာလိဒါသလည်း ဘုရင့်အနီးသို့ သွားလေသည်။

ကာလိဒါသရောက်လာလျှင် ဘုရင်က အနည်းငယ် နှုတ်ဆက်စကား မိန့်ကြားသည်။ ဝမ်းမြောက် ဝမ်းသာလည်း ဖြစ်သွားသည်။

ဆက်လက်၍ "အသင် ကာလိဒါသ၊ အရင်တစ်ပတ်က မေးထားသည့် အမေးပုစ္ဆာကလေးကို အဘယ့်ကြောင့် မဖြေဆိုဘဲ နေသနည်း၊ မေ့လျော့၍ နေသလား" ဟု ဘုရင်က မေးလေသည်။

ထိုအခါ ကာလိဒါသက တစ်ဖန် ဘုရင်အား အနည်းငယ် နှုတ်ဆက်စကားပြန်လျှောက်တင်သည်။ ဘုရင့်အမေးကို မမေ့ပါဟု ဆိုကာ ယခင်တစ်ပတ်မှ မေးထားသည်ဆိုသည့် "ကောင်းကင် အာကာသတွင် ကြယ်ပေါင်းမည်မျှရှိသနည်း" ဟူသော အမေးပုစ္ဆာကို ဖြေကြားလျှောက်တင်သည်။

"ချောမွတ်ပြောင်လက် မှန်ရောင်ထွက်နေသည့် ကြေးလင်ပန်းကြီးကြီးတစ်ချပ်ကိုယူပြီး လက်ဝါးတစ်ဖက်ပေါ်တွင် တင်ထားပါ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ငှင်းလင်ပန်းပေါ်တွင်မှ လက်တစ်ဆုပ်စာမျှသော မုန်ညင်းစေ့များကို ထည့်ပြီး ရေတွက်ကြည့်ရှုပါ။ မုန်ညင်းစေ့ကလေးများ ရေတွက်၍ ရသည်နှင့်အမျှ ကောင်းကင် အာကာသတွင် 'ကြယ်' များရှိပါသည်" ဟု ကာလိဒါသက ဖြေကြားလိုက်သည်။

ဤကဲ့သို့ ဖြေကြား လျှောက်တင်သည်မှာ အခြားကြောင့်မဟုတ် အလွန်ချောမွတ်ပြောင်လက် မှန်ရောင်ထွက်နေသည့် ကြေးလင်ပန်းကို လက်ဝါးပေါ်တွင် တင်ထားလျက် အရာဝတ္ထုတစ်ခုခုပေါ် တင်ထားသလောက် မငြိမ်၊ လှုပ်ရှားနေသည်။ ဟိုစောင်းသည်ငဲ့ဖြင့် ယောက်ယက်ခတ်နေသည်။ မုန်ညင်းစေ့ကလေးများ ဣန္ဒြေရရ ရပ်တည်မရဖြစ်နေသည်။ မုန်ညင်းစေ့ကလေးများကလည်း သေးငယ်ချောမွတ်နေ၊ လင်ပန်းကလည်း ချောမွတ်နေသောကြောင့် ရေတွက်ပြီးသားတခြား၊ မရေတွက်ရသေးသည်တခြား ထား၍မရ၊ ကန့်သတ်ပိုင်းခြားထား၍ မနေ၊ အားလုံးရောလျက် ရောလျက်ဖြစ်နေသည်။ ရေတွက်ပြီး မုန်ညင်းစေ့များက မရေတွက်ရသေးသည့် မုန်ညင်းစေ့များထဲသို့ လိမ့်သွားလိုက်၊ မရေတွက်ရသေးသည့် မုန်ညင်းစေ့များက ရေတွက်ပြီးသား မုန်ညင်းစေ့များဆီသို့ လိမ့်လာလိုက်ဖြင့် ရေတွက်မရ ဖြစ်နေသည်။

ထို့ကြောင့် ဤကဲ့သို့သော အဖြေကို ကာလိဒါသ တမင်ဖြေကြားခြင်းဖြစ်သည်။

ဘုရင်လည်း ဤကဲ့သို့ အဖြေကိုသိသဖြင့် ကာလိဒါသအား ပြုံးရွှင်စွာကြည့်ပြီး "အင်း, ကောင်းပေသည်။ မှန်ပေသည်" ဟု မိန့်ကြားလေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# မရပ်မနား လမ်းလျှောက်သွားနေသူ

ဘောဇဘုရင်၏ ညီလာခံသဘင်တွင် မှူးမတ်ဗိုလ်ပါတို့ စုံလင်နေသောအခါဖြစ်သည်။ ကာလိဒါသလည်း ရောက်ရှိနေလေပြီ။ သို့သော် ထိုအချိန်တွင် ဘုရင်မကြွရောက်လာသေး။ မှူးမတ်ဗိုလ်ပါတို့ စုံလင်ခါစသာ ရှိသေးသည်။

မကြာမီမှာပင် ဘုရင်လည်း ညီလာခံသဘင်သို့ ကြွဝင်လာလေရာ ဆောင်ရွက်ဖွယ် ကိစ္စအဝဝတို့ကို ဆောင်ရွက်ကြသည်။

ညီလာခံကိစ္စ အားလုံးပြီးစီးသွားလေလျှင် "ဤအချိန်တွင် အဘယ်တို့သည် လမ်းလျှောက်နေကြသနည်း" ဟူသော ပုစ္ဆာကို ဘုရင်က ညီလာခံပရိသတ်အားလုံးအား မိန့်ကြားသည်။

မှူးမတ်ဗိုလ်ပါတို့သည် ညီလာခံပြီး၍ ထပြန်ကြတော့မည်ရှိနေရာမှ ဘုရင်က ရုတ်တရက်ပုစ္ဆာကို ဆက်၍မေးနေပြန်လေရာ မလွှဲသာတော့။ အမျိုးမျိုးဝေဖန်ကြရ၊ အမျိုးမျိုးဖြေဆိုကြရသည်။ အချို့သော မှူးမတ်ဗိုလ်ပါတို့က "ယခုအချိန်မှာ 'နေ' သည် မနေမနား အဓိကအားဖြင့် လမ်းလျှောက်သွားနေပါသည်" ဟု ဖြေဆိုကြသည်။ အချို့သော မှူးမတ်ဗိုလ်ပါတို့ကမူ "'လ' သည် မရပ်မနား ယခုအချိန် အဓိကအားဖြင့် လမ်းလျှောက်သွားနေပါသည်" ဟု ဖြေကြားကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အချို့သော မှူးမတ်ဗိုလ်ပါတို့ကမူ ဤသို့မဖြေကြ၊ တစ်မျိုးတစ်ဖုံ ဖြေဆိုကြသည်။ "နေနှင့် လတို့သည်လည်းကောင်း၊ နက္ခတ်တာရာနှင့် ကြယ်တို့သည်လည်းကောင်း၊ ယခုအချိန်အခါ မရပ်မနားလှည့်လည်လမ်းလျှောက်သွားနေကြပါသည်" ဟု လျှောက်တင်ဖြေဆိုကြသည်။

သို့ရာတွင် ဘုရင်က မနှစ်သက်သေး၊ မိမိဆန္ဒနှင့် ကိုက်ညီပြီဟု ဝန်မခံသေး၊ ဆက်လက်၍ တစ်မျိုးတစ်ဖုံ ဖြေကြရန် မိန့်ကြားတုန်းရှိနေသေးသည်။

သို့ဖြင့် မှူးမတ်ဗိုလ်ပါတို့သည် ဖြေကြားရန် သင့်သည်များကို စဉ်းစားနေကြပြန်သည်။ ထွက်မည့်အဖြေကို တစ်ဖန်ရှာဖွေနေကြပြန်သည်။ သို့ရာတွင် ရတ်တရက်အဖြေကို ရှာမရကြ၊ စဉ်းစားဆင်ခြင်တွေးတော၍ မပေါ်ကြ၊ တွေဝေငေးမော၍နေကြသည်။ မှူးမတ်ဗိုလ်ပါတစ်ဦးဦးက အဖြေမှန်ကို လျှောက်တင်ကြနိုးဖြင့် မျှော်ကိုးနေကြသည်။

သည်ကဲ့သို့ မှူးမတ်ဗိုလ်ပါများ တစ်ဦးမျှ ဘုရင့်ဆန္ဒတော်နှင့်ကိုက်ညီအောင် မဖြေဆိုနိုင်ရှိကြလေလျှင် "အသင် ကာလိဒါသအဘယ်ကြောင့် အသင်မဖြေဆိုဘဲနေသနည်း။ မည်သည့် မှူးမတ်ဗိုလ်ပါမှ မဖြေဆိုနိုင်သည့်ပုစ္ဆာကို အသင်ဖြေဆိုလော" ဟု ဘုရင်ကမိန့်ကြားသည်။

ဘုရင်က ဤကဲ့သို့ မိန့်ကြားသောအခါ ကာလိဒါသလည်းမဖြေနိုင်မရှိ၊ အခြား မှူးမတ်ဗိုလ်ပါများကဲ့သို့ ဟိုတွေးသည်တွေးနှင့်မှိုင်၍မနေ ချက်ချင်းပင် ဖြေဆိုလျှောက်တင်လိုက်သည်။ ယခုအချိန်မှာ "အတိုးများသည် မရပ်မနား လမ်းလျှောက်သွားနေကြပါသည်"ဟု ဘုရင်အား ဖြေကြားလျှောက်တင်လိုက်သည်။ မှူးမတ်တို့လည်းအံ့သြသွားကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ ဘုရင်လည်း "အသင်ကာလိဒါသမှန်ပေသည်။ အသင် ဖြေဆိုလျှောက်တင်ချက်သည် ငါ၏ဆန္ဒနှင့် ကိုက်ညီပေသည်" ဟု မိန့်ကြားကာ များစွာအားရနှစ်သက်၍သွားသည်။ ထိုနေ့ ညီလာခံ သဘင်ကိုလည်း ကာလိဒါသ ဤသို့ ဖြေဆိုလျှောက်တင်ပြီးသော အခါ ရုပ်သိမ်းလိုက်လေသည်။

မှတ်ချက်။ ။ ထိုခေတ်ကတည်းက အိန္ဒိယပြည်တွင် အတိုးကြီးစား စနစ်ရှိနေသည်ဖြစ်၍ ဤစနစ်ဆိုးကို မကြိုက်မနှစ်သက်သော ကာလိဒါသက ဤသို့ ထုတ်ဖော်လျှောက်တင်ခြင်း ဖြစ်ပေလိမ့်မည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# သစ္စာနှင့် မုသား

တစ်နေ့သောအခါ ကာလိဒါသသည် နန်းတော်သို့ ရောက်ကတည်းက ဘုရင်နှင့် လောကရေး၊ ဓမ္မရေးများကို ဆွေးနွေးပြောဆိုသည်။ ဘုရင်ကလည်း ကာလိဒါသ ဆွေးနွေးလျှောက်တင်သည်များကို အလေးမပြု ဂရုမစိုက်ဘဲမနေ၊ စိတ်ပါလက်ပါ နားထောင်တော်မူလေသည်။

တစ်လျှောက်လုံး တိတ်ဆိတ်စွာနေသည်ကားမဟုတ်၊ စိတ်ဝင်စားစွာ နားထောင်နေရင်းမှ ကြားညှပ်၍ မိန့်ကြားသေးသည်။ ဤသည်ကား လောကအဖို့မည်သို့၊ ဓမ္မကြောင်းအရမည်ပုံ စသည်ဖြင့် ဖြစ်သည်။

တရားနှင့်အညီ စိုးမိုးအုပ်ချုပ်သော ဘုရင်မင်းတို့မည်သည် ကြီးမားလှသည့် တာဝန်ရှိသည်။ ဓမ္မသဘောနှင့်လည်း မလွတ်စေရ၊ လောကသဘောနှင့်လည်း မဆန့်ကျင်စေရ၊ အစစအရာရာ ဆင်ခြင်ဝေဖန်ရသည်ဟု အောက်မေ့ကာ ဘုရင်က မိန့်ကြားခြင်းဖြစ်သည်။

သည်ကဲ့သို့ ဝေဖန်မိန့်ကြားနေရာမှ ခဏအကြာတွင်မှ ဘုရင်က "အသင်ကာလိဒါသ၊ သစ္စာနှင့်မုသား (အမှန်နှင့်အမှား) မည်မျှလောက် ခြားနားသနည်း" ဟူသော အမေးပြဿနာကို ရုတ်တရက် မေးလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသလည်း ဘုရင်မေးသည့် ပြဿနာအဖြေကို ထူးထူးထွေထွေ ကြံစည်မနေရ၊ ခဏချင်းဆိုသကဲ့သို့ ပြဿနာ၏သဘောသွားကို နားလည်သည်။ ခြားနားချက်အတိုင်းအတာကို သေသေချာချာ စဉ်းစားမိသည်။

ဘာသာအသစ်ကို ကျက်မှတ် စူးစမ်းနေရသကဲ့သို့မဟုတ်၊ လေ့လာကျက်မှတ်ပြီးမှ မေ့နေသည့် ဘာသာရပ်ကို ပြန်စဉ်းစားလိုက်သည့်အခါ ခဏချင်းပေါ်လာသည့်အလား အဖြေ "ဘွားခနဲ" ပေါ်လာခြင်းဖြစ်သည်။

ထို့ကြောင့် "သစ္စာနှင့် မုသားသည် များများ မခြားနားပါ၊ မျက်စိနှင့် နားရွက်အကြား ခြားသမျှသာ ခြားနားပါသည်" ဟု ကာလိဒါသက ဘုရင်အား ဖြေကြားလျှောက်တင်လိုက်သည်။


ကာလိဒါသ ဖြေကြားသည်ကိုကြားလျှင် "အသင် ကာလိဒါသ ခြားနားချက်ကို မည်သို့လျှောက်တင်နေပါသနည်း။ အဘယ်ကြောင့် ဤမျှသာ ခြားနားသနည်း" ဟု ဘုရင်က မေးပြန်သည်။

"ခြားနားချက်ကို ထူးထူးခြားခြား လျှောက်တင်နေခြင်း မဟုတ်ပါ။ သဘောတရားအတိုင်းသာ ဖြစ်ပါသည်။ မျက်စိက မြင်ရသမျှသည် များသောအားဖြင့် အမှန်များပြီး၊ နားက ကြားရသမျှသည် များသောအားဖြင့် မမှန်တတ်သောကြောင့် ဤမျှသာ ခြားနားခြင်းရှိသည်ဟု လျှောက်တင်ဖြေဆိုခြင်းဖြစ်ပါသည်" ဟု ကာလိဒါသက ပြန်၍ ဖြေဆိုလျှောက်တင်လိုက်သည်။

ထိုအခါ ဘုရင်သည် ကာလိဒါသအကြောင်းပြ လျှောက်တင်ချက်ကို အားရနှစ်သက်လက်ခံပြီး နေရာမှ ထသွားလေသည်။ ကာလိဒါသလည်း နန်းတော်မှအိမ်သို့ ပြန်ခဲ့သည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# လက်ဖဝါးတွင် ဘာကြောင့် အမွေးမပေါက်သနည်း

ဘောဇဘုရင်နှင့် ကာလိဒါသတို့ နန်းတော်တွင် ဆုံမိကြသော အချိန်ဖြစ်သည်။ ထိုသို့ ဆုံမိကြစဉ် စပ်မိစပ်ရာများကို ပြောဆိုကြသည်။ ဘုရင်ကလည်း ကာလိဒါသ လျှောက်တင်သည်များကို နားထောင်နေပြီး ကာလိဒါသကလည်း ဘုရင်မိန့်ကြားသည်များကို စဉ်းစားနာယူနေသည်။

ဘုရင်သည် မည်သည့်အကြောင်းအရာများကို စဉ်းစားမိသည်မသိ၊ လူတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများကို မိန့်ကြားသည်။ လူတို့၏ အင်္ဂါလက္ခဏာနှင့် စပ်သည်များကို ပြောကြားသည်။ အတန်ကြာပြောမိလာသောအခါ ပြောလက်စများကိုရပ်ပြီး "အသင်ကာလိဒါသ၊ အဘယ့်ကြောင့် ငါ၏လက်ဖဝါးတွင်းမှာ အမွေးများ မပေါက်သနည်း" ဟူသော အမေးပုစ္ဆာကို မေးလေသည်။

ကာလိဒါသလည်း ဘုရင်က ဤသို့ မေးလိုက်သည်ဆိုလျှင်ပင် တွေဝေ၍မနေ၊ ချက်ချင်းအဖြေကို စဉ်းစားမိသည်။ သင့်လျော်မည့် လျှောက်တင်ချက်ကို ကွက်ခနဲမြင်လာသည်။ သို့ဖြစ်လေရာ ကာလိဒါသက "အရှင်ဘုရင်မင်းမြတ်၊ အရှင်မင်းမြတ်၏ လက်ဖဝါးများ

www.facebook.com/NyisayEbookCreator
www.nyisay.com



အတွင်း အမွေးများမပေါက်သည်မှာ ဘုရင့်လက်ဖြင့်ကိုင်ပြီး ဆုတော်ငွေအသပြာများကို ခဏခဏပေးရ၊ လာဘ်တော်ငွေ အသပြာများကို ခဏခဏ ချီးမြှင့်ရသောကြောင့် ပွန်းပြီး အမွေးမပေါက်ခြင်း ဖြစ်ပါသည်" ဟု ဖြေကြား တင်လျှောက်လိုက်သည်။

သည်ကဲ့သို့ လျှောက်တင်လိုက်လျှင် ဘုရင်လည်း များစွာအားရနှစ်သက်၍သွားသည်။ သို့နှင့်ဆက်၍ "အသင်ကာလိဒါသ၊ ဤသို့ဆိုလျှင် အသင်၏လက်ဖဝါးမှာ အဘယ်ကြောင့် အမွေးများ မပေါက်ဘဲ နေသနည်း" ဟု ဘုရင်က မေးပြန်သည်။

ဘုရင်က ခဏခဏဆုတော်များပေး၊ လာဘ်တော်များ ချီးမြှင့်သည်ဟု လျှောက်တင်ထားသော ကာလိဒါသသည် နောက်ထပ်အမေးအတွက် အဖြေမခက်၊ အဖြေထွက်နေပြီးသားဖြစ်သည်ဟု မြင်လာပြန်သည်။

သို့ဖြင့် "ဘုရင်မင်းမြတ်က ခဏခဏကျွန်တော်မျိုးအား ဆုတော်ငွေအသပြာများပေး၊ လာဘ်တော်ငွေအသပြာများ ချီးမြှင့်သည်ကို ယူယူနေရသောကြောင့် ငွေများနှင့် ထိပွတ်ရဖန်များသောကြောင့် ကျွန်တော်မျိုး၏ လက်ဖဝါးများမှာလည်း အမွေးများ မပေါက်ခြင်း ဖြစ်ပါသည်" ဟု ကာလိဒါသက ပြန်လည်လျှောက်တင် ဖြေကြားလိုက်ပြန်သည်။

"ပေးသူလက်မှာ ပွန်းပြီး အမွေးမပေါက်သကဲ့သို့ ယူသူ့လက်မှာလည်း ကြမ်းပြီး အမွေးမပေါက်ပါဟုဆိုသည်မှာ အလွန်အံကိုက်နေသည်။ ပေးသူရှိက ယူသူရှိရသည်ဆိုသည့် စကားနှင့်လည်း မမှားတသားတည်းကျနေသည်" ဟု စဉ်းစားမိပြီး ဘုရင်လည်း သဘောကျသွားသည်။ သို့သော် မိမိအနီးအနား နန်းတွင်းသူ နန်းတွင်းသားများအတွက် ဘုရင်စဉ်းစားမိလာပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့ကြောင့် "အသင် ကာလိဒါသ အသင့်လက်နှင့် ကျွန်ုပ်လက်ဖဝါးများမှာတော့ ခဏခဏငွေအသပြာများ ပေးကြ ယူကြရ၍ ပွန်းနေကြမ်းနေသဖြင့် အမွေးများ မပေါက်နိုင်ဆိုသည်ကိုတော့ ထားပါ။ အဘယ်ကြောင့် အပေးအယူမရှိကြသည့် နန်းတွင်းသူ နန်းတွင်းသားတို့၏ လက်ဖဝါးတွင်းမှာတော့ အမွေးများ မပေါက်ကြပါသနည်း" ဟူသော ပုစ္ဆာကို ဘုရင်က မေးပြန်သည်။

ဤသည့် အမေးအတွက်လည်း အဖြေမခက်၊ ချက်ကျကျပင် အဖြေကို ကာလိဒါသက မြင်ပြန်သည်။ "အပေးအယူမရှိသူတို့မှာတော့ လက်ဖဝါး အမွေးပေါက်ရပါမည်လား၊ အပေးအယူမရှိသူတို့မှာလည်း မရှိသည့်အလျောက် အကြောင်းပေါ်ပေါက်နိုင်သည်ပင်" ဟု ကာလိဒါသလည်း စဉ်းစားမိလာသည်။

သို့စဉ်းစားမိသောကြောင့် "အရှင်ဘုရင်မင်းမြတ်၊ ဘုရင်မင်းမြတ်နှင့် ကျွန်တော်မျိုးတို့ ခဏခဏပေးကြ ယူကြသည်ကို မြင်သောအခါ သူတို့လည်း ရလို ယူလိုကြ၍ မရကောင်း မပေးကောင်းလားဆိုပြီး လက်ချင်းပွတ်ပွတ်နေကြသဖြင့် နန်းတွင်းသူ နန်းတွင်းသားတို့ လက်ဖဝါးမှာ အမွေးများ မပေါက်ကြခြင်း ဖြစ်ပါသည်" ဟု ကာလိဒါသက ဘုရင်၏တတိယမြောက် အမေးပုစ္ဆာအတွက် တစ်ဖန်လျှောက်တင်ဖြေကြားလိုက်ပြန်သည်။

ထိုအခါ ကာလိဒါသအား ချီးကျူးစကား ပြောကြားကာ ဘုရင်လည်း နေရာမှ ထသွားသည်။ ကာလိဒါသလည်း နန်းတော်မှ အိမ်သို့ ပြန်ခဲ့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဘုရင်ငိုလာလျှင် ငိုကြရမည်
# ဘုရင်ရယ်လာလျှင် ရယ်ကြရမည်

အခါတစ်ပါး၀ယ် ဓာရာတိုင်း ဘောဇဘုရင်၏ ညီလာခံသို့ ဟိမဝန္တာတောင်ခြေမှ ရသေ့ပညာရှိများ ရောက်ရှိလာကြသည်။

ဘောဇဘုရင်သည် ဘုရင်၏ ညီလာခံသို့ အခြားအခြားမှ ပညာရှိများ လာရောက်၍ ကဗျာလင်္ကာ အမေးပုစ္ဆာများ လျှောက်တင်မေးဖြေကြလျှင် ဆုတော်များ ပေးသနားသည်ဟူသော ကျော်စောသတင်းကြောင့် ရသေ့များလာရောက်ကြခြင်း ဖြစ်လေသည်။

ဟိမဝန္တာတောင်ခြေမှ ရသေ့ပညာရှိများ လာရောက်သောနေ့မှပင် ညီလာခံသို့ ဘုရင်စောစောမထွက်လာ စောစောမဝင်လာ။ ဟိမဝန္တာမှ ပညာရှိများနှင့်တကွ အားလုံးက ဘုရင်ကို စောင့်မျှော်နေကြရသည်။ ဟိမဝန္တာမှ ရသေ့များကို ကာလိဒါသကပင် နေရာချထားစီစဉ်ပေးထားနှင့်ရသည်။ အချိန်လင့်သည်တိုင်အောင် ဘုရင်မှာ မကြွလာသေးခြင်း ဖြစ်သည်ဟု တွေးတောကြသည်။ စောင့်ရသည်မှာကြာလတ်သော် အနည်းငယ် ငြီးငွေ့လာကြသည်။

သည်ကဲ့သို့ ရှိနေစဉ် ‘ယနေ့ ဘုရင်၏ မယ်တော်ကြီး နတ်ရွာစံ၍ ဘုရင်မရောက်လာသေးခြင်းဖြစ်သည်’ ဟု တစ်ထောင့်အနားမှ အသံတစ်ခုကို မည်သူက ပြောသည် မသိရဘဲ ကြားလိုက်ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အနည်းငယ်မျှ အစကမှ လှုပ်ရှားစပြုနေသော ညီလာခံပရိသတ်သည် ဤအသံကို ရုတ်တရက် ကြားလိုက်ရသောအခါ ပို၍ လှုပ်ရှားလာသည်။

ဤကဲ့သို့ ရှိနေ၍မှ နောက်တစ်ဖန် မကြာမီပင် 'ဘုရင်၏ မိဖုရားမှာ သားတော်တစ်ပါးဖွားမြင်နေ၍ ယနေ့ဘုရင်ကြွလာမည် မဟုတ်' ဟူသော အသံတစ်ခုကို မည်သူမည်ဝါက ပြောသည် မသိဘဲ ကြားလိုက်ရပြန်သည်။

ထိုခေတ်အခါက နိမိတ်တစ်ခုခုပြလျှင် အဆိုးကရှေ့၊ အကောင်းက နောက်ကထား၍ ပြတတ်သည်လည်းရှိသည်။ အကောင်းကရှေ့ အဆိုးကနောက်ကထား၍ ပြတတ်သည်လည်းရှိသည်။ အဆိုးရှေ့၊ အကောင်းနောက်ထား၍ ပြသောနိမိတ်မှာ အကောင်းအတွက် ပြသော နိမိတ်ဖြစ်သည်။ အကောင်းရှေ့ အဆိုးနောက်ထားပြသောနိမိတ်မှာ ဆိုးကျိုးအတွက် ပြသောနိမိတ်ဖြစ်သည်။

ကာလိဒါသသည် ဤသည်ကိုလည်း သိပြီးဖြစ်သည်။ ယခု အသံနှစ်ခုမှာလည်း ညီလာခံပရိသတ်ထဲမှာ ဗဟုသုတ ရှိသူများက ဘုရင်ညီလာခံ ဝင်နိုင်ခဲဖြစ်နေသည်ကို စိုးရိမ်ပြီး 'ကောင်းကျိုးဖြစ်စေရန်အတွက်' ကြိုတင်နိမိတ်ဖတ်ခြင်းဖြစ်သည်ဆိုသည်ကို နားလည်သည်။

'မယ်တော် နတ်ရွာစံသည်' ဆိုသည့် မကောင်းနိမိတ်ကို ရှေ့က ထား၍ ဖတ်သည်။ ဘုရင့် မိဖုရားမှာ 'သားတော်တစ်ပါးဖွားသည်' ဆိုသည့် ကောင်းသည့်နိမိတ်ကို နောက်ကထား၍ ဖတ်သည်။ ဤသည့် အချက်ကိုလည်း ကာလိဒါသက နှစ်သက်အားရလျက်ရှိသည်။

ညီလာခံမှလည်း အားလုံးက "ဘယ့်နှယ်လဲ၊ ကောင်းသည့် နိမိတ်ကိုတော့ ဖတ်ထားကြသည်။ ဘုရင်မှာ တကယ်မယ်တော်ပဲ နတ်ရွာစံ

www.facebook.com/NyisayEbookCreator
www.nyisay.com



နေသလား၊ သားတော်ပဲ ဖွားမြင်နေသလား” ဟု တီးတိုးစကား ပြောကြားနေကြသည်။

ထို့နောက် မကြာမီမှာပင် “ဘုရင်၏အရေးအတွက် ကျွန်ုပ်တို့ ငိုရမလား၊ ရယ်ရမလား” ဟူသော စကားနှစ်ခွန်းကို ကာလိဒါသအား ညီလာခံပရိသတ်က မေးကြသည်။

“ဘာမျှ စိုးရိမ်ကြောင့်ကြစရာမလို ဘုရင်ညီလာခံသို့ ဝင်လာစဉ် ဘုရင်ငိုလာလျှင် ငိုကြရမည်။ ဘုရင်ရယ်လာလျှင် ရယ်ကြရမည်။ မငိုလာ မရယ်လာ ဆိတ်ဆိတ်လာက ဆိတ်ဆိတ်ပင်နေကြရမည်” ဟု ကာလိဒါသက ပြောလိုက်သည်။

ပြောပြီး၍ မကြာမီမှာပင် ညီလာခံသို့ ဘုရင်ဝင်လာသည်။ ငိုလည်းမငို၊ ရယ်လည်းမရယ်၊ ဆိတ်ဆိတ်ပင် ဘုရင်ဝင်လာသည်။ ထိုအခါ ညီလာခံပရိသတ်လည်း ဆိတ်ဆိတ်ဖနေလိုက်ကြသည်။

ဘုရင်မှာလည်း တစ်စုံတစ်ရာအကြောင်းမပေါ် ညီလာခံပရိသတ် တွင်လည်း မည်သည့်ကိစ္စမျှမရှိ၊ ထိုနေ့အဖို့ ညီလာခံကို ချောချော မောမော ရုပ်သိမ်းလိုက်ကြသည်။

နောက်နေ့ ညီလာခံတွင် ဟိမဝန္တာတောင်ခြေမှ ရသေ့ပညာရှိ များ ဝင်ကြသည်။ “ယခင်နေ့က ညီလာခံသို့ ဘုရင်မကြွလာမီ ကာလိဒါသသည် ဤသို့ အမြော်အမြင်နှင့် ပြည့်စုံသည့်စကားများကို ညီလာခံအား ပြောကြားသည်” ဟု ရသေ့ပညာရှိများက ဘုရင့်အား လည်း ပြောကြားကြသည်။ ကာလိဒါသအားလည်း ချီးကျူးကြသည်။

ရသေ့များ ပြောကြသည်ကိုကြားမှ ဘုရင်လည်း ယခင်နေ့က ညီလာခံအဖြစ်အပျက်များကို သိသည်။ အကြောင်းခြင်းရာများအားလုံး နားလည်သွားသည်။ အမြော်အမြင်နှင့် ပြည့်စုံသည်ကို အားရနှစ်သက် ပြီး ကာလိဒါသအား ဘုရင်ကဆုလာဘ်များ ပေးသနားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဟိမဝန္တာတောင်ခြေမှ ရသေ့ပညာရှိများသည် ဘုရင်မေးသည်များကို ဖြေကြားကြကာ ဘုရင်၏လှူဒါန်းခြင်းများကို ခံယူကြပြီး ဟိမဝန္တာတောင်ခြေသို့ ပြန်ကြွသွားကြသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ဘုရင်ထက်သာသူ

တစ်နေ့သောအခါ ဓာရာတိုင်းအရှင် ဘောဇဘုရင်ကြီးသည် ပညာရှင် ကာလိဒါသနှင့်အတူ မင်းဥယျာဉ်သို့ ထွက်တော်မူသည်။ ဘောဇဘုရင်ကြီးသည် ဥယျာဉ်တွင်းမှ လှပသောသရက်၊ ပိန္နဲစသည်များကို ရှုစားသည်။ အသီးတို့ဖြင့် တင့်တယ်လှသော ရှောက်လိမ္မော်စသည်များကိုလည်း လှည့်လည် ကြည့်ရှုသည်။ အထူးအားဖြင့်မူ အဖူး၊ အငုံ ပွင့်ချပ်၊ ပွင့်လွှာတို့ဖြင့် စီရရီ အညီအညာရှိနေကြသော ပန်းပင်များကို နှစ်သက်စွာ ရှုစားသည်။

ဘုရင်မင်းကြီးသည် လှည့်လည်ရှုစားပြီးသောအခါ ဥယျာဉ်အလယ် ဥယျာဉ်တော်တဲနန်းတွင် စံနေသည်။ ထိုသို့ ဥယျာဉ်တော်သို့ ထွက်စံစဉ် ဘုရင်သည် စည်းစိမ်တော် အခြံအရံ ကျက်သရေအထွေထွေတို့ဖြင့် အလွန်ပြည့်စုံတော်မူသည်။

ကာလိဒါသကဲ့သို့သော ပညာရှင်တစ်ဦးကလည်း မင်း၏ကိုယ်စား (ဘုရင်မင်းကြီး၏ အရာဋ္ဌတည်ကာ) တရားများကို စီရင်ဆုံးဖြတ်လျက်ရှိရာ၊ တိုင်းပြည်အားလုံး ငြိမ်းချမ်းသာယာလျက်ရှိသည်။ တိုင်းသူပြည်သားများသည်လည်း တရားနှင့်အညီကျင့်သော ဘောဇမင်းကြီးအား သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ရှိကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤသို့ဖြင့် ဓာရာတိုင်းသည် မိုးလေမှန်ကန်ခြင်း၊ ဘေးဆိုးတို့မှ ကင်းခြင်းနှင့် ခိုးသားဓားပြစသည့် အန္တရာယ်တို့မှ ကင်းရှင်းလျက် ရှိရာ များစွာသာယာလျက် ရှိသည်။ အတိုင်းတိုင်းအပြည်ပြည်မှ ပညာရှင်အများသည်လည်း ညီလာခံသဘင်သို့ အမေးပုစ္ဆာ ပြဿနာများကို ထွက်ဝင်သွားလာဖြေဆိုလျက်ရှိကြရာ မင်းနန်းတော်သည် ပို၍ တင့်တယ်လျက်ရှိသည်။

ဘုရင်သည် ဥယျာဉ်တော်တဲနန်းတွင် ကာလိဒါသနှင့်အတူ ခေတ္တစံနေစဉ် မိမိ၏စည်းစိမ်, အခြံအရံ, ကျက်သရေတို့ကို တွေးတောပြီး မာန်ဝင်လာသည်။ 'ငါကဲ့သို့သောဘုရင် မြေပြင်တွင် ရှိသေးသလား' ထင်လာသည်။ ဤကဲ့သို့ မိမိတွင် ပြည့်စုံလျက်ရှိသော ဂုဏ်အထူး၊ မင်္ဂလာအထူးတို့ဖြင့် ယစ်မူးလာသည်။

မင်းတို့၏မာန် ယစ်မူးလာသည်နှင့်အမျှ အနားတွင်ရှိသော ကာလိဒါသကို "အသင်ကာလိဒါသ လောကမြေအပြင်တွင် ငါကဲ့သို့သောသူ ရှိပါသေးသလား" ဟု ဘောဇဘုရင်က မေးတော့သည်။

ထိုအခါ ကာလိဒါသကလည်း ချက်ချင်းပင် "အို... ဓာရာတိုင်းအရှင်၊ အရှင်ဘုရင်မင်းမြတ်ထက် အရာရာသာသောသူရှိပါသည်။ ကလေးသူငယ်သည် အရှင်ဘုရင်မင်းမြတ်ထက် အရာရာတွင် သာပါသည်" ဟု ဘောဇဘုရင်အား လျှောက်တင်သည်။

ဤကဲ့သို့ လျှောက်တင်လိုက်သည်ဆိုလျှင်ပင်၊ ဘုရင်သည် ပို၍ ရာဇမာန်တက်လာသည်။ ဣန္ဒြေပျက်လုနီးနီး ဒေါသဖိစီးသွားသည်။ "ကာလိဒါသ၊ အသင်ထင်ရာ လျှောက်တင်သည်ကို မယုံကြည်နိုင်၊ အကြောင်းယုတ္တိခိုင်မာစွာ ငါ့ကို လျှောက်တင်ရမည်" ဟု အမိန့်ရှိတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသက "အကြောင်း ယုတ္တိယုတ္တာ ပြည့်စုံစွာ လျှောက်တင်ပါမည်။ သို့သော်လည်း ဤကိစ္စလျှောက်တင်ရေးအတွက် ၇ ရက်ခွင့်ပေးတော်မူပါ" ဟု ဘုရင်အား တင်လျှောက်သည်။ ဘုရင်လည်း ကာလိဒါသအား လျှောက်တင်သည့်အတိုင်း ၇ ရက်ပင် ခွင့်ပြုလိုက်သည်။

ဘုရင်နှင့် ကာလိဒါသတို့ ဤသို့ပြောဆိုကြသည်ကို မည်သူမျှမသိ၊ မိမိတို့နှစ်ဦးသာ သိကြသည်။ ဘုရင်လည်း ပရိသတ်အခြွေအရံ၊ ဗိုလ်ပုံအစုံအလင်တို့ဖြင့် နန်းတော်သို့ ပြန်ကြွသည်။ ကာလိဒါသလည်း ခွင့်ရက်ဖြင့် အိမ်သို့ပြန်သည်။

၇ ရက်မျှရသော ခွင့်ရက်အတွင်း မည်သည့်အရပ်ဌာနသို့မှ မထွက်၊ ကာလိဒါသသည် နေအိမ်အတွင်းမှာပင်နေလျက် ပြဿနာကို ဖြေရှင်းသည်။ ၇ ရက်စေ့သောနေ့ ံနက်စောစောတွင် မြို့တွင်းသို့ လှည့်လည်သွားသည်။ တစ်ခုသောအိမ်၌ လှပပြေပြစ် ချစ်ဖွယ်ကောင်းသော ကလေးသူငယ်ကို တွေ့လေရာ နံ့သာတို့ဖြင့် လိမ်းကျံ၍ နန်းတော်သို့ ခေါ်ယူလာသည်။

နန်းတော်တွင်း၌ ဘောဇဘုရင်လည်း တစ်ပါးတည်း စံလျက်ရှိသည်။ အခွင့်ကောင်း ကြုံနေသော ကာလိဒါသသည် ခေါ်ယူလာသော လှပတင့်တယ် ချစ်စဖွယ်ကောင်းလှသည့် ကလေးလေးကို ဘုရင့်ရင်ခွင်ပေါ်သို့ တင်လိုက်သည်။ ၇ ရက်တိုင် ကြာမြင့်လာခဲ့ပြီဖြစ်ရာ၊ မိမိပြောဆိုထားသည့် ကိစ္စကိုမူ မေ့သလောက်ပင် ဖြစ်နေပေပြီ။ သို့ဖြင့် ဘုရင်သည် ရင်ခွင်ပေါ်ရောက်လာသော ကလေး၏ နှစ်သက်စဖွယ်ကောင်းသည် ရူပါရုံ အဆင်အသွေးကို ငေးမောကာ ရှုစားနေသည်။ ကလေးအား တပ်မက်တွယ်တာသော မေတ္တာအာရုံမှ ခွာမရဖြစ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကလေးသည် တဖြည်းဖြည်း ယဉ်ပါးလာရာမှ မကြာမီပင် ဘုရင်၏ နှုတ်ခမ်းမွေးကို ကလေးတို့ဘာဝ ဆွဲနုတ်လိုက်သည်။ ဘုရင်မှာ တော်တော်ပင် နာသွားရာ ဖြုံးခနဲ ရာဇမာန်ထွက်သွားသည်။ ကလေးအား တစ်စုံတစ်ရာပြုလုပ်လိုက်တော့မည် ပြုရာမှ သတိပြန်ဝင်လာသည်။ ထို့နောက်တွင် ပြုံးလျက် ဆက်လက်ကာ ကလေးအား ကျီစယ်သည်။

ဤအချက်ကို စောင့်ကြည့်နေသော ကာလိဒါသသည် ဘုရင်၏ ကလေးအား တစ်စုံတစ်ရာ ပြုလုပ်တော့မည့်အသွင်မှ ပြုံးပြီး ပြန်ကျီစယ်သည်ကို မြင်သောအခါ၊ "အသို့ပါနည်းဘုရင်မင်းကြီး၊ အရှင်မင်းကြီးထက်သာသူ မြေအပြင်မှာ ရှိသည်ဆိုသည်မှာ ထင်ရှားပါပြီလော" ဟု လျှောက်တင်လိုက်လေသည်။

ဘုရင်မင်းကြီးလည်း ကာလိဒါသ ကြံဆဖြေဆို လျှောက်တင်သည်ကို အားရတော်မူပြီး ကလေးကိုပြန်၍ ပေးအပ်သည်။ "ကာလိဒါသ အသင်ပြောသည်မှာ မှန်ပေသည်။ ကလေးတို့၏ အာရုံမှာ အလွန်ခုံမင်ဖွယ်ရှိသည်။ ယုတ္တိယုတ္တာရှိပါပေသည်။ ဘုရင်သည် ကလေးကို မလွှမ်းမိုးနိုင်ပါ" ဟု ဝန်ခံသည်။ ကာလိဒါသလည်း ရာဇမာန်တက်သော ဘုရင်မင်းကြီးအား ကလေးဖြင့် ဆုံးမပြီးနောက်၊ ထိုကလေးကို မိဘများထံသို့ ပြန်ပို့လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# လပေါ်သို့ တံတွေးမရောက်နိုင်



စာဆိုပညာရှိ ကာလိဒါသသည် သွားရိုးသွားစဉ်အတိုင်း တစ်နေ့တွင် ဘုရင့်နန်းတော်သို့ ရောက်သွားသည်။

ဘောဇဘုရင်သည် နန်းတော်သို့ ရောက်လာသည့် ကာလိဒါသအား တိုင်းရေး ပြည်ရေးများကို ဦးစွာမိန့်ကြားဆွေးနွေးသည်။

နောက်တွင် ဘုရင်သည် လူတို့၏ စိတ်နေသဘောထားများ၊ ပြောဆိုပြုမူကြပုံများကို မိန့်ကြားသည်။ တစ်ဦးအပေါ်တစ်ဦးက အမနာပ ပြောတတ်ပုံများသို့လည်း ပြောရင်း ပြောရင်းနှင့် ရောက်သွားသည်။

ကာလိဒါသလည်း ဘုရင်မိန့်ကြားသည်များကို စဉ်းစားရင်း နာယူနေသည်။

ဤသို့ ခဏမျှ ပြောကြားပြီးလေလျှင် ဘုရင်သည် "အသင် ကာလိဒါသ၊ အကျွန်ုပ်သင့်အား ပုစ္ဆာမေးလိုသည်။ မေးရန် ပုစ္ဆာတစ်ခုရှိနေသည်။ အသင်ဖြေဆိုသွားပါမည်လော" ဟု ကာလိဒါသအား မိန့်ကြားသည်။

"ဘုရင်မင်းမြတ်မေးရန် ဆန္ဒရှိနေသည်ဆိုသည့် ပုစ္ဆာကို မေးတော်မူပါ။ ဘုရင်မင်းမြတ်ပုစ္ဆာကို ဖြေဆိုပြီးမှ ကျွန်တော်မျိုး ပြန်ပါမည်" ဟု ကာလိဒါသလည်း ဘုရင်အား ပြန်ကြားလျှောက်တင်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ဖြင့် ဘုရင်သည် ကာလိဒါသအား "အသင်ကာလိဒါသ၊ လူတစ်ဦးကသော်လည်းကောင်း၊ လူအများကသော်လည်းကောင်း၊ လူတစ်ဦးဦးအား မကောင်း" ဟု ပြောကြားလျှင် အပြောခံရသူကို အဘယ်သို့ ပြုမူရပါမည်နည်း" ဟူသော ပုစ္ဆာကို မေးလေသည်။

ကာလိဒါသလည်း ဘုရင်မေးသည့်ပုစ္ဆာကို နက်နက်နဲနဲ ရှည်ရှည်ဝေးဝေးကြီးတွေးမနေရ၊ နေ့စဉ်လိုလိုထိတွေ့ ကြားသိနေသည့် ပြဿနာဖြစ်၍ ခဏချင်းပင်သိသည်။ သို့ဖြစ်၍ မဆုတ် မဆိုင်းပင် ဖြေဆိုလိုက်သည်။

"ဘုရင်မင်းမြတ်မေးသည့်ပုစ္ဆာမှာ မမေးထိုက်သည့် ပုစ္ဆာမဟုတ်၊ မေးထိုက်လှပါသည်။ ဤသည်မှာ လူတို့၏ နှုတ်ဖျားတွင် နေ့စဉ်လိုလို ပြောဆိုနေသည့်စကားများဟုပင် ဆိုရပါမည်။ သို့ရာတွင် မကောင်းဟု အပြောခံရသူများသည် အပြောခံရတိုင်း မကောင်းသူများချည်း မဟုတ်ကြ၊ အပြောခံရတိုင်း မကောင်းသူလည်း ရှိကြပါသည်။ ကောင်းလျက် မနာလိုဝန်တိုသဖြင့် အမနာပ အပြောခံရသူများလည်း ရှိကြပါသည်။

မကောင်းဟု သူတစ်ပါးအပေါ် ပြောကြားကြသူများသည်လည်း အမှန်အတိုင်း ဆင်ခြင်၍ ပြောကြားသူများချည်း မဟုတ်ကြ၊ မကောင်းသူများအပေါ် မကောင်းဟု ပြောကြသူများလည်း ရှိပါသည်။ ကောင်းပါလျက် မနာလိုဝန်တိုသဖြင့် အကျိုးမဲ့ ကဲ့ရဲ့စကားပြောကြားကြသူများလည်း ရှိပါသည်။

အကြင်သူတစ်ဦးသည် အရာရာတွင်မကောင်း ပြောဆိုဆက်ဆံရာတွင်လည်း သစ္စာမရှိ၊ ကတိမတည်၊ အနေအထိုင် အလုပ်အကိုင်တွင်လည်း တိမ်းစောင်းချွတ်ချော်မှားယွင်းသည်။ ထိုသူအား လူတစ်ဦးဦးကသော်လည်းကောင်း၊ အများလူထုကသော်လည်းကောင်း၊ မကောင်းဟု ပြောသည်ဆိုအံ့၊ ပြောသူများမှာ အပြစ်တစ်စုံတစ်ရာ

www.facebook.com/NyisayEbookCreator
www.nyisay.com



မရှိကြပါ။ အပြောခံရသည့် ထိုအမှန်မကောင်းသူသာ အပြစ်ရှိပါသည်။ တည့်မတ်မှန်ကန်လာအောင် လမ်းညွှန်ပေးရန် ရှိပါသည်။

အကြင်သူတစ်ဦးသည် အရာရာတွင် ကောင်းသည်။ ပြောဆိုဆက်ဆံရာတွင်လည်း ကတိမပျက်၊ သစ္စာရှိသည်၊ အနေအထိုင်အလုပ်အကိုင်များတွင်လည်း မတိမ်းစောင်း၊ မချွတ်ချော်၊ မမှားယွင်း၊ ထိုသူအား လူတစ်ဦးဦးကသော်လည်းကောင်း၊ အများလူထုကသော်လည်းကောင်း၊ မကောင်းဟု ပြောကြသည်ဆိုအံ့၊ အပြောခံရသူမှာ အပြစ်မရှိပါ။ အရာရာကောင်းနေသောကြောင့် တည့်မတ်မှန်ကန်လာအောင် ပြုပြင်လမ်းညွှန်ပေးရန်လည်း မလိုပါ။ ပြောသူများမှာသာ အမနာပပြောရာကျသောကြောင့် အပြစ်ရှိပါသည်။

ဥပမာ လ,ကို မြေမှနေ၍ တံတွေးထွေးသူသည် လ,ပေါ်သို့ တံတွေးမရောက်နိုင်ဘဲ သူ၏မျက်နှာပေါ်မှာသာ တံတွေးပြန်ကျခံရသကဲ့သို့ ရှိပါသည်။

လ (စန္ဒာ) သည် အပြောခံရသူ လူကောင်းနှင့် တူပါသည်။ တံတွေးထွေး၍ မျက်နှာပေါ်ပြန်ကျခံရသူသည် ကဲ့ရဲ့လိုသဖြင့် ပြောကြသည့် မကောင်းသူများနှင့် တူပါသည်။

ထို့ကြောင့် အရာရာကောင်းနေသူတစ်ဦးဦးအား ကဲ့ရဲ့လိုသူများက မကောင်းဟု ပြောချင်ပြောကြပါစေ၊ တစ်စုံတစ်ရာ ဘာမှအကျိုးမဲ့ မဖြစ်နိုင်ပါ။

စန္ဒာလမင်းသည် တိမ်တိုက်အစ ညစ်မျိုးငါးဝတို့ဖြင့် ဖုံးအုပ်စဉ်အခါ အခိုက်အတန့်မျှ မိုက်မှောင်ကျရသော်လည်း ထာဝစဉ်သော်ရောင်ဝါဝင်းဝင်း လူအများ နှစ်သက်ခြင်းခံရသကဲ့သို့ လူကောင်းသည်လည်း ကဲ့ရဲ့လိုသူများက မကောင်းပြောခံရစဉ်အခါ အခိုက်အတန့်မျှ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဂုဏ်ညှိုးနွမ်းရသော်လည်း အမြဲအားဖြင့်သော် လူအများ၏ ချစ်ကြည်မှုကို ခံရသည့် လူကောင်းပင်ဖြစ်ပါသည်။

မြေမှနေ၍ လပေါ်သို့ တံတွေးထွေးသူသည် လပေါ်သို့ တံတွေးမရောက်နိုင်ဘဲ သူ့မျက်နှာပေါ်သာ တံတွေးပြန်ကျခံရသကဲ့သို့ အရာရာကောင်းသူတစ်ဦးဦးအား မကောင်းဟု ပြောကြသူများသည် ကောင်းသူအား တစ်စုံတစ်ရာအကျိုးမယုတ်ဘဲ ပြောသူများသာ အကျိုးမဲ့ကဲ့ရဲ့မှု တန်ပြန်ခံရပါသည်။”

ဤကဲ့သို့ ကာလီဒါသက လျှောက်တင်ဖြေဆိုလိုက်လေရာ ဘုရင်လည်းအဖြေကို များစွာ နှစ်သက်အားရတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# နေတစ်ဝက် အရိပ်တစ်ဝက်နှင့် လာသူ



အခါတစ်ပါးတွင် ဘောဇဘုရင်သည် အမျက်တော်ရှပြီး၊ ကာလိဒါသအား တိုင်းပြည်မှ နှင်လိုက်သည်။ ကာလိဒါသလည်း ဘုရင့်အာဏာကို မဖီဆန် ရိုသေစွာနာခံသည်။ ဘုရင့်အမိန့်အတိုင်း တိုင်းပြည်မှ ထွက်ခွာသွားသည်။

ကာလိဒါသ ရောက်သွားသော နေရာမှာ တြိဗေကနာဂရ ဖြစ်သည်။ ထိုရွာသည် ဓာရာတိုင်းနှင့် များစွာ အလှမ်းဝေးသည်။ ကာလိဒါသသည် တြိဗေကနာဂရ၌ သူဌေးသူကြွယ်များ၊ မင်းစိုးရာဇာများအိမ်တွင် မနေ၊ ဆီဆုံသမားတစ်ဦး၏အိမ်၌သာ မထင်မရှား နေလေသည်။ ထိုဆီဆုံသမားအမည်မှာ 'ဂင်္ဂါသေလီ' ဖြစ်သည်။ ဗြာဟ္မဏမျိုးကို ကြည်ညိုရင်းရှိသော ဂင်္ဂါသေလီသည် ကာလိဒါသအား များစွာလေးစား ရိုသေသည်။

ကာလိဒါသ တိုင်းပြည်မှ ထွက်သွား၍ ရက်လအတန်ကြာသော် ဘုရင်မှာ မနေတတ် မထိုင်တတ်ဖြစ်လာသည်။ နန်းတော်မှ ပတ္တမြားတစ်လုံး ပျောက်ဆုံးနေသကဲ့သို့ ဘုရင်၏စိတ်တွင် ထင်လာသည်။ ညီလာခံမှ ပတ္တမြားရတနာပျောက်ကွယ်နေသကဲ့သို့ အောက်မေ့လာသည်။ သို့ဖြစ်၍ ပတ္တမြားရတနာဖြစ်သော ကာလိဒါသကို ရှာရန်

www.facebook.com/NyisayEbookCreator
www.nyisay.com



စိမ်တော့သည်။ သူလျှိုများလွှတ်၍ တိုင်းပြည်အနှံ့အပြား၌ ကာလိဒါသကို ရှာစေသည်။

သူလျှိုများသည် ဘုရင့်သစ္စာတော်ကို စောင့်သိရိုသေသော အားဖြင့်လည်းကောင်း၊ ပတ္တမြားရတနာ ကာလိဒါသကို တွေ့လိုဇောဖြင့်လည်းကောင်း၊ ကြိုးစား၍ ရှာဖွေကြသည်။ နေရာအနှံ့အပြား၊ တိုင်းပြည်အနှံ့အပြားသို့သွား၍ စုံစမ်းကြသည်။ သို့ရာတွင် ပတ္တမြားရတနာ ကာလိဒါသကိုမတွေ့၊ ဘုရင်သူလျှိုများသည် ပတ္တမြားရတနာ ကာလိဒါသ၏ သတင်းပင်မရ၊ အချည်းနှီးသာ ဖြစ်ရလေသည်။

ထို့ကြောင့် "ကာလိဒါသကို သတင်းပေးနိုင်သူ၊ တွေ့အောင်ရှာပေးနိုင်သူအား အသပြာငါးရာ နေတစ်ဝက် အရိပ်တစ်ဝက်နှင့် လာသူအား အသပြာတစ်ထောင်ပေးမည်" ဟု ဘုရင်က မောင်းခတ်ကြေညာစေသည်။ တိုင်းပြည်အနှံ့အပြားသို့ မောင်းသမားများကို စေလွှတ်တော်မူသည်။

ဘုရင့်မောင်းသတင်းကို ကြားကြသည့်ပြည်သူအများသည် ဆင်းရဲသူများဖြစ်ကြသည့်အတိုင်း ဘုရင့်ဆုတော်ကို ရလိုကြသည်။ သို့ဖြင့် အချို့က ပတ္တမြားရတနာကာလိဒါသကို တွေ့နိုးနိုးနှင့် ရှာကြသည်။ ဆုငွေအသပြာ တစ်ထောင့်ငါးရာကို ရနိုးနိုးနှင့် ကာလိဒါသသတင်းစုံစမ်းကြသည်။ အချို့ကမူ ကာလိဒါသကို အထင်အရှားရှာကြသည်။ မသိမသာ တိတ်တိတ်ရှာကြသူများလည်း မနည်းပေ။ ကိုယ့်အစွမ်း၊ ကိုယ့်အကြံနှင့် ရှာနေကြလေသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်မျှ ကာလိဒါသကို တွေ့အောင် မရှာနိုင်ကြ၊ အကြပ်တွေ့နေကြသည်။ ကာလိဒါသကလည်း ရုပ်ဖျောက်၍ နေခြင်းဖြစ်ရာ ရှာ၍တွေ့ရန် ပို၍ခက်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင့်ရွှေမောင်းသတင်းသည် ဓာရာတိုင်းအနီးအဝေး ဒေသများသို့သာမက အခြားတိုင်းပြည်များသို့ပင် လေကဲ့သို့ လျင်မြန်စွာ ရောက်သွားသည်။

ကာလိဒါသလည်း ထိုသတင်းကို ဆီဆုံသမားအိမ်မှာနေရင်း ကြားရသည်။ ကြားရသည်ဆိုလျှင် 'အရိပ်တစ်ဝက် နေတစ်ဝက်နှင့် လာသူအား အသပြာ ၁၀၀၀ ပေးမည်ဆိုသည်မှာ မိမိအား တွေ့ရန် ကြေညာခြင်းဖြစ်သည်။ မိမိအားတွေ့ဖို့ ရှာသောနည်းတစ်နည်းဖြစ်သည်' ဟု သိတော့သည်။

သို့နှင့် ကာလိဒါသသည် မိမိနေသည့်အိမ်မှ ဆီဆုံသမားအား ပြောကြားသည်။ "အမောင် ဂင်္ဂါသေလီ၊ အမောင်၏အိမ်၌ ကျွန်ုပ်နေသည်မှာလည်းကြာပြီ၊ သင်သည် ရိုရိုသေသေ ကြည်ကြည်ဖြူဖြူလည်း ကျွန်ုပ်အား ကျွေးမွေးပြုစုထားသည်။ ယခု အမောင်အား အကျွန်ုပ်က တစ်ဖန် ကျေးဇူးပြန်ဆပ်ရန် အချိန်တန်ပြီ။ သွားချေ၊ ကြိုးခတ်ထားသည့် ခုတင်ကိုယူသွားပြီး ဘုရင်နှင့်တွေ့က နေပူတွင်ထွက်ကာ ထိုခုတင်ကို ခေါင်းပေါ်ရွက်ပြချေ၊ အမောင်ရွက်ပြသည့် ခုတင်သည် မြေပေါ်တွင် နေတစ်ဝက်အရိပ်တစ်ဝက်ထင်နေမည်၊ ဘုရင်က မေးသည့်အခါ နေတစ်ဝက် အရိပ်တစ်ဝက်နှင့် လာပါသည်ဟုဆိုကာ မြေပေါ်တွင် ထင်နေသည့် နေတစ်ဝက် အရိပ်တစ်ဝက်ကို လက်ညှိုး ထိုး၍ လျှောက်တင်လေ။ ထိုအခါ ဘောဇဘုရင်က အမောင်အား ဆုငွေအသပြာ ၁၅၀၀ ပေးလိမ့်မည်" ဟု ကာလိဒါသက ဂင်္ဂါသေလီ ဆီဆုံသမားအား မှာကြား၍ လွှတ်လိုက်သည်။

ဂင်္ဂါသေလီသည် ကာလိဒါသပြောတိုင်းလုပ်၍ သွားသည်။ ဘုရင့်ရှေ့တော်ရောက်သောအခါ ကာလိဒါသပြောသမျှ လုပ်ပြ လျှောက်တင်သည်။ သို့ရာတွင် ထိုအချိန်ထိ ဂင်္ဂါသေလီမှာ မိမိအိမ်

www.facebook.com/NyisayEbookCreator
www.nyisay.com



တွင် နေသူကို ကာလိဒါသမှန်းမသိ၊ အနည်းငယ်မျှပင် မရိပ်မိ၊ ဗြာဟ္မဏမျိုး ပညာရှိတစ်ဦးဟုသာ မှတ်ထင်နေသည်။ ကာလိဒါသကလည်း မိမိမည်သူဖြစ်သည်ကိုမပြော၊ လျှို့ဝှက်စွာနေသည်။

ဂင်္ဂါသေလီ ဆီဆုံသမား နန်းတော်သို့ လာရောက်ပြသ လျှောက်တင်သည်ဆိုလျှင်ပင် ဘုရင်သည် ဂင်္ဂါသေလီ၏အိမ်တွင် ကာလိဒါသရှိကြောင်း သိသည်။ သို့ရာတွင် မည်သို့မျှ မပြောသေး၊ "အမောင်လုလင်၊ အမောင်လျှောက်တင်သည်မှာ မှန်ပေသည်" ဟု မိန့်တော်မူကာ ဘုရင်က ဂင်္ဂါသေလီအား အသပြာတစ်ထောင့်ငါးရာကို အရင်ပေးသနားလိုက်သည်။


ထို့နောက် "အမောင်လုလင်၊ အမောင်အား ဘယ်သူက ဤခုတင်ကြီးကို ရွက်လာရန် အကြံဉာဏ်ပေးလိုက်သနည်း၊ အမောင့်ပင်ကိုယ်ဉာဏ်မဟုတ်၊ အိမ်မှာ လာရောက်နေသူက အကြံဉာဏ်ပေးပြီး လွှတ်လိုက်သည်မဟုတ်လား၊ သူ့ကိုကော ကာလိဒါသဟု သိပါသလား" ဟု ဘုရင်က ဂင်္ဂါသေလီအား မေးလေသည်။

"မသိပါ ကာလိဒါသဆိုသည်ကို နည်းနည်းမှ မရိပ်မိပါ၊ ငွေအသပြာထောင့်ငါးရာကိုလည်း လိုချင်ရမှန်း ကျွန်တော်မျိုးမသိပါ၊ သူက အကြံဉာဏ်ပေးပြီး လွှတ်လိုက်၍သာ လာခြင်းဖြစ်ပါသည်"ဟု ဂင်္ဂါသေလီက ဘုရင်အား ပြန်၍ လျှောက်တင်လိုက်သည်။

ထိုအခါ "အမောင်လုလင် အသင်၌ အပြစ်တစ်စုံတစ်ရာမရှိ၊ ကာလိဒါသကိုသာ အလိုရှိသည်" ဟု မိန့်တော်မူကာ ဂင်္ဂါသေလီအား ပြန်လွှတ်လိုက်သည်။ မင်းချင်းလေးဦးကိုလည်း ဂင်္ဂါသေလီနှင့်အတူ ထည့်လိုက်ကာ ကာလိဒါသအား ခေါ်စေသည်။ ကာလိဒါသလည်း ပြန်လည်ခစားမြဲ ခစား၍ ဘုရင်လည်း စိတ်ချမ်းသာရလေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# ကရဟီး

ပညာရှိ ကာလိဒါသသည် တစ်နေ့တွင် ဖိတ်ထားသည့် ထမင်းစားပွဲသို့သွားရန် ကိစ္စတစ်ခုရှိလေသည်။

သို့ဖြင့် ဘုရင်အား အကျိုးအကြောင်း လျှောက်တင်ကာ ညီလာခံသဘင်မှ ကာလိဒါသပြန်သွားသည်။

ဖိတ်ထားသော မိတ်ဆွေသည် ကာလိဒါသအား အရသာမျိုးပြည့်စုံ၍ ကျက်သရေရှိလှသည့် စားပွဲဖြင့် တည်ခင်းကျွေးမွေးသည်။ မပါသော စားဖွယ်သောက်ဖွယ်ဟူ၍ မရှိသလောက်ပင် စုံသည်။ ကရဟီး (နို့ချဉ်ထဲနှစ်ထားသည့် ဗယာကြော်) ပင် တည်ခင်းကျွေးမွေးရာတွင် ပါဝင်သည်။

ကာလိဒါသလည်း နှစ်သက်စွာ စားသည်။ ဖိတ်သော မိတ်ဆွေသည်လည်း သူတည်ခင်း ကျွေးမွေးသည့်စားပွဲကို ကာလိဒါသ နှစ်သက်စွာ စားသောက်သုံးဆောင်သည်ကို မြင်သဖြင့် အားရကျေနပ်သည်။

နောက်တစ်နေ့တွင် ညီလာခံသဘင်သို့ ကာလိဒါသ ရောက်သွားလျှင် ဘုရင်က ကာလိဒါသအား "မနေ့က မည်သည့်ဟင်းများဖြင့် ကျွေးမွေးလိုက်သနည်း" စသည့်ဖြင့် မေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသလည်း မပါသော ဟင်း၊ မပါသောမုန့်၊ မပါသည့် သစ်သီးဟူ၍မရှိ၊ ကျက်သရေရှိရှိ၊ ပြည့်ပြည့်စုံစုံ တည်ခင်းကျွေးမွေး လိုက်ကြောင်းနှင့် လျှောက်တင်သည်။

ဤသို့လျှင် ဘုရင်က ထမင်းစားပွဲအကြောင်း မေးရင်း၊ ကာလိဒါသကလည်း ထမင်းစားပွဲအကြောင်း ပြန်လျှောက်တင်ရင်းဖြင့် ညီလာခံသဘင် စီမံဆောင်ရွက်ဖွယ် ရှိသည်များကို စီမံဆောင်ရွက်ကြသည်။

ရက်သတ္တ ၄-၅ ပတ်မျှကြာသော် ညီလာခံတွင် မှူးမတ်ဗိုလ်ပါ သေနာပတိစသည်တို့လည်း စုံစုံလင်လင် တက်ရောက်ကြသည်။ ကာလိဒါသလည်း ညီလာခံသဘင်တွင်ပါ၍ ဘုရင်လည်း ကြွဝင်လာပေပြီ။

အစပထမတွင် ဘုရင်သည် ညီလာခံကိစ္စအဝဝတို့ကို ဆောင်ရွက်စီမံသည်။

ထို့နောက် 'လွန်ခဲ့သည့် ရက်သတ္တ ၄-၅ ပတ်က ထမင်းစားပွဲတွင် စားခဲ့ရသည်များကို မှတ်မိပါသေး၏လားဟု ကာလိဒါသအား အမှတ်မဲ့မေးရလျှင် ကောင်းမည်' ဟု အောက်မေ့မိလာသည်။

သို့ဖြင့် ဘုရင်က "အသင်ကာလိဒါသ ဟိုနေ့က ဘာများစားခဲ့ရသနည်း" ဟု မဆီမဆိုင် မစပ်မဟပ် အမှတ်မဲ့ မေးလိုက်သည်။ ကြားရက်များအတွင်းမမေး၊ ယခုမှ မေးလေသည်။

ဘုရင်က ဤသို့မေးလိုက်သည်ဆိုလျှင်ပင် ကာလိဒါသလည်း တွေဝေ၍မနေ၊ လွန်ခဲ့သည် 'ရက်သတ္တ ၄-၅ ပတ်က ထမင်းစားပွဲတစ်ခုသို့ သွားခဲ့ရသည်။ ထိုထမင်းစားပွဲမှ စားရသည်များကို ယခုမှတ်မိ, မမှတ်မိ ဘုရင်က ငါ့အား အမှတ်မဲ့ စမ်းခြင်းဖြစ်သည်' ဟု ချက်ချင်းပင် သိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့ကြောင့် ကာလိဒါသကလည်း "ကရဟီး" ဟု ရုတ်တရက် နှုတ်သွက်သွက်ဖြင့်ပင် ပြန်ဖြေလိုက်သည်။

ထိုအခါ ဘုရင်လည်း 'လူတိုင်းသည် လွန်ခဲ့သည့် ရက်များက စားထားခဲ့ရသည်များကို ၃-၄ ရက်မျှ ကြာသွားက မိမိတို့ဘာစား ခဲ့ရသည်ဟု မမှတ်မိတတ်ကြ၊ မေ့တတ်ကြသည်။ ကာလိဒါသမှာမူ ထိုကဲ့သို့မဟုတ်၊ လွန်ခဲ့သည့် ရက်သတ္တ ၄-၅ ပတ်က စားခဲ့ရသည် ကိုပင် မမေ့၊ အလွန်မှတ်မိ သတိကောင်းသည်' ဟု စိတ်ထဲတွင် အောက်မေ့သည်။

သို့ရာတွင် ဘုရင်သည် ညီလာခံသဘင် ပရိသတ်အားလည်း ကောင်း၊ ကာလိဒါသအားလည်းကောင်း၊ ဘာတစ်ခွန်းမှ နှုတ်က ထုတ်ဖော်၍မပြော၊ မိမိလည်၌ ဝတ်ဆင်ထားသည့် ပုလဲကုံးကို ချွတ် ကာ ချီးကျူးသောအားဖြင့် ကာလိဒါသအား ပေးသနားလိုက်သည်။

ညီလာခံပရိသတ်သည် ဘုရင်က ကာလိဒါသအား ပုလဲကုံးပေး သည်ကို မြင်ကြသည်။ ကာလိဒါသက "ကရဟီး" ဟု ပြောလိုက်သံ ကိုလည်း ကြားကြသည်။

သို့ရာတွင် ဘုရင်က ကာလိဒါသအား ပုလဲကုံးကို ဤသို့ အဘယ်ကြောင့် ပေးသည်ကိုမူ ညီလာခံပရိသတ်ထဲမှ မည်သူမှ နားမလည်ကြ၊ "ဘုရင် ကရဟီးကို အလွန်ကြိုက်နှစ်သက်သဖြင့် ကာလိဒါသအား ပုလဲကုံးကိုပေးခြင်း ဖြစ်လေသည်" ဟုသာ အောက် မေ့ကြသည်။

"ဘုရင်သည် ကရဟီးကို အလွန်ကြိုက်သည်။ ထို့ကြောင့် ကရဟီးဟု လျှောက်တင်သည့် ကာလိဒါသအား ပုလဲကုံးဆုသနား သည်။ ငါတို့လည်း ကရဟီးဆက်က ဘုရင့်ထံမှ ကာလိဒါသကဲ့သို့ ပုလဲကုံးဆုရမည်။ ကရဟီးကို နည်းနာနိဿယကောင်းကောင်းဖြင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြုလုပ်ကာ နက်ဖြန်ညီလာခံသဘင်တွင် ဘုရင်အား ဆက်မည်”ဟု လောဘတပ်သည့် မှူးမတ် ဗိုလ်ပါအချို့က သူတို့၏စိတ်ထဲမှ အသီးသီး ဆုံးဖြတ်သွားကြသည်။

ထိုနေ့ ညီလာခံသဘင်ကိုလည်း ကာလိဒါသအား ပုလဲကုံးဆုပေး၍ အပြီးတွင် မကြာခင် ရုပ်သိမ်းလိုက်သည်။

ပုလဲကုံးရလိုကြသည့် မှူးမတ်, ဗိုလ်ပါအချို့တို့သည် အိမ်ရောက်ကြသည်ဆိုလျှင်ပင် နားပင်မနားကြ၊ ကရဟီးကို နည်းနိဿယကောင်းကောင်းဖြင့် ပြုလုပ်ကြသည်။ ကရဟီးဆက်ရလျှင် မိမိတို့လည်း ပုလဲကုံးရတော့မည်ဟု မျှော်မှန်းဝမ်းသာစိတ်ဖြင့် တပြုံးပြုံးရှိကြသည်။

နောက်တစ်နေ့ ညီလာခံကျင်းပချိန်သို့ ရောက်လေပြီ၊ ကာလိဒါသလည်း ထိုနေ့ညီလာခံသဘင်သို့ စောစောပင် ရောက်လာသည်။ လောဘတပ်ကြသည့် မှူးမတ်ဗိုလ်ပါတို့လည်း နောက်မကျကြ၊ စောစောစီးစီးပင် သူတို့၏ ကရဟီးများကို အသီးသီးယူကာ ညီလာခံသို့ လာကြသည်။ ဘုရင်လည်း ညီလာခံသဘင်သို့ စောစောပင် ကြွဝင်လာလေရာ မှူးမတ် ဗိုလ်ပါတို့က သူတို့ယူလာသည့် ကရဟီးများကို ဘုရင်အား အသီးသီးဆီး၍ ဆက်ကြသည်။

ကရဟီးကို ဆက်ကြသည့် မှူးမတ်ဗိုလ်ပါတို့မှာ မနည်းလှ၊ သူ့ထက်ငါ အပြိုင်အဆိုင်လည်း ဖြစ်နေကြသည်။

အမှန်အားဖြင့်သော် ဘုရင်သည် ဤပဟေဠိကိုမသိပေ။ ထို့ကြောင့် ဆက်ကြသည့် မှူးမတ်ဗိုလ်ပါတို့အား ဘုရင်က အကျိုးအကြောင်း မေးယူရလေသည်။

မနေ့က ညီလာခံသဘင်တွင် ကာလိဒါသက ဘုရင်အား “ကရဟီး” ဟု လျှောက်တင်သည်ကို ကြားကြပုံ၊ ဘုရင်က တစ်ဖန်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသအား ပုလဲကုံးပြန် ဆုချသည်ကို မြင်ကြရပုံ၊ ဤနှစ်ရပ်ကို ဆက်စပ်ကာ အမျိုးမျိုးအောက်မေ့မိခဲ့ကြပုံမှအစ ပုလဲကုံးရလို၍ ဤသို့ ကရပဟီးဆက်ကြပုံအထိ အလုံးစုံကို မှူးမတ်ဗိုလ်ပါတို့က လျှောက်တင် ကြသည်။

အကျိုးအကြောင်းအားလုံးကို သိလေလျှင် ဘုရင်လည်း ရာဇ မာန်ပွားသွားသည်။ 'ကိုယ်တိုင်သော် အောင်မြင်ရန် ဘာမှ မကြံဆ တတ်ကြ၊ သူတစ်ပါးအတုအယောင်မျှ လုပ်တတ်ကြသည်။ မိုက်မဲလှ သည့် မှူးမတ်ဗိုလ်ပါများဖြစ်ကြသည်။ သည်မှူးမတ် ဗိုလ်ပါများအား သည်အတိုင်းမထားသင့်၊ ထောင်သွင်းအကျဉ်းထားသင့်သည်' ဟု ဆင်ခြင်မိသည်။

ထို့ကြောင့် "ဤမှူးမတ်ဗိုလ်ပါများအား ထောင်သွင်းအကျဉ်း ထားစေ" ဟု ဘုရင်က ချက်ချင်းအမိန့်ချလိုက်သည်။

အနားက ရှိနေသည့် ကာလိဒါသသည် ဘုရင့်အမိန့်ကို ကြား လိုက်ရသည်နှင့်တစ်ပြိုင်နက် အခံရခက်သွားသည်။ ငြိမ်းနေသည့် မီးဖိုမှ မီးစများကို မီးပြောင်းဖြင့် မွှတ်လိုက်သည့်အခါ ထွက်လာသည့် မီးခိုးများမျက်စိထဲ တိုးဝင်သကဲ့သို့ဖြစ်သွားသည်။

သို့ဖြင့် ကာလိဒါသက 'ညီလာခံ'မှ ငါရှိနေပါလျက် သည်ကဲ့သို့ မဖြစ်သင့်၊ မှူးမတ် ဗိုလ်ပါများ အပြစ်ပေးခံရချေက ငါပါအပြစ်ရှိသင့် သည်။ အမှုကိစ္စအတွက် ငါကာကွယ်ဖြေရှင်းမှ ဖြစ်မည်" ဟု တစ်မုဟုတ်ချင်း စဉ်းစားမိသည်။ သို့နှင့်...

"မြတ်သောဘုရင်မင်းကြီး၊ အရှင်ဘုရင်မင်းမြတ်သည် ညီလာခံ ပရိသတ်၏ ဖခင်နှင့်တူပါသည်။ ညီလာခံပရိသတ်မှာ သားသမီးများ နှင့် တူပါသည်။ သားသမီးများထဲမှ ကျွန်တော်မျိုးမှာ သားအကြီး

www.facebook.com/NyisayEbookCreator
www.nyisay.com



(အစ်ကိုကြီး) နှင့် မခြားပါ။ ကျွန် မှူးမတ်ဗိုလ်ပါများမှာ သားအငယ်များနှင့် မခြားပါ။

"ဖခင်တစ်ဦးမှာ သားဆိုးသားကောင်းများ ရှိတတ်သကဲ့သို့ ဘုရင်မင်းမြတ်မှာလည်း သားဆိုး သားကောင်းများ ရှိနေပါသည်"။

"ဖခင်တစ်ဦးသည် သားကောင်းများကို ချစ်သကဲ့သို့ ဘုရင်မင်းမြတ်လည်း သားဆိုးများကို မချစ်အပ်သည်မဟုတ်၊ ရာဇနီတိအရ ချစ်အပ်လှပါသည်"။

"ဘုရင်မင်းမြတ်အား ကရဟီးဆက်မိကြသည့်အပြစ်သည် မိုက်မဲလှသည့် အပြစ်မဟုတ်ပါ။ မပြောပလောက်သည့် အပြစ်မျှသာ ဖြစ်ပါသည်။ ဘုရင့်အားလည်းကောင်း၊ ပြည်သူလူထုအားလည်းကောင်း၊ ဘုရင်နှင့် ပြည်သူလူထု နှစ်ပါးစလုံးအားလည်းကောင်း၊ အကျိုးမမဲ့စေသောကြောင့် ဖြစ်ပါသည်။

အကယ်၍ မပြောပလောက်သည့် အပြစ်မျှဖြင့် ဖခင်နှင့်တူသည့် အရှင်ဘုရင်မင်းမြတ်က သားဆိုးများနှင့်တူကြသည့် မှူးမတ်ဗိုလ်ပါများအား ထောင်သွင်းအကျဉ်းထားသည့်အပြစ်ပေးပါက အစ်ကိုကြီးနှင့်မခြားသည့် ကျွန်တော်မျိုးအားလည်း တာဝန်မကင်းပါ။ 'ညီငယ်များမကောင်း အစ်ကိုကြီးခေါင်း' ဆိုသကဲ့သို့ ရှိပါလိမ့်မည်။

"သို့ဖြစ်ပါ၍ ဤတစ်ကြိမ်တစ်ခါမျှ အပြစ်အနည်းငယ်ကျူးလွန်မိကြသည့် မှူးမတ်ဗိုလ်ပါများအား ထောင်သွင်းအကျဉ်းထားခြင်းအပြစ်မှ လွှတ်တော်မူပါ။ ကျွန်တော်မျိုး တောင်းပန်အသနားခံပါသည်။ ကျွန်တော်မျိုးကလည်း မှူးမတ်ဗိုလ်ပါများအား လောဘမဖက်သို့ သတိပေးစကားများ ပြောကြားဆုံးမ လွှတ်လိုက်ပါမည်။ အကယ်၍ သူတို့အား အပြစ်ပေးဦးမည်ဆိုက ကျွန်တော်မျိုးအားလည်း

www.facebook.com/NyisayEbookCreator
www.nyisay.com



အပြစ်ပေးတော်မူပါ” ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်လေသည်။


ထိုအခါ ဘုရင်မင်းမြတ်လည်း ထိုမှူးမတ်ဗိုလ်ပါများအား ကာလိဒါသ အသနားခံချက်အရ အပြစ်မှ လွှတ်လိုက်သည်။

ကာလိဒါသကလည်း ထိုမှူးမတ်ဗိုလ်ပါများအား “အို… ချစ်စွာသော မှူးမတ်ဗိုလ်ပါအပေါင်းတို့ အသင်တို့သည် ကျွန်ုပ် ဘုရင်မင်းမြတ်အား အသနားခံချက်အရ ယခုအပြစ်မှ လွတ်မြောက်ကြပြီ၊ နောက်နောင်အခါ ကိုယ်ကျိုးအတွက်ချည်း မကြည့်ကြလေနှင့်၊ ထာဝစဉ်သစ္စာရှိသင့်ကြသည်။ ဘုရင့်အကျိုးအတွက်လည်း မမေ့လျော့မပေါ့ဆသင့်ကြ၊ ပြည်သူလူထုအကျိုးအတွက်လည်း မဆုတ်ယုတ်မဆုံးရှုံးစေသင့်၊ နှစ်ပါးစလုံးအတွက်သော် အမှတ်မဲ့ဖြင့် ပို၍မချွတ်ချော်မမှားယွင်းစေသင့်၊ အမြဲတမ်း သတိရှိသင့်ကြသည်။

“အို… ချစ်စွာသော မှူးမတ်ဗိုလ်ပါအပေါင်းတို့၊ သတိရှိသောသူသည် အခါခပ်သိမ်း ကောင်းသည်။ သတိနှင့် ပြည့်စုံသောသူသည် ချမ်းချမ်းသာသာ ကြီးပွားနိုင်သည်။ သတိမည်သည် လွန်သည်ဟူ၍ မရှိတတ်နိုင်၊ သတိရှိသောသူသည် နံနက်မိုးသောက် အလင်းသို့ ရောက်တိုင်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်။ သတိနှင့် ပြည့်စုံသောသူသည် ဘေးရန်အပေါင်းမှ ကောင်းစွာလွတ်မြောက်နိုင်သည်။ သတိမချွတ်မလွတ်ရအောင် အမြဲဂရုစိုက်ကြလော့” ဟု သင်ခန်းစာပေးစကား ပြောကြားလိုက်သည်။

ထို့နောက် ထို့နေ့ ညီလာခံသဘင်ကိုလည်း ရုပ်သိမ်းလိုက်သည်။ ဘုရင်အား ကရဟီးဆက်မိကြသည့် မှူးမတ်ဗိုလ်ပါများလည်း ကာလိဒါသ အသနားခံချက်အရ အပြစ်မှ လွတ်ကြသဖြင့် ကာလိဒါသအား ချီးကျူးစကား၊ ကျေးဇူးတင်စကားများ ပြောကြားကြလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဖိနပ်အရံ ၁၀၀ ရပါစေ

ဘောဇဘုရင်သည် ဘာသာရေးကို အလွန်လေးစားသော ဘုရင်ဖြစ်သည်။ ရတနာသုံးပါးကို အလွန်ကိုင်းရှိုင်းသည်။ ဘုရားသခင်ကို ကြည်ညိုရာ၌ မိရိုးဖလာမျှသာမဟုတ်၊ ယုံကြည်သည့် သဒ္ဓါစိတ်ဖြင့် လွန်လွန်ကဲကဲ ကြည်ညိုသည်။ နှစ်နှစ်ခြိုက်ခြိုက် မြတ်မြတ်နိုးနိုး ရှိသည်။

တရားဓမ္မဘက်၌လည်း မမေ့မလျော့ များစွာပူဇော်သည်။ ဘုရင်ကိုယ်တိုင်ကလည်း တရားကိုစောင့်ထိန်း၍ တိုင်းသူပြည်သား လူအများအပေါ်၌လည်း တရားနှင့်အညီ စိုးမိုးအုပ်ချုပ်သည်။

ရသေ့ရဟန်းများကိုလည်း အမြဲလှူဒါန်းသည်။ ဆွမ်းကွမ်းဆေးဝါးများနှင့် အခြား ရသေ့ရဟန်းတို့၏ အသုံးအဆောင်များကို ထောက်ပံ့သည်။ သက်ကြီးဝါကြီး လူပုဂ္ဂိုလ်များအား လှူဒါန်း၍ ဗြာဟ္မဏကြီးများအားလည်း လှူဒါန်းသည်။

စွန့်ကြဲပေးကမ်းလှူဒါန်းရာ၌ တွန့်တိုခြင်းမရှိ၊ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲသည်။ ရက်ရက်ရောရောရှိသည်။ အယုတ်အလတ်၊ အမြတ် မခွဲခြား၊ အလှူခံအားလုံးအား သဒ္ဓါတရား အတူထားရှိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤကဲ့သို့ ဘာသာရေး၌ များစွာ လေးစားယုံကြည်သော ဘောဇ ဘုရင်သည် တစ်နေ့သောအခါ ကာလိဒါသနှင့်အတူ ဘုရားဖူးသွား သည်။ ဓာရာတိုင်းအတွင်းရှိ ဘုရားများကို သွားရောက်ဖူးမြော်ကြ ခြင်းဖြစ်သည်။ အပါးတော်က အမြဲခစားကြရသော မင်းချင်းများသာ မက၊ အခြွေအရံမြောက်မြားစွာလည်း နောက်တော်က ပါကြသည်။

ဘုရားအရံသို့ ရောက်၍ ဘုရားသခင်ရှေ့တော်မှောက်သို့ သွားရောက်ကြတော့မည့်အခါ ဖိနပ်များကို ချွတ်ကြသည်။ ဘုရင်နှင့် တကွ အားလုံးချွတ်ကြသည်။ သို့ရာတွင် ဖိနပ်အားလုံးကို ဘုရား ဥပစာသို့ ယူမသွား၊ ဘုရားဥပစာလွတ်ရာ အရံဆောင်မှာပင် ထားခဲ့ကြ သည်။

ဘုရင်လည်း ဘုရားသခင်အား လွန်ကဲသော သဒ္ဓါတရားဖြင့် အာရုံပြုသည်။ ဘုရားသခင် ဂုဏ်တော်ပေါင်းကို အောက်မေ့သော သမာဓိဖြင့်သာ ဖူးမြော်သည်။ တောင်တောင်ဤဤ ပွေလီနောက်ရှုပ် သော စိတ်ယုတ်များ မဝင်စေရ၊ ဖြူစင်ဝင်းသစ်သော စိတ်စေတနာ များဖြင့်သာ ဘုရားသခင်အား အာရုံပြု ဖူးမြော်သည်။

ကာလိဒါသသည်လည်း အလွန်ကြည်လင် ဖြူစင်သော စိတ် ထားဖြင့် ဘုရားသခင်အား အာရုံပြုသည်။ သဒ္ဓါတရား တပွားပွား ပီတိတဖွားဖွားနှင့် ဘုရားသခင်ကို ဖူးမြော်သည်။ တိုင်းရေးပြည်ရေး ဘုရင့်အရေးများနှင့် နားရသည် အားရသည်မရှိ၊ ထိုကိစ္စတွေအကြားမှ လာရောက်ဖူးမြော်ရခြင်းဖြစ်ရာ လွန်ကဲမြင့်မြတ်လှသည့် စိတ်စေတနာ ထားသည်။

မင်းချင်းများ၊ အခြွေအရံများလည်း အသီးအသီး ဘုရားသခင် အား အာရုံပြုကြ ဖူးမြော်ကြသည်။ ဆုထူးများတောင်းကြ ပန်ဆင် ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရားသခင် ဂုဏ်တော်ကို ရည်စူး၍ ဖူးမြော်ပြီး ဘုရားဥပစာ အတွင်းမှ မထွက်ကြမီ၊ မင်းချင်းတစ်ဦးအား အနားခေါ်ကာ ဘုရင်က တီးတိုးပြောဆိုစေခိုင်းလိုက်သည်။ "အရံဘေးမှာ ထားခဲ့သည့် ကာလိဒါသ၏ ဖိနပ်ကို ဝှက်ထားချေ။ မည်သူမှ မသိမမြင်စေနဲ့" ဟု လေသံမျှဖြင့် မိန့်ကြားလိုက်သည်။

မင်းချင်းလည်း ဘုရင့်အမိန့်အတိုင်း ပိရိစွာသွား၍ ဖိနပ်ကို ဝှက်ထားလိုက်သည်။ ကာလိဒါသမှာ ဘာမှမသိ၊ ဘုရင်ကလည်း ကာလိဒါသ မသိမမြင်သည့် တစ်နေရာမှာ မင်းချင်းအား မိန့်ကြားသည်။ မင်းချင်းလည်း ကာလိဒါသအလစ်တွင် သွားဝှက်ထားလိုက်ခြင်းဖြစ်သည်။

ဘုရားအရံတွင်းမှ အားလုံးထွက်ကြသည်။ ဘုရင်လည်း မိမိခြေနင်း (ဖိနပ်) ကို စီးနင်းသည်။ မင်းချင်းများ၊ အခြွေအရံများလည်း ကိုယ်စီကိုယ်င မိမိတို့ဖိနပ်ကို စီးကြသည်။ ထိုအခါ ကာလိဒါသမှာ သူ၏ဖိနပ်ကိုမတွေ့ 'မှားများစီးကြသလား၊ အထားပဲ မှားနေသလား' တွေးတောရင်းဖြင့် ဟိုရှာသည်ရှာ ရှာသည်။ 'ငါသည်နေရာထားခဲ့သည်မှ ဟုတ်ရဲ့လား၊ ငါဘယ်များ ထားခဲ့မိသလဲ' ဟု စဉ်းစားရင်းဖြင့် ပျာယာပျာယာဖြစ်နေသည်။ ဣန္ဒြေပျက်လှသည် မဆိုနိုင်သော်လည်း အခြေပျက်နေသည်။ မျက်နှာကမူ ပြုံးမယောင် အသွင်ဆောင်နေသည်။

မိမိပညာရှိအမတ်ကြီးအား ကျီစားလိုသော ဘုရင်မှာ 'ရယ်' လိုသော်လည်း အသံမထွက်၊ အတွင်းကြိတ်ကြိတ်၍ ပြုံးနေသည်။ အတွင်းကြိတ်ပြီး ရယ်နေသည်။

အခြားမင်းချင်းများ၊ အခြွေအရံများလည်း တစ်ဦးမျှ မသိကြ၊ မရိပ်မိကြ။ ဘုရင့်အမိန့်ဖြင့် ဝှက်ထားရသော မင်းချင်းတစ်ယောက်

www.facebook.com/NyisayEbookCreator
www.nyisay.com


သာ သိသည်။ သို့သော် ထိုမင်းချင်းလည်း အခြေမပျက်ဝံ့၊ ဘုရင့်ကို ရွံ့ကြောက်ရိုသေရသည်။

သတိချွတ်ယွင်းသည်ဟု မိမိကိုယ်ကို အပြစ်တင်မိသော ကာလိဒါသသည် ရုတ်တရက် ချွေးများပင် စို့လာသည်။ 'ငါ့ဖိနပ်မှ သည်ကဲ့သို့ ဖြစ်ရသလား' ဟု အောက်မေ့ကာ မျက်နှာတွင် ရှက်သွေး ရောင်သန်းလာသည်။

ထိုအခါ "အမောင်ကာလိဒါသ မည်သို့ဖြစ်နေပါသနည်း"ဟု ဘုရင်က ကာလိဒါသအား မေးလိုက်သည်။ မသိလေဟန်ဖြင့် ဘုရင်က မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်မျိုး၏ဖိနပ် ကြည့်မမြင်၊ ရှာမတွေ့ဖြစ်နေပါသည်" ဟု ဘုရင်အား လျှောက်တင်လိုက်သည်။ ဤသို့ဆိုလျှင် ရှာမနေပါနှင့် ဟုဆိုကာ မင်းချင်းတစ်ဦးဘက်သို့ ဘုရင်က မျက်နှာလှည့်ပြီး "ကာလိဒါသကို ငါ့ဖိနပ်နှင့် နှစ်ချက်ရိုက်လိုက်၊ သို့မဟုတ် ကာလိဒါသအား ငါ့ဖိနပ်နှစ်ရံပေးလိုက်" ဟု အဓိပ္ပာယ်နှစ်မျိုး ထွက်သည့်စကားကို ပြောဆို မိန့်ကြားလိုက်သည်။

ထိုသို့ ဘုရင်မိန့်ကြားသည်ကို ကြားလျှင်ပင် 'တန်တော့ ငါ့ဖိနပ် တော့ ဘုရင်က တမင်တကာ ဝှက်ခိုင်းထားသည်။ အမှန်စင်စစ် ဖိနပ်ရှာမတွေ့သည်မှာ ဘုရင့်လက်ချက်ဖြစ်သည်' ဟု ကာလိဒါသ သိသည်။

သို့ဖြင့် ဘုရင့်အား စကားဖြင့် ချေပမည်ဟု အောက်မေ့ကာ "ကောင်းပါပြီ ဤသို့ဆိုက ဘဝတိုင်း ဘဝတိုင်း ဘုရင့်မှာ ဖိနပ်အရံ ၁၀၀ လောက် ရပါစေဟု ဆုတောင်းပါသည်။ သို့မဟုတ် ဖိနပ်အရံ ၁၀၀ လောက် အချခံရပါစေဟု ဆုတောင်းပါသည်" ဟု အဓိပ္ပာယ်

www.facebook.com/NyisayEbookCreator
www.nyisay.com



နှစ်မျိုး ယူနိုင်သည့်စကားဖြင့် ကာလိဒါသက ပြန်၍ လျှောက်လိုက်လေသည်။

**မှတ်ချက်။** ။ *သက္ကတ ဘာသာစကားတွင် ဤသို့ အဓိပ္ပာယ်အနက် သဘောနှစ်မျိုးထွက်အောင် ပြောဆိုနိုင်သော စကားလုံးများရှိလေသည်။*



www.facebook.com/NyisayEbookCreator
www.nyisay.com



# အသင့်ဖခင်၏မြင်း

တပို့တွဲ၊ တပေါင်း ဆောင်းနှောင်းရာသီကာလ နွေဂိမှာန်ကူးစတွင် ဖြစ်လေသည်။

ဤရာသီကာလ၏ တစ်ခုသော ညနေခင်းတွင် ဘောဇဘုရင်နှင့် ကာလိဒါသတို့သည် မြင်းကိုယ်စီ စီးကာ တောသဘာဝများကို ရှုစားရန် ထွက်ကြသည်။

မြင်းများကို ကြမ်းကြမ်း မြန်မြန်ကြီးမစီးကြ၊ တောသဘာဝများကို ရှုစားရန် ထွက်ကြခြင်း ဖြစ်သည့်အတိုင်း ခပ်မှန်မှန် ခပ်ဖြည်းဖြည်းသာ စီးကြသည်။

ခါဂိမှာန် အကူး နွေဦးကာလ၏ နေရီရီ ညနေခင်းသည် သာတောင့်သာယာရှိလှသည်။

မြိုင်နန်းတခိုသည် ရွက်ဟောင်းကြွေမြေခ၍ ရွက်သစ်တွေ ဝေစပြုနေသည်။ တချို့ကမူ ဤမျှမက,တော့၊ မြရည်လိမ်း စိမ်း၍ပင်နေသည်။

ဂနိုင်ဟောမာအတွင်းမှ ခိုင်ညှာယှက်သန်း ဖူးပွင့်လန်းနေကြသည့် အင်ကြင်းပန်းတို့ကလည်း ခင်းတပျံ့ပျံ့ သင်းရနံ့ လှိုင်နေကြသည်။

အဇဋာဗွေဟင် ကောင်းကင်ပြင်ကလည်း မြူမှုန်မင်းလွင်များဖြင့် မှိုင်းမှုန်ရီဝေ အုံ့ဆိုင်းကာနေသည်။ လွမ်းဖွယ်သာစွာ့ ရာသီသဘာဝပေတကား။

ဤကဲ့သို့ ရှုမျှော်ခင်းကို ရှုစားရင်း မြင်းစီးသွားနေကြရာမှ တစ်နေရာသို့ ရောက်လေလျှင် ဘုရင်က “အသင်ကာလိဒါသ၊ ယခု

www.facebook.com/NyisayEbookCreator
www.nyisay.com



စီးနေသည့်မြင်းသည် အသင့်ဖခင်၏ မြင်းဟုလည်းကောင်း၊ အသင့်ဖခင်ဟုလည်းကောင်း” အဓိပ္ပာယ်နှစ်မျိုးရှိသည့် ကဗျာဖြင့် ကာလိဒါသအား ပြောကြားကာ တို့ဆိတ်၍ စ,လိုက်သည်။

ဘယ်အခါမဆို အသင့်ရှိနေသော စာဆိုပညာရှိ ကာလိဒါသလည်း ဘုရင်က ဤကဲ့သို့ ပြောကြားလိုက်သည် ဆိုလျှင်ပင် ‘ယခုစီးနေသည့်မြင်းသည် ငါ၏ဖခင်လက်ထက်က မြင်းဖြစ်သည်ကိုရည်၍ ငါ၏ဖခင်မြင်းဖြစ်သည်ဟုလည်းကောင်း၊ ယခု စီးနေခြင်းဖြစ်၍ ငါ၏ဖခင်ဖြစ်သည်ဟုလည်းကောင်း၊ ဘုရင်က တမင်မိန့်ကြားသည်’ ဆိုသည်ကို နားလည်သည်။

သို့ဖြင့် “ကျွန်တော်မျိုးဖခင် ရှိစဉ်အခါက ဖခင်၏မြင်းဖြစ်ခဲ့သည် မှန်ပါသည်။ ယခုမူ ဘုရင်စိုးပိုင်သော မြင်းဖြစ်ပြီး ဘုရင်စီးနေသော မြင်းဖြစ်နေပြီ မှန်ပါ၍ ဖခင်၏ မြင်းလည်း မဟုတ်တော့၊ ကျွန်တော်မျိုး၏ ဖခင်လည်းမဟုတ်တော့ပါ။ ဘုရင်၏ဖခင်သာဖြစ်နေပါပြီ” ဟု အဓိပ္ပာယ်များ ရှိသည့်ကဗျာဖြင့် ကာလိဒါသက တစ်ဖန် ဘုရင့်အား ပြန်လျှောက်တင်လိုက်သည်။

ထိုအခါ ဘုရင်လည်း ကာလိဒါသအား မည်သို့မှ ပြန်၍ မချေပသာတော့သည့်အတွက် ရှက်သွေးများ လျှမ်းသွားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# အရိုးမရှိသောလျှာမှ စကား

တစ်ပါးသော ညဉ့်အခါ၀ယ် ဘောဇဘုရင်သည် 'အောက်သွားများ ပြိုကျကုန်သည်' ဟု အိပ်မက်မက်လေသည်။ အိပ်ရာမှ ဘွားခနဲ နိုး၍ အိပ်မက်ကို ပြန်ပြောင်းအောက်မေ့မိသည်ဆိုလျှင်ပင် စိတ်မချမ်းသာတော့၊ အလွန်စိုးရိမ် ပူပန်သည်။ အသည်းနှလုံး ချောက်ချားတုန်လှုပ်၍သွားသည်။

နံနက်လင်းသည်ဆိုလျှင်ပင် ဘုရင်သည် 'အယူတော်မင်္ဂလာ' များကို ခေါ်ယူသည်။ အိပ်မက်အတွက် ထိတ်လန့်တုန်လှုပ်လှသည်နှင့် ညဉ့်ကာလက အိပ်မက်ကို မိန့်ကြားကာ အမြန်နိမိတ်ဖတ်စေသည်။

အတိတ်နိမိတ်ဖတ် ပညာရှိများလည်း ဘုရင့်သွားများ ပြုတ်ကျကုန်သည်ဟု မက်သည်မှာ အထက်သွားများမဟုတ်၊ အောက်သွားများသာ ဖြစ်သည်။ ဤသည်ကို အခြေခံကာ နိမိတ်ဖတ်ကြသည်။ အမျိုးမျိုးအ၀၀ ၀ေဖန်ကြသည်။

သို့ရာတွင် အိပ်မက်အတွက် ကောင်းမြတ်မည့် အလားအလာကို ရှာ၍ မတွေ့မြင်သဖြင့် ဘုရင့်အတွက် ကောင်းကျိုးသက်ရောက်မှု တစ်ခုမှ ဖတ်မရကြ၊ ဘုရင့်ဆွေတော်မျိုးတော်များ ပျက်စီးကြရမည့် နိမိတ်ဆိုးကိုသာ ဖတ်၍ရကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


သို့ဖြင့် အယူတော်မင်္ဂလာများသည် "ဘုရင့်အိပ်မက်မှာ ဘုရင့်မျက်မှောက်၌ ဆွေတော်မျိုးတော်များ ပျက်စီးကြသည်ကို တွေ့မြင်ရမည့် အိပ်မက်ဖြစ်ပါသည်" ဟု လျှောက်တင်ကြသည်။

ဤကဲ့သို့ ပညာရှိများ နိမိတ်ဖတ်သည်ကို ဘုရင် မနှစ်သက် လက်မခံလို၊ အိပ်မက်ကို ပြန်ပြောင်းအောက်မေ့မိစကတည်းက စိတ်နှလုံး ပူပန်နေခဲ့ရာ ဤကဲ့သို့ အဟောများ ထွက်ပေါ်လာသော အခါ ပို၍ပင် ပူပန်တုန်လှုပ်လာသည်။

'သည်ကဲ့သို့ နိမိတ်ဖတ်ရကောင်းမလား' ဟုလည်း ဘုရင် ရာဇမာန် ပွားလာသည်။

'ဤအတတ် နိမိတ်ဖတ် ပညာရှိများသည် မိမိတို့၌ ရှိအပ်သည့် ပညာဗဟုသုတမရှိကြ၊ နိမိတ်ကောင်းကို မဖတ်ယူတတ်ကြ၊ စိတ်နှလုံး မချမ်းသာစရာ၊ အ,မင်္ဂလာများကိုသာ ဖတ်တတ်ကြသည်။ ထိတ်လန့် တုန်လှုပ်ဖွယ်ရာများကိုသာ ကောက်ယူတတ်ကြသည်။ သည်ကဲ့သို့ သော လူစားမျိုးတွေကို မထားသင့်၊ မခဲ့စားစေသင့် ရာဇဒဏ်ဖြင့် ပြင်းထန်စွာ နှိပ်ကွပ်သင့်သည်' ဟုလည်း တစ်ဖန် အောက်မေ့မိပြန် သည်။

ထို့ကြောင့် ဘုရင်သည် "နိမိတ်ဖတ်သူများကို ဆင်ဖြင့် နင်း၍ သတ်စေ" ဟု ပြင်းထန်သော အမိန့်ကို ချမှတ်လိုက်သည်။

ထိုအခိုက်တွင် ကာလိဒါသလည်း ဘုရင့်နန်းတွင်းသို့ ရောက် လာသည်။ အပြစ်တစ်ခုခုကြောင့် ဘုရင်ပြင်းထန်စွာ အမိန့်ချလေဟန် ကို ရိပ်မိသည်နှင့် အကျိုးအကြောင်းကို မေးသည်။ နိမိတ်ဖတ်သူများ အား ဆင်ဖြင့် နင်း၍ ချက်ချင်းသတ်စေရမည်ဆိုသည့် အမိန့်နှင့် အကြောင်းစုံကို သိလေရာ ထိုသူများအား ကာလိဒါသက တားထား လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"လက်လွန်မှု မရှိစေရ၊ ငါ့တာဝန်ရှိစေ" ဟု ဆိုကာ ထိုသူများကို မသတ်ဖို့ ဝင်တားထားခြင်းဖြစ်သည်။

"ဘုရင့်အိပ်မက်အတွက် လျှောက်တင်ချက်မှာ မှန်ပေသည်။ သို့သော် သည်ပညာရှိများသည် ပရိယာယ်မကြွယ်ကြ၊ အတွေ့အကြုံ ဗဟုသုတမများကြ၊ ရိုးအ,လွန်းကြတယ်။ သူတို့တင်လျှောက် နိမိတ်ဖတ်ကြသည်မှာ မှန်ပါလျက် တဲ့တိုးလျှောက်တင်သည့်အတွက် မှသားသဖွယ်ဖြစ်ရသည်။ သနားစဖွယ်ပင်၊ ဘုရင်ကလည်း ရာဇမာန် ပွားလွယ်လွန်းသည်" ဟု ကာလိဒါသ တစ်မုဟုတ်ချင်း ဆင်ခြင်စဉ်းစားမိသည်။

ကာလိဒါသသည် ဘုရင့်ရှေ့တော်မှောက်သို့ အမြန်သွားသည်။ ရောက်လေလျှင် "အရှင်ဘုရင်မင်းမြတ်၊ ဘုရင့်အိပ်မက်အတွက် ပညာရှိ ပရောဟိတ်များ နိမိတ်ဖတ်သည်မှာ မှန်ပါသည်။ အရှင်ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါမည်။ ဆွေတော်မျိုးတော်များက ဘုရင်မင်းမြတ်မျှ အသက်မရှည်နိုင်ကြပါ။ သို့ဖြစ်၍ အသက်ရှည်ရှည်ကြီး မနေနိုင်ကြသော ဆွေတော်မျိုးတော်များ ပျက်စီးကြမည်ကို အသက်အလွန်ရှည်မည့် ဘုရင်မင်းမြတ်၏ မျက်မှောက်မှာပင် မြင်ရမည်ဖြစ်ပါသည်။ ဓမ္မတာသဘောအရ အသက်တိုသူများ ပျက်စီးသည်ကို အသက်ရှည်သူက မျက်မှောက်တွင် မြင်တွေ့ရမည် မဟုတ်ပါလော။ ဤအိပ်မက်မှာ စင်စစ်ဘုရင်မင်းမြတ် အသက်ရှည်ဖို့ ဖြစ်ပါသည်။ ဤသည်ကို ရယ်၍လည်း နိမိတ်ဖတ်သော ပညာရှိများက လျှောက်တင်ကြခြင်း ဖြစ်ပါသည်။ ဘယ်အတွက် ဆင်ဖြင့် နင်းသတ်ဖို့ လိုပါသနည်း" ဟု ဘုရင်အား လျှောက်တင်လိုက်သည်။

ကာလိဒါသ လျှောက်တင်သည်ကို ကြားလေလျှင် ဘုရင်လည်း များစွာ စိတ်ချမ်းသာသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့နှင့် ဘုရင်သည် နိမိတ်ဖတ်သော ပညာရှိများအပေါ် ချထားသည့် 'ဆင်ဖြင့် နင်းသတ်စေ' အမိန့်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ထို့နောက် ကာလိဒါသသည် နိမိတ်ဖတ်သူများကို ဆက်လက်၍ ဆုံးမသည်။

"ဤလျှာကလေးသည် အရိုးမပါပေ၊ သို့သော် လျှာက ထွက်သော စကားလုံးများသည် ပစ်လွှတ်လိုက်သည့် မြားထက် စူးရှထက်မြက်သည်။ ချစ်ဖွယ်, ခင်ဖွယ်, သာယာနာပျော်ဖွယ်မှအစ နန်းစည်းစိမ်ရသည်အထိ စူးရှထက်မြက်စွမ်းရှိသည်။ မုန်းဖွယ်၊ ရွံ့ဖွယ်၊ နှလုံးနာဖွယ်မှအစ ဖိနပ်ချခံရသည်အထိ စူးရှထက်မြက်သည်။ အဆင်မသင့်လျှင် အသက်ဆုံးရှုံးရသည်အထိပင် စူးရှတတ်သည်။ ဤပုဂ္ဂိုလ်မှာ အခြားမဟုတ်၊ ဘုရင်တစ်ပါးဖြစ်သည်။ ဘုရင့်ကို လျှောက်တင်သည့်အခါ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ လျှာကို ချိုချိုသာသာဖြင့်လည်းကောင်း၊ သင့်တင့်လျောက်ပတ်သည့် ဥပမာဥပမေယျဖြင့်သော်လည်းကောင်း လျှောက်တင်ရသည်။ အခုကြည့်စမ်းပါ။ အသင်တို့ လျှောက်တင်သည်က ပစ်သည့်မြားထက် စူးရှထက်မြက်နေသေးသည်။ အသင်တို့မှာ ပရိယာယ်များ မကြွယ်ကြ၊ ဘုရင်နှင့်စပ်သည့် ပရိယာယ် နားမလည်ကြ၊ ဘုရင့်အိပ်မက်အတွက် နိမိတ်ဖတ်ချက်မှာ မှန်ပါလျက် တဲ့တိုး ရိုးအ,စွာ လျှောက်တင်သည့်အတွက် မသားသဖွယ် ဖြစ်ကြရသည်။ ပုံတော်၍ ဆင်ဖြင့် နင်းအသတ်မခံကြရ၊ ကံကောင်းကြသေးသည်။ နောင်အနာဂတ်ကာလတွင် အသင်တို့ မစူးစမ်း မဆင်ခြင် မမြော်မြင်ဘဲ မလျှောက်တင်သင့်၊ စူးစမ်းဆင်ခြင် မြော်မြင်သဖြင့်သာ ဘုရင်အား လျှောက်တင်ရာသည်"

www.facebook.com/NyisayEbookCreator
www.nyisay.com




ဟု ကာလိဒါသ နိမိတ်ဖတ်သူများအား ဩဝါဒစကား ပြောကြားလိုက်သည်။

ပညာရှိများလည်း ကာလိဒါသအား များစွာကျေးဇူးတင်ကြသည်။ ဘုရင်အားလည်းကောင်း၊ ကာလိဒါသအားလည်းကောင်း အရိုအသေပေးကာ ပြန်သွားကြသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# လောက၌ အဖြူဆုံးအရာ

တစ်နေ့သော ညီလာခံသဘင်တွင် ဘောဇဘုရင်သည် "လောက၌ မည်သည့်အရာသည် အဖြူဆုံးဖြစ်သနည်း" ဟူသော ပုစ္ဆာကို မေးလေသည်။ ဤပုစ္ဆာကို ဘုရင်မေးချိန်၌ ညီလာခံသို့ ကာလိဒါသ မရောက်လာသေး၊ မှူးမတ်ဗိုလ်ပါ သေနာပတိစသည့် ပုဂ္ဂိုလ်များသာ ရောက်ရှိသေးသည်။ မှူးမတ်ဗိုလ်ပါ သေနာပတိတို့မှာ စုံစုံလင်လင်ပင် ရောက်ရှိနေပေပြီ။

အချို့သော မှူးမတ်ဗိုလ်ပါတို့က ဝါဂွမ်းသည် လောက၌ အဖြူဆုံးအရာဖြစ်သည်။ အချို့သော မှူးမတ်ဗိုလ်ပါ ပညာရှိများကမူ နွားနို့သည် အဖြူဆုံးအရာဖြစ်သည်ဟု ဖြေဆိုလျှောက်တင်ကြသည်။ အချို့ အချို့သော ပညာရှိများကမူ ဤဂွမ်းနှင့် နွားနို့သည် အဖြူဆုံးအရာများ မဟုတ်ကြ၊ နှင်းခဲသည်လည်းကောင်း၊ ဖြူသောပန်းသည်လည်းကောင်း၊ လောက၌ အဖြူဆုံးဖြစ်ကြသည်ဟု ဖြေဆိုလျှောက်တင်ကြသည်။ သို့ရာတွင် ဂွမ်းနှင့် နွားနို့သည်သာ အဖြူဆုံးဟု ဖြေဆိုကြသည့် မှူးမတ်ဗိုလ်ပါတို့ကသာ များလေသည်။

ဘုရင်၏ အမေးပုစ္ဆာကို မဖြေဆိုသည့် မှူးမတ်ဗိုလ်ပါဟူ၍ မရှိ၊ မှန်သည်မှားသည် ပမာဏမထား၊ သိမြင်ကြသည့်အတိုင်း အားလုံးကပင် ဖြေဆိုကြသည်။ ဤကဲ့သို့ ထင်ရာမြင်ရာ လျှောက်တင် ဖြေဆို

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြ၍ မှူးမတ်ဗိုလ်ပါတို့ ကုန်စေသလောက် ရှိသောအခါ ကာလိဒါသ ညီလာခံသို့ ဝင်လာသည်။ ထိုအခါ "ဘုရင်၏အမေးပုစ္ဆာကို ကာလိဒါသ မဖြေဆိုဘဲမနေ၊ မလွဲမသွေဖြေဆိုပေလိမ့်မည်၊ ငါ့အဖြေနှင့် တူမလား၊ သူ့အဖြေနှင့် တစ်ထပ်တည်းကျနေမလား၊ မည်သူ့အဖြေနှင့် မတူဘဲ အားလုံးမှားနေမလား" ဟု စဉ်းစားပြီး ကာလိဒါသ၏အဖြေကို နားစွင့်နေကြသည်။

"အသင် ကာလိဒါသ၊ လောက၌ မည်သည့်အရာသည် အဖြူဆုံးဖြစ်သနည်း" ဟု ဘုရင်က ကာလိဒါသအား ရောက်မဆိုက်မှာပင် မေးလိုက်သည်။ "အသင် ညီလာခံမရောက်မီက မှူးမတ်ဗိုလ်ပါ အားလုံးကို ဤပုစ္ဆာဖြေရန် မိန့်ကြားသည်။ မှူးမတ်ဗိုလ်ပါတို့လည်း ထင်ရာမြင်ရာ အယူအဆအသီးသီးဖြင့် ဖြေဆိုကြသည်။ မည်သူ့အဖြေကိုမှ ငါမနှစ်သက်၊ မည်သည့်မှူးမတ်ဗိုလ်ပါ အဖြေမှ မမှန်ကန်၊ တိကျပြတ်သား၍ သဘောသို့ ဆိုက်ရောက်အောင် မဖြေဆိုနိုင်ကြ၊ ဉာဏ်ကစား၍သာ ဖြေဆိုကြသည်။ "အသင် ကာလိဒါသ လိုရင်း သဘောကို ဆိုက်ရောက်အောင် ဖြေဆိုလော" ဟုလည်း အကျိုးအကြောင်းများ ပြောပြကာ ဘုရင်က ကာလိဒါသအား မိန့်ကြားသည်။

ကာလိဒါသလည်း ဘုရင်မိန့်ကြား၍ ပြီးဆုံးသွားလျှင် "နေသည် အဖြူဆုံး" ဖြစ်ပါသည်ဟု ဘုရင့်အမေးကို ဖြေဆိုလိုက်တော့သည်။

ထိုအခါ မှူးမတ်ဗိုလ်ပါ ညီလာခံပရိသတ်လည်း ကာလိဒါသ အဖြေကို ကြားလေလျှင် မိမိတို့အဖြေတစ်ခုနှင့်မှ မတူကြောင်း သိကြသည်။ ဘုရင်ကမူ အားရနှစ်သက်သွားသည်။ သို့ရာတွင် "အသင် ကာလိဒါသ ယုတ္တိပြ၍ ဖြေဆိုလျှောက်တင်ဦးလော" ဟု ကာလိဒါသ အား မိန့်ကြားပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသက "နောက်နေ့မှ ဤပုစ္ဆာအဖြေကို လျှောက်တင်ပါမည်၊ သာကေဆောင်၍ ဖြေဆိုပါမည်" ဟု လျှောက်တင်လိုက်သည်။ ဘုရင်လည်း ကာလိဒါသ၏ လျှောက်တင်ချက်ကို လက်ခံလေသည်။ ထို့နောက် ညီလာခံ၌ ချမှတ်ဆုံးဖြတ်ဖွယ် ရှိသည်များကို ချမှတ်ဆုံးဖြတ်ကာ ထိုနေ့ ညီလာခံသဘင်ကို ရုပ်သိမ်းလိုက်သည်။

နောက်နေ့တွင် ကာလိဒါသသည် ဘုရင့်နန်းတော်သို့သွားသည်။ ထိုသို့ သွားစဉ်အခါ နွားနို့အနည်းငယ်ကို ခွက်တစ်ခုဖြင့် ထည့်၍ ယူလာသည်။ ဂွမ်း ၄၊ ၅ ဆုပ်ကိုလည်း ယူလာသည်။ ကာလိဒါသ နန်းတော်ရောက်ချိန်သည် ဘုရင် အမောအပန်းဖြေသော အချိန်ဖြစ်သည်။ ဤသည်ကိုသိသော ကာလိဒါသသည်လည်း ဤအချိန်ကို ရွေး၍လာခြင်းဖြစ်သည်။

ယူလာသည့် နွားနို့ခွက်နှင့် ဂွမ်းဆုပ်များကို နန်းတော်တစ်နေရာရှိ မှောင်လှသည့် အခန်းတစ်ခုတွင်ထားသည်။ ဘုရင်လည်း ဘုရင့်အခန်းတွင်းသို့ဝင်၍ အပန်းဖြေနေချိန်ဖြစ်၍ ကာလိဒါသ စီစဉ်ထားသည်များကိုမသိ၊ သို့ရာတွင် နွားနို့ခွက်နှင့် ဂွမ်းဆုပ်များ ထားသောအခန်းမှာ မဝေးလှ၊ ဘုရင်အပန်းဖြေခန်းနှင့် ကပ်၍နေသည်။

ကာလိဒါသ အစီအစဉ်ပြီးသည့်နောက် မကြာမီအချိန်တွင် ဘုရင်သည် အပန်းဖြေသောအခန်းမှ ထွက်လာသည်။ ထိုအခါ စောင့်၍နေသော ကာလိဒါသသည် ဘုရင်အား မိမိစီစဉ်ထားသည့် အခန်းတွင်းသို့ ခေါ်သွားသည်။ ဘုရင်လည်း မှောင်လှသည့်အခန်းထဲသို့ သွားရခြင်းဖြစ်၍ ဘာမှမမြင်၊ နွားနို့ခွက်နှင့် ဂွမ်းများကို ဝင်တိုက်, တက်နင်းမိတော့သည်။ ထိုသို့ နင်းမိတိုက်မိကုန်ပြီဟု သိလေလျှင် ကာလိဒါသသည် တစ်ဘက်မှ တံခါးကို ဖွင့်လိုက်သည်။ ပြီးလျှင် တစ်နေရာသို့ သွား၍ ထိုင်နေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်မှာအစတွင် ဘယ်အတွက် နွားနို့ခွက်နှင့် ဂွမ်းများ ဤနေရာ ရောက်နေသည်ဟုမသိ၊ အရင်နေ့က ပုစ္ဆာမေးထားသည်ကိုလည်း သတိမမူမိ။ သို့သော် ဤကိစ္စမှာ ကာလိဒါသလက်ချက်ဟု မကြာမီပင် တွေးမိသည်။ သို့ဖြစ်၍ ကာလိဒါသရှိရာသို့သွားကာ "အဘယ့်ကြောင့် ဤနွားနို့ခွက်နှင့် ဝါဂွမ်းများကို ဒီနေရာမှာ ထားပါသနည်း။ ဘာ့ကြောင့် ကျွန်ုပ် နင်းမိတိုက်မိအောင် လုပ်ထားပါသနည်း" ဟု ဘုရင်က ကာလိဒါသအား မေးလေသည်။

"မနေ့က ညီလာခံသဘင်တွင် ဘုရင်မင်းမြတ်က အဖြူဆုံး အရာကို ဖြေရမည်ဟု ပုစ္ဆာတစ်ခု မေးပါသည်။ ထိုအခါ ကျွန်တော်မျိုးက နေ (နေရောင်ခြည်) သည် အဖြူဆုံးဖြစ်ပါသည်ဟု ဖြေဆိုခဲ့ပါသည်။ နေသည် အဖြူဆုံးဖြစ်သည်ဆိုကာမျှဖြင့် အဖြေမခိုင်လုံသေး၊ ယုတ္တိပြ၍ ဖြေဆိုဦးလော့" ဟု အရှင်မင်းကြီးက မိန့်ကြားသည်နှင့် ယခုယုတ္တိပြ၍ ဖြေဆိုရခြင်းဖြစ်ပါသည်။ နေရောင်ခြည်သည်သာ အဖြူဆုံးဖြစ်ပါသည်။ နေရောင်ခြည်သာမရှိက ဘာတစ်ခုမှမဖြူနိုင်ကြ၊ နေရောင်ခြည်ရှိ၍ ဖြူသည်ဆိုသော်လည်း နေရောင်ခြည်လောက် မည်သည့်အရာမှ မဖြူကြ၊ အကယ်၍ ဖြူသည်ဆိုပါမူ နင်းမိ တိုက်မိမည်မဟုတ်ပါ။ ဂွမ်းနှင့် နွားနို့များသည် နေရောင်ခြည်ကဲ့သို့ မဖြူ၍ နေရောင်ခြည်မရှိသည့် အမှောင်ခန်းအတွင်း ဘုရင်မင်းမြတ် တက်နင်းမိ၊ တိုက်မိခြင်းဖြစ်ပါသည်" ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်လိုက်သည်။

ဘုရင်လည်း "အလွန်ကောင်းမွန်မြင့်မား မှန်ကန်သော အဖြေဖြစ်သည်" ဟု ပြောဆိုကာ ထုတ်ဖော်ချီးမွမ်းလေသည်။ ညီလာခံသဘင် ပရိသတ်အားလည်း ကာလိဒါသက သာဓကထင်ရှားစွာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖြေကြားပုံကို မိန့်ကြားတော်မူသည်။ ညီလာခံပရိသတ်ကလည်း ဘုရင့်အမေးပုစ္ဆာကို မှန်ကန်စွာ ထက်ထက်မြက်မြက် ပြောင်ပြောင် မြောက်မြောက် ဖြေဆိုပါပေသည်ဆိုသောအဓိပ္ပာယ်ဖြင့် ကာလိဒါသ အား ချီးကျူးထောမနာစကားများ ပြောကြလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ပေးသူ၏လက်က အောက်မှာ

ဘောဇဘုရင်နှင့် ကာလိဒါသတို့ နန်းတော်တွင် ခဏမျှဆုံမိကြသောအချိန်ဖြစ်သည်။ ထိုသို့ ဆုံမိကြသည်ဆိုလျှင်ပင် ဘုရင်က ကာလိဒါသအား အနည်းငယ်နှုတ်ဆက်စကား မိန့်ကြားပြီး "အသင်ကာလိဒါသ အရာဝတ္ထုတစ်ခုခုကို တစ်ဦးလက်မှ တစ်ဦးလက်သို့ ပေးကြ ယူကြလျှင် ပေးသူ၏လက်က အထက်က အမြဲနေပြီး၊ ယူသူ၏လက်က အောက်က အမြဲခံယူရသည် မဟုတ်လား" ဟူသော မေးလိုနေသည့် အမေးပုစ္ဆာကို ရုတ်တရက်မေးတော့သည်။

ကာလိဒါသလည်း ရုတ်ခြည်းဆိုသလိုပင် အဖြေကိုမြင်သည်။ မဆုတ်မဆိုင်း ဟုတ်တိုင်းမှန်ရာကို သိသည်။ ထို့ကြောင့် နှုတ်ဆက်စကား အနည်းငယ်ပြန်လျှောက်ကြားပြီး "ဤသို့ချည်း အဘယ်မှာ ဟုတ်ပါမည်နည်း။ အရှင်ဘုရင်မင်းမြတ်၏ အတွေးအခေါ် ချွတ်ချော်နေပါသည်။ အဆင်ခြင်ဉာဏ် မမှန်မကန် ဖြစ်နေပါသည်။ ပေးသူ၏လက်မှာ အောက်ကနေသည်လည်းရှိပြီး၊ ယူသူ၏လက်က အထက်က နေသည်လည်း ရှိပါသည်" ဟု ဘုရင်အား လျှောက်တင်ဖြေကြားလိုက်သည်။

သည်ကဲ့သို့ ကာလိဒါသက လျှောက်တင်ဖြေကြားသည်ကို ကြားလိုက်လေလျှင်၊ ဘုရင်လည်း ပေးသူလက်ကအောက်၊ ယူသူ

www.facebook.com/NyisayEbookCreator
www.nyisay.com



လက်ကအထက် နေသည့် အပေးအယူကို ချက်ချင်းစဉ်းစားမရ၊ ချက်ချင်း တွေး၍မပေါ်၊ ထိုအပေးအယူကို သိလိုလာသည်။ ခပ်မြန်မြန်ဆိုသလိုပင် သိလိုလာသည်။

သို့ဖြင့် "အသင်ကာလိဒါသ၊ မည်သည့်အပေးအယူတွင် ပေးသူ၏လက်က အောက်ကနေပြီး၊ ယူသူ၏လက်က အထက်ကနေသနည်း။ သာဓက ယုတ္တိဆောင်၍ တင်လျှောက်ဦးလော့" ဟု ဘုရင်က မိန့်ကြားပြန်သည်။

ဘုရင်ကတစ်ဖန် ဤကဲ့သို့ မိန့်ကြားပြန်သောအခါ ကာလိဒါသလည်း ကြာကြာမနေ၊ အစကရည်ရွယ်၍ လျှောက်တင်သည့်အချက်ကို သင့်လျော်သည့် သက်သေအဖြစ် ဆောင်၍ လျှောက်တင်လိုက်သည်။

"အရှင်ဘုရင်မင်းမြတ်အား အရှင်ဘုရင်၏ မိဖုရားက လျက်ဆားကို လက်ဝါးတွင်ထည့်၍ ပေးဆက်သည်ဆိုအံ့၊ အရှင် ဘုရင်မင်းမြတ်ကလည်း မိဖုရားလက်ဝါးပေါ်မှ လျက်ဆားကို လက်ကလေးတစ်ချောင်းချောင်းဖြင့် တို့ယူ၍ လျက်သည်ဆိုအံ့၊ ထိုအခါ လျက်ဆားပေးသော မိဖုရား၏လက်မှာ အောက်ကနေပါသည်။ လျက်ဆားကို တို့ယူပြီး လျက်သော အရှင်ဘုရင်မင်းမြတ်၏လက်မှာ အထက်ကနေပါသည်" ဟု သာဓက ယုတ္တိဆောင်၍ ကာလိဒါသက ဘုရင်အား ဖြေကြားလျှောက်တင်လိုက်သည်။ ထိုအခါ "အသင်ကာလိဒါသ၊ အသင်၏ အတွေးအခေါ်မှာ သင့်လျော်မြင့်မြတ်လှပေသည်။ အသင့်မှာ အတွေ့အကြုံလည်း များပါပေသည်။ ဤသည့် အပေးအယူမျိုးကို ငါမစဉ်းစားမိ၊ မတွေးမိ" ဟု ဆိုကာ ကာလိဒါသအား ချီးကျူးစကား မိန့်ကြားကာ ဘုရင်လည်း အလွန်သဘောကျစွာဖြင့် ပြုံးရယ်လေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com

# အာကာသဗိမာန်



အခါတစ်ပါးတွင် ဘောဇဘုရင်သည် "အာကာသ၌ ဗိမာန်ကြီးတစ်ခု တည်ဆောက်ပေးရမည်"ဟူသော အမိန့်စာတစ်စောင်ကို ကာလိဒါသထံ ပို့လိုက်လေသည်။

အမိန့်စာ ရောက်သွားလေလျှင် 'ဤအမိန့်စာမှာ ထူးဆန်းလှသည်၊ ကောင်းကင်လဟာပြင်အာကာသ၌ ဗိမာန်ကြီးတစ်ခု တည်ဆောက်ပေးရမည်ဆိုသည်မှာ အကယ်စင်စစ်အားဖြင့်သော်မလွယ်၊ မလွယ်သည်မှ နည်းနည်းမျှသာမဟုတ်၊ အကောင်အထည်ပေါ်အောင် လုပ်ဆောင်တည်ဆောက်နိုင်ရေးမှာ အလွန့်အလွန် ခဲခက်သည်၊ ရိုးရိုးမျှ ဟုတ်ပါလေ၏လော။ သို့သော်ရှိစေ၊ အလွန့်အလွန် ခဲခက်သည် လဟာပြင်ဗိမာန်ကြီး အကောင်အထည်ဖော်၍ မတည်ဆောက်ပေးနိုင်သည်ထား၊ လဟာပြင်ဗိမာန်ကြီး တည်ဆောက်ရေးအတွက်ဆိုကာ အသပြာခပ်များများ ဘုရင့်ထံမှ ထုတ်ယူလျှင် ပြည်သူများအတွက်ကား အကျိုးသက်ရောက်နိုင်သည်' ဟု ကာလိဒါသ စဉ်းစားမိသည်။

ထို့ကြောင့် "လဟာပြင်ဗိမာန်ကြီး တည်ဆောက်ရေးအတွက် အသပြာငွေ နှစ်သိန်းပို့လိုက်ပါ။ အချိန်ကာလလည်း ၆ လခန့်ကြာပါမည်"ဟု ကာလိဒါသက ဘုရင့်ထံသို့ တစ်ဖန် စာပြန်လိုက်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသ ပြန်လျှောက်တင်စာအရ ဘုရင်က အသပြာနှစ်သိန်း ပို့လိုက်သည်။ ထိုအသပြာငွေများကို ကာလိဒါသလည်း ကိုယ်ကျိုးအတွက် တစ်ပြားတစ်ချပ်မှမသုံး၊ ပြည်သူလူထုအတွက်သာ သုံးသည်။ ရပ်ရွာနယ်ပယ်အတွင်း ဆင်းရဲသူများနှင့် အိမ်နားနီးချင်း ဆင်းရဲသူများကို ပေးဝေသည်။ ရသေ့ရဟန်းများကိုလည်း ထောက်ပံ့လှူဒါန်းသည်။ ထိုမျှသာမက တိုင်းပြည်တွင်း လစ်ဟင်းနေသည်များကို အချို့အဝက် ဖြည့်စွက်သည်။

သို့ရာတွင် အသပြာနှစ်သိန်းလုံး အကုန်မပေးကမ်း၊ မလှူဒါန်း၊ လဟာပြင်ဗိမာန် တည်ဆောက်ရေးအတွက် အချို့အဝက် ချန်ထားသေးသည်။

ဤမျှ လဟာပြင် ဗိမာန်တည်ဆောက်ရေး အသပြာများမှ ပြည်သူလူထုအတွက် အကျိုးပြုပြီးသောအခါ ကာလိဒါသသည် ကြက်တူရွေးဖမ်း ကျွမ်းကျင်သူများကို ရှာသည်။ မကြာမီပင် ကျွမ်းကျင်သူများကို ရလေရာ ထိုသူများအား ကြက်တူရွေးများကို ဖမ်းစေသည်။

ကြက်တူရွေး အဖမ်းခိုင်းလိုက်သည့်အချိန်မှစ၍ မိမိအိမ်အတွင်း တစ်နေရာ၌ ကြက်တူရွေး လှောင်ချိုင့်အခန်းတစ်ခုကိုပါ ဆောက်လုပ်စေသည်။

ကြက်တူရွေး ဖမ်းကြသူများသည် ရက်အနည်းငယ်အတွင်း ကြက်တူရွေးအကောင် ၁၅၀ ခန့် ရကြသည်။ ကြက်တော၊ ကျေးကုလား၊ တမာ အမျိုးစုံပင်ဖြစ်သည်။

ဤကဲ့သို့ ရကြသည်ဆိုလျှင်ပင် ကာလိဒါသထံ လာရောက်ပို့ကြသည်။ သို့ရာတွင် ကာလိဒါသက ထိုကြက်တူရွေး ၁၅၀ စလုံး

www.facebook.com/NyisayEbookCreator
www.nyisay.com



ကိုမယူ၊ စကားသွက်သွက် တတ်လွယ်မည့် အကောင် ၅၀ မျှကိုသာ ရွေးယူသည်။ အခြားကြက်တူရွေးများကိုမူ လွှတ်လိုက်သည်။

ထိုအချိန်တွင် ကြက်တူရွေးလှောင်ချိုင့် အခန်းဆောက်လုပ်သူများကလည်း ပြီးစီးနေပြီဖြစ်ရာ၊ လျှုတန်းပေးဝေခဲ့သည်မှ ချန်ထားသော အသပြာများကို ထိုကြက်တူရွေး လှောင်ချိုင့်အခန်း ဆောက်လုပ်သူများကိုလည်းကောင်း၊ ကြက်တူရွေးဖမ်းသမားများကိုလည်းကောင်း အစုကျ ခွဲဝေပေးလိုက်သည်။

ထို့နောက် လက်ရွေးစင် ဖမ်းယူထားလိုက်သည့် ကြက်တူရွေး ၅၀ ကို ထိုလှောင်ချိုင့်အခန်းထဲသို့ အားလုံးထည့် လှောင်လိုက်သည်။ သို့သော် ကြက်တူရွေးများ၏ အတောင်ကို တစ်ကောင်မှ မဖြတ်၊ လေကာတောင်မျှပင် မနုတ်၊ ပကတိအတောင်များအတိုင်းသာ ထည့်လှောင်ထားလိုက်သည်။ လှောင်ချိုင့်အခန်းများမှာ မကျဉ်းလှဘဲ ခပ်ကျယ်ကျယ်ပင် ဖြစ်လေရာ ကြက်တူရွေးများမှာ ဟိုပျံ သည်ကူး မြူးနေကြလေသည်။

ကာလိဒါသသည် ကြက်တူရွေးများကို ကိုယ်တိုင် အစာကျွေးသည်။ စကားကိုယ်တိုင် သင်ပေးသည်။ 'ထုံးယူခဲ့ ဒီနေရာ ပန္နက်ရိုက်၊ လဟာပြင် ကောင်းကင်ယံ၌ ဗိမာန်ကြီးတည်ဆောက်မည် အုတ်ယူခဲ့ကြ' စသည့်စကားများတွင် တစ်ဘာသာလျှင် ၁၅ ရက် အရက် ၂၀ ခန့် သင်တန်းပေးသည်။ လှောင်ချိုင့်ခန်းထဲတွင် ဝင်ကာ လဟာပြင် ဗိသုကာလောင်း ကြက်တူရွေးများကို ကိုယ်တိုင် သင်ခန်းစာပေးသည်။

လူနှင့် နီးစပ်လှသော ကြက်တူရွေးများမှာ ၃ လခန့်ဖြင့် ဘာသာစုံတတ်ကုန်ကြသည်။ လဟာပြင် ဗိသုကာလောင်း သင်တန်းကို အောင်မြင်ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကိုယ်တိုင် အစာကျွေးစဉ်ကတည်းက လျှာပါးစေတတ်၊ သွက်လက်စေတတ်သည့် အာဟာရများကို ညှပ်၍ညှပ်၍ ကျွေးထားလေရာ ကြက်တူရွေးများမှာ ဘာသာတိုင်းတွင် ပီသကြသည်။

၅ လခန့် ကြာမြင့်သောအခါ ကာလိဒါသလည်း ဘုရင့်ထံသို့ ရုပ်ဖျောက်၍ သွားသည်။ ကာလိဒါသက လွတ်လိုက်သည့် အဆောက်အဦတာဝန်ခံသဖွယ် ဘုရင့်ထံ သွားရောက်သည်။ သို့သွားရာ၌ လဟာပြင်ဗိမာန်ဗိသုကာဆရာ ကြက်တူရွေးများကို မထားခဲ့၊ ဘုရင်မသိ မမြင်ရအောင် လျှို့ဝှက်စွာ အသာယူလာခဲ့သည်။

ဘုရင့်ရှေ့ရောက်သောအခါ လဟာပြင် ဗိမာန်ဗိသုကာ တာဝန်ခံ (ကာလိဒါသ) သည် "လဟာပြင် ဗိမာန်ဗိသုကာများပါ ပါလာကြသည်။ ယခုသူတို့ ရောက်ရှိနေကြပါပြီ၊ သူတို့နေကြရန် နန်းတွင်းရှိ သင့်လျော်သည့် အခန်းတစ်ခန်း ပေးသနားပါ" ဟု ဘုရင်အား လျှောက်တင်လိုက်သည်။

ဘုရင်လည်း ကာလိဒါသ ရုပ်ဖျောက်လာမှန်းမသိ၊ အဆောက်အဦတာဝန်ခံတစ်ဦး၏ အသွင်အပြင်ဖြင့် ဝတ်ဆင်လာ၍ တကယ့် လဟာပြင် ဗိမာန်ဗိသုကာ တာဝန်ခံဟုပင် မှတ်ထင်သည်။ သို့ဖြင့် နန်းတွင်းတစ်နေရာရှိ အခန်းတစ်ခန်းကို ပေးသနားလိုက်သည်။

လျှို့ဝှက်စွာ ယူလာသည့် လဟာပြင် ဗိမာန်ဗိသုကာ ကြက်တူရွေးများကို ဘုရင်ညွှန်ကြားသည့် အခန်းထဲတွင် ကာလိဒါသ ထည့်လှောင်ထားလိုက်သည်။ ဤကဲ့သို့ ကြက်တူရွေးများ ထည့်သည်ဆိုသည်ကို မည်သူမှ မသိစေရ၊ လျှို့ဝှက်စွာပင် ထည့်ထားလိုက်သည်။ အစာရေစာများ တိုက်ကျွေးရန်နှင့် မည်သူမှ ထိုအခန်းနားမလာရအောင် အစောင့်တစ်ယောက်လည်း ထားခဲ့သည်။ ဘုရင်မင်းမြတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



အာဏာဖြင့် 'မည်သူမှ ထိုအခန်းနားသို့ မလာရောက်ရ' ဆိုသည့် အမိန့်ကိုလည်း ထုတ်ထားခဲ့သည်။

၃ ရက်ခန့်ကြာသွားသောအခါ ကာလိဒါသသည် ကာလိဒါသ ဘဝနှင့်ပင် ဘုရင်ထံသို့လာသည်။ ရှေ့ရောက်လေလျှင် "အရှင်ဘုရင်မင်းကြီး၊ လွန်ခဲ့သည့် ၃ ရက်ခန့်က လဟာပြင်ဗိမာန် ဗိသုကာ တာဝန်ခံနှင့် ဗိသုကာများ မရောက်လာကြပါလား၊ ယခုသူတို့ကို အဘယ်မှာ ထားပါသနည်း အဘယ်အခန်းမှာ သူတို့နေကြပါသနည်း" ဟု ကာလိဒါသက မသိလေဟန်ဖြင့် မေးလျှောက်သည်။

ဘုရင်ကလည်း "သူတို့ရောက်ကြသည်။ သူတို့ကို နန်းတွင်း တစ်နေရာရှိ အခန်းတစ်ခန်းတွင် နေရာချထားသည်" ဟု အကယ် မသိဟုထင်ကာ ကာလိဒါသအား မိန့်ကြားသည်။

ထိုအခါ ကာလိဒါသက "ဒီလိုဆိုရင် အရှင်ဘုရင်မင်းမြတ် လဟာပြင်ဗိမာန် ဗိသုကာဆရာတို့အခန်းကို သွားကြည့်ကြစို့၊ စူးစမ်းလေ့လာချေကြဦးစို့" ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်လိုက်သည်။

ဘုရင်နှင့် ကာလိဒါသတို့သည် ဘုရင်ညွှန်ကြားထားသည့် အခန်းသို့ သွားကြသည်။ ဘုရင်က ရှေ့တော်က ကြွလှမ်း၍ သွားသည်။ ကာလိဒါသက နောက်ကလိုက်သွားသည်။ ဘုရင်ကမူ ဘာမှန်းမှမသိ၊ ကာလိဒါသကမူ မရယ်မိ၊ အသံမထွက်မိအောင် မနည်းချုပ်တည်းထားရသည်။ ဣန္ဒြေရှင်ကြီးလုပ်ကာ အသာလိုက်သွားရသည်။

ဗိသုကာတို့ နေသည်ဆိုသည့်အခန်းသို့ ရောက်လေလျှင် ဘုရင့်ရှေ့သို့ ကာလိဒါသက အသာကျော်သွားသည်။ အခန်းတံခါးဝသို့ ရောက်ကြသောအခါ ကာလိဒါသက တံခါးကို ဖွင့်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ အခန်းတွင်းမှ ကြက်တူရွေးများက ရုတ်တရက်ထွက်ပျံ တက်ကုန်ကြရာ ဘုရင်မှာ အထိတ်တလန့်ဖြစ်သွားသည်။ အခန်းတံခါးဝမှ နှစ်တောင်ခန့်မျှပင် ဘုရင်မှာ နောက်ဆုတ်သွားသည်။

ကြက်တူရွေးများသည်လည်း အဝေးသို့ ပျံမသွားကြ။ သူတို့လှောင်ထားသည့် အခန်းတွင်းမှာသာ ဝဲပျံနေကြသည်။ ဌာနသံယောဇဉ် ခင်တွယ်ကြသည်လော မပြောတတ်၊ အခန်းပေါ် တည့်တည့်မတ်မတ် လဟာပြင်မှာသာ တဖျပ်ဖျပ်ဝဲပျံနေကြသည်။

တချို့က ခပ်နိမ့်နိမ့်၊ တချို့က ခပ်မြင့်မြင့်၊ တချို့က မနိမ့်မမြင့် ဝဲပျံနေကြသည်။

ထိုသို့ ဝဲပျံနေကြရင်းမှ လဟာပြင်ဗိမာန် ဗိသုကာကြက်တူရွေးတို့သည် "ထုံးယူခဲ့" ဟု တစာစာအော်သည့်အကောင်က အော်ကြသည်။ "ဒီနေရာ ပန္နက်ရိုက်" ဟု တစ်ဘာသာပြောသည့်အကောင်ကလည်း ပြောနေကြသည်။

ဘာသာဘာဝ ကြိုးကြိမ် ကြိုးကြိမ်မျှကိုပင် မမြည်တမ်းကြ၊ သင်တန်းဆရာ သင်ခန်းစာအတိုင်းသာ ကြွေးကြော်နေကြသည်။

"လဟာပြင် အာကာသ၌ ဗိမာန်ကြီးတည်ဆောက်မည်" ဟုလည်းကောင်း၊ "အုတ်ယူခဲ့ကြ" ဟုလည်းကောင်း တစ်ဘာသာစီ ဟစ်အော်သည့်အကောင်များက ဟစ်အော်နေကြရာ အခန်းတွင်း လဟာပြင် အာကာသမှာ ဗိသုကာဆရာတို့အသံဖြင့် ဆူညံနေသည်။

ဤကဲ့သို့သော အသံများကို ကြားသောအခါ ဘုရင်မှာ အံ့သြသွားသည်။ လဟာပြင် အာကာသမှာ ဗိမာန်တည်ဆောက်ကြမည်ဆိုသူတို့မှာ ကြက်တူရွေးများသာ ဖြစ်ကြသည်ဟု သိသွားသည်။ ကာလီဒါသ၏ အကြံပဲဟုလည်း တထစ်ချနားလည်သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ဖြစ်၍ "အသင်ကာလိဒါသ လဟာပြင် ဗိမာန်ဗိသုကာများ ဆိုသည်မှာ သူတို့လား" ဟု ဘုရင်က မေးသည်။ ကာလိဒါသက လည်း "သူတို့ဖြစ်ကြပါသည်။ သူတို့ပင် လဟာပြင် အာကာသ၌ ဗိမာန်တည်ဆောက်ကြပါမည်" ဟု ဘုရင်အား လျှောက်တင်ဖြေဆို သည်။

"ရှိစေတော့ ကာလိဒါသ၊ အသင်မည်မျှ ငါ့အပေါ်တွင် ပရိယာယ်များနိုင်သည်ဆိုသည်ကိုသိရန် စောင့်ကြည့်နေခြင်းဖြစ် သည်။ လဟာပြင်အာကာသတွင် ဗိမာန်ကြီး တည်ဆောက်လိမ့်မည် မဟုတ်ဟု ငါစောစောကပင် သိသည်။ သို့ရာတွင် ထုတ်ပေးလိုက် သော အသပြာနှစ်သိန်းကို အဘယ်အတွက် အသုံးပြုသနည်း" ဟု ဘုရင်က မေးသည်။

"ပြည်သူပြည်သား ဆင်းရဲသားလူထုကို ကြည့်ရှုပေးဝေလိုက်ပါ သည်။ ရသေ့ ရဟန်းများကိုလည်း ထိုက်သင့်သမျှ လှူဒါန်းပါသည်။ တိုင်းပြည်အတွင်း လစ်ဟင်းနေသည့် အချို့ဌာနများကို ဖြည့်စွက် လိုက်ပါသည်" ဟု ကာလိဒါသက လျှောက်တင်လိုက်သည်။

ပြည်သူလူထုအား ပေးဝေလိုက်သည်ဆိုသည့် လျှောက်တင်ချက် ကို ကြားကတည်းက ကာလိဒါသအား များစွာချီးကျူးသည်။

ဤကဲ့သို့ ကာလိဒါသအား လဟာပြင် အာကာသဗိမာန် တည် ဆောက်ခိုင်းသည်မှာ အခြားကြောင့်မဟုတ်၊ ကာလိဒါသကို ဆန့်ကျင် ကြသော အမတ်များက ဘုရင်အား တွန်းကြတိုက်ကြသောကြောင့် ဖြစ်သည်။ "ကာလိဒါသမှာ ပြည်သူလူထုအပေါ်တွင် ကြည့်ရှု စောင့် ရှောက်သူမဟုတ်၊ ပြည်သူလူထုအား သနားငဲ့ညှာသူမဟုတ်၊ ကိုယ်ကျိုး သက်သက်လိုလားသူသာ ဖြစ်သည်" စသည်ဖြင့် တွန်းကြ တိုက်ကြ ခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



'ကာလိဒါသမှာ ကိုယ်ကျိုးအတွက် သက်သက်သာကြည့်သည့် ပုဂ္ဂိုလ်မဟုတ်၊ ဤလယ်ဟာပြင် အာကာသဗိမာန် လုပ်ကိုင်တည်ဆောက်စေခြင်းကိစ္စဖြင့် ကာလိဒါသမှာ ပြည်သူလူထု ဆင်းရဲသားများကို အမြဲသနား စောင့်ရှောက်သည်။ ဆင်းရဲသားများအတွက် ငဲ့ကွက်စာနာသည်၊ ဆင်းရဲသားများဘက်သို့ မျက်နှာအမြဲလှည့်သည်' ဟု ဆန့်ကျင်ဘက်အမတ်များအား ပရိယာယ်ဖြင့် သိစေလိုသောကြောင့် ငွေအသပြာနှစ်သိန်းကို ဘုရင်က ကာလိဒါသအား ထုတ်ပေးခဲ့ခြင်း ဖြစ်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com

# ကဗျာသစ်



တစ်ကြိမ်သောအခါ ကာလိဒါသသည် ဘောဇဘုရင်ကိုပစ်ကာ မာဂဓတိုင်းသို့ ထွက်သွားခဲ့သည်။ ဘုရင်က ကာလိဒါသအပေါ် တရားနှင့် ဆန့်ကျင်သည့် အပြုအမူတစ်ခုကြောင့် ထွက်သွားခြင်းဖြစ်သည်။ ကာလိဒါသသည် ဤသို့ထွက်သွားသော်လည်း အခြားအိမ်များ၌ မတည်းခို၊ စာသင်ကျောင်းတစ်ကျောင်းတွင် ဝင်၍တည်းခိုသည်။ ကျောင်း၌ ခေတ္တခဏနေထိုင်ရန် ကျောင်းဆရာအား ခွင့်တောင်း၍ တည်းခိုခြင်းဖြစ်သည်။ ကျောင်းဆရာ၏အမည်မှာ 'ဗလ္လေသျှရပဏ္ဍိတ' ဖြစ်သည်။ ဗလ္လေသျှရပဏ္ဍိတကလည်း တည်းခိုနေထိုင်ခွင့်ပေးသည်။

အစသော် ဗလ္လေသျှရပဏ္ဍိတသည် ကာလိဒါသမှန်းမသိ၊ ကာလိဒါသကလည်း မိမိမည်သူ မည်ဝါဆိုသည်ကိုမပြော။ သို့ရာတွင် ဗလ္လေသျှရပဏ္ဍိတသည် ကာလိဒါသအား မြင်မြင်ချင်းပင် ပညာရှိတစ်ဦး၏အသွင်လက္ခဏာနှင့် ပြည့်စုံသူဟု မှတ်သားမိသည်။ ပညာရှင်တစ်ဦး မလွဲမသွေဖြစ်ရမည်ဟု တွေးမိသည်။ ကျောင်းဆရာ ဗလ္လေသျှရပဏ္ဍိတသည်လည်း ပညာဗဟုသုတနည်းသူမဟုတ်၊ တပည့်ပေါင်း မြောက်မြားစွာကို ပညာစုံပေးနေသည့် ပုဂ္ဂိုလ်ဖြစ်သည်။ မာဂဓတိုင်းတွင် ထင်ရှားသော ဆရာတစ်ပါးပင်ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရက်အနည်းငယ်မျှ ကြာသောအခါ ကျောင်းဆရာ ဗလွေသျှရသည် ကာလိဒါသမှန်း သိလာသည်။ ထိုအခါ အရာရာတွင် အားကိုးအားထားအဖြစ်ထားသည်။ ကာလိဒါသအား လေးစားရိုသေလာသည်။ ကာလိဒါသလည်း အလကားမနေ၊ ဗလွေသျှရအား ကူညီသည်။ တပည့်များစွာအား ပညာသင်ကြားပေးသည်။ ဤသို့ ကာလိဒါသလည်း ဗလွေသျှရအား ကူညီ၊ ဗလွေသျှရပဏ္ဍိတကလည်း ကာလိဒါသအား ကြည်ဖြူစွာ စောင့်ရှောက်ပြုစု၍ နေခဲ့ကြသည်မှာ ရက်ပေါင်းတော်တော်ကြာသွားသည်။

ညီလာခံသဘင်တွင် ကာလိဒါသကို ရက်ပေါင်းအတန်ကြာ မမြင်ရသော ဘောဇဘုရင်သည် ကာလိဒါသကို တောင့်တလာသည်။ တိုင်းရေးပြည်ရေး မိမိ (ဘုရင့်) အရေးတို့ဖြင့်လည်း တာဝန်ကြီးလေးလျက် ရှိလာသည်။ မိမိအပေါ် စိတ်နာသဖြင့် ထွက်သွားကြောင်း သိသောဘုရင်သည် ကာလိဒါသအား ပို၍ပင် မျှော်လင့်တမ်းတမိသည်။ သို့ဖြင့် ဘုရင်သည် သူလျှိုများလွှတ်ကာ ကာလိဒါသကို အရှာခိုင်းတော့သည်။

သူလျှိုများသည် ကာလိဒါသကို ရှာကြသည်။ နေရာဌာန အနှံ့အပြားပင် ရှာကြသည်။ သို့ရာတွင် ကာလိဒါသကိုမတွေ့၊ သတင်းမျှပင် မကြားကြပေ။

တစ်နေ့သော် ကာလိဒါသအား တွေ့နိုင်ရန် အကြံတစ်ခုရလာသည်။ ပညာရှိသော ဘုရင်သည် ကာလိဒါသကို မရှာဘဲ တွေ့နိုင်ရန် စဉ်းစားမိသည်။ ထိုကဲ့သို့ ကြံစည်ဝေဖန်မိသည်ဆိုလျှင်ပင် ကြာကြာဆိုင်းမထား၊ တိုင်းပြည်အနှံ့ ကြေညာစေတော့သည်။

"မပေါ်ဖူးသေးသည့် ကဗျာသစ်ကို စပ်ဆိုနိုင်သူအား အသပြာတစ်သိန်းပေးမည်" ဟု အနှံ့အပြား မောင်းခတ်ကြေညာစေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ဘောဇဘုရင်ထံ အမြဲခစားသော ပညာရှိအများတွင် တစ်ခေါက်မျှ မိမိတို့ရှေ့တွင် ရွတ်လိုက်က တစ်လုံးတစ်ပါဒ မမှားရအောင် အလွတ်ရသော ပညာရှိလေးဦးရှိသည်။ ထိုပညာရှိလေးဦးသည် ရှေ့တွင် တစ်ခေါက်မျှ ရွတ်ဆိုသံကြားက မရမရှိ၊ တစ်သဝေမတိမ်း နှုတ်တက်ရသွားကြသည်။ ထိုမျှပင် ပါရမီထူးချွန်ကြသည်။

ဘုရင်၏အမိန့်အရ အရပ်ရပ်မှ ပညာရှိများလာရောက်၍ ကဗျာသစ် စပ်ဆိုကြသည်။ မောင်းသတင်းအရ အတိုင်းတိုင်းအပြည်ပြည်မှ ပညာရှိများ လာရောက်ကာ ကဗျာသစ်အဖြစ် တင်ဆက်ရွတ်ဆိုပြကြသည်။ သို့ရာတွင် စပ်ဆိုကြသမျှမှာ ကဗျာသစ် မဖြစ်ကြရ၊ လျှောက်တင်သမျှ ကဗျာသစ်အဖြစ် အသိအမှတ်အပြုမခံကြရ၊ လာရောက်လျှောက်တင်ကြသည့် ပညာရှိတို့က ကဗျာသစ်များကို တစ်ခေါက်မျှ ရွတ်ဆိုလျှောက်တင်လိုက်လျှင် ထိုပညာရှင်လေးဦးက ဆုံးသည်နှင့် တစ်ပြိုင်နက် ကဗျာသစ်မဟုတ်ကြောင်း၊ ထိုကဗျာကို သူတို့ နှုတ်တက်ရထားကြောင်း ပြောလိုက်ကြသည်။ နှုတ်မှလည်း ချက်ချင်း ရွတ်ပြလိုက်ကြသည်။ လာတိုင်း လာတိုင်းသော အရပ်ရပ်မှ ပညာရှိများမှာ သည်နည်းဖြင့် ပြန်သွားကြရသည်။ လျှောက်တင်လာတိုင်းသော အတိုင်းတိုင်း အပြည်ပြည်မှ ကဗျာသစ် ပညာရှင်များသည် ဤနည်းဖြင့် ငွေတစ်သိန်းမရဘဲ အရှုံးပေးသွားကြရသည်။

ဘောဇဘုရင်၏ ပညာရှင်လေးဦးကြောင့် ဤသို့ဖြစ်ကြရသည်ကို နားလည်သည်။ သေသေချာချာပင် သိကြသည်။ သို့ရာတွင် ဘုရင်၏ ဉာဏ်ကိုမမီသော ပညာရှင်များသည် အပြုံးဖြင့် မပြန်သွားကြရ၊ အရှုံးဖြင့်သာ ပြန်ကြရသည်။

ဗလေ့သျှုရပဏ္ဍိတလည်း ဘုရင်၏ မောင်းသတင်းကို ကြားသည်။ တစ်ခေါက်မျှ ဘုရင့်ရှေ့ ရွတ်ဆိုလျှောက်တင်ပြလိုက်က

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင့်ပညာရှိလေးဦးက ရရသွားကြကြောင်း၊ ကဗျာအဟောင်းသဖွယ် ဖြစ်ဖြစ်သွား၍ ပြန်ပြန်သွားကြရကြောင်းနှင့် ကာလိဒါသကို ရှာလို၍ ဘုရင်က ဤသတင်းကို ကြေညာခြင်းဖြစ်ကြောင်းကိုမူ မသိ၊ "ငါ၏ အာဘော်ကို ကာလိဒါသာသိမည်၊ သိသော ကာလိဒါသသည် မောင်း သတင်းကိုကြားက တစ်စုံတစ်ယောက်ကို ဖြေဆိုစေလိမ့်မည်။ ထိုအခါ ကာလိဒါသကို တွေ့ရမည်" ဟူသော ဝေဖန်ချက်ဖြင့် ဘုရင်က မောင်းသတင်းကို ကြေညာခြင်းဖြစ်သည်ဟုလည်း နားမလည်၊ ကြား သည်ဆိုလျှင်ပင် ဘုရင့်ဆုတော်ငွေတစ်သိန်းကို လိုချင်သည်။ သို့ဖြင့် ဘောဇဘုရင်နှင့် စပ်သည့် ကဗျာတစ်ပုဒ်စပ်ဆိုကာ ဘောဇဘုရင်ထံသို့ သွားသည်။ ထိုသို့ သွားစဉ်အခါ ကာလိဒါသကို ဘာမျှမပြော၊ ဘယ်သွားသည်၊ ဘယ်လိုအကြောင်းနှင့် သွားသည်ဆိုသည်များကို အသိမပေး၊ တိတ်တိတ်ကလေးသွားသည်။ ကျောင်းသား၊ ကျောင်းသူ၊ တပည့်များကိုပင် ကာလိဒါသအား မအပ်နှံ၊ ကျောင်းဆရာ ဗလွေ သျှရပဏ္ဍိတမှာ သူ့အကြံနှင့် သူထွက်သွားသည်။

ရောက်လေလျှင် အကြံနှင့် ဖွဲ့နွဲ့စပ်ဆိုထားသည့် 'ဘောဇဘုရင် အကြောင်းကဗျာ' ကို ကျောင်းဆရာ ဗလွေသျှရက တင်လျှောက် သည်။ သူ့ကဗျာကို 'ကဗျာသစ်' ဟုထင်ကာ လျှောက်တင်သည်။ ငွေအသပြာတစ်သိန်း ရလိုဇောဖြင့် ကဗျာကို ရွတ်ဆိုပြလိုက်သည်။ သို့ရာတွင် သူထင်သကဲ့သို့မဖြစ်၊ သူ့ကဗျာမှာ ကဗျာဟောင်း ဖြစ်သွား သည်။ သူရွတ်ဆို လျှောက်တင်ပြီးသည်နှင့်တစ်ပြိုင်နက် ပညာရှိ လေးဦးက သူ့ကဗျာကို ရွတ်ဆိုပြလိုက်သည်။

"အသင်၏ကဗျာမှာ ကောင်းပါပေ ဂုဏ်မြောက်ပါပေသည်။ သို့ရာတွင် အသင်စပ်ဆိုဖွဲ့နွဲ့သည်မှာ ကဗျာသစ်မဟုတ် ပေါ်ဖူးပြီး သော အဟောင်းဖြစ်နေသည်။ သို့ရာတွင် အသင်ကဗျာရှင်မှာ ဝေးကွာ

www.facebook.com/NyisayEbookCreator
www.nyisay.com



လှသည့် ခရီးမှလာရသူဖြစ်သဖြင့် အနည်းငယ်မျှကား ဉာဏ်ပူဇော် လိုက်ရမည်” ဟု ဆိုကာ ဘုရင်က ဗလွေသျှရပဏ္ဍိတအား အသပြာ ၅၀၀ ပေးသနားလိုက်သည်။ ဗလွေသျှရလည်း ဆုငွေတစ်သိန်းမရ ဤမျှနှင့်ပင် ပြန်ခဲ့ရသည်။

ဗလွေသျှရပဏ္ဍိတသည် မိမိကျောင်းသို့ ပြန်ရောက်သောအခါ အကျိုးအကြောင်းအားလုံးကို ကာလိဒါသအား ပြောပြသည်။ “စင်စစ် အားဖြင့်တော့ ကျွန်ုပ်စပ်ဆိုသွားသည့် ဘောဇဘုရင်အကြောင်းမှာ ကဗျာဟောင်းမဟုတ်၊ ကဗျာသစ်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်ရွတ်ဆို သည်ကို နားထောင်ပြီး သူတို့က အဟောင်းဖြစ်အောင် ပြန်၍ ရွတ်ဆို ပြကြခြင်း ဖြစ်ပါသည်” ဟုလည်း ပြောကြားသည်။

ထိုအခါ ကာလိဒါသက “အသင် ဤသို့ သွားစဉ်က ကျွန်ုပ် အား ဘာ့ကြောင့်မပြောဘဲ သွားသလဲ၊ ဘာကြောင့် တိတ်ဆိတ်စွာ ထွက်သွားသလဲ” ဟု ဗလွေသျှရပဏ္ဍိတအား မေးသည်။ “ကျွန်ုပ် တိတ်ဆိတ်စွာ သွားခဲ့သည့်အကြောင်းကို ဖွင့်၍ဝန်ခံပါမည်။ စင်စစ် အားဖြင့် လောဘတပ်ပြီး မပြောဘဲ၊ အသိမပေးဘဲ သွားခဲ့ခြင်းဖြစ်ပါ သည်။ အကယ်၍ အသင့်အား တိုင်ပင်ပြီးသွားက အသပြာတစ်သိန်း ကျွန်ုပ်ချည်း ရမည်မဟုတ်၊ အသင်အား ခွဲပြီးပေးမှ ကောင်းမည်။ ထို့ကြောင့် ကျွန်ုပ်ချည်းရအောင် ဆိုသောအကြံဖြင့် သွားခဲ့ခြင်းဖြစ်ပါ သည်” ဟု ဗလွေသျှရပဏ္ဍိတက ကာလိဒါသအား ဖွင့်ဟပြောကြား သည်။

“အသပြာကို ကျွန်ုပ်မလိုပါ၊ သင့်ထံမှ ခွဲပြီးမယူပါ။ ကျွန်ုပ် ကဗျာသစ်တစ်ခုကို စပ်ဆိုပေးလိုက်ပါမည်။ ထိုကဗျာကို ဘုရင်အား လျှောက်တင်ချေ” ဟု ပြောကာ ကာလိဒါသက ဗလွေသျှရပဏ္ဍိတ အား ကဗျာတိုတစ်ပိုဒ် စပ်ဆိုပေးလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အရှင်ဘောဇဘုရင် အရှင်ဘုရင်၏ ဘိုးတော်လက်ထက်က ငွေတိုက်တော်တွင် ကျွန်တော်မျိုး၏ ဘကြီးက အသပြာတစ်သိန်း အပ်ထားခဲ့ပါသည်။ ယခု ထိုအသပြာတစ်သိန်းကို ပြန်ယူလိုပါသည်။ ပေးတော်မူပါ" ဟု အဓိပ္ပာယ်ရှိသည့် 'ကဗျာသစ်' ပင် ဖြစ်လေသည်။

ဗလွေသျှရပဏ္ဍိတလည်း ကာလိဒါသစပ်ဆိုပေးလိုက်သော 'ကဗျာသစ်' ကို ဘုရင့်ထံသွား၍ လျှောက်တင်သည်။ ကာလိဒါသ စပ်ဆိုဖွဲ့နွဲ့ပေးလိုက်သည့်အတိုင်း တစ်သဝေမတိမ်း လျှောက်တင်သည်။

ဤသို့ ဗလွေသျှရတစ်ခေါက်ပြန်၍ လျှောက်တင်သောအခါ ဘုရင်နှင့် ဘုရင့်ပညာရှိလေးဦးတို့မှာ ကဗျာဟောင်းဟု မဆိုနိုင်ကြ၊ ဗလွေသျှရကဗျာကို မပယ်နိုင်ကြတော့ 'ကဗျာသစ်' အဖြစ် လက်ခံကြရတော့သည်။ လက်မခံ၍လည်းမဖြစ်၊ လက်မခံလည်း ကြွေး တစ်သိန်းက ပေးရတော့မည်။ လက်ခံလျှင်လည်း ဆုတော်ငွေ တစ်သိန်းပေးရမည်။ 'တစ်သိန်း ပေးရချင်းအတူတူ ကဗျာသစ်အဖြစ် နှင့် ပေးရခြင်းက သင့်လျော်သည်' ဟု တွေးကာ လက်ခံကြခြင်း ဖြစ်သည်။ ငွေအသပြာတစ်သိန်းလည်း ပေးလိုက်သည်။

ဘုရင်၏စိတ်တွင် 'ငါ့ဘိုးတော်လက်ထက်က သူ့ဘကြီးက ငွေတိုက်တော်မှာ ငွေအသပြာတစ်သိန်း အပ်ထားသည်ဆိုသည်မှာ မမှန်နိုင်၊ သို့ပင် မမှန်နိုင်စေကာမူ ဤကဗျာမျိုးကို မည်သူမှ မစပ် ဆိုကြ၊ စင်စစ်အားဖြင့် ဤကဗျာမှာ 'ကဗျာသစ်' ဖြစ်နေသည်။ အကြံပိုင်ပေသည်။ အာဘော်မိပေသည်။ ဤကဗျာမှာ ကာလိဒါသ ကဗျာသာဖြစ်သည်။ မည်သူ့ကဗျာမှ မဖြစ်နိုင်၊ ဤသူ့အိမ်တွင် ဧကန္တ ကာလိဒါသ ရှိရမည်' ဟု တွေးမိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့ကြောင့် "အသင် ကဗျာရှင်၊ အသင့်အိမ်မှာ ကာလိဒါသ ရှိသည်မဟုတ်ပါလား၊ ကာလိဒါသ စပ်ပေးလိုက်သော ကဗျာမဟုတ်ပါလား" ဟု ဘုရင်က ဗလွေသျှရအား မေးမြန်းလိုက်သည်။

ထိုအခါ 'ကာလိဒါသ မိမိအိမ်တွင် ရှိနေကြောင်း' ဗလွေသျှရက ဝန်ခံလျှောက်တင်ရလေသည်။

ဘုရင့်ထံသို့ ဗလွေသျှရ ကဗျာသစ်လျှောက်ရန် သွားနေချိန်တွင် ကာလိဒါသလည်း တပည့်များစွာကို ပညာသင်ပေးနေသည်။

ဗလွေသျှရပဏ္ဍိတ ပြန်မည်အပြုတွင် ဘုရင်က မြင်းလေးကောင် က,သော ရထားတစ်စီးကို ပေးလိုက်သည်။ "အသင် ဤရထားကို စီးသွားလေ၊ ကာလိဒါသကိုလည်း ဤရထားဖြင့် နန်းတော်သို့ ပြန်လာရန် ပြောလိုက်လော့" ဟုလည်း မိန့်မှာလိုက်သည်။

ဗလွေသျှရပဏ္ဍိတလည်း အိမ်ပြန်ရောက်၍ ကာလိဒါသကို တွေ့သောအခါ ဘုရင်မိန့်မှာသည့်အတိုင်း ပြောသည်။ ထိုအခါ ကာလိဒါသလည်း ဘုရင်ပေးလိုက်သော မြင်းလေးကောင် က,သည့် ရထားနှင့် ပြန်ခဲ့လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ငါ့ကို ရယ်အောင်လုပ်

တစ်နေ့သ၌ ဘုရင်သည် ကာလိဒါသအား "ငါ့ကို ရယ်အောင် လုပ်ပါ။ ငါ့ကိုရယ်အောင်လုပ်နိုင်က အသင့်အား ဆုပေးမည်" ဟု ပြောလေသည်။

သို့ဖြင့် ကာလိဒါသသည် ဘုရင်အား ရယ်အောင်အမျိုးမျိုးလုပ်သည်။ ဟာသစကားလုံးများဖြင့် လျှောက်သည်။ တွေး၍ ရယ်ဖွယ်ကောင်းသည်များကိုလည်း လျှောက်သည်။ တွေးမနေရဘဲ တစ်ခါတည်း ဝါးခနဲရယ်စရာကောင်းသည်များကိုလည်း လျှောက်သည်။ သို့ရာတွင် ဘုရင်မှာ မရယ်ပေ။ တင်းခံနေသည်။ ရယ်မည့် လက္ခဏာမျှကိုပင် မမြင်ရ၊ ကာလိဒါသ ရှုံးရမလောက်ဖြစ်နေသည်။

ကာလိဒါသလည်း အရှုံးမခံ၊ အမျိုးမျိုးကြံဖန်၍ ပြောသည်။ ဘုရင်ခံနိုင်ရိုးလားဟူသော စိတ်ထားဖြင့် မရယ်မနေနိုင်လောက်သည့် စကားလုံးများကို လျှောက်သည်။ သာမန်လူများ အူတက်မတတ် ရယ်ရသော ပုံတိုပတ်စများ၊ အကြောင်းအရာများကို လျှောက်ကြားသည်။ သို့ရာတွင် ဘုရင်မှာ မရယ်၊ ဣန္ဒြေမပျက် တောင့်ခံနေသည်။

ကာလိဒါသလည်း မလျှော့၊ ဘုရင်အား အညှံ့မခံ၊ အနိုင်မပေးလို၊ ဘုရင်ရယ်လောက်သည့် စကားလုံးများကို ရွေး၍ ကြိုးစားပြီး လျှောက်ပြန်သည်။ ဟိုလိုလှည့် ဒီလိုလှည့်လျှောက်သည်။ သို့ရာတွင်

www.facebook.com/NyisayEbookCreator
www.nyisay.com


ဘုရင်မှာ အခြေမပျက်၊ ရယ်ဖို့ဆိုသည်မှာ ဝေးလှသည်။ ကာလိဒါသလည်း အလျှောက်မရပ်၊ မောမတတ်ဖြစ်လာသည်။ ချွေးစ,ကလေးများပင် စို့လာသည်။ ဤမျှတိုင်အောင် ဘုရင်မှာ ရယ်လိုသည့် လက္ခဏာမရှိ၊ ရယ်တော့မည့် အသွင်အပြင်ကိုပင် မမြင်ရ၊ တည်တည်ကြီးပင် ရှိနေသည်။ ကာလိဒါသက ရယ်စရာပြောသမျှကို မလှုပ်မရှားပင် နားထောင်နေသည်။

သို့ဖြင့် ကာလိဒါသသည် ဘုရင်အား နားနားကပ်ပြီး တစ်စုံတစ်ခုကို တိုးတိုးကလေး လျှောက်တင်လိုက်သည်။

ထိုအခါ နားအတွင်း လေဝင်ပြီး ယားသလိုလိုဖြစ်လာသောကြောင့် မနေနိုင်တော့ဘဲ ဘုရင်လည်း ရယ်လေတော့သည်။

ကာလိဒါသလည်း အကြံအောင်မြင်ပြီဖြစ်၍ သဘောကျကာ ပြုံးတော့သည်။ ထိုအခါ ဘုရင်က "အသင်ကာလိဒါသ ငါ့အား ရယ်အောင် လုပ်နိုင်ပေသည်" ဟု ဆိုကာ ကာလိဒါသအား ဆုတော်လာဘ်တော်များ ပေးသနားတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ကာလိဒါသ ဘာ့ကြောင့် အသားညိုသလဲ

အခါတစ်ပါးတွင် ညီလာခံသဘင်၌ မှူးမတ်ဗိုလ်ပါသေနာပတိတို့ စုံလင်စွာ ရောက်ရှိနေကြသည်။ ညီလာခံသဘင် မစ,မီ အာလာပသလ္လာပစကားများကို ပြောဆိုနေကြသည်။ ဘုရင့်အကြောင်း၊ မိဖုရားအကြောင်းနှင့် ပြည်သူလူထုအကြောင်းလည်း ပြောဆိုကြရာ၌ ပါဝင်ကြသည်။ အထူးသဖြင့် ဘောဇဘုရင်၏ ရှေးဘုန်း ရှေးကံများအကြောင်းကို တော်တော်များများ ပြောဆိုနေကြသည်။

စာပေရေးရာ ဝေါဟာရ ကြွယ်နေကြသည်။ ဂန္ထလောက စာဆိုတို့၏သဘောနှင့် စာရေးဆရာတို့၏ ပင်ကိုယ်ဓာတ်ခံ ဉာဏ်ပညာနှင့် ဗဟုသုတများကို စကားလုံးကြွယ်နေကြသည်။ ကဗျာလင်္ကာဘက် ကျွမ်းကျင်လေ့လာကြသည့် မှူးမတ်ဗိုလ်ပါတို့ကလည်း ဆိတ်ဆိတ်မနေ၊ ကဗျာလင်္ကာစာပေများကို ဝေဖန်နေကြသည်။

ကာလိဒါသ၊ မာဃစသည့်ကဗျာ့ပါရဂူတို့၏ ဘဝကိုလည်း ဝေဖန်နေကြသည်။ ကာလိဒါသမှာ ကဗျာလင်္ကာ၌ တစ်ဘက်ကမ်းရောက် တတ်မြောက်သကဲ့သို့ မာဃစသည့် ပညာရှိများသည်လည်း ပညာဗဟုသုတ ထက်မြက်ကြသည်ဟု အချို့မှူးမတ်တို့က ပြောဆိုကြသည်။ ညီလာခံ မစမီအချိန်ရသမျှ ပြောဆိုနေကြရာ တော်တော်ပင် စုံစုံလင်လင် ပြောဆိုမိကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အချို့သော မှုးမတ်များကမူ တိုင်းရေးပြည်ရေးများကို ပြောဆိုနေကြသည်။ ကာလိဒါသမှာ အရာရာ ပညာဗဟုသုတနှင့် ပြည့်စုံကြောင်း၊ တိုင်းရေးပြည်ရေးဘက်တွင်လည်း မလစ်ဟင်း မချွတ်ယွင်းရေး၊ တရားစီရင် ဆုံးဖြတ်ရာ၌လည်း များစွာတည့်မတ် မှန်ကန်လှကြောင်းများနှင့် ကာလိဒါသမှာ ကဗျာလင်္ကာ စာပေရေးရာ၊ ဂန္ထဝင်၊ ဗုဒ္ဓဝင်၊ တန်ဆာပွတ္တိဉာဏ်၊ နက်နဲစူးရှသောဉာဏ်စသည် လိုလေသေးမရှိ၊ အဘက်ဘက်က ပြည့်စုံသည့် စွယ်စုံပညာရှိ မဟာကဝိဖြစ်ကြောင်းကိုလည်း ပြောဆိုနေကြသည်။

အချို့သော မှုးမတ်များ၊ စစ်ဗိုလ်များကမူ ဘောဇဘုရင်၏ ဥပမိသမ္ဘတ္တိ၊ ရုပ်ရည်ရူပကာယကို ချီးကျူးနေကြသည်။ ကာလိဒါသ၊ မာဃစသည့် ပညာရှိတို့သည် ဥပမိသမ္ဘတ္တိ ရုပ်ရည်အသွေးအရောင်စသည်များကို ဝေဖန်နေကြသည်။ ဘယ်သူက ဘယ်သို့၊ ဘယ်သူက ဘယ်ပုံစသည်ဖြင့် အတုံ့အပြန် ပြောဆိုနေကြသည်။ ကဲ့ရဲ့ ရှုတ်ချကြသည်မဟုတ်၊ ဝမ်းမြောက်ဝမ်းသာ ရီးရီးသားသား ပြောကြားနေကြခြင်းဖြစ်သည်။

ဤကဲ့သို့ ပြောဆိုနေကြသည်မှာ ညီလာခံစချိန်အထိ ဖြစ်သည်။ ဘုရင်လည်း ညီလာခံသို့ ကြွရောက်လာပြီ၊ ဘုရင်၏ညီလာခံနေရာ၌ပင် တင့်တယ်စွာရောက်နေလေပြီ၊ သို့ရာတွင် ထိုအချိန်တိုင် ကာလိဒါသ မရောက်လာသေးပေ။

ညီလာခံသဘင် စ,လုဆဲဆဲတွင် ညီလာခံ မှုးမတ်, ဗိုလ်ပါများထဲမှ 'ခစ် ခစ် ခစ် ခစ်' မည်သော ရယ်သံတစ်ခု ထွက်ပေါ်လာသည်။ ထိုခစ်ခစ်မြည်သော ရယ်သံသည် တိတ်ဆိတ်ငြိမ်သက်စပြုနေသည့် ညီလာခံအား ဖြိုခွင်းလိုက်သကဲ့သို့ ဖြစ်သွားသည်။ တစ်ဦးတစ်ယောက်က ရုတ်တရက် ရယ်လိုက်ခြင်းဖြစ်ရာ မည်သူ

www.facebook.com/NyisayEbookCreator
www.nyisay.com



မည်ဝါရယ်သည်ဟု အားလုံးက မသိလိုက်ကြ၊ ရယ်လိုက်သည့် အမတ်နှင့် နီးစပ်သည့် မှူးမတ်များကသာ သေသေချာချာ သိလိုက်ကြသည်။ မသိလိုက်ကြသည့် မှူးမတ်တို့ကမူ အသံထွက်လာရာဆီသို့ လှမ်းကြည့်ကြသည်။

နောက်ခဏတွင် ရယ်သည့်အမတ်ကို ဘုရင်လည်း သိတော့သည်။ သို့ဖြင့် "အဘယ့်ကြောင့် အသင်ရယ်သနည်း၊ ထူးခြားစွာ ဘာအကြောင်းရှိသနည်း။ အသင်ရယ်လိုက်သည်မှာ အံ့ဩစရာ ဖြစ်နေသည် တင်လျှောက်လော့" ဟု ဘုရင်က ထိုအမတ်အား မိန့်ကြားသည်။

"ကျွန်တော်မျိုးရယ်လိုက်သည်မှာ အခြားအကြောင်းကိစ္စများကြောင့် မဟုတ်ပါ။ ကာလိဒါသ ဘာကြောင့် အသားညှိုသလဲဆိုသည်ကို ရုတ်တရက်တွေးမိပြီး ရယ်ချင်လာရာမှ မထိန်းလိုက်နိုင်ဘဲ အသံထွက်သွားခြင်းဖြစ်ပါသည်။ သည်းခံတော်မူပါ အရှင်မင်းကြီး" ဟု ထိုအမတ်က ဘုရင်အား တောင်းပန်လျှောက်တင်လိုက်သည်။ မှန်သည့်အတိုင်းလည်း တင်လျှောက်လိုက်ခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ကာလိဒါသလည်း ညီလာခံသို့ဝင်လာသည်။ ဘုရင်၏မျက်နှာကလည်း ခပ်ပြုံးပြုံး၊ မှူးမတ်ဗိုလ်ပါ သေနာပတိတို့၏ အမူအရာကလည်း ခပ်ရွှင်ရွှင်ဖြစ်နေကြသည်။ ဤသည်ကို ကာလိဒါသရောက်ရောက်ချင်းပင် မြင်တွေ့သည်။ ကာလိဒါသကလည်း ဘုရင်နှင့်တကွ ညီလာခံပရိသတ်ကို 'ဘာလဲ' ဟု အကဲခတ်သည်။ ဘုရင်နှင့် ပရိသတ်ကလည်း အပြုံးမပျက်၊ အရွှင်မပျက်နှင့် ကာလိဒါသကို ကြည့်နေကြသည်။ တစ်ယောက်၏နားဝသို့ တစ်ယောက်က ပါးစပ်ဖြင့်ကပ်၍ ဘာလိုလို၊ အချို့က တိုးတိုး ပြောဆိုနေလိုက်ကြသေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ယနေ့ဘာအကြောင်းကိစ္စများ ထူးခြားနေသလဲ၊ ဘာများဝမ်းသာ သဘောကြနေကြပါသလဲ၊ တတီးတီး တတိုးတိုးနဲ့ပါလား" ဟု ညီလာခံမှူးမတ်များအား ကာလိဒါသက မေးလိုက်သည်။

"ဘုရင်မင်းမြတ်က အသားဖြူပြီး အသင် ကာလိဒါသက အသားညိုလို့" ဟု ညီလာခံပရိသတ်ထဲမှ တစ်ဦးက ကာလိဒါသအား ပြန်၍ ပြောလိုက်သည်။ အရွှင်အပြုံး မပျက်သော မျက်နှာများဖြင့် အားလုံးကလည်း အဖြေပေးလိုက်ကြသည်။

"အသားညိုသည်မှာ ဘာမှမထူးဆန်း၊ မအံ့သြလောက်၊ ပြောပင်မပြောပလောက်ပါ။ အသားညိုသည်များ ရယ်စရာလား" ဟု ကာလိဒါသက ပြောကြားလိုက်သည်။ ပရိသတ်တို့ စကားကို အရေးမထား၊ ဂရုမစိုက်ပေ။

"မပြောပလောက်သည်ကိုပင် မပြောကြားက သိကြမည်မဟုတ်၊ အနည်းငယ်မျှဖြစ်စေ ပြောကြားလျှောက်တင်လော့" ဟု ဘုရင်က ကာလိဒါသအား မိန့်ကြားသည်။

"ဤကဲ့သို့ ရှိပါသည်။ ကမ္ဘာမြေကြီးပေါ်လာကာစက လူသားတွေ မပေါ်သေး၊ သက်ရှိသတ္တဝါဟူ၍ တစ်ကောင်တလေမျှ မရှိသေးပါ။ ဟာလာ ဟင်းလင်းကြီးမျှသာ ရှိပါသေးသည်။ နောက်မှ တောတောင်သမုဒ္ဒရာကြီးတွေ၊ သက်ရှိကုန်း၊ ရေသတ္တဝါများနှင့် လူသားများကို ဗြဟ္မာကြီး ဖန်ဆင်းရပါသည်။ ဤမျှဖန်ဆင်းရရုံဖြင့် ဗြဟ္မာကြီးမှာ အားမရသေး၊ တင်းမတိမ်သေး၊ တစ်ဖန် လဟာပြင် အာကာသသို့ ပျံသွားနိုင်ကြသည့် ငှက်တိရစ္ဆာန်အားလုံးကို ဖန်ဆင်းပြန်ပါသည်။

ဖန်ဆင်း၍ အားရတင်းတိမ်သောအခါ ဗြဟ္မာကြီးမှာ ရူပ၊ ဓမ္မ၊ ဗလ၊ ဗုဒ္ဓိ၊ (ရုပ်ရည်၊ တရား၊ ခွန်အား၊ အသိဉာဏ်) လေးမျိုးကို တစ်ခုစီ ခွဲပါသည်။ ပြီးမှ ထိုလေးပါးကို လေးဌာနခွဲ ဈေးပမာထားကာ ဝေငှပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သက်ရှိကုန်း, ရေသတ္တဝါများ ငှက်တိရစ္ဆာန်များနှင့် လူသားတို့ အားလုံးသည် ဈေးပမာ ဝေငှရာသို့ သွားရောက်ယူနိုင်ကြပါသည်။

ထိုသို့ ဝေငှစဉ်က ဘုရင်နှင့် ညီလာခံ ပရိသတ်တို့မှာ ဓမ္မ၊ ဗလ၊ ဗုဒ္ဓိ သုံးမျိုးဝေငှရာဌာနသို့ မရောက်ကြပါ။ ရူပတစ်ဌာနတစ်ခုတည်းကိုသာ ရောက်ကြပါသည်။ ဓမ္မ၊ ဗလ၊ ဗုဒ္ဓိဌာနများမှာ ပိတ်သွားကြပါပြီ၊ မမီလိုက်တော့ပါ။


ကျွန်တော်မျိုးမှာ ဓမ္မ၊ ဗလ၊ ဗုဒ္ဓိ သုံးမျိုးရောင်းချရာဌာနများသို့ ရောက်ပါသည်။ သုံးမျိုးစလုံးကို ရလိုက်ပါသည်။ ရူပတစ်ဌာနတည်းကိုသာ မမီလိုက်ပါ။ ရူပဌာနက ပိတ်သွားပါသည်။

"ထို့ကြောင့် ကျွန်တော်မျိုးအသားညိုသော်လည်း တရားခွန်အား အသိဉာဏ်သုံးပါး ပေါပေါများများရှိပါသည်။ တရားဓမ္မအရာ၌သော်လည်းကောင်း၊ စာရိတ္တဗလစသည့် ဗလအသွယ်သွယ်၌လည်းကောင်း၊ အသိဉာဏ် ဗုဒ္ဓိအရာ၌လည်းကောင်း၊ အားလုံးနှင့် ပြိုင်ယှဉ်ဝံ့သူ ဖြစ်ပါသည်။ ညီလာခံပရိသတ်မှာ ရုပ်ရည်ရူပကာယ အသင့်အတင့် ရှိကြ၊ အသားအရောင်ဖြူဖြူရှိကြပါသည်။ တရားခွန်အားနှင့် အသိဉာဏ် မရှိကြပါ။ တရားကင်း၊ စာရိတ္တဗလ စသည်လည်း ကင်း၍ အသိဉာဏ်လည်း ဖျင်းကြ၊ အ, ကြပါသည်။

ကာလိဒါသက ဤသို့လျှင် နူတ်ရအာဂုံကဲ့သို့ လျှောက်တင်လိုက်သောအခါ ဘုရင်သည် ကာလိဒါသ၏ လျင်မြန်လှသည့် ဉာဏ်ပညာကို ချီးကျူးလေသည်။ ညီလာခံ မှူးမတ် ဗိုလ်ပါများလည်း ကာလိဒါသ၏ ပါရမီကို အံ့သြကြလေသည်။

ထို့နေ့ ညီလာခံသဘင်ကို ဆက်၍ မစီစဉ်မကျင်းပကြတော့ဘဲ ကာလိဒါသ၏ အသားအရောင် တရားနာကြပြီးသည့်နောက် ရုပ်သိမ်းလိုက်ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# နေရောင် လရောင်များ မထိုးဖောက်နိုင်သောအရာ

တစ်ညဉ့်တွင် ဘောဇဘုရင်သည် စံနန်းတော် သလွန်ထက်၌ လျောင်းစက်၍ နေလေသည်။

အချိန်မှာ မရင့်ညောင်းလှသေး၊ ညဉ့်တစ်ချက်တီးကျော်ကျော် ၁၀ နာရီတစ်ဝိုက်မျှသာ ရှိသေးသည်။

ဘုရင်သည် အိပ်စက်၍ ရုတ်တရက် မပျော်၊ တော်တော်ကြည် ကြည်လင်လင်ဖြစ်နေသည်။

သော်တာငွေစင်သည် ကောင်းကင်အပြင်တွင် ဝါဝါဝင်းနေ သည်။ ရောင်ခြည်ဝါကလေးသည် နန်းတော်လေသာပြတင်းအတွင်း ထိုးဖောက်ဝင်နေသည်။

ဘုရင်လျောင်းနေသည့် သလွန်နှင့် မလှမ်းမကမ်းတွင် ထိုးဖောက် ဝင်နေခြင်းဖြစ်ရာ၊ သော်တာလရောင်ကလေးမှာ ဘုရင့်အတွက် နှစ်သက်စရာအာရုံဖြစ်နေသည်။

ညစ်မျိုးငါးဝ နှောင်ကြိုးများမှ လွတ်သဘင်ခင်း ကျင်းပနေ၍ လားမသိ၊ မှောင်တစ်ခါ မိုက်တစ်လှည့် တစ်ကွက်မှမရှိ၊ ထိုညဉ့်၏ သော်တာလရောင်ကလေးသည် ထူးခြားစွာ သာယာကြည်အေးနေ သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အဘယ်လောကသားသော်မှ ဤမျှသော သော်တာလရောင်ကလေးကို မရော်ရမ်း မတမ်းတဘဲ နေနိုင်မည်မထင်။

သလွန်ထက်မှ မှေးစက်၍ မပျော်သေးသည့် ဘုရင်သည်ပင် ကြည်လင်အေးမြလှသည့် သော်တာလရောင်ကလေးကြောင့် ဟဒယ ကြည်နူး ဘဝင်မြူးနေသည်။

ညဥ့်အခါ သော်တာလရောင်ကလေးသည် မိုက်မှောင်ခွင်းကာ ဝင်းဝင်းဝါ သာယာကြည်လင်လှသည်။

နေ့အခါ ဖလ်ဝါနေမင်းရောင်ခြည်သည် မိုက်မှောင်ဖြိုခွင်း ထိန်လင်းစူးရှထက်မြက်လှသည်။

နေရောင် လ,ရောင်တို့ မထိုးဖောက် မထွန်းတောက် မရောက် နိုင်သည့် အရာဝတ္ထုဟူ၍မရှိ၊ အရာဝတ္ထုအားလုံးပေါ်မှာ ရောက်နိုင် သည်။

နက်ဖြန်ညီလာခံသဘင်တွင် "နေရောင်လရောင်တို့မှာ အဘယ် အရာဝတ္ထုပေါ်မရောက်နိုင်သနည်းဟူသော ပုစ္ဆာကိုမေးရလျှင် ကောင်း မည်" ဟု သလွန်အနားကျလာသော ငွေစင်လရောင်နှင့် ဆက်စပ်ကာ စဉ်းစားရင် ပုစ္ဆာတစ်ချက်ပေါ်ထွက်လာသည်။

ဤမျှသော စဉ်းစားခန်းအပြီး၌ ဘုရင်လည်း နှစ်ခြိုက်စွာ အိပ် ပျော်၍ သွားလေသည်။

နောက်တစ်နေ့ ညီလာခံသဘင်တွင် မှူးမတ်မိုလ်ပါသေနာပတိ တို့ စုံလင်လေပြီ။ မဟာကဝိ ကာလိဒါသလည်း ရောက်ရှိလာပေ ပြီ။ ဘုရင်လည်း စောစောပင် ညီလာခံသဘင်သို့ ကြွဝင်လာလေရာ ဆောင်ရွက် စီမံဖွယ်ရှိသည့် ညီလာခံကိစ္စအဝဝတို့ကို ဆောင်ရွက်စီမံ သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ညီလာခံကိစ္စများပြီးလေလျှင် ဘုရင်သည် ညဥ့်အခါက စဉ်းစားမိသည့် "နေရောင်လရောင်တို့မှာ အဘယ်အရာဝတ္ထုပေါ် မရောက်နိုင်သနည်း" ဟူသော ပုစ္ဆာကို ညီလာခံပရိသတ်အား မေးလေသည်။

ကာလိဒါသကမူ ဘုရင့်ပုစ္ဆာကို မဖြေ၊ အခွင့်အရေးယူလွန်းရာကျမည်စိုးသောကြောင့်လည်းကောင်း၊ ညီလာခံပရိသတ်အားလုံးအား အခွင့်အရေးပေးသောအားဖြင့်လည်းကောင်း ငြိမ်သက်စွာနေသည်။ ပုစ္ဆာအာဘော်နှင့် ဘုရင့်အာဘော်ကိုသာ ငြိမ်သက်စွာနေရင်း စဉ်းစားနေသည်။


မှူးမတ်ဗိုလ်ပါ သေနာပတိ ညီလာခံပရိသတ်အားလုံးကမူ ဘုရင့်ပုစ္ဆာကို အမျိုးမျိုးအထွေထွေ ဝေဖန်ဖြေဆိုကြသည်။ သို့ရာတွင် မပြေ၊ ပုစ္ဆာအာဘော်မမိ၊ ဘုရင့်အာဘော်မသိ ဖြစ်နေကြသည်။

ဤအခြေအနေရှိနေသောအခါမှ ကာလိဒါသအား "အသင်ကာလိဒါသ ဘာကြောင့် မဖြေဆိုဘဲ နေသနည်း။ ပုစ္ဆာကို ဖြေဆိုလော" ဟု ဘုရင်က ပုဂ္ဂိုလ်အနေဖြင့် နာမည်တပ်၍ မေးလေသည်။

မစဉ်းစားလိုသော်လည်း ညီလာခံပရိသတ်အား အခွင့်အရေးပေးသောအားဖြင့် ငြိမ်သက်စွာ စဉ်းစားနေသော ကာလိဒါသသည် ပုစ္ဆာအာဘော်ကို ကောင်းစွာမိသည်။ ဘုရင့်အာဘော်ကို သေသေချာသိသည်။

ထို့ကြောင့် "နေရောင်လရောင်တို့ မရောက်နိုင်သည့် အရာဝတ္ထုဟူ၍ရှိပါသည်၊ အမှောင်ထဲမှာ နေရောင်လရောင်တို့ ဘယ်ခါမှ မရောက်နိုင်ပါ" ဟု ကာလိဒါသက ခဏချင်းဖြေဆိုလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဥပမာသစ်

အခါတစ်ပါးတွင် ကာလိဒါသသည် ညီလာခံမှ ထပြန်လာကာ မြို့တွင်းသို့ဝင်လေသည်။ ထိုသို့ ကာလိဒါသ မြို့တွင်းသို့ ဝင်စဉ်အချိန်တွင် 'မင်္ဂလ' ဟူသော ဗြာဟ္မဏတစ်ဦးလည်း မြို့တွင်းသို့ ဝင်လာသည်။ ဝင်လာသောမင်္ဂလသည် ဟိမဝန္တာတောင်ခြေ ပုသျှပပူရမှ ဖြစ်သည်။ မင်္ဂလသည် သင်္သကရိုက်ဘာသာ သဒ္ဒါကျမ်းကို ကောင်းစွာတတ်သည်။ ကဗျာလင်္ကာများကိုလည်း ဝါသနာပါသည်။

မြို့တွင်းသို့ဝင်ကြသော ကာလိဒါသနှင့် မင်္ဂလတို့သည် မြို့တံခါးဝတွင် ဆုံမိနေကြသည်။ မင်္ဂလကလည်း ကာလိဒါသကို မြင်မြင်ချင်း ပညာရှိတစ်ဦးဟု သိသည်။ ကာလိဒါသကလည်း မင်္ဂလကို မြင်မြင်ချင်း ပညာရှိ အသွင်အပြင်ရှိသူဟု အကဲခတ်မိသည်။ သို့ဖြင့် "အသင်ပညာရှင် အဘယ်အကျိုးငှာ လာပါသနည်း" ဟု ကာလိဒါသက မင်္ဂလအား စ၍ မေးလိုက်သည်။

"အကြောင်းကား ဤသို့ဖြစ်ပါသည်။ ဘောဇဘုရင်အား ကဗျာတစ်ပုဒ်စပ်ဆိုလျှောက်တင်ပြီး၊ ဘုရင်က ဆုချမည့် အသပြာ (၁၀၀၀၀) ကို ရလို၍ လာခြင်းဖြစ်ပါသည်" ဟု ဗြာဟ္မဏမင်္ဂလက ကာလိဒါသအား ပြန်၍ ပြောကြားလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘောဇဘုရင်သည် အလင်္ကာဂုဏ်နှင့် ပြည့်စုံအောင် စပ်ဆိုနိုင်သူ ကဗျာရှင်အား ကဗျာတစ်ပုဒ်လျှင် ဆုတော်ငွေအသပြာ တစ်သောင်း၊ (ဉာဏ်ပူဇော်ခတစ်သောင်း) ပေးလေ့ရှိခဲ့သည်။ ဤသတင်းကိုလည်း ဓာရာတိုင်းအတွင်း မောင်းခတ်၍ ကြေညာထားသည်။ ဗြာဟ္မဏ မင်္ဂလသည် ဤသတင်းကို ပုဿျပပူရမှကြား၍ သက်သက်လာခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ဆိုပါလျှင် "အသင်၏ကဗျာကို ရွတ်ဆို၍ မပြနိုင်ပါ လား။ ပြနိုင်ပါက ရွတ်ဆိုပြပါ" ဟု ကာလိဒါသက မင်္ဂလအား ပြောကြားလိုက်သည်။

"အို... အရှင်သခင်ဘုရင်၊ သင်၏ဖြူစင်သောဂုဏ်သည် အသက်အရွယ်ကြီးလှသော လူအိုကြီး၏ အလွန်ဖြူလှသော ဆံပင် (အရောင်) နှင့် တူပါသည်" ဟူ၍ အဓိပ္ပာယ်ပါသည့်ကဗျာကို ကာလိဒါသအား မင်္ဂလက ရွတ်ဆိုပြလိုက်သည်။ (လူအိုများ၏ ဆံပင်များသည် အလွန်ဖြူသောအခါ အရောင်ထွက်နေသည်)။

"အသင့်အတင့် ကောင်းမွန်ပါသည်။ အစပိုဒ်အလို ဆိုစရာ မရှိပါ။ နောက်ပိုဒ်က အဘိုးအို၏ ဆံပင်ဖြူအရောင်နှင့် ဘုရင်၏ ဂုဏ်ရောင် နှိုင်းထားသည်မှာ ဥပမာပေးမကောင်းပါ။ ဥပမာကို ဤကဲ့သို့ မပေးသင့်ဟု ထင်မြင်ယူဆပါသည်။ ဥပမာတစ်မျိုးပေး၍ ကျွန်ုပ် ပြင်စပ်ပေးပါမည်။ ဘုရင့်ထံသွား၍ လျှောက်တင်က ကျွန်ုပ် စပ်ပေးလိုက်တိုင်း စပ်ဆိုလျှောက်တင်ပါ။ ဉာဏ်ပူဇော်ခရပါလိမ့်မည်။ အသင်နှစ်သက်ပါသလား" ဟု ကာလိဒါသက မင်္ဂလအား မေး သည်။

"နှစ်သက်ပါသည်၊ ဥပမာတစ်မျိုးဖြင့် စပ်ပေးပါ၊ ကျွန်ုပ် မှာ သဒ္ဒါတတ်သော်လည်း ကဗျာမတတ်ပါ။ အသင် စပ်ပေးသည့်

www.facebook.com/NyisayEbookCreator
www.nyisay.com



အတိုင်း ဘုရင်အား လျှောက်တင်ပါမည်” ဟု မဏ္ဍလက ကာလိဒါသအား ပြန်ပြော မေတ္တာရပ်သည်။

ကာလိဒါသသည် မဏ္ဍလ၏ကဗျာကို အစပိုဒ်၌ မူရင်းအတိုင်း ထားသည်။ နောက် ဥပမာပေးအပိုဒ်ကိုသာ “သရဒဥတုအခါ ထွက်ပေါ်သော လမင်းနှင့်တူပါသည်” ဟု အဓိပ္ပာယ်ပါသည့် ကဗျာပိုဒ်ဖြင့် ပြုပြင်၍ စပ်ပေးလိုက်သည်။

ကာလိဒါသလည်း အိမ်သို့ဆက်လက်ပြန်သွားသည်။ မဏ္ဍလလည်း မြို့တွင်းသို့သွားသည်။ နောက်တစ်နေ့တွင် ညီလာခံဘုရင်ရှေ့ ရောက်သောအခါ အားလုံးက ကြည့်ကြသည်။ ကြည့်ကြသည်မှ ရိုးရိုးမျှ မဟုတ်၊ ကျီးကြည့်နည်းဖြင့် ကြည့်ကြသည်။ ကျီးသည် အစားနှင့် ရန်သူကို အတူကြည့်သည့်ပမာ ဘုရင်နှင့်မဏ္ဍလကို ညီလာခံပရိသတ်က ကြည့်ကြသည်။

“အိုဗြာဟ္မဏ၊ အသင် အဘယ်ကိစ္စဖြင့် ညီလာခံသို့ ဝင်ရောက်လာသနည်း။ သင် ဘယ်သို့ လျှောက်တင်ရန် ရှိသနည်း။ အလိုရှိသည်ကို လျှောက်တင်လော့” ဟု ဘုရင်က မဏ္ဍလအား မိန့်ကြားသည်။

“ကျွန်တော်မျိုးသည် သင်္ကရိုက် သဒ္ဒါကို တတ်ပါသည်။ ကဗျာလင်္ကာတွင်လည်း ဝါသနာပါပြီး ကျွမ်းကျင်စွာ စပ်ဆိုဖွဲ့နွဲ့နိုင်ပါသည်။ ယခုစပ်ဆိုဖွဲ့နွဲ့ထားသော ကဗျာကို ဘုရင်မင်းမြတ်အား ဆက်သလျှောက်တင်ရန် ညီလာခံသို့လာရောက်ခြင်းဖြစ်ပါသည်” ဟု မဏ္ဍလပြန်ကြားလျှောက်တင်လိုက်သည်။

ထိုအခါ “စပ်ဆိုလျှောက်တင်လော့”ဟု ဘုရင်က မိန့်ကြားလေရာ မဏ္ဍလလည်း ကဗျာကို လျှောက်တင်လိုက်သည်။ မူလစပ်ထားရင်း ကဗျာအတိုင်း မလျှောက်တင်၊ ကာလိဒါသ ပြင်ဆင်ဖြည့်စွက် စပ်ဆိုပေးလိုက်သည့်အတိုင်း လျှောက်တင်လိုက်ခြင်း ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"အို… အရှင်သခင်ဘုရင် အသင်၏ဖြူစင်သောဂုဏ်သည် သရဒဥတုအခါ ထွက်ပေါ်ထွန်းပသော လမင်းနှင့်တူပါသည်" ဟု အဓိပ္ပာယ်ရှိသည့် ကဗျာကို စပ်ဆိုလျှောက်တင်လိုက်သည်။

ဗြာဟ္မဏမင်္ဂလ ကဗျာကို စပ်ဆိုလျှောက်တင်ပြီးသည်ဆိုလျှင်ပင် ပညာရှိဘုရင်လည်း ကဗျာအကြောင်းကို သိတော့သည်။ ဤကဗျာ၌ သရဒဥတုအခါ ထွက်ပေါ်ထွန်းပသည့် လမင်းနှင့် တူပါသည် ဆိုသည့် ဥပမာမှာ မင်္ဂလ၏ အစွမ်းမဟုတ်၊ တခြားမှ ခိုးယူလာသော ဥပမာဖြစ်သည်ဟု မြင်သည်။ သို့ဖြင့် "ဗြာဟ္မဏ သင်၏နောက်ပိုင်း ဥပမာသည် အသင်၏ကဗျာ၊ အသင်၏ဥပမာမဟုတ်၊ အဘယ်မှရသနည်း၊ အဘယ်သူ၏ ကဗျာကို ခိုးယူလာသနည်း" ဟု ဘုရင်က မင်္ဂလအား မေးမြန်းသည်။

ထိုအခါ မင်္ဂလက "ကျွန်တော်မျိုး မခိုးယူခဲ့ပါ။ အသင့်တွေ့ရသော ပညာရှိတစ်ဦးက သက်သက်ပြုပြင် စပ်ဟပ်ပေးလိုက်၍ လျှောက်တင်ရခြင်း ဖြစ်ပါသည်" ဟု မင်္ဂလက ဘုရင်အား လျှောက်တင်သည်။

"အဘယ်သို့ သက်သက် စပ်ပေးလိုက်သနည်း" ဟု ဘုရင်က ဆက်မေးပြန်ရာ၊ မင်္ဂလက ကာလိဒါသနှင့် တွေ့ဆုံခဲ့ရပုံမှစ၍ အားလုံးအစအဆုံး လျှောက်တင်လိုက်သည်။ ထိုအခိုက်မှာပင် ကာလိဒါသလည်း ရောက်ရှိလာပြန်လေရာ "ဤပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်က ဥပမာကောင်းကို ထည့်စွက်၍ စပ်ပေးလိုက်ပါသည်" ဟု မင်္ဂလက လျှောက်တင်သည်။

ဘုရင်လည်း ကာလိဒါသကို ဘာမှမမေး၊ မင်္ဂလကိုသာ သူ၏ကဗျာရင်းဥပမာကို လျှောက်တင်ရန် မေးမြန်းသည်။ သို့ဖြစ်၍

www.facebook.com/NyisayEbookCreator
www.nyisay.com



မဏ္ဍာလကလည်း သူ၏ဥပမာရင်းအတိုင်း စပ်ဆိုထားသော ကဗျာကို လျှောက်တင်လိုက်သည်။

"အသင်၏ဥပမာမှာမကောင်း၊ နှိုင်းယှဉ်စရာ မဟုတ်သည်ကို နှိုင်းယှဉ်ထားသည်။ သို့သော် ကဗျာ၏အစပိုဒ်သည် ဂုဏ်မြောက်ပါပေသည်။ တစ်သောင်း မတန်သော်လည်း တစ်သောင်းပင် ဥာဏ်ပူဇော်မည်" ဟုဆိုကာ ဘုရင်က မဏ္ဍာလအား အသပြာများကို မဆုတ်မဆိုင်း ထုတ်ပေးလိုက်သည်။

ကာလိဒါသသည် မဏ္ဍာလက ဤပုဂ္ဂိုလ်စပ်ပေးလိုက်သည်ဟု ပြောသံကိုကြားသော်လည်း မဏ္ဍာလအား ဘာမှ ပြန်မပြောပေ၊ တိတ်ဆိတ်စွာနေသည်။ နောက်မှ ဘုရင်က "အသင်ဘယ်က ရသနည်း။ ဘယ်ကခိုးယူလာသနည်း" ဟု မေးသံကြားလိုက်မှသာ "သူမခိုးပါ၊ သူသည် ရိုးရိုးသားသား ပညာရှင်တစ်ဦးသာဖြစ်ပါသည်။ သူက စပ်ဟပ်ပေးရန် မခိုင်း၊ ခိုးရန်လည်း မကြံစည်၊ ကျွန်တော်မျိုးကိုယ်တိုင် ကကြည့်၍ သင့်တင့်အောင် စပ်ဟပ်ဖြည့်စွက်ပေးလိုက်ခြင်းဖြစ်ပါသည်။ အမှန်အားဖြင့်လည်း အရှင်ဘုရင်မင်းမြတ်သည် ပညာတကယ်ရှိပါ၏လောဆိုသည်ကို သိလို၍ တမင်သက်သက် ဖြည့်စွက်စပ်ဟပ်ပေးလိုက်ခြင်းဖြစ်ပါသည်" ဟု ကာလိဒါသက ဘုရင်အား ဖြေရှင်းလျှောက်တင်လိုက်သည်။

ထိုအခါ ဘုရင်လည်း ကာလိဒါသအား ဘာမှပြန်၍ မိန့်ကြားခြင်း မပြုပေ။ ပြုံး၍သာ နေလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ဒသဂီရိ က,သော ဘုရင်



ဘောဇဘုရင်သည် တစ်နေ့သော် ခေါင်းဆယ်လုံးရှိသည့် ဒသဂီရိပုံ (မျက်နှာဖုံး) ကို စွပ်ကာ ကိုယ်လုံးပေါ်မှန်ထဲတွင် ကြည့်နေသည်။ ဒသဂီရိရုပ်ပုံများနှင့် ပန်းချီကားများသည် ဘုရင့်နန်းတော်ထက်တွင် အဆင်သင့်ရှိသည်။ နန်းတော်ထက်၌ တစ်နေရာ တစ်ဌာနတည်းမှာသာ ထားရှိသည်မဟုတ်၊ တန်ခိုးကြီးမား ခွန်အားကောင်းသော စစ်သူကြီးဖြစ်သဖြင့် နေရာခပ်များများမှာ၊ အကွက်ကျစွာ ထားရှိသည်။

ဒသဂီရိပုံကို စွပ်ထားသော ဘုရင်သည် မှန်ထဲတွင် ကြည့်လိုက်ပြန်သည်၊ ဟိုဘက်လှည့်ကြည့် ဒီဘက်လှည့်ကြည့်လုပ်ပြန်သည်။ ရှုထောင့်အသွယ်သွယ်မှ ကြည့်နေသည်ဟု ဆိုရမလောက်ဖြစ်သည်။ ဘယ်လိုကြည့်ကြည့် ကြောက်မက်ဖွယ် အသွင်အပြင်နှင့် ရက်စက်ကြမ်းကြုတ်မည့် အမူအရာ အသွင်အပြင်ကိုသာ မြင်ရသောဘုရင်သည် ထိုဒသဂီရိပုံကို ဖြုတ်ပစ်လိုက်သည်။

ခဏမျှကြာသော် ဘုရင်သည် ထိုဒသဂီရိပုံကို ပြန်စွပ်ကြည့်ပြန်သည်။ ထို့နောက် မှန်ထဲကြည့်ပြန်လေရာ၊ ထိတ်လန့်တုန်လှုပ်ဖွယ်၊ အသွင်ကိုသာ မြင်တွေ့ပြန်သည်။ ကြမ်းတမ်းယုတ်မာသူတို့၏ သရုပ်၊

www.facebook.com/NyisayEbookCreator
www.nyisay.com



ရက်စက်သူတို့၏ ဘုရင်ဟု ကြည့်ရင်းအောက်မေ့မိလာသဖြင့် ထိုပုံကို ဖြုတ်ပစ်လိုက်ပြန်သည်။ ဤသို့ဖြင့် စွပ်လိုက်ဖြုတ်လိုက် လုပ်နေသည်မှာ အကြိမ်ပေါင်း တော်တော်များ၍ တော်တော်လည်း ကြာသွားသည်။

ထိုကဲ့သို့ ဒသဂီရိပုံကို ဘုရင်စွပ်လိုက်ဖြုတ်လိုက် လုပ်နေခိုက်မှာ ကာလိဒါသလည်း နန်းတော်တွင်းသို့ ဝင်လာလေရာ ဘုရင်ပြုမူပုံကို မြင်တော့သည်။ ဘုရင်ကမူ ကာလိဒါသရောက်နေမှန်းမသိ၊ မိမိတစ်ယောက်တည်းရှိသည်ထင်ကာ စွပ်လိုက်ဖြုတ်လိုက်နှင့် လုပ်မြဲပင် လုပ်နေသည်။

ရောက်စ ရုတ်တရက်ဘွားခနဲ တွေ့မြင်လိုက်ရစဉ်က ကာလိဒါသလည်း ဘုရင်မှန်းမသိ၊ ဘုရင်ပဲဟုလည်း လုံးလုံးလျားလျား မတွေး၊ 'ဘုရင်လော၊ အခြားတစ်ယောက်ယောက်လော' ဟု တွေးသည်။ 'ခေါင်းဆယ်လုံးနှင့် လက်နှစ်ချောင်းနှင့် ဒသဂီရိပုံစွပ်ကာ မှန်ကြည့်ပြီး ကိုးရိုးကားရားလုပ်နေသူမှာ ဘုရင်လည်းဖြစ်နိုင်၍ အခြားတစ်ယောက်လည်း ဖြစ်နိုင်သည်' ဟု စဉ်းစားသည်။ ဒသဂီရိ၏ခေါင်းကို စွပ်ထားရာမှ ဖြုတ်လိုက်သောအခါတွင်မှ ဘုရင်မှန်း ကာလိဒါသ သိတော့သည်။

သို့ရာတွင် ဘုရင်၏အနားသို့ ကာလိဒါသမသွား၊ ထောင့်တစ်ထောင့်အနီး၌သာ နေသည်။ 'ဘုရင်က မြင်မှသွားမည်' ဟု ဆုံးဖြတ်ထားလိုက်သည်။ မကြာမီမှာပင် ဘုရင်လည်း ကာလိဒါသ ရောက်နေသည်ကို သိမြင်တော့သည်။ သို့ဖြင့် ဘုရင်သည် ဒသဂီရိပုံကို စွပ်ရာမှ ဖြုတ်ချပြီး တစ်ချက်မျှ ကာလိဒါသကို စောင်းငဲ့ကြည့်လိုက်သည်။ ထိုအခိုက်မှာပင် ကာလိဒါသကလည်း ဘုရင်အား ပြန်၍ ကြည့်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခဏမျှအကြာတွင် ဘုရင်သည် ကာလိဒါသရှိရာသို့ ပြန်လာသည်။ ထိုသို့ ဘုရင်လာသောအခါ ကာလိဒါသမှာ ရွှင်ရွှင်ပျပျမဟုတ်၊ ဘုရင် စောင်းငဲ့ကြည့်စဉ်က ပြုံးရွှင်နေသည်ကို မြင်ရသလောက် ဘုရင် ရောက်လာသောအခါ မှိုင်နေသည်ကို တွေ့ရသည်။ စိတ်နှလုံး မသာမယာ ပူသောကအဖြာဖြာ တွေ့နေရသူပမာ ကာလိဒါသကို ဘုရင်မြင်ရသည်။

"အမောင် ကာလိဒါသ၊ အခုနက အသင် ရွှင်နေသည်ကို မြင်ပါသည်။ ယခု ဘာကြောင့် မှိုင်နေပါသနည်း" ဟု ဘုရင်က ကာလိဒါသအား မေးမြန်းသည်။

"အရှင်ဘုရင်မင်းမြတ် အစက ရောက်ရောက်ချင်းဆိုသလို ဘုရင့်မျက်နှာတော်ကို မြင်ရ၍ ဝမ်းသာမိပါသည်။ နောက်မှ ဒသဂီရိ၊ သီတာကိုခိုးသလို ဘုရင်လည်း မည်သူ့ကို ခိုးမယ်လို့ပါလိမ့်၊ အကယ်၍များ ဒသဂီရိလို မိန်းမတစ်ဦးကို ခိုးသွားလျှင် ဘုရင့်မိဖုရားကြီးအတွက် တွေးပူနေမိ၍ မှိုင်နေခြင်းဖြစ်ပါသည်။ ထို့အပြင် ဘုရင်မင်းမြတ်သည် မည်သူမည်ဝါကိုကြောက်၍ ဒသဂီရိပုံကို ဆင်ပါသနည်း။ ရာမကို ကြောက်၍လော၊ လက္ခဏကို ကြောက်၍လော" ဟု ကာလိဒါသက ဘုရင်အား ပြန်၍မေးလျှောက်လိုက်သည်။

ဤကဲ့သို့ လျှောက်တင်သည်မှာ ဘုရင်က ဒသဂီရိပုံကို စွပ်ပြီး ကိုးရိုးကားယားလုပ်နေသည်ကို မနှစ်သက်၍ ပြုပြင်သောအားဖြင့် လျှောက်တင်ခြင်း ဖြစ်လေသည်။

ထိုအခါ ဘုရင်လည်း အနည်းငယ် ရှက်သွားလေသည်။ ကာလိဒါသလည်း နန်းတော်မှ အိမ်သို့ ပြန်လေသည်။

❀ ❀ ❀

www.facebook.com/NyisayEbookCreator
www.nyisay.com

# ကံပေးသမျှ အကြောင်း အကောင်းချည်း



အခါတစ်ပါးတွင် ဘောဇဘုရင်သည် နောက်တော်ပါများနှင့် တောလည်ထွက်သွားခဲ့သည်။ ဘုရင်သည် တောလည်သွားခြင်း၌ အလွန်ဝါသနာကြီးသည်။ သမင်, ဒရယ်, ချေငယ်, စိုင်, ဆတ် စသည့် (အမဲ) တိရစ္ဆာန်များကို ရလို၍ချည်းမဟုတ်၊ မရသော်လည်းနေစေ၊ တောလည်ထွက်ရသည်ကိုပင် အလွန်ပျော်ရွှင်သည်။

တိုင်းရေးပြည်ရေး အေးချမ်းသာယာသည်နှင့်အမျှလည်း တောလည်ထွက်တတ်သည်။ ထွက်သည်ဆိုလျှင် အပါးတော်ကကာလိဒါသပါရသည်။ သို့သော် နောက်တော်ပါများနှင့် ရောနှော၍မသွား၊ နှစ်ဦးသားကတခြားသွားကြရာ ဘုရင်နှင့် ကာလိဒါသတို့သည် တစ်ခါတစ်ခါတောချုံများ ပိတ်ဖုံးကာနေသည့် လျှိုကြီးများ၊ ဂနိုင်ကြီးများနှင့် မြိုင်ကြီးများကိုပင် ကျော်ဖြတ်ပြီး ခက်ခဲစွာ သွားရသည်။

နောက်တော်ပါများကလည်း လိုက်ကြရသည်။ ဝေးလှသည် ပင်ပန်းလှသည်ဟု မငြင်းဝံ့၊ မလျှောက်တင်ဝံ့ကြ၊ မတွန့်မဆုတ်လိုက်ကြရသည်။ ဝါသနာကြီးလှသော ဘုရင်သည် ဖွဲမလျော့ဘဲသွားရာ သစ်၊ ကျား စသည့် ရန်သူတိရစ္ဆာန်များ ပေါများလှသည့် တောကြီး

www.facebook.com/NyisayEbookCreator
www.nyisay.com



များသို့ ရောက်သွားသည်။ သစ်၊ ကျား စသည့် ထိတ်လန့်ဖွယ် ရန်သူတိရစ္ဆာန်များကိုလည်း မကြာမကြာတွေ့ရသည်။

ရှေ့က စောင့်သူက စောင့်၊ နောက်မှ ခြောက်သူကခြောက်ဖြင့် လိုက်ကြသည်။ တစ်နေရာမှ တစ်နေရာသို့ တစ်တောမှ တစ်တောသို့ ပြောင်း၍ ပြောင်း၍ ရွှေ့၍ ရွှေ့၍ ခြောက်ကြသည်။ သို့သော် စည်းကမ်းမရှိလှ၊ မကျွမ်းကျင်လှသည့် ဘုရင်၏ တောလည် တော ခြောက်ခြင်းမှာ ဘာတစ်ကောင်မှမရ၊ အချိန်ကုန်သွားခြင်းနှင့် ဖတ်ဖတ် မောခြင်းသာ အဖတ်တင်ကြသည်။ အမဲတိရစ္ဆာန်များကို မြင်ရုံသာ မြင်ရသည်။ ထိုခေတ်အခါက လေးမြားများဖြင့် ပစ်ခတ်ရသေးသော ခေတ်ဖြစ်လေရာ 'မြား' သာကုန်၍ သားကောင်မရ ဖြစ်ကြရသည်။

ပြန်ကြတော့မည်ဟု စုရုံးကြစဉ်၊ သစ်လော၊ ကျားလော မပြောတတ် အထိတ်တလန့် ရုတ်တရက် မြင်လိုက်ရသည်။ အန္တရာယ်ပေးနိုင်သည့် ရန်သူတိရစ္ဆာန်ဖြစ်သည်။ သို့ဖြင့် ကိုယ်၌ လွယ်ထားသည့် ဓားလွယ်မှ ဓားကိုကပျာကယာ ဆွဲထုတ်လိုက်ရာ ဘုရင်၏ 'လက်သန်းထိပ်' ကလေးမှာ ဓားသွားတွင်ပါပြီး တိတိပြတ် သွားသည်။

ဤကဲ့သို့ လက်သန်းထိပ်ကလေး၊ လက်သည်းခွံကုန်မတတ် ပြတ်သွားသည်နှင့် ဘုရင်မှာ စိတ်နှလုံး ချောက်ချားသွားသည်။ တော်တော်ပင် နှလုံးမသာမယာဖြစ်သွားသည်။ ထို့ကြောင့် နောက်က ပါလာသည့် ကာလိဒါသအား "အသို့ပါနည်း ကာလိဒါသ၊ ငါ၏လက်သန်းထိပ်ကလေး ပြတ်ပါသွားသည်။ ကောင်းသည့် နိမိတ် လော" ဟု ဘုရင်က မေးမြန်းလေသည်။

"မည်သို့မျှ စိုးရိမ်တော် မမူပါနှင့် ကံပြုသမျှအကြောင်း အကောင်းချည်းဖြစ်ပါသည်" ဟု ကာလိဒါသက တိုတိုသာ ဘုရင်

www.facebook.com/NyisayEbookCreator
www.nyisay.com



အား ပြန်ကြားလျှောက်တင် ဖြေဆိုလိုက်သည်။ ကာလိဒါသ ဤသို့ လျှောက်တင်သည်မှာ တကယ်မြင်သိသည့်အတိုင်း လျှောက်တင် ဖြေကြားလိုက်ခြင်းဖြစ်သည်။

ဘုရင်လည်း အချိန်လည်းကုန် ဒဏ်ရာလည်း အနည်းငယ်ရသည်နှင့် နန်းတော်သို့ ပြန်လာသည်။ ကာလိဒါသနှင့် နောက်တော်ပါများလည်း နောက်ကလိုက်ပါ၍ ပြန်လာကြသည်။

နောက်တစ်နေ့ ညီလာခံသဘင်တွင် မှူးမတ်ဗိုလ်ပါတို့ စုံလင်ကြလေပြီ။ ဘုရင်လည်း ညီလာခံသို့ စောစောကပင် ဝင်လာသည်။ ကာလိဒါသကမူ မရောက်လာသေး၊ မဝင်လာသေးပေ။ သို့ဖြစ်လေရာ ဘုရင်သည် ယမန်နေ့က လက်သန်းထိပ်ကလေး ပြတ်ရသည့်ကိစ္စနှင့် ပတ်သက်၍ ညီလာခံပရိသတ်အား မိန့်ကြားသည်။

"ကာလိဒါသက ဘာမျှ စိုးရိမ်တော်မမူလင့်၊ ကံပြုသမျှ အကြောင်း အကောင်းချည်း" ဟု လျှောက်တင်သည်။ ထိုသို့ ကာလိဒါသလျှောက်တင်သည်မှာ ဝမ်းသာ၍ လျှောက်တင်ခြင်းဖြစ်သည်။ ဒဏ်ရာရသည်ကို မကြင်နာ၍ လျှောက်တင်ဟန်ရှိသည် ဘာမျှလည်း ဂရုမစိုက်" ဟု ဘုရင်က မှူးမတ်ဗိုလ်ပါများအား မိန့်ကြားသည်။

ထိုအခါ ကာလိဒါသနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြသော မှူးမတ်ဗိုလ်ပါတို့မှာ တိုက်ဖို့ တွန်းဖို့ အခွင့်ရကြသည်။ ကာလိဒါသအား ဘုရင်က ရာဇဒဏ်ပေးရန် ခြေထိုးကြသည်။ "မှန်ပါသည်။ ဘုရင့်သွေး မြေပေါ်ကျသည်ကို ဝမ်းသာ၍ ကာလိဒါသ လျှောက်တင်ခြင်း ဖြစ်ပါသည်။ ကာလိဒါသမှာ ပညာရှိမပီသပါ၊ ဘုရင် မတော်တဆဖြစ်ရသည်ကို ဝမ်းနည်းစွာ လျှောက်တင်သင့်ပါသည်။ ဘုရင့်သစ္စာတော်ကို မစောင့်သိသော ကာလိဒါသအား ဤအတိုင်းမထားသင့်၊ အရေးယူသင့်၊ အပြစ်ပေးသင့်ပါသည်" ဟု ကာလိဒါသ၏

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆန့်ကျင်ရေးသမား မှူးမတ်ဗိုလ်ပါများက ဘုရင်အား ရန်တိုက်ကြသည်။

အစကပင် လက်သန်းထိပ်ကလေးပြတ်ပါသွားရသည့်အတွက် နှလုံးမသာမယာဖြစ်နေသော ဘုရင်သည်၊ ထိုအခါသာ၍ ရာဇမာန်ပွားလာသည်။ ယမ်းပုံမီးကျ ဒေါသဖြစ်လာသည်။ ဒဏ်ရာပြင်းထန်စွာ အထိခံရသော ခြသေ့်မင်းပမာ များစွာ အမျက်ထွက်လာသည်။

ထို့ကြောင့် ကာလိဒါသအား အမတ်ကြီးအဖြစ်မှ ပယ်ချလိုက်သည်။ "ယနေ့မှစ၍ ညီလာခံသို့ မတက်ရောက်စေရ၊ နန်းတွင်းသို့လည်းကောင်း၊ ရွှေ့တော်သို့လည်းကောင်း၊ အဝင်အထွက်မရှိစေရ" ဟူသော အမိန့်တော်စာချွန်ကို ညီလာခံမရောက်လာသေးသည့် ကာလိဒါသထံ အမြန်ပို့စေသည်။

မင်းချင်းများလည်း ကာလိဒါသထံ ဘုရင့်အမိန့်တော်ကို သွားပို့ကြသည်။ ကာလိဒါသလည်း အမိန့်တော်ကိုရ၍ ချက်ချင်းကြည့်ရှုရာ ဘုရင်က မိမိအား အမတ်ကြီးရာထူးမှ ပယ်ချလိုက်ကြောင်းမှ အစ အားလုံးကိုသိသည်။ သို့သော် ကာလိဒါသမှာ တုန်လှုပ်ချောက်ချားခြင်း အနည်းငယ်မျှမရှိ၊ ပကတိသဘော အသွင်လက္ခဏာ အတိုင်းသာ ဣန္ဒြေရစွာ တည်ငြိမ်စွာပင်ရှိလေသည်။

"ဘုရင်မင်းမြတ်က အမတ်ကြီးအဖြစ်မှ ပယ်ချလိုက်သည်ကို အမိန့်အတိုင်း ခံယူပါသည်။ မည်သို့မျှ ပြန်လှန်လျှောက်တင်ရန် အကြောင်းမရှိပါ။ ကံပေးသမျှအကြောင်း အကောင်းချည်းဟုပင် အောက်မေ့ယူဆပါသည်" ဟု အမိန့်တော် လာရောက်ပို့လာသည့် မင်းချင်းအား ထိုအကြောင်းအရာ လျှောက်တင်ချက်ပါသည့် စာလွှာကို ကာလိဒါသကတစ်ဖန် ဘုရင်အား တင်ဆက်ရန် ပေးလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မင်းချင်းသည် ကာလိဒါသက တင်ဆက်ရန် ပေးလိုက်သည့် စာလွှာကို ဘုရင့်လက်သို့ဆက်သည်။ ဘုရင်လည်း မည်သို့မှ ထပ်မံ မိန့်ကြားခြင်းမရှိ၊ အမတ်ကြီးအဖြစ်မှ ကာလိဒါသအား ရပ်စဲမြဲ ရပ်စဲလိုက်သည်။ ပယ်မြဲ ပယ်လိုက်သည်။

သို့နှင့် ဘုရင်သည် ကာလိဒါသနှင့် ကင်းကွာနေသည်မှာ အတော်ကြာသွားသည်။ ထိုသို့ ကင်းကွာနေသည်နှင့်အမျှ တိုင်းရေး ပြည်ရေးများကို မအားရအောင် ဆောင်ရွက်စီမံနေရသည်။ ကာလိ ဒါသ စီရင်ဆုံးဖြတ်နေသည့် တရားတဘောင်များကို ကိုယ်တိုင် စီရင်နေရရာ၊ ဘုရင်မှာ များစွာပင်ပန်း၍ ကိစ္စများပိုနေသည်။

ဤသို့သော မင်းမှုမင်းရေးများအကြားမှ ဘုရင်သည် နောက် တစ်ဖန် တောလည်ထွက်ပြန်သည်။ ဤအကြိမ်မှာ ကာလိဒါသ မပါနိုင် မခေါ်နိုင်တော့၊ နောက်တော်ပါ မှူးမတ်များနှင့်သာ သွားရ သည်။

မည်သည့်သူများနှင့်အတူ ရောနှော၍မသွား၊ ဘုရင်တစ်ပါး တည်း တခြားသွားသည်။ နောက်တော်ပါများနှင့်ခွဲ၍ တစ်ပါးတည်း သွားသည်။ သစ်၊ ကျား စသည့်ရန်သူ တိရစ္ဆာန်များကိုလည်း မကြောက်မရွံ့၊ စိတ်အလိုအတိုင်းသွားရာ မှူးမတ်ဗိုလ်ပါများနှင့် ကွဲသွားသည်။ ဝါသနာကြီးလှပြီး ခွဲမလျှော့သောဘုရင်သည် တောကျွံပြီး တစ်ခုသော တောင်ခြေအနီးသို့ ရောက်သွားတော့သည်။

ဘုရင်တောကျွံပြီး ရောက်သွားသည့် တောင်ခြေမှာ၊ အလွန် တစ်ရာ နက်ရှိုင်းသည်။ လူရိုင်းများ နေထိုင်ရာ ဌာနကြီးဖြစ်နေသည်။ လူရိုင်းများမှာ တစ်ယောက် နှစ်ယောက်မျှသာမဟုတ် အစုအဝေးနှင့် ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုလူရိုင်းများသည် လူများကိုရရာ တွေ့ရာမှဖမ်းပြီး၊ ယဇ်ပူဇော်သော ဓလေ့ရှိကြသည်။ လူများကို ရသလို နည်းမျိုးစုံနှင့် ဖမ်းကြသည်။ လူများကို အထင်အရှား လိုက်ဖမ်းသည်ကားမဟုတ်၊ စောင့်ပြီး ချောင်း၍ ဖမ်းတတ်ကြသည်။

တစ်ခါတစ်ခါနေ့ချင်းရ နေ့ချင်းယဇ်ပူဇော်ခြင်းမျိုးလည်းရှိ၍ ရရာမှဖမ်းကာ လှောင်ထားပြီးမှ လိုသည့်နေ့တွင် ပူဇော်ခြင်းမျိုးလည်း ရှိသည်။ လူရိုင်းတို့အယူဝါဒနှင့် ဤကဲ့သို့ ပူဇော်ပွဲပြုလုပ်ကြသည်မှာ နှစ်ရှည်လရှည်ပင်ဖြစ်သည်။

တစ်ပါးတည်း တောကျွံသွားသော ဘုရင်သည်၊ ဤအကြိမ်တွင်လည်း လူရိုင်းများနှင့် ဝင်တိုးမိတော့သည်။ လူရိုင်းများ၏ ထောင်ချောက်တွင်းသို့ ဆိုက်ဆိုက်ကြီးရောက်သွားသည်။ ဘုရင်မှာ ရှေ့လည်း မတိုးသာ နောက်လည်းမဆုတ်သာတော့ လူရိုင်းများက ဝိုင်းမိထားကြသည်။

လူရိုင်းများသည် ရှေ့က သစ်ပင်လုံးကြီးများကို ကွယ်ပုန်းသူက ပုန်းနေပြီးနောက် ဘေးဝဲယာများမှလည်း ရုတ်တရက်၊ ထိုကဲ့သို့ ဝိုင်းထားကြသည်၊ ဘုရင့်မြားကို ကြောက်ရွံ့ကြသည်နှင့် ချက်ချင်း အနီးမကပ်ဝံ့ကြ၊ သို့သော်လူများကို ဖမ်းနေကျဖြစ်၍ ကျွမ်းကျင်လှသော လူရိုင်းများသည်၊ ဘုရင်ကို အရှင်လတ်လတ်ရအောင် ဖမ်းကြလေရာ မကြာမီအတွင်း ဘုရင်မှာ လူရိုင်းများလက်အတွင်း ပါသွားတော့သည်။

ဘုရင်ကိုသတ်ပြီး သူတို့နတ်သမီးအား ပူဇော်ကြရန် ထုံးစံအတိုင်း အကြီးဆုံးလူရိုင်းထံသို့ ခေါ်သွားကြသည်။ ထိုအခါ ဘုရင်လက်သန်း ထိပ်ကလေး ပြတ်နေသည်ကို ဗိုလ်ကြီးက မြင်လေရာ အင်္ဂါမစုံ အင်္ဂါ ချို့ယွင်းသည်ဆိုပြီး အလွှတ်ခိုင်းလိုက်သည်။ ဘုရင်လည်း ကံကောင်းထောက်မ၍ လူရိုင်းများလက်မှလွတ်ကာ ပြန်လာရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လူကွဲပြီးပြန်သွားနှင့်ကြသော မှူးမတ်ဗိုလ်ပါများသည် မရောက်လာသေးသည့် ဘုရင်အတွက် အုတ်အုတ်ကျွက်ကျွက်ဖြစ်နေကြသည်။ ထိုအခိုက်မှာပင် ဘုရင်လည်း ပြန်ရောက်လာလေရာ ဘုရင့်အရေးအားလုံး စိတ်အေးသွားကြရသည်။

ဘုရင်သည် တစ်ညလုံးအိပ်စက်၍မပျော်၊ မိမိခံစား ဖြစ်ပျက်ခဲ့ရသည့် အတွေ့အကြုံများကိုသာ အာရုံစွဲလမ်းနေသည်။ ဖျောက်မရ၊ ဖျက်မရ၊ တရေးရေးမြင်နေသည်။ "ကံကောင်းလှသဖြင့် အသက်ဘေးမှ လွတ်ခဲ့ရသည်" ဟု လည်း တွေးတောမိသည်။

"လူရိုင်းများသည် ငါ့အားဖမ်းပြီးမှ လွှတ်လိုက်သည်၊ အကြောင်းကား မည်သို့ရှိမည်နည်း၊ သူတို့ကလည်း စကားမပြောကြ၊ ခြေဟန်လက်ဟန်ကို အကဲခတ်ရသည်မှာ လက်သန်းပြတ်နေသည့် အင်္ဂါချို့ယွင်းမှုကြောင့် လွှတ်လိုက်ခြင်းဖြစ်ရာသည်။ ဟုတ်ပေမည်။ ယခင်တစ်ကြိမ်ကလည်း မျက်စိထဲမှ မပြောပလောက်သည့် တိမ်သလွှာ အင်္ဂါချို့ယွင်းမှုကြောင့် အသက်ဘေးမှ လွတ်ခဲ့ရသည်၊ လက်သန်းထိပ်ကလေး ပြတ်စဉ်က ကာလိဒါသက ကံပြုသမျှအကြောင်း အကောင်းချည်းဟု လျှောက်တင်သည်မှာ ယခုအခါ မှန်နေချေပြီ။ ငါကား ဤမျှ အမြော်အမြင် ပညာနှင့် ပြည်စုံလှသည့် ပုဂ္ဂိုလ်အား ရာထူးမှ ချခြင်းဖြင့် ပြစ်မှားမိချေပြီ။ ချက်ချင်း ကာလိဒါသအား မြှောက်စားချီးမြှင့်မှ သင့်မည်" ဟု အကြောင်းစုံ တွေးတောစဉ်းစားရာမှ အဖြေပေါ်လာသည်။

သို့ဖြစ်လေရာ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ချက်ချင်း ခေါ်တော်မူကာ ကာလိဒါသအား ဘုရင်က တောင်းပန်စကား ပြောကြားသည်။

"ကံပြုသမျှအကြောင်း အကောင်းချည်းဖြစ်ပါသည်။ ဘုရင်မင်းမြတ်က ကျွန်တော်မျိုးအား၊ အမတ်အဖြစ်မှ မပယ်ချထားလျှင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်မင်းမြတ်နှင့်အတူ တောလည်လိုက်ပါရပါမည်။ ထိုသို့လိုက်ပါရက ကျွန်တော်မျိုးမှာ အင်္ဂါစုံသူဖြစ်၍ လူရိုင်းများလက်မှ လွတ်နိုင်မည်မဟုတ်ပါ။ လူရိုင်းများ၏လက်သို့ အသက်အပ်ခဲ့ရပါမည်။ လူရိုင်းများ၏ နတ်သမီးအား ကျွန်တော်မျိုး၏သွေးသားနှင့် အသက်ကို လှူခဲ့ရပူဇော်ခဲ့ရပါမည်။ အမတ်အဖြစ်မှ ပယ်ချထား၍ တောလည် မပါရသောကြောင့်သာ ယခုကဲ့သို့ အသက်ဘေးမှ ချမ်းသာရာရသဖြင့် ဘုရင်မင်းမြတ်ကို ကျေးဇူးပင် တင်ပါသေးသည်” စသဖြင့် ကာလိဒါသက ပြန်၍လျှောက်တင်သည်။

ထိုအခါ ဘုရင်သည် သတိတရားများစွာဖြစ်လာပြီး ကာလိဒါသအား အမတ်အဖြစ်ကို အပ်နှင်းသည်။ ယခင်အကြိမ်ကကဲ့သို့ပင် ချီးမြှောက်ကာ ကာလိဒါသ၏ အမြော်အမြင် ပညာကို ချီးမွမ်းလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# တေးဂီတနှင့် ဘုရင်

ဘုရင်နှင့် ကာလိဒါသတို့သည် နန်းတော်တွင်း အချင်းချင်း စကားပြောနေကြသည်။ တိုင်းရေးပြည်ရေး နန်းတွင်းရေးများသာမက၊ တေးဂီတများ အကြောင်းကိုပါ ပြောကြားနေကြသည်။ ရတိအစရှိသော ရသ (၉) ပါးများကိုပင် စပ်မိနေကြရာ အလင်္ကာဂုဏ်မြောက်သည့် တေးဂီတများအကြောင်းသို့ ရောက်သွားသည်။

ကာလိဒါသကလည်း စာဆိုထိပ်တင် ပညာရှင်တစ်ဦးဖြစ်နေ၊ ဘောဇမင်းကလည်း ကဗျာလင်္ကာကို များစွာဝါသနာပါသည့် ဘုရင်တစ်ပါးဖြစ်နေသဖြင့် တော်တော်နှင့် စကားစ မပြတ်ကြ စိတ်ရှည်လက်ရှည် ဆွေးနွေးဝေဖန်နေကြသည်။

ဂုဏ်မြောက်သည့် တေးဂီတတို့ဟူသည် လူတို့၏ စိတ်သဘောထားကို များစွာပြောင်းလဲစေနိုင်ကြောင်းများကိုပါ ပြောဆိုနေကြသည်။

ဤကဲ့သို့ ပြောဆိုနေစဉ်မှာပင် ဘုရင်သည် အမှတ်မဲ့ တေးဂီတဘက်သို့ ယိုင်သွားသည်။ ဂီတဘက်သို့ ယိုင်သွားသည်မှာ မသိမသာမဟုတ်၊ ဂီတလှိုင်းဂယက်၌ နစ်မြုပ်နေသည်အထိဖြစ်သည်။ ဘုရင့်နှုတ်ဖျားမှ ဂီတသံများ ကြားလာရသည်အထိ ဖြစ်သည်။

ဤသည်ကို သေချာစွာသိသော ကာလိဒါသသည် စကားမစပ်အမှတ်မဲ့အနေဖြင့် ဘုရင်မနှစ်သက်လောက်သည့် စကားတစ်ခွန်းကို ပြောကြားလိုက်သည်။ စိတ်အပြောင်းအလဲမြန်လှသည့် ဘုရင်အား

www.facebook.com/NyisayEbookCreator
www.nyisay.com



ဂီတစိတ်မှ တစ်ဖန် အခြားစိတ်သို့ ပြောင်းလဲသွားလောက်သည့် စကားတစ်ခွန်းဖြင့် ဝင်နှောက်လိုက်သည်။

ဝင်နှောက်လိုက်သည်ဆိုလျှင်လည်း ဘုရင်မှာ စိတ်ပြောင်းသွားသည်။ ကာလိဒါသပြောကြားလိုက်သည့် စကားကို မနှစ်သက်တော့၊ မနှစ်သက်သည်မှာ သာမညမဟုတ်၊ ရုတ်တရက် ကာလိဒါသအပေါ် အမျက်ထွက်လာသည်တိုင် ဖြစ်သည်။ ဂီတသံများလည်း တိတ်သွားသည်။

"အသင် ကာလိဒါသ၊ အဘယ့်ကြောင့် ငါ့အား ဤကဲ့သို့သော စကားကို ပြောကြားလိုက်သနည်း။ ဤသို့ မပြောကြားသင့်၊ ချင့်ချိန်၍ ပြောကြားသင့်သည်" ဟု တိတ်သွားသည့်နောက် တစ်ဆက်တည်းပင် ဘုရင်က မိန့်ကြားသည်။

"မှန်လှပါ၊ ခါတိုင်းခါတိုင်းမှာ ဤကဲ့သို့ မလျှောက်တင်ဖူးပါ၊ စကားမစပ် အမှတ်မဲ့ ဘုရင်မင်းမြတ်အား လျှောက်တင်လိုက်မိပါသည်။ဘုရင်မင်းမြတ် စိတ်ပြောင်းသွားသည် ထင်သည်နှင့် ရုတ်တရက် ဤကဲ့သို့ ကျွန်တော်မျိုး၏နှုတ်မှ ထွက်သွားပါသည်။ သည်းခံတော်မူပါ" ဟု ကာလိဒါသက ပြန်၍တင်လိုက်သည်။

ထိုအခါ ဘုရင်လည်း "ဟုတ်ပေသည်။ ငါ့စိတ်လည်း ဂီတဘက် ယိမ်းယိုင်သွားသည်။ တေးဂီတသီဆိုမှုနှင့် ဘုရင်မှာ မသင့်လျော်၊ ဆင်ခြင်သင့်သည်" ဟုဆိုကာ သတိဖြစ်သွားသည်။ ကာလိဒါသအားလည်း ကျေးဇူးတင်စကား မိန့်ကြားသည်။

ကာလိဒါသက "ဤမနှစ်သက်စရာ စကားကို လျှောက်တင်လိုက်ရသည်မှာလည်း ဆိုးသောစေတနာနှင့်မဟုတ်၊ ဘုရင်နှင့် မသင့်လျော်သည့် ဂီတစိတ်မှ ပြောင်းကာ သတိသံဝေဂဖြစ်လာစေလိုသောကြောင့် တင်လျှောက်ခြင်းဖြစ်ပါသည်" ဟု သံတော်ဦးတင်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# မဟောသရ၏ ပုစ္ဆာ (၃) ရပ်



ကလိင်္ဂတိုင်းမှ 'မဟောသရ' မည်သော ပညာရှိတစ်ဦးသည် အခါတစ်ပါးတွင် ဘောဇဘုရင်ထံသို့ ဆိုက်ရောက်လာသည်။ ဘောဇဘုရင်လည်း မိမိနိုင်ငံသို့လာသော တိုင်းတစ်ပါးမှ ပညာရှိ မဟောသရအား များစွာနှစ်သက်သည်။

ဘုရင်က သူ့ထံတွင် ခစားလျက် ရှိကြသော မှူးမတ်ဗိုလ်ပါပညာရှိများအကြောင်းကို မိန့်ကြားသည်။ ကဗျာစာဆိုပညာရှိများလည်း ပေါများ၍ အဘက်ဘက်တွင် ထူးချွန်ကြသော ပညာရှိများလည်း ရှိကြောင်းကို ပြောပြသည်။ အထူးသဖြင့် စာဆိုပညာရှင်များတွင် ကာလိဒါသမှာ စာဆိုထိပ်တင် ပညာရှင်ဖြစ်ကြောင်းလည်း မိန့်ကြားသည်။ အဘက်ဘက်တွင် နက်နဲသောပညာနှင့် ပြည့်စုံကြောင်း စသည်ဖြင့် ကာလိဒါသ၏ ပညာဂုဏ်ကိုသာ ချီးကျူးသည်။

မဟောသရသည် ကာလိဒါသ၏ ပညာဂုဏ်ကို ဘုရင်က အထူးသဖြင့် ချီးကျူးမိန့်ကြားနေသည်ကိုမကြိုက်၊ အဘက်ဘက်တွင် နက်နဲသောပညာနှင့် ပြည့်စုံသည်ဟု ကာလိဒါသအပေါ် မြှောက်စားမိန့်ကြားသည်ကို မခံချင်၊ စာဆိုပညာရှင်အပေါင်းတွင် ကာလိဒါသသည်သာ 'စာဆိုထိပ်တင် ပညာရှင်ဖြစ်သည်' ဟု ဆိုချက်ကို ပို၍မနှစ်သက်၊ မခံချင်၍ မျက်နှာများပင် နီလာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသာ အထွဋ်အထိပ် ပညာရှင်မဟုတ်သည့်အကြောင်း ဘုရင်အား ပြန်၍ လျှောက်တင်လိုသည့်စိတ်များ တဖွားဖွားဖြစ်လာသည်။ သို့ဖြင့် ကာလိဒါသအပေါ် ပုတ်ခတ်သယောင်ယောင် စကားများကို မဟေသရက ဘုရင်အား လျှောက်တင်သည်။

ဤမျှသာမက မဟေသရသည် သူသာလျှင် အဘက်ဘက်တွင် ကာလိဒါသထက် တော်ဟန်ရှိသလိုလို လျှောက်တင်သည်။ မဟေသရမှာ တော်တော်တန်တန် မာန်တက်သူမဟုတ်၊ 'ကျွန်ုပ် ပုတ်သင်ပါ' ဟု ခေါင်းဆတ်ပြပြီး မိမိကိုယ်ကိုမိမိ နာမည်ဖော် ဂုဏ်ယူသော သတ္တဝါကဲ့သို့ သူ့ကိုယ်သူ ပညာရှိပါဟု သိစေနိုင်သော စကားများကို ဘုရင်အား လျှောက်တင်သည်။

မဟေသရလျှောက်တင်သည့်စကားများကို ကြားလျှင် ဘုရင်လည်း မဟေသရမာန်တက်ကြောင်းကိုသိသည်။ သူသာ ကာလိဒါသထက် အရာရာပညာတွင် တော်သည်ဟု ဆိုလိုသည်များကို နားလည်သည်။ သို့ရာတွင် 'မုဒု အကောဓ ခန္တီ' ဟူသော ရာဇဓမ္မများနှင့် ပြည့်စုံသော ဘုရင်သည် မဟေသရအပေါ်၌ ကြမ်းတမ်းသော စိတ်စေတနာမထား၊ နူးညံ့ပြေပြစ်စွာထားသည်။ ကြမ်းကြုတ်သော အမျက်မထွက်လွယ်၊ ထိန်းချုပ်၍ထားသည်။ ရန့်ရင်းခက်မာသော စိတ်သဘောမထား၊ သိမ်မွေ့ပျော့ပြောင်းစွာထားသည်။ စိတ်ရှည်လက်ရှည်ပင် မိန့်ကြားသည်။

"ဒီမှာ အသင်မဟေသရ၊ ပညာနှင့်ပတ်သက်၍ ဒေါသမထွက်၊ မာန်မတက်လင့်၊ သင့်လျော်လျောက်ပတ်သော စေတနာထားလော၊ ကာလိဒါသကလွဲလျှင် ဘယ်သူသည် အရာရာပညာနှင့် ပြည့်စုံသနည်း။ ကာလိဒါသသည် ကဗျာအရာတွင်လည်း စာဆိုထိပ်တင်ဖြစ်သည်။ အမေးပုစ္ဆာပြဿနာများကို ဖြေဆိုခြင်း စသည့် အဘက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘက်တွင်လည်း နက်နဲသော ပညာရှင်ဖြစ်သည်။ ရင့်ရော်အိုမင်းနေသူများကိုပင် ပျိုနုသော စိတ်ဝင်လာစေနိုင်သည့် ကဗျာဉာဏ်ရှိသည်။ ပညာဉာဏ်ကြောင့် တိုင်းပြည်လူထုက ကာလိဒါသကို ချစ်မြတ်နိုးကြသည်" စသည်ဖြင့် ဘုရင်က မဟောသရအား မိန့်ကြားသည်း

"ဤကဲ့သို့ဖြစ်က ကာလိဒါသအား ကျွန်တော်မျိုး ပုစ္ဆာမေးလိုပါသည်" ဟု မဟောသရက ဘုရင်အား လျှောက်တင်သည်။

"အသင်မေးလိုသည့် ပုစ္ဆာကား မည်သို့နည်း၊ ယခုလျှောက်တင်ဦးလော" ဟု ဘုရင်က မဟောသရအား မိန့်ကြားသည်။

ထိုအခါ "၁။ ကောင်းကင်အာကာသတွင် ကြယ်မည်မျှရှိသနည်း။ ၂။ မဟာပထဝီမြေကြီး၏ အလယ်ဗဟို အဘယ်မှာနည်း။ ၃။ ကမ္ဘာမြေပေါ်တွင် ယောကျ်ား၊ မိန်းမ မည်မျှရှိသနည်း" ဟူသော ပုစ္ဆာ (၃) ခုကို မေးလိုကြောင်း မဟောသရက ဘုရင်အား လျှောက်တင်လိုက်သည်။

မဟောသရ မေးလိုသည့် ပုစ္ဆာသုံးခု လျှောက်တင်သည်ကို ကြားလေလျှင် ဘုရင်လည်း ပြုံးလိုက်သည်။ 'ဤသည်များမှာ မခက်ခဲ၊ မနက်နဲ၊ ဤပုစ္ဆာများ၏ အဖြေမှုကား ကာလိဒါသ၏ အိတ်ထဲ၌ အလွယ်တကူရှိသည်' ဟု တွေးသိပြီး ပြုံးလိုက်ခြင်းဖြစ်သည်။ "ကောင်းပြီ မဟောသရ၊ အသင့်ပုစ္ဆာများကို ကာလိဒါသကို ဖြေဆိုစေမည်၊ ခေတ္တဆိုင်းငံ့ဦးလော" ဟု ဘုရင်က မဟောသရအား မိန့်ကြားလိုက်သည်။

ညီလာခံသဘင် ဆင်ယင်ကျင်းပချိန်ရောက်သည်နှင့် ဘုရင်လည်း ကာလိဒါသကို အမြန်ခေါ်ယူသည်။ ညီလာခံ ပရိသတ်မှူးမတ်ဗိုလ်ပါ သေနာပတိတို့လည်း စုံကြပေပြီ။ ကာလိဒါသလည်း ဘုရင့်အမိန့်တော်အတိုင်း အမြန်ရောက်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အသင် ကာလိဒါသ၊ ကလိင်္ဂတိုင်းမှ ပညာရှိမဟောသရက အသင့်အား ပုစ္ဆာများ မေးလို၍ ရောက်နေသည်။ စဉ်းစားနိုင်းချိန်၍ ဖြေဆိုလော၊ အကယ်၍ မဖြေနိုင်က ရှက်ဖွယ်လိလိဖြစ်ကြမည်။ အသင့်အားလည်း ငါ့တိုင်းပြည်မှာမထား၊ တခြားတိုင်းပြည်သို့ နှင်ရလိမ့်မယ်၊ မဟောသရ မေးလိုသည့် အမေးပုစ္ဆာများမှာ ဤသည်တို့ဖြစ်ကြသည်" ဟု ဘုရင်က မဟောသရ မေးလိုသည့်ပုစ္ဆာများကို ကာလိဒါသအား ညီလာခံအလယ်တွင် မိန့်ကြားလိုက်သည်။

ထိုသို့ ဘုရင်မိန့်ကြားသည်များကို ကြားသောအခါ 'ပညာရှိချင်းရန်စောင်ခြင်း ပြုကြသည်။ ကိုယ့်ထက်သာသည်ကို မနာလိုကြ၊ ကိုယ့်ထက်သာမည်ကိုလည်း မကြိုက်ကြ၊ ဝန်တိုကြသည်' ဟု ကာလိဒါသ စိတ်တွင်းမှ စဉ်းစားမိလိုက်သည်။

"ညီလာခံသဘင်ကို မရုပ်သိမ်းပါနှင့်ဦး၊ ခေတ္တမျှစောင့်ပါ၊ အဖြေပေးပါမည်" ဟု ဘုရင်အား လျှောက်ပြီးနောက် ကာလိဒါသလည်း ညီလာခံသဘင်မှ ထွက်သွားသည်။

မကြာမီပင် အလွန်ဖြူဖွေးပြီး အလွန်အမွေးများသည့် သိုးတစ်ကောင်ကိုလည်းကောင်း၊ တစ်လံမျှရှိသော သံချောင်းတစ်ချောင်းကိုလည်းကောင်း ရှာသည်။ အလိုရှိသည့် ဤပစ္စည်းများ ရသောအခါ ကာလိဒါသသည် ညီလာခံသို့ ပြန်လာခဲ့သည်။

ပြန်ရောက်လေလျှင် ဘုရင်အား ပုစ္ဆာဖြေတော့မည့်အကြောင်း လျှောက်တင်သည်။ ကလိင်္ဂတိုင်းမှ မဟောသရအားလည်း "အိုမဟောသရ၊ အသင့်ပုစ္ဆာများကို ကျွန်ုပ်ဖြေဆိုပါတော့မည်။ စိတ်စိုက်နာယူပါလော" ဟု ကာလိဒါသက ပြောကြားသည်။

ဤသို့ပြောပြီးသည်နှင့်တစ်ပြိုင်နက် ဈေးမှဝယ်ယူလာသည့် သိုးကို မဟောသရရှေ့သို့ ဆွဲခဲ့ကာ "ဤသိုးမှ အမွေးများ အဘယ်မျှ

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှိသည်ဟု ရေတွက်ပါ။ ဤသိုးမှ အမွေးများ ရှိသလောက် ကောင်းကင် အာကာသမှ 'ကြယ်' များ ရှိပါသည်။ ဤသည်မှာ ပထမပုစ္ဆာ၏ အဖြေဖြစ်ပါသည်" ဟု ကာလိဒါသက ဖြေကြားလိုက်သည်။

ကာလိဒါသသည် ဒုတိယပုစ္ဆာကို ရုတ်တရက် ဆက်မဖြေသေး၊ ညီလာခံအလယ်တွင် လမ်းလျှောက်သည့်အလား ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်သည်။

နောက် အနည်းငယ်ကြာမှ ဈေးမှဝယ်ယူလာသည့် တစ်လံမျှ လောက်ရှည်သည့် သံချောင်းကို မြေကြီးတွင် စိုက်လိုက်သည်။ လက်လွှတ်ရလောက်သည်အထိ မြေကြီးတွင် စွဲသွားပြီး တိုင်စိုက်ထားသည့်အလား ထောင်နေအောင် ခပ်ဆောင့်ဆောင့်စိုက်လိုက်သည်။ လက်လွှတ်လိုက်သည်ဆိုလျှင်ပင် သံချောင်းလည်း မြေကြီးပေါ်တွင် မတ်နေသည်။ ထိုအခါ "အို မဟောသရ ဤတိုင်သည် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုဖြစ်ပါသည်။ မယုံလျှင် ဤတိုင်မှ ကမ္ဘာမြေကြီးကို လှည့်ပတ်၍ တိုင်းကြည့်ပါ" ဟု ကာလိဒါသက မဟောသရအား ပြောကြားလိုက်သည်။ ဤအဖြေသည် ဒုတိယပုစ္ဆာ၏ အဖြေဖြစ်ပါသည်ဟုလည်း ပြောကြားသည်။

"တတိယပုစ္ဆာ၏ အဖြေကိုမူ ယခုမဖြေသေး၊ ကောင်းကင်အာကာသမှာ ကြယ်မည်မျှ ရှိသည်ကို သင်သိပြီးမှ ကမ္ဘာမြေကြီး၏ အလယ်ဗဟို ဤသံတိုင်ဖြစ်သည်ကို တိုင်းပြီးမှ ဖြေဆိုပါမည်။ အခြားတိုင်းပြည်မှ ပညာရှင်များနှင့် ယောကျ်ားမိန်းမများကို ရေတွက်ရန်မခက်၊ ကလိင်္ဂတိုင်းမှ အချို့ပညာရှင်များနှင့် ယောကျ်ားမိန်းမများ အတွက် ခက်နေသည်။ ကလိင်္ဂတိုင်းမှ လူများသည် နပုလ္လိင်က များနေသည်။ ပုစ္ဆာမေးတတ်ကြသည့် ပညာရှင်များပင်လျှင် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ နပုလ္လိင်ဖြစ်နေသည်။ သို့ဖြစ်၍ အထက်ပါ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပုစ္ဆာနှစ်ခု၏အဖြေကို အသင်မဟောသရ လက်တွေ့လက်ခံပြီးမှ တတိယပုစ္ဆာ၏အဖြေကို ကျွန်ုပ်ဖြေတော့မည်” ဟု ကာလိဒါသက မဟောသရအား ဆက်၍ပြောကြားသည်။


ပထမနှင့် ဒုတိယပုစ္ဆာများ၏အဖြေကို ဖြေသွားပြီး စကတည်းက ကြက်သေ သေနေသော မဟောသရသည် တတိယပုစ္ဆာ၏ အဖြေအကြောင်းကို ကြားသောအခါ ဘာမှမပြောတတ် မဆိုတတ်တော့၊ ပါးစပ်ပိတ်နှုတ်ဆိတ်နေတော့သည်။ ကာလိဒါသ၏ ပညာလျင်ကြောင်း၊ အဖြေပိုင်ကြောင်းနှင့် မည်သည့်နည်းနှင့်မှ ပညာအရာ လွှမ်းမိုး၍ ရမည်မဟုတ်ကြောင်း သိသွားသည်။ ဘုရင်ပြောသည့်တိုင်း ကာလိဒါသသည် ချီးကျူးသင့်သော ပညာရှင်ဖြစ်ကြောင်းလည်း သိသွားသည်။ ဤမျှသာမက ကာလိဒါသက မိမိအတတ်နှင့် မိမိကို တုံ့ပြန်လိုက်ကြောင်းလည်း နားလည်သည်။

သို့ဖြစ်ရာ မဟောသရသည် ဘုရင်အား သည်းခံတော်မူရန် လျှောက်ထားသည်။ ကာလိဒါသအားလည်း တောင်းပန်ပြီး ချီးကျူးသွားသည်။

‘သူများမျက်နှာ အိုးမည်းသုတ်သူသည် ကိုယ့်မျက်နှာလည်း အိုးမည်းသုတ်ခံရတတ်သည်’ ဟု ညည်းတွားကာ မဟောသရလည်း စစ်ရှုံးသော ကျူးကျော်ရေး စစ်သူကြီးကဲ့သို့ ကလိင်္ဂတိုင်းသို့ ပြန်သွားတော့သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



## နေ ဘာ့ကြောင့် အရှေ့က ထွက်သလဲ

ထိုနေ့က စာဆိုပညာရှိ ကာလိဒါသ ဘုရင့်နန်းတော်သို့ ရောက်သွားသည်ဆိုလျှင် ဘုရင်က ကာလိဒါသအား နှုတ်ခွန်းဆက်စကားစ၍ မိန့်ကြားသည်။

ထို့နောက်တွင်လည်း ဘုရင်ကပင် ဆက်လက်၍ "အသင်ကာလိဒါသ ထူးခြားသည့် အကြောင်းတစ်စုံတစ်ရာ ရှိပါသလော" ဟု မေးပြန်သည်။

ကာလိဒါသလည်း "လာရိုးလာစဉ် လာခြင်းဖြစ်ကြောင်း၊ တိုင်းပြည်အရေး အေးဆေးကြောင်း အကြောင်းတစ်စုံတစ်ရာ မရှိကြောင်း" ပြန်ပြောင်းလျှောက်တင်လိုက်သည်။

ဘောဇဘုရင်သည် တိုင်းရေးပြည်ရေးအတွက် စိတ်အေး၍ သွားသည်။ တိုင်းရေးပြည်ရေး ရှုပ်ထွေးမှုမရှိကြောင်း ကာလိဒါသ လျှောက်တင်လျှင် စိတ်ချရသည် ဖြစ်သောကြောင့် ဝမ်းမြောက်သည်။

သို့ဖြင့် ဘုရင်သည် "အသင်ကာလိဒါသ၊ ငါ့မှာ အသင့်အား ပုစ္ဆာတစ်ခုမေးရန် ဆန္ဒရှိနေခဲ့သည်။ မေးမည်မေးမည် ဆန္ဒရှိနေခဲ့သည်မှာ တော်တော်ပင်ကြာပြီ၊ မမေးဖြစ်ခဲ့၊ ယနေ့ ထိုပုစ္ဆာကို အသင့်အား မေးလိုသည်။ ဖြေဆိုလော" ဟု မိန့်ကြားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ဖြေဆိုပါမည်၊ အရှင်မင်းမြတ် ဆန္ဒရှိနေသည်ဆိုသည့် ပုစ္ဆာကို ယခု မေးတော်မူပါ" ဟု ကာလိဒါသက လျှောက်တင်လိုက်သည်။

ထိုအခါ ဘုရင်သည် "နေသည် ဘာကြောင့် အရှေ့အရပ်မှချည်း ထွက်သနည်း၊ တောင်၊ မြောက်နှင့် အနောက် အရပ်တို့မှ ဘာကြောင့် မထွက်သနည်း" ဟူသော မေးရန်ဆန္ဒရှိနေသည်ဆိုသည့် ပုစ္ဆာကိုမေး တော့သည်။

'ဤပုစ္ဆာကို လူအ,များ ဖိုးသုညများကိုသာ မေးစရာကောင်း သည်။ ပုစ္ဆာ၏အဖြေကို လူအ,များပင် သိသည်။ ပုစ္ဆာမေးသည့် ဘုရင်မှာ မသိရှာ၊ အတွေးအခေါ် ချွတ်ချော်နေသည်။ အ,ပဲ အ,လွန် လွန်းလှသည်ဟု ဆိုရန်ရှိသည်။ ဘုရင်သည် လူအ,ဖြစ်၍သာ ဤပုစ္ဆာ ကို မေးသည်ဆိုသည်ကိုသိရန် ပရိယာယ်ကင်းကင်း စကားလုံးရှင်းရှင်း ဖြင့် လျှောက်တင်မှ သင့်မည်' ဟု ကာလိဒါသ ဆင်ခြင်မိသည်။

ထို့ကြောင့် ကာလိဒါသသည် "ဤပုစ္ဆာ၏အဖြေမှာ မခက်ပါ၊ ဤပုစ္ဆာ၏အဖြေကို မသိသူသည် လူအ,သာ ဖြစ်သင့်ပါသည်။ နေ သည် တောင်,မြောက်နှင့် အနောက်အရပ်တို့မှ သဘာဝနှင့် ဆန့်ကျင် လျက် မည်သည့်အခါမှမထွက်၊ အရှေ့အရပ်ကချည်း သဘာဝအတိုင်း ထွက်ပါသည်" ဟု ဘုရင့်ပုစ္ဆာကို ဖြေဆိုလျှောက်တင်လိုက်သည်။

ကာလိဒါသဖြေဆိုချက်ကို ကြားလေလျှင် ဘုရင်လည်း "ငါ့ပုစ္ဆာ နှင့် ငါ လူအ,ဖြစ်နေပြီ၊ နေသည် အရှေ့အရပ်ကချည်း ထွက်ရမည့် သဘာဝကြောင့် အရှေ့အရပ်ကချည်း ထွက်ရသည်" ဟု သိရှိသဘော ပေါက်ကာ ငြိမ်သက်စွာနေလိုက်လေသည်။

ကာလိဒါသလည်း လေးလေးစားစား ဂါရဝတရား ရှေ့ထားဖြင့် ဘုရင်ရှေ့တော်မှ ထုံးစံအတိုင်း ထွက်ခွာခဲ့လေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# မှတ်ကျောက်

တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ကြီးဖြစ်ပွားလျှင် ဘုရင်များသာသေရ ကျွန်ဖြစ်ကြရသည်မဟုတ်၊ ပြည်သူအများလည်း စစ်မီးအတွင်း ကျရောက်ရသည့်အတွက် ဆင်းရဲဒုက္ခအမျိုးမျိုးရောက်ကြရလေသည်။ လောဘကြီး၍ မတရားသဖြင့် ရာဇမာန်တက်သော ဘုရင်များမှ လွဲလျှင် မည်မျှပင် မိမိနိုင်ငံက လက်ရုံးရည်ကောင်းကောင်း အခြားတစ်နိုင်ငံကို နိုင်ထက်စီးနင်း တိုက်ခိုက်ခြင်း မပြုကြပေ။ စစ်ရေးနှင့် ငြိမ်းချမ်းရေးသည် မင်းလိုလိုက်၍ မင်းအကြိုက်လျှောက်တင်ကြသော မှူးမတ်မျိုး၊ မိမိဘုရင်၏အကျိုး၊ ပြည်သူလူထု၏အကျိုးကို မြော်မြော်မြင်မြင် ကြည့်တတ်သော မှူးမတ်ပညာရှိမျိုးအပေါ်လည်း များစွာတည်ပေသေးသည်။

စစ်ရေးနှင့် ငြိမ်းချမ်းရေးသည် ယခုခေတ်မှာသာမဟုတ်၊ လူ့သမိုင်းအစကပင် ဤလူလောက၌ အရေးကြီးသော ပြဿနာကြီးဖြစ်လေသည်။ စစ်ကြီးဖြစ်၍ တစ်ဦးပေါ်တစ်ဦး၊ တစ်ဘက်ပေါ်တစ်ဘက် နိုင်လိုက်ကြစေကာမူ၊ ထိုနိုင်သူများသည်လည်း တစ်နေ့သောအခါ ပျက်စီးပြိုကျသည်ချည်း ဖြစ်ပေသည်။

ထို့ကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်ကာလ၊ ဓာရာတိုင်း၌ ဘောဇဘုရင် အုပ်စိုးနေသော ခေတ်အခါက ဘုရင်တော်တော်

www.facebook.com/NyisayEbookCreator
www.nyisay.com



များများသည် စစ်မက်ရေးထက် ငြိမ်းချမ်းရေးကို လိုလားမြတ်နိုးကြသည်ကို တွေ့ကြရပေမည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်စောင်နေမည့်အစား၊ စစ်ဖြစ်ဖို့ ပြင်ဆင်နေကြမည့်အစား အကျိုးတူ၊ တန်းတူ ကူးသန်းရောင်းဝယ်ဖောက်ကားနေကြလျှင် အတူတကွ ကြီးပွားတိုးတက်ကြမည်။ ငြိမ်းချမ်းသာယာမှုလည်း ရှိကြလိမ့်ဦးမည်ဟု မြော်မြင်ကြသည်။

တစ်နေ့သော် ဘောဇဘုရင်ထံသို့ တိုင်းတစ်တိုင်းမှ ဘုရင်တစ်ပါးက ချစ်ကြည်ရေး မိတ်ဆွေဖြစ်ရေးအတွက် မိတ်ဆက်ရန် အလည်အပတ်လာလိုကြောင်းနှင့် ကမ်းလှမ်းသည်။

ဘောဇဘုရင်အဖို့ ဤကိစ္စမျိုးတွင် ဘာမှ အထွေအထူး စဉ်းစားစရာမလို၊ 'ကြွရောက်ပါ' ဟု ချက်ချင်းပင် ဖိတ်မန္တက ပြုလိုက်လေသည်။

ဧည့်သည်တော်ဘုရင်နှင့် မှူးမတ်များအား ဘောဇဘုရင် ကိုယ်တော်တိုင်နှင့် မှူးမတ်များ၊ ဓာရာတိုင်းမှ ပြည်သူများက ချစ်ကြည်စွာ သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။ အနေအထိုင် အစားအသောက် ဧည့်ခံပြုစုကြရာတွင်လည်း လိုလေသေးမရှိ၊ စေ့စေ့စပ်စပ် ကြည့်ရှုစီမံကြသည်။ ဘာမှလိုလေသေးမရှိပေ။

ဧည့်သည်တော် ဘုရင်အား ဘောဇဘုရင်က နန်းတော်တွင်း၌ နေရာချထားကာ ထီးနန်းစည်းစိမ် အဆင့်အတန်းအတိုင်း ဧည့်ဝတ်ပြုသည်။ ဤသို့ ရင်းနှီးချစ်ခင်စွာ တွေ့ဆုံကြသည့်အတွက် ပို၍လည်း ခင်မင်ရင်းနှီးလာကြသည်။

တိုင်းရေး၊ ပြည်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအကြောင်းများကို ပြောကြားရာတွင်မူ နှစ်ဖက်မှ မှူးမတ် သေနာပတိများကို ရှေ့တော်သို့ ခေါ်ထားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



(၁) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်မှု မရှိစေရ။
(၂) တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် တစ်နိုင်ငံက စွက်ဖက်ခြင်း မပြုရန်။
(၃) ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရန်။
(၄) အကျိုးတူ၊ တန်းတူ၊ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ကြရန်။
(၅) ရွှေလမ်း ငွေလမ်းဖောက်၍၊ ထာဝစဉ် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြရန်။

မှစ၍ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေးအကြောင်းများကို အကျယ်တဝင့် ဆွေးနွေးကြသည်။

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော 'ကြီး' နိုင်ငံနှစ်နိုင်ငံမှ 'ထိပ်သီး' ဘုရင်နှစ်ပါး၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ရိုးသားဖြူစင်သော သဘောထား အရင်းခံများကြောင့် အောင်မြင်လှပေသည်။

စစ်မက်ရေးကို ရှောင်ကွင်း၍ ငြိမ်းချမ်းရေးကို အလိုရှိကြသော ဘုရင်နှစ်ပါးက ပြည်သူများ၏ စီးပွားအဆင့်အတန်း တိုးတက်ရေး၊ အသိအလိမ္မာ ပညာဉာဏ်အဆင့်အတန်း တိုးတက်ရေး၊ နှစ်နိုင်ငံ ဝ,ပြောသာယာရေးကို ရှေ့ရှုပြီး ဆွေးနွေးတိုင်ပင်ကြသည်များကို ကြားသိနေကြရသော ကာလိဒါသ အစရှိသည့် နှစ်နိုင်ငံမှ မှူးမတ်၊ သေနာပတိ၊ ပညာရှိအပေါင်းသည် များစွာနှစ်ထောင်းအားရ ရှိကြပေသည်။ ဘုရင်များက စစ်လိုလား၍ တိုက်ချင်ခိုက်ချင်ပြီဆိုလျှင် တကယ်ပြင်ရဆင်ရ၊ စီမံရသူများမှာ အမတ်များ၊ သေနာပတိများ ဖြစ်ကြလေရာ၊ စစ်ရေးနှင့်ဝေး၍ နှစ်နိုင်ငံစည်ပင်ရေး၊ ချစ်ကြည်ရေးမူကြီးတစ်မူ ရှိလာကြသောအခါ လွန်လွန်ကဲကဲ ဝမ်းသာကြမည်မှာ ဓမ္မတာပင် ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရာဇဓမ္မ ရာဇနီတိနှင့် ပြည့်စုံကြသည့် ဘုရင်နှစ်ပါးသည် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နှစ်နိုင်ငံ စည်ပင်ဝပြောရေး၊ ပွင့်ပင် သီးပင်ကြီးများကို စိုက်ပျိုးပြီးသောအခါ အခြားအကြောင်းအရာများကို ဆက်၍ ပြောဆိုကြလေသည်။

ထိုစကားများထဲတွင် ဥဒ္ဒေသည်တော်ဘုရင်က 'အရှင်မင်းမြတ်၌ မှတ်ကျောက်ရှိပါ၏လော' ဟု မေးလိုက်သည်။

'မှတ်ကျောက်ဆိုသည်မှာ ရွှေကိုမှတ်တင်သော မှတ်ကျောက်ရိုးရိုးကို ဆိုလိုခြင်းမဟုတ်၊ တစ်စုံတစ်ရာ ချွတ်ချော်မှားယွင်းစွာ ပြုမိနေလျှင် တည့်မတ်ပေးမည့် အမှားအမှန်ကို မှတ်တင်ပေးမည့် ပညာရှိပုဂ္ဂိုလ်ရှိပါ၏လောဟု မေးခြင်းဖြစ်မည်' ဟု ဘောဇဘုရင် ဆင်ခြင်တွေးတောမိသည်။

သို့နှင့် ကာလိဒါသကို လက်ညှိုးညွှန်ကာ "ဤအမတ်ပညာရှိ ကာလိဒါသသည် ကျွန်ုပ်၏ မှတ်ကျောက်ဖြစ်ပါသည်" ဟု ပြန်၍ ပြောကြားလိုက်သည်။

"လုံ့လဝီရိယနှင့် ရှာသော် ပစ္စည်းဥစ္စာရတနာကို ရရှိရန် မခဲယဉ်း"

"ပစ္စည်းကြွယ်ဝပါက ဂုဏ်ဆိုသည်မှာလည်း ရရှိဖို့လွယ်ပါသည်။"

"ကာလိဒါသကဲ့သို့သော မှတ်ကျောက်ကို ရရှိရန်မှာ အလွန်ပင် ခဲယဉ်းပါသည်။"

"ကာလိဒါသသည် အတုအယောင်ဆောင် မိတ်ဆွေမဟုတ်၊ မိတ်ဆွေစစ်ဖြစ်သည်။ ဉာဏ်ပညာကြီးကျယ်၍ သစ္စာ၊ သမာဓိနှင့် ပြည့်စုံသူလည်း ဖြစ်ပါသည်။"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘုရင့်အရေး နိုင်ငံတော်၏အရေးများတွင် ဘယ်အခါမှ ချွတ်ချော်မှားယွင်းခြင်း မဖြစ်စေခဲ့ပါ။ မတိမ်းစောင်းဘဲ တည့်တည့်မတ်မတ်ဖြစ်ရန် အမှားနှင့်အမှန်ကို ကွဲကွဲပြားပြား ပြနိုင်သည့် မှတ်ကျောက်အစစ်ဖြစ်ပါသည်။ ကိစ္စတစ်ခုကြုံလာပါက ခေါင်းရှောင်နေသည်ဟု ဘယ်အခါမှမရှိ၊ ကိုယ်ကျိုးကို ဘယ်အခါမှ မငဲ့ကွက်၊ အနစ်နာခံ၍ မှန်ရာကို တည့်မတ်ပေးသူဖြစ်လေသည်" စသည်ဖြင့် ကာလိဒါသ ပညာရှိအမတ်ကြီးအား အားကိုးရပုံ အလုံးစုံကို ဘောဇဘုရင်က အကျယ်တဝင့် ဖွင့်ဟ၍ ပြောကြားလေသည်။

မိမိအကြောင်းများကို တိုင်းတစ်ပါးက ဘုရင်အား ဘောဇဘုရင်က ဤသို့ ချီးချီးမြှောက်မြှောက်ပြောကြားနေသည်များကို ကာလိဒါသသည် ငြိမ်သက်စွာ နားထောင်နေလေသည်။

ဧည့်သည်တော် ဘုရင်မှာမူ 'ပညာရှိသော ဘောဇဘုရင်ကပင် ဤမျှ ချီးမွမ်းစကားပြောကြား၍ အားကိုးအားထားပြုရသော ပညာရှိအမတ်သည် တကယ်မှတ်ကျောက် ဖြစ်ရချေမည်' ဟု တွေးတောပြီး...

"ဘုရင်မင်းမြတ်၌ မိတ်ဆွေစစ် မိတ်ဆွေကောင်း အားကိုးရသည့် မှတ်ကျောက်ရှိသည်မှာ ကောင်းမြတ်လှပါသည်" ဟု ထုတ်ဖော်ပြောကြားလေသည်။

နှစ်နိုင်ငံ ချစ်ကြည်ရေးသည် အခွန့်ရှည်ကြာ ခိုင်မြဲခဲ့ပေသည်။

NYI SAY
MYANMAR EBOOK CREATOR

၇၃၀၀
LTh-058

စာဆိုပညာရှိ

# ကာလိဒါသ ၏

## ဘဝအတွေ့အကြုံများ

ဒုတိယပိုင်း

**လူထုဦးလှ**

